

# မြန်မာပြည် သီလရှင် စာသင်တိုက်များ

## သီရိ

ရေးသားပြုစုသည်

design Ahti Bwere (stars)

ဘာသာရေးစာမူ ခွင့်ပြုချက်အမှတ် (၃၂၀၁၂၅၀၅၀၃)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၃၂၀၂၉၈၀၅၀၆)

# သီရိ

(စာရေးသူ၏ မူပိုင်)

ပြည်လုံးကျွတ်ဖြန့်ချိရာဌာန

စာပေဖြန့်ချိရေး

အမှတ် ၁၇၂၊ ၃၅ လမ်း (အလယ်လမ်း)၊ ရန်ကုန်မြို့။
(ဖုန်း - ၃၈၃၃၆၃)

ကုန်ရှုံး၊ ကြွေးတင်၊ သားသေ၊ လင်ဆုံး
လိုတာမရ 'မယ်သီလ' ဟု
သီလရှင်များအပေါ် အထင်အမြင် ရှိခဲ့ကြသူများ
ဤစာအုပ်ကို ဖတ်ပြီးလျှင်
သီလရှင် သာသနာတော်ကို ကြည်ညိုသက်ဝင်စေရမည်။

# မြန်မာပြည်
# သီလရှင် စာသင်တိုက်များ

သီရိ
ရေးသားပြုစုသည်။

တစ်အုပ် – ရှစ်ရာကျပ်။

ပထမအကြိမ်၊ ၂၀၀၆-ခုနှစ်၊ ဇန်နဝါရီလ

---

အုပ်ရေ (၁၀၀၀)

---

**မျက်နှာဖုံးဖလင်ခွဲ**

STARS မောင်အုံ့ဘွယ်

---

**အတွင်းအော့ပ်ဆက်ဖလင်**

ဦးအောင်တင်အေးနှင့် သမီးများ

---

**ကွန်ပျူတာစာစီ**

ဂျင်မီသောင်းကြူ

---

**စာအုပ်ချုပ်**

သဲမာထွန်းစာအုပ်ချုပ်ဌာန

---

**မျက်နှာဖုံး/အတွင်းပုံနှိပ်သူ**

ဦးဝင်းမြိုင် (၀၂၄၈၆) သိဒ္ဓိမြိုင်ပုံနှိပ်တိုက်

အမှတ် ၁၁၃၊ ၃၄ လမ်း၊ ရန်ကုန်မြို့။

---

**ထုတ်ဝေသူ**

ဒေါ်မိုးကေနိုင် (၀၁၆၉၂) ချိုတေးသံစာပေ

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

# မာတိကာ


မြန်မာပြည်၏ သီလရှင် တက္ကသိုလ် ၁

သာသနောဒယ (ပြည်) သီလရှင် စာသင်တိုက် ၁၁

(၁) ဘုရားဆောင် ၁၂

(၂) ဓေတဒဂ်ရ ရဟန္တာ ကျောင်းဆောင် ၁၃

(၃) ရှင်ဥပဂုတ္တ ကျောင်းဆောင် ၁၄

(၄) ဓမ္မဃောသက ဦးမောင်မောင် စာကြည့်ပိဋကတ်တိုက် ၁၆

(၅) ပဓာန နာယကကျောင်း ၁၆

(၆) ဓမ္မာစရိယ နိကာယ်ကျောင်း ၁၇

(၇) သုံးထပ်ကျောင်း (စာသင်သားဆောင်) ၁၈

(၈) ဆွမ်းစားဆောင် ၁၉

အလယ်တောရ သမိဒ္ဓေါဒယ မော်လမြိုင် စာသင်တိုက် ၂၁

သူတော်စင်မတို့နှင့် တွေ့ဆုံခြင်း (သို့မဟုတ်)

သက္ကနိမ္မိတာရုံ သီလရှင် စာသင်တိုက်ကို လေ့လာခြင်း ၂၉

မဏိရတနာ သီလရှင် စာသင်တိုက် ၃၈

သုခိတာရာမ သီလရှင် စာသင်တိုက် ၄၇

# မာတိကာ

ကျိုက္ကစံ သာသနာ့နွယ်ဝင် သီလရှင်များ

ပရိယတ္တိ ပဋိပတ္တိ ကျောင်းတိုက် ၅၃

ခေမာရာမ သီလရှင် စာသင်တိုက် ၆၀

မော်လမြိုင်မြို့ ခေမာရာမ သီလရှင် စာသင်တိုက် ၆၈

မော်လမြိုင်မြို့ မြသီတာ သီလရှင် စာသင်တိုက် ၈၁

သထုံမြို့ ခေမာရာမ သီလရှင် စာသင်တိုက် ၈၉

သာသနဟိတကာရီ သီလရှင် အဖွဲ့ချုပ် ၉၇

မော်လမြိုင်မြို့ ခေမာသီရိ သီလရှင် စာသင်တိုက် ၁၀၄

မော်လမြိုင်မြို့ သုဝဏ္ဏရံသီ သီလရှင် စာသင်တိုက် ၁၁၄

မုဒုံမြို့ ခေမာရာမ သီလရှင် စာသင်တိုက် ၁၂၁

# နိဒါန်း

'မြန်မာပြည် သီလရှင် စာသင်တိုက်များ' ဟု ယခု ရိုက်နှိပ်ထုတ်ဝေသော ဆောင်းပါးများကို စာအုပ်ဖြစ်စေရန် အရင်က ရည်ရွယ်ချက် မရှိခဲ့ပါ။ ၁၉၉၂– ခုနှစ်၊ ဇန်နဝါရီလတွင် ဘဝတက္ကသိုလ်စာပေမှ ထုတ်ဝေ၍ စာရေးဆရာ ဆန်းလွင် (အရှင်အာဒိစ္စရံသီ – ပျံလွန်တော်မူ) တည်းဖြတ်စီစဉ်သော 'ဓမ္မရုပ်စုံ' ဘာသာရေးမဂ္ဂဇင်းကြီးတွင် အခန်းဆက် လစဉ် ရေးသားခဲ့သော ဆောင်းပါးစုများ ဖြစ်ပါသည်။

သို့ရာတွင် ဓမ္မရုပ်စုံမှ ဘာသာရေး ဆောင်းပါးများသည် ဘာသာရေး ကျမ်းစာများအဖြစ် ပြောင်းလဲ ထုတ်ဝေခဲ့ကြကြောင်းတော့ စာရေးသူ သိရှိနေခဲ့ပါသည်။ ဥပမာဆောင်ပြရလျှင် ကွယ်လွန်သူ ဆရာကြီးဦးရွှေအောင်၏ 'ဗုဒ္ဓ သို့မဟုတ် အနှိုင်းမဲ့' သည် ဆရာ ရေးနေစဉ်မှာပင် ဆက်လက်ရေးသားခြင်း မပြုနိုင်တော့ဘဲ ကျမ်းစာတစ်စောင်အဖြစ် ရောက်ခဲ့သလို ဆရာဦးဆန်းလွင်၏ 'ဗုဒ္ဓဘာသာ သိမှတ်ဖွယ်ရာ' သည် သီဂီရွှေရည်စာပေမှ ထုတ်ဝေသော ကျမ်းစာ တစ်စောင် ဖြစ်ခဲ့သည်။

ဓမ္မာစရိယ ဦးမောင်မောင်လေးသည်လည်း ပင်တိုင်ဆောင်းပါးရှင်အဖြစ် ဓမ္မရုပ်စုံတွင် ရေးခဲ့သည်များကို စုစည်း၍ စပယ်ဦးစာပေမှ 'ထူးထူးခြားခြား မြတ်ဗုဒ္ဓနှင့် တွေ့ဆုံခဲ့ရသည့် ပုဂ္ဂိုလ်ထူးများ' အမည်ဖြင့် ထုတ်ဝေခဲ့သည်။ ဆရာ ပါရဂူ၏ ဆောင်းပါးများထဲမှ 'ဝေသာလီ'မှာ အခန်းဆက် ဆောင်းပါးအဖြစ် ကြာရှည်ဖတ်ခွင့်မရဘဲ 'ဒေသစာရီ ဝေသာလီ' အမည်ဖြင့် ရွှေစန္ဒာထွန်းစာပေမှ ထုတ်ဝေခဲ့သည်။ အဆုံးကို ဆိုရလျှင် ဦးမျိုးမြင့် (ကျွန်းချောင်း) ၏ စွယ်တော်ရှင် ဘုရားလေးဆူ သမိုင်း ဆောင်းပါးများပင်လျှင် စာအုပ်အဖြစ် စုစည်းထုတ်ဝေခဲ့ဖူးပါသည်။ ဓမ္မရုပ်စုံမဂ္ဂဇင်းမှ ဆောင်းပါးများသည် ကျမ်းစာတစ်စောင် တစ်ဖွဲ့ ထုတ်ဝေနိုင်သော ဂုဏ်အင်္ဂါရပ်များနှင့် ပြည့်စုံကြောင်း သက်သေပြလျက် ရှိပါသည်။

စပယ်ဦးစာပေ

# နိဒါန်း

အပေါင်းအသင်းများနှင့် ဖွဲ့စည်း၍ စာအုပ်ထုတ်ဝေရေး လုပ်ငန်းတစ်ခု တည်ထောင်ဖြစ်သောအခါ စာရေးသူမှာ မိမိဆောင်းပါးများကို တင်ပြ၍ ထုတ်ဝေရန် လိပ်ပြာမသန့် ဖြစ်ခဲ့ပါသည်။ အတ္တကြီးစွာဖြင့် မိမိဆောင်းပါးများ စာအုပ်ဖြစ်ရေးကို လေသံမဟဘဲ ဆရာဦးဆန်းလွင်၊ ဆရာပါရဂူ၊ မောင်ကြာညို၊ တက္ကသိုလ်သျှင်သီရိ၊ ဦးလှသိန်းထွတ်၊ (ယော)ဆရာတော်၊ ရေစကြိုဆရာတော်၊ ဆရာတော် ဦးသီလာနန္ဒာဘိဝံသ (ပါမောက္ခချုပ် ဆရာတော်) တို့၏ စာမူများ စာအုပ်ဖြစ်မြောက်ရေးကိုသာ လုံ့လစိုက် ဆောင်ရွက်ခဲ့ပါသည်။

သို့ရာတွင် စာမူကောင်းကို စာအုပ်ကောင်းဖြစ်စေရန် ရှာဖွေတတ်သော 'စပယ်ဦးစာပေ' မှ စာရေးသူ၏ ဆောင်းပါးများကို စာအုပ်အဖြစ် ထုတ်ဝေလိုကြောင်း ပြောဆိုလာသောအခါ စာရေးသူ မငြင်းဆန်ဘဲ 'စပယ်ဦးစာပေ' သို့ ပေးရန် သဘောတူခဲ့၍ ဤစာအုပ်မှာ စာဖတ်သူတို့၏ လက်ထဲသို့ ယခုရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။

'သားသေ လင်ဆုံး၊ ကုန်ရှုံး ကြွေးတင် လိုချင် မရ မယ်သီလ' ဟု တစ်ချိန်သောအခါက သီလရှင်များကို လှောင်ပြောင်ခဲ့သူများသည် တကယ့် သီလရှင်များကို မတွေ့ဖူးသေး၍သာ ဖြစ်မည် ထင်ပါသည်။ စာရေးသူကိုယ်တိုင် ၁၉၉၂–ခုနှစ်မှ ၁၉၉၈–ခုနှစ်အထိ၊ (၆) နှစ်တာ ကာလအတွင်း သီလရှင် စာသင်တိုက်များကို ညဥ့်အိပ် ညဥ့်နေအထိ ခရီးဆန့်ခဲ့ရာတွင် လှောင်ပြောင်ပျက်ရယ်မှုများ မမှန်ကန်ကြောင်း မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့ပါသည်။

သားယောက်ျားလေး အရွယ်ရောက်ပါက ရှင်ပြုပေးကြသလို မော်လမြိုင်မြို့လို နေရာမျိုးတွင် သမီးမိန်းကလေး အရွယ်ရောက်ပါက ခေတ္တ သီလရှင်ဝတ်စေကြပါသည်။ အိမ်တွင် မသင်ကြားဖြစ်သော ဘုရားရှိခိုး၊ ဝတ်တက်ဝတ်ရွတ်၊ အိပ်ခါနီး သီလရှင်ဆရာကြီးတို့အား ကန်တော့ပြီးမှ အိပ်စေခြင်း၊ နံနက် စောစောထ မိမိကိုယ်ကို သန့်ရှင်းရေး၊ ပတ်ဝန်းကျင်ကို သန့်ရှင်းရေး၊ ညှော်သည်ကို စနစ်တကျ သန့်သန့်ရှင်းရှင်း ညှော်ဝတ်ပြု၊ ဘာသာရေးဆိုင်ရာ စာပေများ ကျက်မှတ် တရားထိုင် စသည်ဖြင့် အချိန်အားမရှိအောင် ပြုလုပ်ဆောင်ရွက်ခိုင်းသည်ကို တွေ့မြင်ရမှ သီလရှင်စာသင်တိုက်သည် စာသင်ခြင်းသက်သက် မဟုတ်၊ လူမှုရေးသင်တန်း တစ်ခု၊ ယဉ်ကျေးမှုသင်တန်း တစ်ခု ဖြစ်သည့်အပြင် ဗုဒ္ဓဘာသာတွင် အမြင့်မြတ်ဆုံးသော သုခချမ်းသာဖြစ်သည့် မဂ်ဖိုလ်နိဗ္ဗာန်အထိ တက်လှမ်းနိုင်သော ရှေးဦးခြေလှမ်းအတွက် အမျိုးသမီးများကို ပြင်ဆင်လေ့ကျင့်ပေးသော နေရာဟု သဘောပေါက်ခဲ့ပါသည်။

စပယ်ဦးစာပေ

# နိဒါန်း

သံဃာတော်ကြီးများ ထေရုပ္ပတ္တိ ဟောစဉ်တရားများကိုသာ ဘာသာရေး စာပေနယ်ပယ်တွင် ထင်ရှားသော်လည်း သီလရှင်နှင့်ပတ်သက်၍ ဆရာတော် ရဝေထွန်း၏ 'သီလရှင် သမိုင်း'၊ နီပေါသူ သီလရှင်အကြောင်း ရေးဖွဲ့ထားသော 'သမီးချစ်' စာအုပ်တို့မှလွဲ၍ အခြားမရှိပါ။ 'မြန်မာပြည် သီလရှင် စာသင်တိုက်များ' သည် 'သီလရှင်သမိုင်း'၊ 'သမီးချစ်' တို့၏ အနားတွင် ရပ်တည်၍ သီလရှင် ဆရာကြီး၊ ဆရာလေးတို့အကြောင်းကို ဝိုင်းဝန်း မီးမောင်းထိုးပေးသည့် အကြောင်း အရာဖြစ်ရန် စာရေးသူ ရည်ရွယ်ပါသည်။

ကျန်ရှိနေသေးသော 'မြန်မာပြည် သီလရှင် စာသင်တိုက်များ' အကြောင်း ဆရာမ သီရိ၏ ဆောင်းပါးများကိုလည်း ဒုတိယအုပ်အဖြစ် မကြာမီ ဆက်လက် ထွက်ရှိလာပါမည်။

ဤရည်ရွယ်ချက်ကို ဝိုင်းဝန်းပံ့ပိုးသော 'စပယ်ဦးစာပေ' အား အထူးကျေးဇူး တင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။

သီရိ

၂၈-၁၀-၂၀၀၄

၁၃၆၆-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့

သားသေ၊ လင်ဆုံး။ ကုန်ရှုံး ကြွေးတင် လိုချင်မရ

မယ်သီလ

ဟု... တစ်ချိန်သောအခါက သီလရှင်များကို

ထင်မြင် လှောင်ပြောင်ခဲ့သူများသည်

ဤစာအုပ်ကို ဖတ်ပြီးလျှင်

သီလရှင် သာသနာကို ကြည်ညိုသဒ္ဓါပွားများ လာစေမည်။

# မြန်မာပြည်၏ သီလရှင် တက္ကသိုလ်

ဗုဒ္ဓသာသနာ မပေါ်ထွန်းမီက အိန္ဒိယနိုင်ငံတွင် အမျိုးသမီးများ၏ လူမှုရေး အဆင့်အတန်းမှာ လွန်စွာနိမ့်ကျခဲ့သည်။ မိဘ၊ မောင်ဘွား၊ လင်သား၊ ယောက္ခမတို့၏ အုပ်ချုပ်မှုအောက်တွင် ပြားပြားဝပ် နေထိုင်ခဲ့ကြရသည်။

ဗုဒ္ဓသာသနာ ပွင့်လင်းလာသောအခါ အခြေအနေမှာ ပြောင်းလဲခဲ့၏။ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ လူမှုအခွင့်အရေးရရှိလာကြသည်။ ထိုအခွင့်အရေး ပေးသနားသူမှာ ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင်ပင် ဖြစ်လေသည်။

မိထွေးတော် ပဇာပတိ ဂေါတမီ၏ လျှောက်ထား အသနားခံချက်အရ မြတ်စွာဘုရားသည် အမျိုးသမီးများကို ဘိက္ခုနီ သာသနာဘောင်သို့ ဝင်ခွင့်ပြုတော်မူခဲ့၏။

အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ အရာရာမှာ သိမြင်နိုင်စွမ်း၊ ကျင့်ကြံအားထုတ်နိုင်စွမ်း၊ ဆောင်ရွက်နိုင်စွမ်းမည့်အကြောင်းကို ဘုရားလက်ထက်တော်ကပင် အထင်အရှား တွေ့မြင်ကြရပေသည်။

x x x

ယောက်ျားဖြစ်ကာမျှနှင့် သူတော်သူမြတ် မဖြစ်နိုင်။ မိန်းမ ဖြစ်ရခြင်းကြောင့်လည်း သူယုတ်မာ မဖြစ်နိုင်။

စပယ်ဦးစာပေ

ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ သူတော်သူမြတ်ဖြစ်ကြောင်း တရားကို ကျင့်ကြံအားထုတ်ပါက သူတော်သူမြတ်ဖြစ်နိုင်ပေသည်။

ဘုရားသခင်လက်ထက်တော်က ဘိက္ခုနီသာသနာ ထွန်းကားလာရာမှ အစပြုပြီး ပါရမီဉာဏ်ရင့်သန်သော ထေရီတို့သည် ဧတဒဂ်ဘွဲ့များ ချီးမြှင့်ပေးသနားခြင်း ခံကြရလေသည်။

မိထွေးတော် ပဇာပတိ ဂေါတမီအား ရတ္တညူဧတဒဂ်၊ တန်ခိုးကြီးသော အရာ ဧတဒဂ်အဖြစ် ဥပ္ပလဝဏ်ထေရီ၊ ဝိနည်းပိဋကတ်အရာတွင် ပဋာစာရီထေရီ၊ တရားဟောသည့် အရာတွင် ဓမ္မဒိန္နာထေရီ၊ ကြီးကျယ်သော အသိဉာဏ်ပညာရှိသည့် အရာတွင် ဘဒ္ဒကစ္စနာ ယသော်ဓရာထေရီ စသည်ဖြင့် ချီးမြှင့်ခံရမှုတို့မှာ အမျိုးသမီးတို့၏ မလျှော့သော ဖွဲလုံ့လဖြင့် ဘဝအဆက်ဆက်တွင် သူတော်သူမြတ် တရားကျင့်ကြံခဲ့ကြောင်း သက်သေသာဓကများပင် ဖြစ်ကြလေသည်။

ဘုရားလက်ထက်မှစ၍ လင်းလက်ခဲ့သော အမျိုးသမီးတို့၏ သာသနာရေး ကြိုးပမ်းမှုသည် ယခုထက်တိုင် အစဉ်အလာမပျက်၊ မညှိုးမှိန်သေးပေ။

ဤစကားကို ပြောရခြင်းမှာ အကြောင်းမဲ့မဟုတ်။ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်းရှိ 'သမိဒ္ဓေါဒယ သုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်ကျောင်းတိုက်' သို့ သွားရောက်လေ့လာပြီးမှ ရဲဝံ့စွာ ပြောဆိုရဲခြင်း ဖြစ်ပေသည်။

x x x

မြန်မာပြည်တွင် သီလရှင် ပရိယတ္တိ စာသင်တိုက်ပေါင်း များစွာရှိသည့် အနက် ထင်ရှားသော စာသင်တိုက်ကို ပြပါဆိုလျှင် မလွဲမသွေ 'သမိဒ္ဓေါဒယ သုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်ကျောင်းတိုက်' ကိုပင် ပြရပေလိမ့်မည်။

သီလရှင်များ စနစ်တကျ ဗုဒ္ဓတရားတော်များကို ဆည်းပူးကျက်မှတ်ကြခြင်း၊ သာသနာရေးဆိုင်ရာစာမေးပွဲများတွင် ဤကျောင်းတိုက်မှ အောင်ပန်းဆွတ်ခူးကြခြင်း၊ နေထိုင်သွားလာ စားသောက်မှုမှအစ စနစ်တကျရှိခြင်းစသည့် များလှစွာသော ဂုဏ်ပုဒ်တို့ဖြင့် ပြည့်စုံသောကြောင့် သမိဒ္ဓေါဒယစာသင်တိုက်ကို မြန်မာပြည်၏ သီလရှင်တက္ကသိုလ်ဟု ခေါ်ဆိုထိုက်ပေသည်။

ဆဋ္ဌသင်္ဂါယနာတင်ပြီးနောက်ပိုင်း ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများနှင့် ကမ္ဘာအရပ်ရပ်ရှိ အခြားနိုင်ငံများကပါ ဗုဒ္ဓဘာသာကို စိတ်ဝင်စားမှုရှိလာ၏။ ဗုဒ္ဓဘာသာ

ပွင့်လင်းစည်ပင်သော မြန်မာပြည်ကိုလည်း စိတ်ဝင်စားလာကြကာ လေ့လာရေး လာရောက်ကြ၏။

ထိုအထဲတွင် သီလရှင်ဝတ်လာသူများ၊ မြန်မာပြည်ရောက်မှ သီလရှင် ဝတ်သူ အများအပြားရှိသည်။ လာရောက်လေ့လာသည့် နိုင်ငံများမှာ တောင် ဗီယက်နမ်၊ လာေ၊ ကမ္ဘောဒီးယား၊ ထိုင်း၊ သီရိလင်္ကာ၊ အိန္ဒိယ၊ နီပေါတို့ဖြစ် ကြသည်။

သီလရှင် ပညတ်တော်သင်များ နေထိုင်ရန် နေရာရွေးလျှင် သမိဒ္ဓေါဒယ ကျောင်းတိုက်ကိုသာ ရွေးချယ်ကြရသလို တိုင်းပြည်အသီးသီးက ဘာသာရေး လေ့လာသူများကို ဗုဒ္ဓဘာသာနှင့် မြန်မာအမျိုးသမီးတို့ သက်ဝင်ယုံကြည်မှု အတွက် ပြစရာနေရာမှာလည်း 'သမိဒ္ဓေါဒယ'သာ ဖြစ်ပေတော့သည်။

X X X

သားသေ၊ လင်ဆုံး၊ ကုန်ရှုံး ကြွေးပူသူ မိန်းမများသာ ကြံရာမရ ဖွားသီလ လုပ်သည်ဟု ယူဆကြသဖြင့် သီလရှင်ကို မကြည်ညိုကြ။ သီလရှင်ကို လူရှုမှာ ဝန်လေးတတ်ကြသည်။

သို့သော်လည်း သီလရှင်တို့၏ ခေတ်အဆက်ဆက်မှာ တော်အောင်၊ ကျော်အောင် အားထုတ်ခဲ့ကြသောကြောင့် သီလရှင်တို့ကို အသိအမှတ်မပြုဘဲ မနေနိုင်ကြ။

ရတနာပုံခေတ်တွင် သီလရှင် မယ်ကင်းသည် မင်းအပူဇော်ခံ ဖြစ်ခဲ့၏။ ထိုခေတ်က ထင်ရှားသော ရဟန်းအကျော် ဇန်းမော်ဆရာတော်နှင့် ပြိုင်၍ စာချီး ခဲ့သူဖြစ်သည်။ ကိုလိုနီခေတ်တွင် စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယချောင် သီလရှင် ဆရာကြီး ဒေါ်မာလာရီ၏ ဂုဏ်သတင်းမှာ သင်းပျံ့ခဲ့သည်။

လွတ်လပ်ရေးခေတ်မှာမူ သမိဒ္ဓေါဒယ သုခိတာရာမ မြန်အောင်ကျောင်း တိုက် ဆရာကြီး ဒေါ်ဉာဏစာရီသည် သီလရှင်များ ခေါင်းမော်စေရန် ထူးကဲစွာ ခေါင်းဆောင်မှု ပေးခဲ့လေသည်။

အဘယ်ကြောင့် သမိဒ္ဓေါဒယ နာမည်ကျော်သနည်း။ သမိဒ္ဓေါဒယ နာမည် ကျော်စေရေးအတွက် ဒေါ်ဉာဏစာရီ ဘယ်လိုတော်သနည်း။ မြန်မာပြည်၏ သီလရှင်တက္ကသိုလ်ဖြစ်သော သမိဒ္ဓေါဒယအကြောင်း ရေးလျှင် သမိဒ္ဓေါဒယကို မွေးဖွားသူ မိခင် ဒေါ်ဉာဏစာရီအကြောင်းပါမှ ပြည့်စုံတော့မည်ဖြစ်သည်။

X X X

ဒေါ်ဉာဏစာရီလောင်းလျာ (မငြိမ်းလှ) ကို ၁၂၅၉–ခုနှစ်၊ ကဆုန်လဆန်း ၁၁–ရက်၊ အင်္ဂါနေ့တွင် မြန်အောင်မြို့ အနောက်တောင်ဘက် သုံးမိုင်ခန့်အကွာ ထန်းသုံးပင်ရွာတွင် အဖ တိုက်သူကြီး ဦးအင်ကြင်း၊ အမိ ဒေါ်ငွေယုန်တို့မှ ဖွားမြင်သည်။ မွေးချင်း (၁၁) ဦးအနက် အငွမမြောက်ဖြစ်သည်။

၁၂၇၆–ခုနှစ်၊ အသက် ၁၃–နှစ်အရွယ်တွင် မိဘများ တားမြစ်သည့်ကြားမှ သီလရှင်ဘဝ ကူးပြောင်းသည်။ သီလရှင် မဝတ်မီ မြန်အောင်မြို့သို့ လယ်တီဆရာတော်ဘုရားကြီး ကြွရောက်ပြီး ခုနစ်ညတိတိ တရားဟောသည်ကို နာယူရခြင်းမှစ၍ သီလရှင်ဝတ်ရန် စိတ်အကြံဖြင့် အမိဋ္ဌာန်ပုတီးစိပ်ခြင်း၊ ဥပုသ်ရက်ရှည်စောင့်ခြင်းများ ပြုလုပ်ခဲ့သည်။

ချမ်းသာပြည့်စုံသော မိဘအသိုက်အဝန်း မျိုးရိုးမှာ နေခဲ့ရသော်လည်း ဝတ်ကြောင်ဖြင့် မပျော်မွေ့ခြင်းမှာ ထူးခြားသောပါရမီပင် ဖြစ်သည်။

မြန်အောင်မြို့ ဘာဝနာကုန်း ဒေါ်ဝိလာသီ၊ စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါချောင် ဒေါ်မာလာရီတို့ထံတွင် ပညာရင်နို့ သောက်စို့ခဲ့သည်။ ၁၂၉၀–ပြည့်နှစ်တွင် မြန်အောင်သို့ပြန်၍ ဘာဝနာကုန်းတွင် ခိုလှုံသီတင်းသုံး၍ တိုက်သစ်တည်ကာ သီလရှင်အပါး (၂၀) ခန့်ကို စာချခဲ့သည်။

ဒေါ်ဉာဏစာရီ၏ ဂုဏ်သတင်းကြောင့် နှစ်များ မကြာမီ စာသင်သားသီလရှင် တိုးပွားလာခဲ့သည်။ သီလရှင်စာပြန်ပွဲများလည်း ဦးဆောင်ကျင်းပခဲ့၏။

ဝါကျွတ်ပွဲ၊ ကထိန်ပွဲများတွင် ဒေါ်ဉာဏစာရီ၏ အလှူများ ထင်ရှားခဲ့၏။ ထင်ရှားသော ဆရာတော်များထံ ချဉ်းကပ်၍ ပုစ္ဆာထုတ် ပုစ္ဆာစစ်များ ပြုပါရန် တာဝန်ယူ ကြီးကြပ်တော်မူစေသည်။ စာအောင် သီလရှင်များကို ဆုပေးခြင်း၊ ဂုဏ်ပြုချီးမြှင့်ခြင်းဖြင့်လည်း စိတ်ဓာတ်မြှင့်တင်ပေးတတ်သည်။

မြန်မာပြည်ဘုရင်ခံက ၁၂၉၉–ခုနှစ်တွင် ဂုဏ်ထူးဆောင်လက်မှတ်၊ ငွေသားငါးဆယ်၊ ခါးပိုက်ဆောင် နာရီနှင့် ပိုးသားဝတ်စုံ ချီးမြှင့်ခြင်း ခံရသည်မှာ ဒေါ်ဉာဏစာရီပင် ဖြစ်သည်။

ထိုအချိန်က ရန်ကုန်၌ နိုင်ငံရပ်ခြား မလေ့စရိုက်များ လွှမ်းမိုးစပြုနေသည်။ ဒေါ်ဉာဏစာရီသည် နိုင်ငံရပ်ခြားမလေ့စရိုက်များ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်ထဲ ရောက်သည်ကို မလိုလား။ နိုင်ငံရပ်ခြားသာသနာများ ဗုဒ္ဓဘာသာအား လွှမ်းမိုးမည်ကို မနှစ်မြို့က်သဖြင့် ရန်ကုန်မှာ သီလရှင်တိုက်တည်ရန် ကြံကာ အစိုးရထံ မြေကွက်တောင်းရာ မြေနှစ်ဧက ရရှိခဲ့သည်။ ယာယီကျောင်းဆောက်ကာ သာသနာတော်

အတွက် ကြိုးပမ်းဆဲ စစ်ဖြစ်၍ မြန်အောင်သို့ ပြေးခဲ့ရသည်။ ကျောင်းမှာလည်း ဗုံးကျ၍ ပျက်စီးခဲ့သည်။

စစ်အတွင်းမှာ တရားဘာဝနာ အားထုတ်မပျက်ရှိရင်း ၁၃၀၉–ခုနှစ်တွင် စစ်ပြီးသောအခါ ရန်ကုန်ပြန်လာသည်။ မြေနေရာရရှိရေး ကြိုးစားသည်။ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်းရှိ လက်ရှိနေရာကို ရရှိပြီး ကျောင်းဆောက်ရာ ရှစ်နှစ်ကြာမှ ကျောင်းပြီးသည်။

၁၃၁၉–ခုနှစ်တွင် ဒေါ်ဉာဏစာရီအား နိုင်ငံတော်အစိုးရမှ မြန်မာပြည်အတွင်း မီးရထား၊ မီးသင်္ဘော အခမဲ့စီးနင်းခွင့် လက်မှတ် ချီးမြှင့်ခြင်းမှ ခံယူရရှိသည်။ ထို့နောက် ဒေါ်ဉာဏစာရီ၏ ကြိုးပမ်းမှုနှင့် စေတနာရှင်များ စုပေါင်းလှူဒါန်းမှုကြောင့် ၁၃၂၄–ခုနှစ်တွင် ယခုမြင်နေရသည့် သုံးထပ်တိုက်ကျောင်းကြီး တည်ဆောက် ပြီးစီးသည်။

စာသင်သားသီလရှင်များစွာ 'သမိဒ္ဓေါဒယ သုခိတာရာမ' မှာ ခိုလှုံ ပညာသင်ကြားကြသည်။ သာသနာရေးဌာနမှာ သမိဒ္ဓေါဒယ၏ နာမည် ကျော်လာသည်။

၁၃၃၇–ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂–ရက်နေ့တွင် ဒေါ်ဉာဏစာရီ ဘဝနတ်နန်း စံမြန်းသည်။ ဒေါ်ဉာဏစာရီ မရှိသော်လည်း သမိဒ္ဓေါဒယသည် ဒေါ်ဉာဏစာရီ ရှိစဉ်ကနှင့်မခြား စည်းကမ်းတကျ ရှိမြဲ၊ သာသနာ့ဝန် ထမ်းမြဲပင် ဖြစ်သည်။

ယခုအခါ သမိဒ္ဓေါဒယကို ဆရာကြီး ဒေါ်ဉာဏဝံသီ၊ နာယက ဆရာ ဒေါ်ခေမာရီ၊ ဒေါ်ဝေဘာရီ၊ တိုက်အုပ်ဆရာ ဒေါ်ဇယဝတီတို့က အနုနာယက စာချဆရာများ၊ ဝန်ဆောင်ဆရာများ၊ အကျိုးဆောင်ဆရာများနှင့် ဆက်ခံထိန်းသိမ်း အုပ်ချုပ်ပြီး စာသင်တိုက်ကြီး၏ ဩဝါဒါစရိယ ဆရာတော်များ ထားရှိကာ ဩဝါဒခံယူခြင်းဖြင့် အစဉ်အလာမပျက် တည်ရှိနေပါသည်။

X X X

မြန်မာပြည်၏ သီလရှင်တက္ကသိုလ်ပိပိ သမိဒ္ဓေါဒယသည် စံပြသီလရှင်တိုက် ဖြစ်အောင် ကျင့်ကြံနေထိုင်ကြပြီး ပရိယတ်ရော၊ ပဋိပတ်ပါ စွယ်စုံကြိုးပမ်းလျက် ရှိ၏။

ထိုတိုက်၏ ခမ်းနားကြီးကျယ်သော ဘုရားရှိခိုးဆောင်မှာ သီလရှင်တို့၏ ပဋိပတ်ခန်းမဆောင် ဖြစ်လေသည်။

၁၃၁၇–ခုနှစ် နွေရာသီတွင် အမျိုးသမီး (၁၀၈) ဦးတို့သည် သမိဒ္ဓေါဒယ၌ ခေတ္တ သီလရှင်ဝတ်ခဲ့ကြသည်။ ဘာသာရေးနှင့် သမီးပျိုများ ရင်းနှီးခဲ့ကြသည်။

ထိုအချိန်မှစ၍ ဂုဏ်သရေရှိ မင်းစိုးရာဇာအပိုင်းမှလည်းကောင်း၊ ကုသိုလ် ယူလိုသူတို့မှလည်းကောင်း နွေရာသီကျောင်းပိတ်ရက်တွင် မိမိတို့သမီးကို ခေတ္တ သီလရှင်ဝတ်စေခဲ့သည်။

ဘုရားဟော သုတ်များ ရွတ်ဆို ကျက်မှတ်ခြင်း၊ ဘုရားရှိခိုး၊ ရေချမ်းကပ်၊ ပန်းကပ်၊ သီလတောင်း၊ သီလယူ၊ အမျှဝေ၊ မေတ္တာပို့စသော ဗုဒ္ဓဘာသာအခြေခံများ သင်ကြားစေခြင်းဖြင့် ဘာသာယဉ်ကျေးမှုကို အမျိုးသမီးငယ်တို့ နုနယ်ငယ်ရွယ်စဉ် ကပင် စွဲမြဲသက်ဝင်စေခဲ့သည်။

သမိဒ္ဓေါဒယ၏ ရည်ရွယ်ချက်မှာ နောင်သောအခါ ဗုဒ္ဓဘာသာ ကမ္ဘာကို ပျံ့နှံ့ရေးအတွက် လိုအပ်ပါက သီလရှင်များကပါ ကူညီပံ့ပိုးရန်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာသုံး အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားကို သီလရှင်များ တတ်ဖို့ လိုအပ်သည်ဟု ယူဆကာ ခေတ်ပညာသင်ကြားရေးကိုလည်း လမ်းဖွင့်ပေးခဲ့သည်။

အပြင်မှ ဆရာ၊ ဆရာမများ ငှားရမ်းပြီး ကျောင်းတိုက်တွင်းရှိ သီလရှင်တို့ကို အင်္ဂလိပ်စာနှင့် သင်္ချာ သင်ကြားစေသည်။ ထို့အပြင် ဆင်းရဲနွမ်းပါးသော မိဘမဲ့ ကလေးများအတွက် ပညာသင်ဌာနဖြစ်ရန် သမိဒ္ဓေါဒယ ကြိုးပမ်းနေဆဲဖြစ်သည်။

X X X

မြန်မာပြည်၏ သီလရှင်တက္ကသိုလ်သည် စံပြသီလရှင်တိုက်ဖြစ်သကဲ့သို့ သီလရှင်လောက၏ ဂုဏ်ကျက်သရေလည်း ဖြစ်သည်။

ဤကျောင်းတိုက်တွင် ကြည်နူးစရာ အကောင်းဆုံးအချိန်မှာ စုပေါင်း ဆွမ်းစားချိန်၊ ဘုရားရှိခိုးချိန်တို့ပင် ဖြစ်သည်။

ရဟန်းတော်များ စာသင်တိုက်ကဲ့သို့ ဆွမ်းစားချိန်တွင် တစ်ပြေးညီ စုပေါင်း ဆွမ်းစားချိန်မှာ သမိဒ္ဓေါဒယ၏ ထူးခြားချက်ဖြစ်၏။ ဆွမ်းမစားမီ မေတ္တာပို့ခြင်း၊ ဥဒါန်းကျူးခြင်း၊ သာဓုခေါ်ခြင်းများ ပြုလုပ်ပြီးမှ ဆွမ်းစားကြခြင်း ဖြစ်ရာ ဆွမ်း စားချိန်နှင့် ကြုံကြိုက်သောသူများ ဝင်ရောက် ကြည်ညိုသဒ္ဓါ ပွားနိုင်ကြပေသည်။

သမိဒ္ဓေါဒယ စာသင်တိုက်သို့ ဆွမ်း၊ ကွမ်းလှူဒါန်းထောက်ပံ့နေသော အလှူရှင် များ၊ အသင်းအဖွဲ့များရှိ၏။ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ကို ၁၉၇၀–ပြည့်နှစ်တွင် ဖွဲ့စည်းပြီး ဝတ်လုံတော်ရ ဒေါ်မေမေခင်က နာယက၊ ဒေါ်ခင်ထွေးက ဥက္ကဋ္ဌ၊ အကျိုးဆောင်မှာ ဒေါ်ညွန့်မေ ဖြစ်သည်။

အဖွဲ့ဝင်တို့မှာ လူမှုထုံးချွန် ဒုတိယဆုရ ဒေါ်သန်းစိန်၊ ဒေါ်မြနွယ်နှင့် အခြားဆယ့်ငါးယောက်တို့ဖြစ်သည်။ အဆိုပါအသင်းသည် လစဉ် တတိယပတ် သောကြာနေ့တိုင်း အစည်းအဝေးကျင်းပ၏။ အသင်းဝင်များထံမှ လစဉ် ဆွမ်း၊ ကွမ်းအတွက် တစ်ဆယ်ကျပ်၊ ဆေးဝါးကုသရေးအတွက် တစ်ဆယ်ကျပ်၊ စုစုပေါင်း နှစ်ဆယ်ကျပ် အလှူခံသည်။

အသင်းတွင် ငွေကြေးပိုင်ဆိုင်မှုမရှိ။ စုပေါင်း အလှူခံရသမျှကို ကျောင်းတိုက်သို့ ပုံအပ်လှူဒါန်းကြသည်။ ဤအသင်းသို့ စေတနာရှင်အမျိုးသမီးတိုင်း အသင်းဝင်ဖြစ်နိုင်သည်။ ပါဝင်လှူဒါန်းခြင်းလည်း ပြုနိုင်သည်။

ရန်ကုန်မြို့၊ ၃၈-လမ်း၊ ၃၅-လမ်း စုပေါင်းအလှူရှင်များက စာသင်တိုက်ရှိ သီလရှင်အပါး (၂၀၀) ကျော်တို့အား သုံးလ တစ်ကြိမ် ဆွမ်းခဲဖွယ်ဘောဇဉ် လှူဒါန်းသည်။

အထက (၁) ဒဂုံမှ ဆရာမ ဒေါ်ခင်စန်းမြင့် အပါအဝင် အခြားဆရာ၊ ဆရာမ (၂၇) ဦးက သီလရှင်များအတွက် စုပေါင်းလှူဒါန်းကြသည်။

ကျားသုဓွေးကတော် ဒေါ်ဒေါ်စော၏ ရန်ပုံငွေကလည်း စာသင်တိုက်အတွက် အထောက်အပံ့ဖြစ်စေသည်။ ငွေရင်း မပျောက်စေဘဲ နှစ်စဉ်ရသော အတိုးငွေကို သီလရှင်တို့၏ ဝေယျာဝစ္စအတွက် သုံးစွဲရသည်။

x x x

သမိဒ္ဓေါဒယ သုခိတာရာမကျောင်းတိုက်တွင် ယခင်က တိုင်းရင်းမြန်မာ ဆေးကုခန်း ရှိခဲ့၏။

ကျောင်းတိုက်မှ သီလရှင်အချို့လည်း တိုင်းရင်းမြန်မာဆေးပညာကို သင်ကြားကြသည်။ ကျောင်းကျန်းမာရေးသင်တန်းလည်း တတ်မြောက်သူ ရှိသည်။

ယခုအခါ ခေတ်မီဆေးဝါးကုသရေးဆေးခန်း ဖွင့်လှစ်ထားရှိပြီး ဒေါက်တာ ဒေါ်အုံးကြည် (ကူးစက်အထူးကု)၊ ဒေါက်တာဒေါ်သန်းသန်းတင် (မီးယပ်အထူးကု)၊ ဒေါက်တာစိုးမြင့်၊ ဒေါက်တာသန်းထွန်းအေး (သွားဘက်ဆိုင်ရာ) နှင့် ဆရာဝန် တင်ရွှေတို့က အလှည့်ကျထိုင်ကာ စာသင်သား သီလရှင်များ ကျန်းမာရေးကို စောင့်ရှောက်ကြသည်။

x x x

ကမ္ဘာကို ဗုဒ္ဓသာသနာ ပျံ့နှံ့နိုင်ရေးအတွက် ရည်စူးသော သမိဒ္ဓေါဒယ ကျောင်းတိုက်မှာ ဘွဲ့ရ ခေတ်ပညာတတ် သီလရှင်နှစ်ပါးရှိ၏။

နာယက ဆရာ ဒေါ်စာလာဒေဝီသည် ၁၉၈၄–ခုနှစ်တွင် စာပေးစာယူ သင်တန်းဖြင့် ဝိဇ္ဇာမြန်မာစာဘွဲ့ရသည်။ တိုင်းရင်းမြန်မာဆေးပညာ၊ ဆေးပညာ သင်တန်း၊ ကျောင်းကျန်းမာရေးသင်တန်းတွင် ဆုလက်မှတ်ချီးမြှင့်ခံရခြင်းဖြင့် လည်းကောင်း အောင်မြင်ခဲ့ပြန်သည်။

၎င်းပြင် သီလရှင်များ သာသနာပြု မူလတန်းဆရာဖြစ်သင်တန်း စာမေးပွဲကို လည်းကောင်း အောင်မြင်ပြန်သည့်ပြင် သာသနာရေးဆိုင်ရာ စာမေးပွဲဖြစ်သော ဓမ္မာစရိယစာမေးပွဲ၊ နိဒါနသံယုတ် မြန်မာစာမေးပွဲကိုလည်း အောင်မြင်ခဲ့သော ဂုဏ်ယူဖွယ် သီလရှင်ဖြစ်လေသည်။

ကချင်ပြည်နယ် နမ္မတီးမြို့ ဇာတိဖြစ်သော မညာဏေသီ (လူအမည် မခင်မာဆွေ) မှာ ၁၉၇၇–ခုနှစ်တွင် ပညာရေးတက္ကသိုလ်မှ ဘီအီးဒီ (ပညာရေးဘွဲ့) ရသည်။ အထက်တန်းပြဆရာမ တစ်နှစ် ဝင်ရောက် အမှုထမ်းပြီး ၁၉၇၉–ခုနှစ် တွင် သာသနာ့ဘောင်ဝင် သီလရှင်ဘဝသို့ ကူးပြောင်းသည်။

၁၉၈၀–ပြည့်နှစ်တွင် အစိုးရ အဘိဓမ္မာစာမေးပွဲသုံးဆင့်စလုံး၌ တစ်ပြည်လုံး မှာ ပထမ၊ ၁၉၈၁–ခုနှစ် အစိုးရ ဝိသုဒ္ဓိမဂ် စာမေးပွဲတွင် ရန်ကုန်တိုင်းမှာ တတိယ၊ ၁၉၈၃–ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် တစ်ပြည်လုံးမှာ ပထမ၊ ၁၉၈၄–ခုနှစ် ပထမလတ်တန်းမှာ ပထမ ဆွတ်ခူးခဲ့သည်။

x x x

သမိဒ္ဓေါဒယ သုခိတာရာမကျောင်းတိုက်တွင် သီလရှင်ငယ်များအား နာယက၊ တိုက်အုပ်၊ အနုနာယက စာချဆရာများက တင်းကျပ်သော စည်းကမ်းဖြင့် အုပ်ချုပ်ထားသည်။ တစ်နေ့ကို ၂၄–နာရီရှိသည့်အနက် ဘုရားဝတ်ပြုချိန်၊ ကမ္မဋ္ဌာန်း ဝင်ချိန်၊ စာဝါလိုက်ချိန်၊ စာတက်၊ စာကျက်၊ စာအံ၊ စာပြန်ချိန်၊ ရေမိုးချိုးချိန်၊ ဆွမ်းစားချိန်၊ ခေတ္တအနားယူချိန်က အစ အတိအကျ သတ်မှတ်ထား၏။

နံနက် (၄) နာရီမှာ အိပ်ရာထ၊ ကိုယ်လက်သန့်ရှင်းပြီး ဘုရားဝတ်တက် ကြရသည်။ (၅) နာရီခွဲတွင် အရုဏ်ဆွမ်းစားပြီး ကျောင်းဝင်းအတွင်း သန့်ရှင်းရေး ပြုလုပ်ကြရသည်။ ထိုအချိန်မှာ တံမြက်လှည်းခြင်း၊ မျက်နှာသစ်ရေ၊ သောက်သုံးရေ ခပ်ခြင်းများ ပြုရ၏။

စပယ်ဦးစာပေ

နံနက် (၆) နာရီမှ (၁၀) နာရီထိ သက်ဆိုင်ရာအလိုက် သဒ္ဒါစာဝါ၊ ဓမ္မပဒ စာဝါ၊ အဘိဓာန် စာဝါပို့ချခြင်း၊ စာဝါတက်ခြင်း၊ စာဝါကျက်ခြင်း စသော ပရိယတ္တိလုပ်ငန်းများ လုပ်ကိုင်ကြပြီး ရေချိုး၊ အဝတ်လျှော်ကြရသည်။

(၁၀) နာရီခွဲတွင် နေ့ဆွမ်းစားပြီး မွန်းတည့် (၁၂) နာရီမှ နေ့လယ် (၁) နာရီထိ ခေတ္တ နားနေချိန်ဖြစ်သည်။

နေ့လယ် (၁) နာရီ ကျောက်စည်အခေါက်တွင် ဘုရားရှိခိုးဆောင်မှာ စုရုံး၍ ပရိတ်ကြီး (၁၁) သုတ်၊ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်၊ မဟာသမယသုတ်များ အလှည့်ကျ ရွတ်ဆိုကြရသည်။

(၁) နာရီခွဲမှ ညနေ (၄) နာရီခွဲထိ သင်္ဂဟ စာဝါ၊ အလင်္ကာစာဝါများ တက်ခြင်း၊ စာဝါကျက်ခြင်း၊ အင်္ဂုတ္တရနိကာယ်စာဝါတက်ခြင်း၊ ကျက်ခြင်းများ ပြုပြီး ညနေ (၆) နာရီ ဘုရားရှိခိုးဆောင်သွားပြီး ဝတ်တက်ကြရသည်။ ကမ္မဋ္ဌာန်း တရား အားထုတ်ကြရသည်။

(၇) နာရီ (၁၅) မိနစ်မှစ၍ ည (၁၁) နာရီထိ ကျက်မှတ်ပြီးသော စာများ ပြန်ကြရပြီး ည (၁၂) နာရီမှ အိပ်ရာဝင်ကြရသည်။

အိပ်စက်ချိန်မှလွဲ၍ ကျန်အချိန်မှာ အချိန်ဇယား အတိအကျနှင့် နေရသော သမိဒ္ဓေါဒယ ဘာကြောင့် နာမည်ကျော်ရသနည်းဟု လေ့လာသော် စည်းကမ်း ပေးသူက ပေးသည့်အတိုင်း အတိအကျလိုက်နာနိုင်ကြခြင်း၊ ပရိယတ္တိမှာ ထူးချွန် သော သီလရှင်များ ထွက်ရှိခြင်းကြောင့် ဖြစ်ပေတော့သည်။

ထို့ကြောင့်ပင် သမိဒ္ဓေါဒယမှာ သီလရှင်ဝတ်လိုသူတိုင်း သတ်မှတ်ထား သော သီလရှင်ပြုရန် အရည်အချင်းနှင့် ပြည့်စုံစေရသည်။ ဝတ်လိုသူတိုင်းကို လက်မခံ။

ခေတ္တဝတ် သီလရှင်ဖြစ်ပါက အကျင့်စာရိတ္တကောင်းသူ၊ အစိုးရဥပဒေနှင့် ငြိစွန်းခြင်းမရှိသူ၊ မိဘနှစ်ပါး၏ ခွင့်ပြုချက်ရသူ၊ အိမ်ထောင်မရှိသော စင်ကြယ်သူ၊ ပရိယတ်၊ ပဋိပတ်ကို ကြိုးစားအားထုတ်လိုသူဖြစ်မှ လက်ခံသည်။

ထာဝရသီလရှင်ဖြစ်လိုသူမှာ အထက်ပါ အချက်ငါးချက်နှင့် ပြည့်စုံရုံမက အနေအစားဆင်းရဲခြင်း ခံနိုင်ရည် ရှိမရှိ၊ သာသနာရေးကိစ္စ စိတ်ဝင်စားမှု ရှိမရှိ လေ့လာရန် နှစ်လတာမျှ လူဝတ်ကြောင်ဘဝဖြင့် ထားပြီး နှစ်လလုံးလုံး ရှစ်ပါး သီလ စောင့်ထိန်းနိုင်မှ လက်ခံသည်။

စပယ်ဦးစာပေ

ကျောင်းတိုက်မှာ သီလရှင်အဖြစ်နေသည့်တိုင် စည်းကမ်းမလိုက်နာပါက ကျောင်းတိုက်မှ ထုတ်ပယ်ခြင်း၊ မိဘအုပ်ထိန်းသူထံ ပြန်အပ်ခြင်းများ ပြုလုပ်သည်။ စည်းကမ်းကို အထိပါးမခံ။

X X X

မြန်မာပြည်၏ သီလရှင်တက္ကသိုလ်မှာ ပြည်ထောင်စုဖွား တိုင်းရင်းသူလေးများလည်း သီလရှင်ဝတ်လျက် သာသနာရေးကြိုးပမ်းလျက် ရှိကြသည်။

ကရင်အမျိုးသမီး၊ မွန်အမျိုးသမီး၊ ရှမ်းအမျိုးသမီး၊ ပလောင်အမျိုးသမီး၊ ကချင်အမျိုးသမီး၊ နာဂအမျိုးသမီးများ သီလရှင်ဝတ်နေသည်ကို တွေ့နိုင်ပေ၏။

မြန်မာပြည်၏သီလရှင်တက္ကသိုလ်သည် မြန်မာပြည်၏ရှင်သွေးများကို ဘာသာရေး၊ ယဉ်ကျေးမှု အသိအလိမ္မာပေးသော ကျောင်းကြီးဖြစ်သည်ဆိုလျှင် မမှားပေ။ ထို့ပြင် ကမ္ဘာမှာ မြန်မာ့ယဉ်ကျေးမှုစစ်စစ်၊ မြန်မာ့ကိုးကွယ်မှုစစ်စစ်ဟု ဂုဏ်ယူဝင့်ကြွားနိုင်အောင်လည်း အထောက်အကူပေးလျက်ရှိသော စံပြသီလရှင်တိုက်ဖြစ်သည်။

သီလရှင်သာသနာ အဓွန့်ရှည်ပါစေ။

သိရီ

ဓမ္မရုပ်စုံ ဘာသာရေးနှင့် အတွေးအခေါ်မဂ္ဂဇင်း

၁၉၉၂-ခုနှစ်၊ မတ်လ။ စာအုပ်အမှတ် (၃)



သာသနာ့ဒါယ (ပြည်) သီလရှင် စာသင်တိုက်၏ အလှူပွဲတွင် တိပိဋကဓရ
မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ အပူဇော်ခံနေပုံ။



မဟာဒါနအလှူပွဲတွင်
ဒါရိုက်တာ စာရေးဆရာကြီး ဦးသုခ
ဟောပြောပွဲစော်နေပုံ။



သာသနာ့ဒါယ (ပြည်)
သီလရှင် စာသင်တိုက်တွင်
ဆွေ့ သီလရှင်ဝတ်မည့်
သီလရှင်လောင်းကလေးတစ်ဦး။



သာသနာ့ဒယ (ပြည်) သီလရှင် စာသင်တိုက်၏
နာယက ဆရာကြီး ဒေါ်ပုညဝတီ။



ဓမ္မဃောသက ဦးမောင်မောင်–ဇနီး ဒေါ်သန်းသန်း (ကွယ်လွန်) အတွက်
ရည်စူးလှူဒါန်းသော ပိဋကတ်တိုက်။

# သာသနောဒယ (ပြည်) သီလရှင် စာသင်တိုက်

ရန်ကုန်မြို့၊ သမိုင်းရပ် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီ၏ မြောက်ဘက် ခြေတော်ရင်းတွင် သာသနာ့အကျိုးကို စွမ်းစွမ်းတမံ ထမ်းရွက်သယ်ပိုးနေသော သူတော်စင်အမျိုးသမီးတို့ ရှိကြ၏။

ကြို့တင်အကြောင်းကြားဆက်သွယ်ထားခြင်းမရှိ၊ ယခင်ကလည်း သိကျွမ်းခင်မင်ခြင်းလည်း မရှိပါဘဲလျက် ဘဝများစွာက ပြုခဲ့ဖူးသော ကုသိုလ်ရေစက်အဟုန်တို့ကြောင့် စာရေးသူနှင့် သူတော်စင်အမျိုးသမီးတို့ တစ်ခဏချင်းမှာပင် ရင်းနှီးကျွမ်းဝင်ခဲ့ရသည်။

ဗုဒ္ဓ၏ အဆုံးအမဥ္ဇ တည်သော အမျိုးသမီးများ ဗုဒ္ဓလက်ထက်တော်က ရှိခဲ့သည့်နည်းတူ ယခုလည်း ရှိနေပါကြောင်း တိုင်းပြည်သို့ အသိပေးလိုပါသည်။ သို့မှသာ အမျိုးသမီးများက အားကျ အတုယူလာပါလိမ့်မည်ဟု ရည်ရွယ်ပါကြောင်း တင်ပြသည့်အခါ သီလရှင်စာသင်တိုက်၏ ပဓာန နာယက တိုက်အုပ်ဆရာကြီး ဒေါ်ပုညဝတီက ကျောင်းတိုက်ကို လေ့လာရန် ခွင့်ပြုခဲ့ပါသည်။

X X X

သာသနောဒယ (ပြည်) သီလရှင် စာသင်တိုက်သည် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၃) ရပ်ကွက်တွင် တည်ရှိပြီး အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီ၏ မြောက်ဘက် ခြေတော်ရင်းအနီးတွင် ဖြစ်လေသည်။

အလျား ပေ ၃၀၀–ခန့်၊ အနံ ပေ ၂၀၀–ခန့်ရှိသော ကျောင်းတိုက်ဝင်းကို ဝင်သည်နှင့် စိတ်မှာ ချမ်းမြေ့ကြည်လင်သွားမိသည်။ ငြိမ်သက်တိတ်ဆိတ်ခြင်းက မင်းမူနေ၍ ဤပရိဝုဏ်မှာ သက်ရှိလူသားတို့ နေသည်ပင် မထင်ရ။ သို့သော် သီလရှင် အပါး (၁၃၀) နေသည်တော့ အမှန်ပင် ဖြစ်လေသည်။

စာသင်တိုက်အတွင်းမှာ အဆောင်ပေါင်း ရှစ်ဆောင်ရှိ၏။ ၎င်းတို့မှာ–

(၁) ဘုရားဆောင်၊
(၂) တေဒဂ်ရ ရဟန္တာကျောင်းဆောင်၊
(၃) ရှင်ဥပဂုတ္တ ကျောင်းဆောင်၊
(၄) ဓမ္မဃောသက ဦးမောင်မောင် စာကြည့်ပိဋကတ်တိုက်၊
(၅) ပဓာန နာယကကျောင်း၊
(၆) ဓမ္မာစရိယ နိကာယ်ကျောင်း၊
(၇) သုံးထပ်ကျောင်း (စာသင်သားဆောင်)
(၈) ဆွမ်းစားဆောင်တို့ ဖြစ်လေသည်။

အဆောင် ရှစ်ဆောင်အနက် ဦးစွာ လေ့လာရန်မှာ ဗုဒ္ဓဘာသာဝင်ပီပီ ဘုရားဆောင်ကိုပင် ရွေးချယ်လိုက်ပါသည်။

## (၁) ဘုရားဆောင်

သာသနောဒယ(ပြည်) သီလရှင်စာသင်တိုက်၏ ဘုရားဆောင်မှာ ပရိဝုဏ်ကို ဝင်လိုက်သည်နှင့် လက်ယာဘက်တွင် တွေ့နိုင်ပေသည်။

၁၃၂၇–ခုနှစ်က တည်ဆောက်ထားသော ဘုရားဆောင်မှာ အနည်းငယ် ဟောင်းနွမ်းသော်လည်း ခိုင်ခံ့နေပါသေး၏။ ဘုရားဆောင်မှာ ရုပ်ပွားဆင်းတုတော်များ ရှိသည်။ ဘုရားဆောင်နှင့်ကပ်လျက် အောင်စေတီကပ်ကျော်ဆုတောင်းပြည့် ဘုရား ရှိလေသည်။

အောင်စေတီ ကပ်ကျော် ဆုတောင်းပြည့် ဘုရား၏ ဂန္ဓကုဋိတိုက်မှာ မတ်တတ်ရပ် သီတင်းသုံးတော်မူသော ရုပ်ပွားတော်မှာ သပ္ပာယ်လွန်းလှ၏။

နံရံတွင် နတ်၊ ဗြဟ္မာများက ခြံရံကာ ထီးဖြူမိုးလျက် ရှိသော ပန်းချီ ရေးမှာ ရုပ်ပွားတော်ရှိရာ ရှေ့တည့်တည့်က ဖူးလျှင် မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူမည့် ပုံသဏ္ဌာန်ပင် ဖြစ်လေသည်။

အောင်စေတီကပ်ကျော် ဆုတောင်းပြည့်ဘုရားမှာ သီရိလင်္ကာ (သီဟိုဠ်) နိုင်ငံမှ မဟာဗောဓိပင်၏ လက်ယာတောင်ကိုင်းကို ဌာပနာ၍ ၁၃၃၁–ခုနှစ်တွင် စေတနာရှင်အများ စုပေါင်းတည်ထား ကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

ဂန္ဓကုဋိတိုက်အတွင်းရှိ ဒေသစာရီကြွချီလှမ်းတော်မည့် ပုံသဏ္ဌာန် ရုပ်ပွားတော်မှာ သက်ရှိထင်ရှား မြတ်စွာဘုရားသခင် ခြေလှမ်းတော်မည်ကဲ့သို့ ထင်ရ လောက်အောင် အသက်ဝင်နေသည်။ ထို့ကြောင့် နိုင်ငံရပ်ခြား ခရီးသွားမည့်သူများ၊ ရက်ရှည် ခရီးဝေးသွားမည့်သူများသည် ခရီးလမ်းပန်း ချောမွေ့စေရန်၊ အန္တရာယ် ဘေးရန်မှ ကင်းဝေးစေရန် ရုပ်ပွားတော်၏ လက်ဝဲ၊ လက်ယာမှာ ပွဲထိုး၍ ဆုတောင်းလေ့ ရှိကြသည်ဆို၏။

ဆုတောင်းသူတိုင်းလည်း လိုရာခရီးကို အခက်အခဲမရှိ ရောက်တတ်၍ လုပ်ငန်းကိစ္စအဝဝ အောင်မြင်နိုင်သည်မှာလည်း လက်တွေ့ပင် ဖြစ်လေသည်။

အောင်စေတီ ကပ်ကျော် ဆုတောင်းပြည့်ဘုရားတွင် ဓမ္မဃောသက ဦးမောင်မောင် လှူဒါန်းထားသော ဟင်္သာရုပ်တံခွန်တိုင် ရှိလေသည်။

စေတီနှင့် ရုပ်ပွားတော်တို့ကို အစွဲပြု၍ သာသနာ့ဒါယကတိုက်တွင် ဘုရား ဆောင်သည် စာသင်တိုက်ကို ရောက်လျှင်ရောက်ချင်း ဦးစွာ ကြည်ညိုဝပ်တွားကာ လေ့လာသင့်သော အဆောင်ပင် ဖြစ်လေသည်။

## (၂) တေဒဂ်ရ ရဟန္တာ ကျောင်းဆောင်

ကျောင်းဆောင်အပေါ်ထပ်မှာ တိတ်ဆိတ်နေပြီး နံရံတွင် ဂိပဿီမြတ်စွာ ဘုရား၊ သိခီမြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာဘုရား၊ ကကုသန္ဓမြတ်စွာဘုရား၊ ကောဏာဂမနမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရားနှင့် ဂေါတမမြတ်စွာဘုရား ပုံတော်များ ရေးခြယ်ထားလေသည်။

မြတ်စွာဘုရား ပုံတော်တိုင်းတွင် ဖွားမြင်တော်မူပုံ၊ ထိမ်းမြားမင်္ဂလာပြုပုံ၊ နိမိတ်ကြီးလေးပါးမြင်လာပုံ၊ တောထွက်တော်မူပုံ၊ မည်သည့်ဗောဓိပင်အောက်တွင် ဘုရားအဖြစ်သို့ ရောက်ရှိပုံများပါ ထည့်သွင်းရေးခြယ်ထားသဖြင့် နံရံပန်းချီကို မြင်ကာမျှနှင့် သက်ဆိုင်ရာဘုရား၏ ဗုဒ္ဓဝင်ကိုပါ တစ်ပြိုင်နက် သိမြင်လေ့လာပြီး ဖြစ်သွားစေလေသည်။

ဘုရားလက်ထက်တော်က တေဒဂ်ရ ရဟန္တာ လေးဆယ့်တစ်ပါးနှင့် ဘိက္ခုနီ လေးပါး ရုပ်တုများကို အပေါ်ထပ်တွင် ပူဇော်ထားပြီး ရဟန္တာရုပ်တုများ

သီတင်းသုံးရာ ထိုအပေါ်ထပ်သည် သာသနောဒယတိုက်၏ ပထမလတ်တန်း သီလရှင်များ စာချသည့်နေရာလည်း ဖြစ်လေသည်။

တေဒဂ်ရ ရဟန္တာကျောင်းဆောင်၏ အောက်ထပ်မှာ ပထမကြီးတန်း သီလရှင်များကို စာချသည့်နေရာ ဖြစ်လေသည်။

## (၃) ရှင်ဥပဂုတ္တ ကျောင်းဆောင်

လေးထောင့်ရေကန်ကို ငုံ၍ ၁၉၇၄-ခုနှစ်က တည်ဆောက်ထားသော ရှင်ဥပဂုတ္တရဟန္တာ ကျောင်းဆောင်မှာလည်း ထူးခြားမှုများရှိ၍ သာသနောဒယကို လေ့လာရာတွင် ချန်လှပ်ထား၍ မဖြစ်ပေ။

ရေကန်၏အလယ်မှာ နဂါးဖောင်ဖြင့် စံပယ်တော်မူသော ရှင်ဥပဂုတ္တ ရဟန္တာမြတ် ပုံတော်ရှိ၏။ နဂါးဖောင်ကို လေးထောင့်ကန် အသေးတွင် တည်ထားပြီး ကန်လေးကို ကန်ကြီးက ဝန်းရံထားသည်။ ကန်ကြီးထဲမှာ ရေများ ရှိသည်။ ရှင်ဥပဂုတ္တ ကျောင်းဆောင်၏ မျက်နှာကြက်မှာ ရွှေစေတီငယ်များကို သစ်စေးရောင် အနီနောက်ခံပေါ်တွင် တည်ထားပြီး ရှင်ဥပဂုတ္တ ကျောင်းဆောင်ရှိရာ အလယ်ကောင် ဆီသို့ ဦးစိုက်တည်နေပုံ ဖြစ်လေသည်။

အဆောင်၏နံရံတွင် ပုပ္ဖာရုံကျောင်းတော်နှင့် ကျောင်းအမကြီးဝိသာခါပုံ ပန်းချီရေးဆွဲထားပြီး ဝိသာခါပုံ ပန်းချီရှေ့ရှိ မှန်လုံသေတ္တာမှာ အလှူဒါနအရာတွင် အသာဆုံး ဒါယကာ တေဒဂ်ရ ဝိသာခါရုပ်တုကို ထည့်သွင်းပြသထားလေသည်။

ဝိသာခါပုံနှင့်တစ်တန်းတည်း မှန်လုံသေတ္တာများထဲတွင် မဂ်ဖိုလ်အသိဉာဏ် လျင်မြန်စွာရသော ကုဏ္ဍလကေသာထေရီ၊ ဒိဗ္ဗစက္ခုအဘိညာဉ်အရာတွင် အသာဆုံး သကုလာထေရီ၊ သဒ္ဓါကောင်းသောအရာတွင် အမြတ်ဆုံး သိင်္ဂါလက မာတုထေရီ၊ ဈာန်ဝင်စားသောအရာတွင် အသာဆုံး နန္ဒာထေရီ၊ ပံ့သကူသက်န်းဆောင်သော အရာတွင် အသာဆုံး ကိသာဂေါတမီထေရီ၊ ကြီးသော အဘိညာဉ်အရာတွင် အသာဆုံး ဘဒ္ဒကစ္စနာထေရီ၊ တန်ခိုးကြီးသောအရာတွင် အသာဆုံး ဥပလဝဏ္ဏာထေရီ၊ တရားဟောကောင်းသောအရာတွင် အသာဆုံး ဓမ္မဒိန္နာထေရီ၊ ပုဗ္ဗေနိဝါသဉာဏ် အရာတွင် အသာဆုံး ဘဒ္ဒါကာပိလာနီထေရီပုံများကို ဘိက္ခုနီမရုပ်ပုံစံဖြင့် ထုလုပ် ထားလေသည်။

သာသနောဒယ (ပြည်) သီလရှင်စာသင်တိုက် ရှင်ဥပဂုတ္တရဟန္တာ ကျောင်း ဆောင်ထဲတွင် နံရံဆေးရေးပန်းချီများ လေ့လာရန် ရှိပါသေး၏။ သတ္တဥာဒ

စံတော်မူသော ဂေါတမမြတ်စွာဘုရားသခင်၏ ပုံတော်ကို အစီအစဉ်အလိုက် ရေးဆွဲ ပူဇော်ထားရှိပြန်သည်။

ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီး၍ အပရာဇိတပလ္လင်ပေါ် ထက်ဝယ်ဖွဲ့ခွေ နေတော်မူသော နံရံပန်းချီ၏အောက်တွင် 'ဩောင်း နမောဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ အရဟံ သိဒ္ဓိ' ဟူ၍ ရေးထားသည်။

အနိမ္မိတကုန်းမှ နေ၍ မမိုတ်မသုန်သော မျက်စိဖြင့် မာရ်ငါးပါးအောင် မြင်ခဲ့ရာ ဗောဓိပင်ကို ကြည့်နေပုံတွင် 'ဩောင်း နမောဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ သိဒ္ဓိ' ဟု ရေးထား၏။

ရတနာစင်္ကြံကြွတော်မူသော ပုံတွင် 'ဩောင်း နမောဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော သိဒ္ဓိ' ဟူ၍ လည်းကောင်း၊

ရတနာရွှေအိမ်၌ ပဋ္ဌာန်းတရား ဆင်ခြင်နှလုံးသွင်းနေသော ပုံတွင် 'ဩောင်း နမောဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ သုဂတော သိဒ္ဓိ' ဟူ၍လည်းကောင်း၊

အဇပါလဆိတ်ကျောင်းညောင်ပင်၌ သီတင်းသုံးတော်မူသော ပုံတွင် 'ဩောင်း နမောဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ လောကဝိဒူ သိဒ္ဓိ' ဟူ၍လည်းကောင်း၊

မုစ္စလိန္ဒာအိုင်၌ နဂါးပါးပျဉ်းမိုး နဂါးခွေပလ္လင်ပေါ် စံတော်မူသော ပုံတွင် 'ဩောင်း နမောဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဓမ္မသာရထိ သိဒ္ဓိ' ဟူ၍လည်းကောင်း၊

လင်းလွန်းပင်အောက်၌ ဖြဟ္မာမင်း ကပ်လှူသော သပိတ်ဖြင့် တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်၏ ပျားမုန့်ဆွမ်း အလှူခံသော ပုံတွင် 'ဩောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ သိဒ္ဓိ' ဟူ၍လည်းကောင်း ပန်းချီကားကို ကြည့်ရင်း ဘုရားဂုဏ်တော်ကို ရှုမြင်မှတ်သား ပွားများနိုင်ပေ၏။

ထို့ပြင် အဇပါလညောင်ပင်အောက်၌ သဟံပတိဗြဟ္မာက မြတ်စွာဘုရားထံ တရားတောင်းခံပုံ ပန်းချီအောက်တွင် 'ဗုဒ္ဓေါ သိဒ္ဓိ'၊ မိဂဒါဝုန်တောတွင် ပဉ္စဝဂ္ဂီ ငါးဦးတို့အား ဓမ္မစကြာတရားဟောတော်မူပုံ ပန်းချီအောက်တွင် 'အရဟံ သိဒ္ဓိ' ဟူ၍ ပန်းချီကားကိုကြည့်ရင်း ကြည်ညိုနိုင်ပေသေးသည်။

ကဏ္ဍုရဝတီပြည်ကို အစိုးရတော်မူသော မဟာကပိနမင်းကြီးသည် ရတနာ သုံးပါးကို ကြည်ညို၍ အမတ်တစ်ထောင်နှင့်အတူ ဘုရားရှိရာအလာတွင် အပရစ္ဆာ မြစ်၊ နီလဝါဟိနီမြစ်၊ စန္ဒဘာဂါမြစ် သုံးတန်ကို ဖြတ်ကျော်သည့်အခါ ဘုရား၊ တရား၊ သံဃာကို အာရုံပြု၍ ရေအပြင်ကို ကျောက်သားပကတိဖြစ်စေပြီး ဖြတ်ကူးခဲ့ပုံ

ပန်းချီကား၊ မင်းကြီး၏မိဖုရား အနော်ဇာဒေဝီသည် အမတ်ကတော် တစ်ထောင်နှင့်အတူ ထိုမြစ်သုံးတန်ကို ကူးမြောက်၍ ဘုရားရှိရာ အရောက်လှမ်းလာခဲ့ပုံ ပန်းချီကားတို့မှာ ကုသိုလ်ရေစက်ချင်းဆုံကာ ကျွတ်တမ်းဝင်ကြသော ဖနီးမောင်နှံ အဖြစ် တရားရစရာ အားကျစရာ ကြည်နူးစရာ တွေ့မြင်ရပေ၏။

## (၄) ဓမ္မဃောသက ဦးမောင်မောင် စာကြည့်ပိဋကတ်တိုက်

သာသနောဒယတိုက်ကို ဝင်ဝင်ချင်း လက်ဝဲဘက်ရှိ သစ်လွင်ခံ့ညားလှပ ခေတ်မီသော အဆောက်အအုံမှာ ဓမ္မဃောသက ဦးမောင်မောင်က ကွယ်လွန်သူ ဇနီးအတွက် ရည်စူး၍ လှူဒါန်းသော စာကြည့်ပိဋကတ်တိုက် ဖြစ်လေသည်။

စာကြည့်တိုက်မှာ ကျောင်းတိုက်တွင်းရှိ သီလရှင်များ စာကြည့်ရန်အတွက်သာ လောလောဆယ် ရည်စူးထားသည်။ နောင်သောအခါ ကျယ်ကျယ်ပြန့်ပြန့် စာကြည့်နိုင်ရန် စီစဉ်မည်၊ ပိဋကတ်တော်မှအစ တရားဓမ္မနှင့်ဆိုင်ရာ စာပေများ ထားရှိမည်ဖြစ်သည်။

## (၅) ပဓာန နာယကကျောင်း

သာသနောဒယသီလရှင်စာသင်တိုက်၏ပဓာန နာယကတိုက်အုပ်ဆရာကြီး ဒေါ်ပုညဝတီ နေရာမှာ တစ်ထပ်လွှာချင်း သစ်သားကျောင်းလေးဖြစ်သည်။

ဆရာကြီးဒေါ်ပုညဝတီကို ပဲခူးတိုင်း၊ ပြည်မြို့နယ်၊ ပုတီးကုန်းမြို့၊ ရုံးကုန်းလေး ရွာတွင် အဖ ဦးအောင်ထွန်း၊ အမိ ဒေါ်ရွှေနှဲ့တို့မှ ၁၂၈၂–ခုနှစ်၊ တန်ဆောင်မုန်း လဆန်း (၈) ရက်နေ့တွင် ဖွားမြင်သည်။

မွေးချင်းခြောက်ယောက်အနက် စတုတ္ထမြောက်ဖြစ်သည်။

ငယ်ရွယ်စဉ် ငါးနှစ်သမီးမှစ၍ အဘွားဖြစ်သူက ဥပုသ်စောင့်ခေါ်သွားရာမှ ဘုရားကျောင်းကန်နှင့် ထိတွေ့မှုရှိကာ ဘာသာရေးဘက်သို့ စိတ်ဝင်စားမှု ရှိလာသည်။

ဆယ်နှစ်သမီးမှာမှ ရန်ကုန်မြို့ ဗဟန်း ကြားတောရ ဆရာကြီး ဒေါ်သုနန္ဒာနှင့် ဒေါ်ဣန္ဒြစာရီတို့ကို ဥပဇ္ဈာယ်ဆရာပြုကာ မြင့်မြတ်သော သီလရှင်ဘောင်သို့ ကူးပြောင်းသည်။

ကြားတောရမှာ နေ၍ ဒေါ်ဉာဏစာရီထံ ရောက်ပြီး စာဝါများ လိုက်ကာ စာသင်ရင်း ပထမငယ်နှင့် ပထမလတ်တန်း အောင်မြင်ခဲ့သည်။

ထိုမှ ပြည်မြို့ နိကြောဓာရုံကျောင်းတွင် စာဆက်သင်ပြီး ၁၃၁၆ (၁၉၅၄) ခုနှစ်တွင် ရန်ကုန်မြို့ သမိုင်း ကျိုက်ဝိုင်းရှိ သာသနောဒယတိုက်ကို စတင်တည်ထောင်ခြင်း ဖြစ်သည်။

ဒေါ်ပုညဝတီ သမိုင်း ကျိုက်ဝိုင်းဘုရားအနီးရှိ သာသနောဒယကို တည်ထောင်စဉ်က ကျောင်းတိုက်နေရာမှာ မည်သည့်အဆောက်အအုံမှ မရှိ၊ မြေကြီးသက်သက်သာ ဖြစ်၏။

မြေကြီးပေါ်မှာ တဲထိုးပြီး သာသနာ့ဝန် ထမ်းရွက်ရင်း ယခုကဲ့သို့ စည်ပင်ဖွံ့ဖြိုးသော သာသနောဒယတိုက်ဖြစ်လာစေရန် နှစ်ကာလရှည်လျားစွာ ရုပ်လုံးဖော်လာရခြင်းဖြစ်သည်။

ယခုအခါ ဆရာကြီး၏အသက်မှာ (၇၂) နှစ်ရှိပြီ။ သာသနောဒယတိုက်ကို တည်ထောင်ရင်း ပထမကြီးတန်း အောင်မြင်ခဲ့သည်။

## (၆) ဓမ္မာစရိယ နိကာယ်ကျောင်း

သာသနောဒယ၏ ဓမ္မစရိယ နိကာယ်ကျောင်းမှာ စာသင်ဆရာဆောင်ပင်ဖြစ်လေသည်။ ထိုအဆောင်တွင် စာချဆရာများ နေထိုင်ကာ ဆေးပေးခန်း အသေးလေးလည်း ရှိသည်။

ဓမ္မာစရိယ နိကာယ် စာချတန်း အောင်ပြီးသော သီရှင်ဆရာများသည် ထိုနှစ်ထပ်တိုက်ကျောင်းမှာ နေကြ၏။

စာချဆရာငါးပါးမှာ ဒေါ်သန္တဝတီ၊ ဒေါ်မာလာသိင်္ဂီ၊ ဒေါ်သုမန၊ ဒေါ်သုဓမ္မစာရီနှင့် ဒေါ်ထေရီတို့ ဖြစ်သည်။

သာသနောဒယတိုက်နေ သီလရှင်များ မနက် (၄) နာရီ၌ အိပ်ရာမှ ထကြရပါသည်။ (၄) နာရီခွဲတွင် ဘုရားရှိခိုးပြီး (၅) နာရီခွဲ၌ ဆွမ်းစားကြသည်။ (၆) နာရီတွင် စာဝါတက်ပြီး (၉) နာရီ၌ စာအံဖြုတ် ရေမိုးချိုး အနားယူကြသည်။

နံနက် (၁၁) နာရီတွင် ဆွမ်းစားပြီး (၁၂) နာရီမှ မွန်းတည့်(၁) နာရီအထိ အနားပေးသည်။ မွန်းတည့် (၁) နာရီမှ (၄) နာရီထိ စာတက်၊ စာအံ၊ စာကျက်ပြီး (၅) နာရီခွဲတွင် ကျောင်းတိုက်ရှိ သီလရှင်အားလုံး စုပေါင်းဝတ်တက်ကြသည်။

ညနေ (၆) နာရီတွင် စာပြန်ပြီး (၁၁) နာရီအထိ စာပြန်၊ စာအံ၊ စာကျက်ပြီး (၁၂) နာရီကျမှ အိပ်စက်အနားယူရသည်။

ဤသို့လျှင် တစ်နေ့တာကို အကျိုးရှိရှိ အသုံးချရင်း အချိန်ကုန်လွန်စေပါသည်။ မည်သည့်အခါမှ သတိလက်လွတ် ငှက်တောင်ကျွတ်နှင့် မနေရ။

သာသနောဒယသည် စည်းကမ်းကို အလေးထားသော စာသင်တိုက်ဖြစ်၏။ ထို့ကြောင့် ၁၃၁၆–ခုနှစ်မှစ၍ တည်ထောင်ဖွင့်လှစ်ပြီး ၁၃၅၃–ခုနှစ် အထိ အနှစ် (၃၀) ကျော် ကာလ အတောအတွင်း နိုင်ငံတော်အစိုးရမှ ကြီးမှူး ကျင်းပသော ပါဠိပထမပြန်နှင့် ဓမ္မာစရိယတန်းစာမေးပွဲကို ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့ကြသည်။

| | | |
|---|---|---|
| (၁) | ဓမ္မာစရိယကျမ်းခွဲ | ၂–ပါး၊ |
| (၂) | ပထမကြီးတန်း | ၁၇–ပါး၊ |
| (၃) | ပထမလတ်တန်း (ပထမ) | ၁–ပါး၊ |
| (၄) | ပထမလတ်တန်း | ၆၄–ပါး၊ |
| (၅) | ပထမငယ်တန်း | ၁၁၇–ပါး၊ |
| (၆) | အခြေပြုမူလတန်း | ၅၇–ပါး၊ |

သာဒနောဒယစာသင်တိုက်အနေဖြင့် နှစ်ပေါင်း (၃၇) နှစ်အတွင်း ပရိယတ္တိသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် ကြိုးပမ်းခဲ့ကြောင်းကို အထက်ပါစာရင်းဇယားအရ သိသာနိုင်ပေသည်။

## (၇) သုံးထပ်ကျောင်း (စာသင်သားဆောင်)

'ဦးပြည့်–ဒေါ်နွယ်ကို အမှူးပြု၍ ရန်ကုန်မြို့၊ ဘဒ်လမ်း (မြို့မကျောင်းလမ်း)၊ အမှတ် (၂၉) နေ ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း ဒါယကာကြီး ဦးရွှေလန်းနှင့် ဒေါ်ဒေါ်အုန်း (လူမှုထုံးချွန် ပထမဆု)၊ သမီး ဒေါ်မြမြသွယ်နှင့် သားသမီး၊ မြေး၊ ဆွေမျိုးတစ်စုတို့က လှူဒါန်းပါသည်' ဟု ကမ္ပည်းထိုးထားသည်ကို သုံးထပ်ကျောင်း ဝင်ဝင်ချင်း တွေ့ရမည် ဖြစ်သည်။

ထိုကျောင်းဆောင်မှာ စာသင်သား သီလရှင်များလည်း နေထိုင်ရာ ဖြစ်သလို နှစ်စဉ် တပေါင်းလပြည့်နေ့တိုင်း တိပိဋက ဆရာတော် အရှင်ဦးဝိစိတ္တသာရာဘိဝံသအား ပူဇော်ပွဲကျင်းပသည့် အဆောက်အအုံဖြစ်လေသည်။

မနက်ပိုင်းတွင် တိပိဋက ဆရာတော် အရှင်ဦးဝိစိတ္တသာရာဘိဝံသနှင့် ဩဝါဒါစရိယ ဆရာတော်များ ပူဇော်ပွဲ၊ ညနေပိုင်းတွင် ကျောင်းတိုက်တွင်းမှ စာအောင် သီလရှင်များကို ပညာပူဇော်ပွဲ အခမ်းအနား ကျင်းပပြီး ဆုချီးမြှင့်ရာ ကျောင်းဆောင်လည်း ဖြစ်၏။

သုံးထပ်ကျောင်း၏ အပေါ်ဆုံးထပ်မှာ တတိယ မြန်မာနိုင်ငံတော်ကြီး တည်ထောင်ခဲ့သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ကိုးကွယ်ပူဇော်ခဲ့သည့် ယမနေသား ရွှေပိန်းချရုပ်ပွားတော် ကိန်းဝပ်တော်မူပါသည်။

၁၉၇၆–ခုနှစ်တွင် မန္တလေးမြို့ မြင်းဝန်တိုက် ဆရာတော်ဘုရားကြီး၏ ချီးမြှင့်ပေးသနားချက်အရ ရန်ကုန်မြို့ သာသနောဒယသို့ ရုပ်ပွားတော်ကြီး ကြွရောက်တော်မူလာခြင်း ဖြစ်သည်။

ရုပ်ပွားတော်မှာ ရှေးဆန်သည်။ အချိုးအစား ကျနပြေပြစ်ပြီး သင်္ကန်း အနားပတ်ကြီးကြီး ထုဆစ်ထားသည်ကို တွေ့ရ၏။

ရုပ်ပွားတော်နှင့်အတူ ပလ္လင်တော်ပါ အံဝင်ခွင်ကျဖြစ်အောင် မန္တလေးမှပင် မှာယူခဲ့သဖြင့် ရွှေပိန်းချရုပ်ပွားနှင့် အနုစိတ် လက်ရာဆန်သော ပလ္လင်တော်မှာ လိုက်ဖက်တင့်တယ်လှပေသည်။

ထေရီမယ်နှစ်ပါးက လက်ဝဲဘက်မှ ဝပ်တွားကြည်ညိုနေပုံ ထုလုပ်ထားပြီး ရှင်သီဝလိ ရဟန္တာပုံတော်တို့ကလည်း ရုပ်ပွားတော်ကို ခြံရံနေပြန်သည်။

ထို့အပြင် မင်္ဂလာစည်တော်ကြီး၊ စည်တော်လေး၊ မင်္ဂလာရွှေမောင်းကြီး၊ မင်္ဂလာရွှေမောင်းလေး၊ မင်္ဂလာငွေမောင်းကြီး၊ ငွေမောင်းလေးတို့မှာ သုံးထပ်တိုက်ကျောင်း အပေါ်ဆုံးထပ် ယမနေ ရုပ်ပွားတော်ကြီးအနီးတွင် ရှိနေပြန်၏။

ဘုရားရှိခိုးချိန်မှာ စည်တော်ကြီး တီး၊ စည်တော်လေး တီး၊ မင်္ဂလာရွှေမောင်းကြီး တီး၊ မင်္ဂလာရွှေမောင်းလေး တီး၊ မင်္ဂလာငွေမောင်းကြီး တီး၊ ငွေမောင်းလေး တီးခြင်းတို့မှာ အခြားသော သီလရှင်တိုက်များနှင့်မတူ တစ်မူထူးခြားသော သာသနောဒယ၏ အစဉ်အလာပင် ဖြစ်တော့သည်။

## (၈) ဆွမ်းစားဆောင်

ဘုရားဆောင်နှင့် သုံးထပ်ကျောင်းအကြား သီလရှင်အများ စုပေါင်း ဆွမ်းစားကြသော ဆွမ်းစားအဆောင် ရှိလေသည်။

ဆွမ်းတစ်နပ်စာကို ယခင်က ငွေ (၁၀၀၀) ကျပ်မျှသာ ယူသော်လည်း ယခုအခါ မလုံလောက်တော့။ သို့သော်လည်း ငြိုးငြင်စွာ စားသောက်နေထိုင်တတ်သော သီလရှင်များသည် အလှူရှင်က လှူနိုင်သမျှ သဒ္ဓါသရွေ့ လှူသည်ကို လက်ခံကာ မျှတစွာ စားသောက်ပြီး ပရိယတ္တိ ပဋိပတ္တိ သာသနာပြန့်ပွားအောင် ကြိုးစား အားထုတ်လျက် နေထိုင်ကြပါ၏။


သာဒနောဒယ ဝတ်ရွတ်စဉ်များကို ပြုစုထားသည်ကိုလည်း တွေ့ရ၏။ ထို့အပြင် နှစ်အလိုက် သီလရှင် ဦးရေ စာရင်းမှာ ဘွဲ့တော်၊ အသက်၊ သိက္ခာ၊ သာသနာ့နွယ်ဝင်မှတ်တမ်း၊ ပညာအရည်အချင်း၊ ကျောင်းတိုက် စသည်ဖြင့် ရေးမှတ်ထည့်သွင်းထားလေသည်။

နှေအခါတွင် ခေတ္တ သီလရှင်ဝတ်ပွဲများ ရှိကြ၏။ သားသမီးနှင့်ပတ်သက်၍ အမြော်အမြင်ကြီးသော မိဘများသည် မိမိ၏သမီးပျိုကို ပညာတတ်ရုံတင်မက ဘာသာရေး ကိုင်းရှိုင်းမှုနှင့် လိမ္မာယဉ်ကျေးမှုပါ ရှိစေချင်ကြသဖြင့် သာသနောဒယ ကဲ့သို့သော သီလရှင်ကျောင်းတိုက်မှာ သာသနာ့နွယ်ဝင် သီလရှင် ဝတ်ပေးတတ်ကြသည်။


ခေတ္တ သီလရှင်များအနက် အထူးခြားဆုံးမှာ ရန်ကုန်မြို့၊ (၂၇) လမ်း၊ ရာမည တရုတ်ကပ်မှန်ဆိုင်ပိုင်ရှင် ဦးတင်ဆွေလှ၊ ဒေါ်လှလှရီတို့၏ သမီးများ ဖြစ်သော ကေသီစိုးနှင့် သီဂီဆွေတို့ဖြစ်သည်။ ညီအစ်မနှစ်ဦးစလုံး ခေတ္တ သီလရှင် ဝတ်ခဲ့ကြပြီး ယခုအခါ ဂျပန်နိုင်ငံတွင် အလုပ်လုပ်လျက် ရှိကြသည်။ သူတို့ နှစ်ဦးစလုံး၏ ဝင်ငွေကို ကျောင်းတိုက်လှူဒါန်းရန်အတွက် ရည်စူးထားသော စေတနာဖြူစင် အလှူရှင် ညီအစ်မနှစ်ဦး ဖြစ်ပေသည်။

သိရိ

ဓမ္မရုပ်ပုံ ဘာသာရေးနှင့် အတွေးအခေါ်မဂ္ဂဇင်း
၁၉၉၂-ခုနှစ်၊ မေလ။ စာအုပ်အမှတ် (၅)



အလယ်တောရ သမိဒ္ဓေါဒယ မော်လမြိုင် သီလရှင် စာသင်တိုက်ကို မြင်ရပုံ။



အလယ်တောရ သမိဒ္ဓေါဒယ သီလရှင် စာသင်တိုက်၏ အမျိုးသမီး
ပရိယတ္တိ အာဂုံစာပြန်ပွဲဖြစ်မြောက်ရေး ကော်မတီလူကြီးများ။



အလယ်တောရ သမိဒ္ဓေါဒယ သီလရှင် စာသင်တိုက်၏ ဘုရားခန်း။



အလယ်တောရ သမိဒ္ဓေါဒယ မော်လမြိုင် သီလရှင် စာသင်တိုက်၏ နာယက ဆရာကြီးများ။ (ဒေါ်ဝံသီ၊ ဒေါ်ကုလနန္ဒီ၊ ဒေါ်ရူပသိဂ်ီ၊ ဒေါ်ဉာဏောဘာသီ)

# အလယ်တောရ သမိဒ္ဓေါဒယ မော်လမြိုင် စာသင်တိုက်

အရေးကိစ္စ၊ နေရာဌာနတိုင်း၌ ယောကျ်ားသည်သာလျှင် အသိအလိမ္မာ ဉာဏ်ပညာရှိသည်မဟုတ်၊ မိန်းမသည်လည်း အမှားကို ထွင်းဖောက် အမှန်ရောက်အောင် ထောက်ဆသိမြင် ပညာရှင် ဖြစ်နိုင်သည်သာလျှင်တည်းဟု ကုဏ္ဍာလကေသီထေရီဥပါဒါန်၌ ဖွင့်ဆိုချက် ရှိပေ၏။

မိန်းမဟူသည် သဒ္ဓါတရား၌ တွန့်တိုသည်၊ ကောင်းမှုပြုရန် နှောင့်နှေး၏။ မကောင်းမှု၌သာ သာယာမွေ့လျော်တတ်၏ဟူသော ယေဘုယျထင်မြင်ယူဆချက်များမှာ ရန်ကုန်မြို့၊ အလယ်တောရ၊ သမိဒ္ဓေါဒယ မော်လမြိုင်စာသင်တိုက်ဟုအမည်ရှိ သီလရှင်စာသင်တိုက်ကို နဖူးတွေ့ ဒူးတွေ့ ရောက်ရှိ လေ့လာ မေးမြန်းစုံစမ်းပြီးသောအခါ ကြေပျက်ရလေတော့သည်။

ရန်ကုန်မြို့၊ အမှတ် (၁၅၇)၊ ဓမ္မစေတီလမ်း (ဘောင်ဒရီလမ်း) ပေါ်တွင် အလယ်တောရဟုခေါ်သော သူတော်ကောင်းတို့ ကိန်းအောင်းမွေ့လျော်ရာ အရပ်သည် ရှိ၏။ ထိုဒေသတွင် ဘုန်းကြီးကျောင်းများစွာရှိသဖြင့် ဖန်ရည်စွန်းသော သင်္ကန်းရောင်တို့ လွှမ်းခြုံရာလည်း ဖြစ်သည်။ သီလရှင်တိုက် များစွာလည်း ရှိသဖြင့် သီတင်းသည်တို့ ဝင်ထွက်မပြတ်သည့် နေရာလည်း ဖြစ်ပေသည်။

ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်း များစွာရှိသည့်အနက် သက်တမ်းရှည်ကြာသည်နှင့်အမျှ ပရိယတ်၊ ပဋိပတ်ကို အားထုတ်ကာ သာသနာတော်၌

ပျော်မွေ့ကြကုန်သော သီလရှင်တိုက်မှာ 'အလယ်တောရ သမိဒ္ဓေါဒယ မော်လမြိုင် စာသင်တိုက်'ပင် ဖြစ်ပေတော့သည်။

x x x

ထိုကျောင်းတိုက် အာရာမ်အတွင်း၌ သစ်သားကျောင်းတိုက် ငါးကျောင်း ရှိသည်။ ပင်မကျောင်းတိုက်အမည်မှာ မော်လမြိုင်စာသင်တိုက် ဖြစ်၏။

ဒီပဲယင်းဇရပ်၊ သီရိမင်္ဂလာဇရပ်၊ ဓမ္မသာလာဇရပ်၊ ဘောဇနသာလာဇရပ် တို့မှာ မော်လမြိုင်စာသင်တိုက်ကို ဗိုင်းရံလျက် တည်ရှိကြသည်။

သီလရှင်ကျောင်းတိုက်ဖြစ်ပါလျက် ဇရပ်ဟု အမည်တွင်ခြင်းမှာ မော်လမြိုင် စာသင်တိုက်သည် မူလက ဇရပ်ဖြစ်သောကြောင့် ယခုတိုင် ရှေးမူမပျက် နှုတ် ကျိုးလျက် ဇရပ်ဟု ခေါ်တွင်ခြင်း ဖြစ်လေသည်။

ယခင်က ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဥပုသ်ဆောက်တည်ပြီးပါက ဝိစိကိစ္စများသော အိမ်မှာမနေ၊ မြတ်ဘုရားရွှေတိဂုံခြေတော်ရင်း အလယ်တောရတွင် ဇရပ်ဆောက်ထားပြီး အေးအေးလူလူ ပုတီးစိပ်၊ သူတော်ကောင်းတရားပွားများကာ ဥပုသ်နေ့ကို ကုန်ဆုံးစေလေ့ရှိသည်။

မော်လမြိုင်စာသင်တိုက်သည် ဥပုသ်သည်တို့နားနေရာ ဆိတ်ငြိမ်သောနေရာ ဥပုသ်ဇရပ်ဖြစ်ခဲ့ပြီး စစ်ကြိုခေတ်ထိ အလယ်တောရ ဆရာတော် ဦးရေဝတက ထိန်းသိမ်းထားခဲ့သည်။

လပြည့်လကွယ် ဥပုသ်နေ့တိုင်း အခါကြီး ရက်ကြီးနေ့များတွင် ထိုဇရပ်ကို သော့ဖွင့်ပေး၊ ဥပုသ်များ ကိုယ့်အိမ်ကိုယ်ပြန်လျှင် ဇရပ်တံခါးပိတ်၊ သော့ခတ်ဖြင့် ထိန်းသိမ်းထားခဲ့သော ဆရာတော်ဦးရေဝတသည် စစ်ကြိုခေတ်တွင် ထိုဇရပ်အား သီလရှင်များအား နေထိုင်ခွင့် ပေးလိုက်သည်။

ထိုအခါမှစ၍ ဥပုသ်ဇရပ်သည် သီလရှင်ကျောင်းတိုက်ဘဝသို့ တစ်ဖြစ်လဲကာ သီလရှင်ဆရာကြီး ဒေါ်ဝဏ္ဏမာယီသည် ပထမဆုံး တိုက်အုပ်ဖြစ်လာခဲ့၏။

ဒေါ်ဝဏ္ဏမာယီနှင့်အတူ တိုက်ကို တည်ထောင်ခဲ့ကြသူများမှာ ဆရာကြီး ဒေါ်သုနန္ဒီ (၁၉၂၆–ခုနှစ်၊ ပထမကျော်ဘွဲ့ရသူ) နှင့် ဆရာကြီး ဒေါ်စရိယ တို့ပင် ဖြစ်လေသည်။

ဤသို့ဖြင့် စစ်ကြိုခေတ်က သီလရှင်တိုက်အဖြစ် နေထိုင်အားထုတ်ခွင့် ရလာသော မော်လမြိုင်စာသင်တိုက်မှာ ယနေ့လက်ရှိတွင် သစ်သားကျောင်းတိုက်

ငါးကျောင်း၊ သီလရှင်အပါး (၆၀) ကျော်တို့ မှီတင်းနေထိုင်ကာ သာသနာတော် အကျိုးကို သယ်ပိုးလျက် ရှိပေ၏။

မိဒ္ဒေါဒယ မော်လမြိုင် စာသင်တိုက်အကြောင်း ပြောမည်ဆိုလျှင် ပထမဆုံး တိုက်အုပ်ဆရာကြီး ဒေါ်ဝဏ္ဏမာယီအကြောင်း ချန်လှပ်ထား၍ မဖြစ်။ ပြည့်စုံမည် မဟုတ်ပေ။

ဒေါ်ဝဏ္ဏမာယီ (၁၂၅၃-၁၃၅၃) သည် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ သမိဒ္ဒေါဒယ မော်လမြိုင်စာသင်တိုက်၏ ဦးစီးနာယကဖြစ်ကာ ၎င်းတိုက်ကို စတင်တည်ထောင်သူ ဖြစ်သည်။

သာသနဟိတကာရီအသင်းကြီး၏ အမှုဆောင်လည်း ဖြစ်ပြီး ရန်ကုန်မြို့၊ အလယ်တောရ စံပြစာသင်တိုက် တိုက်ကြပ် ဆရာတော် ဦးဂန္ဓမာလာဘိဝံသ၏ ရဟန်းအမလည်း ဖြစ်ပေသည်။

မြတ်မင်္ဂလာစာစောင် အတွဲ(၆)၊ အမှတ်(၉)တွင် ပါသော ဒေါ်ဝဏ္ဏမာယီ၏ အကြောင်းအရာများကို ထည့်သွင်း ဖော်ပြရာတွင် ငွေ ကုဋေ သုံးဆယ်ကျော်ကို လှူသည်။ သီလရှင်မဝတ်မီ ပျိုရွယ်စဉ်က ရွှေဖိနပ်ရှပ်တိုက်စီးခဲ့သည်။ တစ်သိန်းတန် ပတ္တမြားများ ဖယ်တောက်ကစားသည်ဟု မဝေဘာရီ ရေးခဲ့သည်မှာ ယုံတမ်းစကား ဆန်နေသည်။ စာစောင်ထဲမှာ ဖတ်ရှုရမှ အံ့သြနေရသည်ဟု လက်ရှိတိုက်အုပ်ချုပ်သူ သီလရှင်ဆရာကြီးများအဖွဲ့မှ ပြောကြပါသည်။

ဆရာကြီးဒေါ်ဝဏ္ဏမာယီ၏ ဆွေစဉ်မျိုးဆက်ချမ်းသာခဲ့သည်မှာ မှန်ကန်ပါ သည်။ ကုဋေသုံးဆယ်ကျော်တော့ မရှိပါ။ ဆရာကြီး သီလရှင်ဘဝ မကူးပြောင်းမီ ပျိုရွယ်စဉ်ကအကြောင်း ပြန်ပြောင်းပြောရာတွင် ရွှေလက်ကောက် တံတောင်ဆစ် အထိ ဝတ်ခဲ့ရကြောင်း၊ ရွှေခြေကျင်းများ ဝတ်ခဲ့ရကြောင်း၊ ခေါင်းမှာ ရွှေဆံထိုး၊ ရွှေပန်းခိုင်၊ ရွှေဘီး၊ ရွှေဘယက်၊ ရွှေဆွဲကြိုး၊ ရွှေကြယ်သီး စသည်ဖြင့် ညွတ်နေ အောင် ဝတ်စားဆင်ယင်ခဲ့သော်လည်း ထိုအရာများကို မမက်၊ တွယ်တာမှုကင်းစွာ စွန့်လွှတ်ခဲ့ပြီဟု ဆရာကြီး မကွယ်လွန်မီက အတူနေ သီလရှင်များအား မကြာခဏ ပြောပြလေ့ရှိသည်ဟု သိရပါသည်။

ဆရာကြီးမှာသာ ကုဋေသုံးဆယ်လောက် ချမ်းသာနေခဲ့လျှင်၊ ရွှေဖိနပ်ကို ရှပ်တိုက်စီးနိုင်ခဲ့လျှင်၊ ရတနာစိန်ကျောက် ဖယ်တောက်ကစားနိုင်ခဲ့လျှင် ဆရာကြီး တည်ထောင်ခဲ့သော သမိဒ္ဒေါဒယမော်လမြိုင်စာသင်တိုက်ကို ပြုပြင်မွမ်းမံပေလိမ့်မည်။

ရေးပဝေသဏီကတည်းက ဥပုသ်ဇရပ်ဖြစ်ခဲ့သော မော်လမြိုင်စာသင်တိုက် သည် တိုင်များ ခြစားကာ ပျက်စီးယိုယွင်းမှုဖြစ်နေသည်ကို လက်ပိုက်ကြည့်နေမည်

မဟုတ်ပေ။ သစ်ထွင်းရုပ်ညွှာသော ကျောင်းတိုက်ကို ဖန်တီးပေလိမ့်မည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

ဆရာကြီးဒေါ်ဝဏ္ဏမာယီသည် ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ဘူတာ တာဝ ကျေးရွာသူ ဖြစ်သည်။ မီးရထားဖြင့် ရန်ကုန်မှ ပဲခူးသို့ သွားမည်ဆိုပါက ပဲခူး ဘူတာမဝင်မီ 'ဘာဝ'ဟူသော ဘူတာရုံနှင့် ရွာငယ်သည် ဆရာကြီး၏ ဇာတိ ချက်ကြွေ မွေးရပ်မြေဖြစ်သည်။

ဆရာကြီး၏မိဘများမှာ ဦးထွန်း၊ ဒေါ်ငြိမ်းအေး ဖြစ်ပြီး ဒေါ်ဝဏ္ဏမာယီ လောင်းလျာ မရွှေမြကို ၁၂၅၃-ခုနှစ်၊ ကဆုန်လတွင် မွေးဖွားခဲ့သည်။

ရွှေငွေဝတ်စားဆင်ယင်မှု မပူမပင်နေရသော ဘဝမှာ မရွှေမြ မပျော်ပိုက်ဘဲ အသက် (၂၀) တွင် မြင့်မြတ်သော သီလရှင်ဘဝသို့ ကူးပြောင်းကာ စစ်ကိုင်းတောင် သမိဒ္ဓေါဒယချောင်တွင် သွားရောက်စာသင်ခဲ့သည်။ စစ်ကိုင်းတောင် သမိဒ္ဓေါဒယ ချောင် ဆရာကြီး ဒေါ်မာလာရီ၏ တပည့်ရင်းထဲတွင် ဒေါ်ဝဏ္ဏမာယီလည်း အပါအဝင်ဖြစ်သည်။

သမိဒ္ဓေါဒယချောင်တွင် စာသင်ပြီး မော်လမြိုင် သမိဒ္ဓေါဒယတိုက်ခွဲတွင် သွားရောက်၍ စာပို့ချခဲ့သည်။ ရန်ကုန်မြို့ အလယ်တောရ ဥပုသ်ဇရပ်ကို သီလရှင် တိုက်အဖြစ် ဖွင့်လှစ်ရာတွင် ဆရာတော် ဦးရေဝတထံမှ လက်ပြောင်းယူကာ တည်ကြည်နိုင်ခဲ့သော သမာဓိ၊ ဒွါ၊ ဝီရိယတို့ဖြင့် သာသနာအကျိုး သယ်ပိုးခဲ့သူ ဖြစ်သည်။

ဒေါ်ဝဏ္ဏမာယီ အုပ်ချုပ်ရာ မော်လမြိုင်စာသင်တိုက်သည် နှစ်စဉ် ပြာသို လပြည့်ကျော် (၁) ရက်နေ့မှ (၅) ရက်နေ့ထိ မည်သည့်သီလရှင်မဆို အခြေပြု မူလတန်း၊ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ အကျော်တန်းဟူ၍ စာပြန်ပွဲ ကျင်းပပေးခဲ့သည်။

သမိဒ္ဓေါဒယ သုခိတာ မြန်အောင်ကျောင်းတိုက် ဆရာကြီး ဒေါ်ဉာဏစာရီ သက်ရှိထင်ရှားရှိစဉ်က ဒေါ်ဉာဏစာရီကိုယ်တိုင် မော်လမြိုင် စာသင်တိုက်၏ စာပြန်ပွဲတွင် အထောက်စာမ ဆရာအဖြစ် လာရောက် ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။

ယခုအခါ မြန်အောင်ကျောင်းတိုက်တွင် စာပြန်ပွဲ သီးခြားကျင်းပသည်။ မြန်အောင်ကျောင်းတိုက်၏ ဖွံ့ဖြိုးတိုးတက်မှုကလည်း မြင့်မားလာသည်။ မော်လမြိုင်

ကျောင်းတိုက်မှာမူ ကျောင်းတိုက်၏အနေအထားကျဉ်းမြောင်းမှု၊ ပျက်စီးယိုယွင်းမှု တို့ကြောင့် သီလရှင် များများစားစားလည်း လက်မခံနိုင်တော့ဘဲ နှစ်စဉ် ကျင်းပမြဲ စာပြန်ပွဲကိုသာ မပျက်မကွက် ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

X X X

ဆရာကြီး ဒေါ်ဝဏ္ဏမာယီသည် ၁၃၅၃-ခုနှစ်၊ ကဆုန်လဆန်း (၂) ရက် နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့၏။ ကွယ်လွန်ချိန်တွင် ဆရာကြီးမှာ အသက် (၁၀၀) ရှိလေပြီ။

ဆရာကြီးကွယ်လွန်ပြီးနောက် ဒေါ်ဝံသီ (၈၄) နှစ်က တိုက်အုပ်အဖြစ် တာဝန်ယူကာ ဒေါ်ကုလနန္ဒီ၊ ဒေါ်ရူပသီဂီ၊ ဒေါ်ဉာဏောဘာသီတို့က စုပေါင်း အုပ်ချုပ်လျက် ရှိသည်။

သမိဒ္ဓေါဒယ မော်လမြိုင်စာသင်တိုက်၏ ထူးခြားမှုမှာ ရန်ကုန်မြို့လုံးဆိုင်ရာ အမျိုးသမီးပရိယတ္တိ အာဂုံစာပြန်ပွဲကြီးကို စစ်ကြိုခေတ်မှ ယနေ့တိုင် နှစ်စဉ် ကျင်းပနိုင်ခဲ့ခြင်း ဖြစ်လေသည်။

ထိုအသင်းကြီး၏ အမှုဆောင်များမှာ ပန်းကန်စက် ဦးသော်၊ ဒေါ်လှ၊ အမှတ် (၁၄၄) ဓမ္မစေတီလမ်းနေ မြန်အောင်ဦးတင်၊ ဒေါ်စိန်စိန်၊ ပုဇွန်တောင်မှ ဦးကျင်သိန်း၊ ဒေါ်မမကြီး၊ ကန်တော်လေးမှ ဒေါ်စုစုတို့ဖြစ်ခဲ့ပြီး ယခုလက်ရှိ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌမှာ ရန်ကုန်မြို့၊ စမ်းချောင်း၊ မင်္ဂလာလမ်းမှ ဒေါ်လှမင်း ဖြစ်ကြောင်း သိရှိရပါသည်။

ရန်ကုန်မြို့လုံးဆိုင်ရာ အမျိုးသမီး ပရိယတ္တိအာဂုံစာပြန်ပွဲကြီးကို အခြေပြု မူလတန်း၊ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ အကျော်တန်းဟူ၍ အတန်း ငါးတန်း ခွဲခြားကျင်းပသည်။

ရန်ကုန်မြို့လုံးဆိုင်ရာ အမျိုးသမီး ပရိယတ္တိအာဂုံစာပြန်ပွဲ၏ ကြီးမားသော တာဝန်အဖြစ် စာပြန်ပွဲကို မပြတ်မနေ နှစ်စဉ်ကျင်းပနိုင်ခြင်းမှာ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ ကြည်ညိုသဒ္ဓါထက်သန်မှု၊ သီလရှင်များ၏ သာသနာရေးဆိုင်ရာ ပူးပေါင်းကြိုးပမ်းမှု ရလဒ်ပင် ဖြစ်လေသည်။

သမိဒ္ဓေါဒယ မော်လမြိုင်စာသင်တိုက်သည် စစ်ကိုင်းချောင် သမိဒ္ဓေါဒယ ဆရာကြီး ဒေါ်မာလာရီ၏ အဆက်အသွယ်ဖြစ်သည်နှင့်အညီ ကျောင်းတိုက်နေ သီလရှင်များ စနစ်တကျ မှီတင်းနေထိုင်ကြသည်။

နံနက် (၄) နာရီတွင် သီလရှင်များအားလုံး အိပ်ရာမှ ထကြပြီး မျက်နှာသစ်၊ ဘုရားဝတ်တက်ပြီး ဆွမ်းစားကြကာ နံနက် (၆) နာရီမှ (၉) နာရီအထိ မနက်ဝါ ခေါ် စာဝါတက် စာဝါလိုက်ကြသည်။ နံနက် (၉) နာရီမှာ ရေမိုးချိုး၊ ဆွမ်းစားကာ အနားယူကြသည်။

နေ့လယ် (၁) နာရီမှ (၃) နာရီအထိ နေ့ဝါခေါ် စာဝါတက်၊ စာဝါ လိုက်ကြရပြန်သည်။

ညနေ (၅) နာရီမှ (၆) နာရီအထိ ညဝါခေါ် စာဝါတက် စာဝါလိုက်ခြင်းများ ပြုပြီး (၆) နာရီခွဲမှာ သီလရှင်များ စုပေါင်းဘုရားဝတ်တက်ကြသည်။

(၇) နာရီခွဲမှ (၁၀) နာရီထိတွင် မနက်ဝါ၊ နေ့ဝါများကို အာဂုံပြန်ကြရ၏။ ည (၁၁) နာရီကျမှသာ အိပ်စက်ကြရသည်။ စာမေးပွဲနီးလာသည်နှင့်အမျှ စာအောင်မြင်လိုသော သီလရှင်များသည် ညဦနက်သန်းခေါင်ထိ စာကျက်ကြသည်။ ထို့ကြောင့် သာမန်အချိန်များတွင် သီလရှင်များ၏ အိပ်ချိန်မှာ (၁၁) နာရီ၊ စာမေးပွဲချိန်တွင် ည (၁၂) နာရီ၊ နာရီပြန်တစ်ချက် ဖြစ်လေ့ရှိသည်။

X X X

သမိဒ္ဓေါဒယမော်လမြိုင်စာသင်တိုက်နေ သီလရှင်များသည် စုပေါင်းဆွမ်းစားခြင်းမရှိ။ မိမိအဆင်ပြေရာ ဇရပ်တစ်ခုခုတွင် သုံးပါးတစ်တွဲ၊ လေးငါးပါးပာစ်တွဲ စုပေါင်းဆွမ်းစားကြသည်။

သီလရှင်ဦးရေ အများဆုံး စုပေါင်းနေထိုင်ရာမှာ သိရိမင်္ဂလာဇရပ်ဖြစ်ပြီး (၁၆) ပါးသော သီလရှင်များ စုပေါင်းချက်ပြုတ် ဆွမ်းစားခြင်းမျှသာ ရှိသည်။

စုပေါင်းဆွမ်းစားခြင်းမရှိ၍ သမိဒ္ဓေါဒယမော်လမြိုင် စာသင်တိုက်၏ ဆွမ်းစားချိန်မှာ အတိအကျကျကျမရှိ။ ကျောင်းတိုက်ရှိ တိုက်အုပ်၊ တိုက်ကြပ်များမှာလည်း ဆွမ်း၊ ကွမ်းအတွက် တာဝန်ပေါ့လေသည့်အတွက် စာပေပရိယတ္တိကို ပိုမိုသင်အံကျက်မှတ်ချိန် တိုးလာလေသည်။

သမိဒ္ဓေါဒယမော်လမြိုင်စာသင်တိုက်သို့ ရန်ကုန်မြို့၊ လမ်း (၄၀)မှ တစ်လလျှင် တစ်ကြိမ် လပြည့်နေ့တိုင်း ဆွမ်း၊ ဆန်နှင့် ဝတ္ထုများ လှူဒါန်းခြင်း၊ ရန်ကုန်မြို့၊ ဆိပ်ကမ်းသာလမ်း (လွှစ္စလမ်း)မှ လပြည့်နေ့တိုင်း ဆန်နှင့်ဝတ္ထုငွေလှူဒါန်းခြင်းများ ပြုလုပ်ကာ ထောက်ပံ့လျက်ရှိ၏။

စပယ်ဦးစာပေ

မြန်မာပြည်အနှံ့အပြားမှ သီလရှင်လေးများသည် သမိဒ္ဓေါဒယမော်လမြိုင် စာသင်တိုက်သို့ စာဝါတက်၊ စာဝါလိုက်ရန် ရောက်လာကြ၏။ နွေရာသီအခါတွင် ခေတ္တသီလရှင်ဝတ်ပွဲများလည်း ရှိသည်။

ဤသို့ နေ့စဉ်နှင့်အမျှ သာရေး၊နာရေးအတွက် လှုံ့လဉ်ဿာဟထုတ်နေသော မော်လမြိုင်စာသင်တိုက်၏ ပင်မ ဇရပ် ပျက်စီးယိုယွင်းလျက်ရှိခြင်းမှာ ဤကျောင်းတိုက် ကြာရှည်တည်တံ့ရေးကို ဖျက်ဆီးဟန့်တားလျက် ရှိပေသည်။

ပင်မ ဇရပ်၏ အလယ်တိုင်များကို ခြများက ဖျက်ဆီးထားသဖြင့် မနည်းကြီး ထူမ,ထားရသည်။ ဇရပ်၏ သက်တမ်းမှာလည်း ကြာမြင့်ပြီ။ မူလ အလှူရှင်၏ အမည်ပင် မှိန်ဝါးနေပြီ။ အတိအကျ မဖော်ထုတ်နိုင်သော ပင်မ ဇရပ်မှာ ပြုပြင်ရန် လိုအပ်နေပြီ ဖြစ်၏။

ပင်မ ဇရပ် ပြုပြင်ရန်အတွက် ရန်ကုန်မြို့လုံးဆိုင်ရာ အမျိုးသမီး ပရိယတ္တိ အာဂုံစာပြန်ပွဲအသင်း အမှုဆောင်များ၊ အဖွဲ့ဝင်များက ဦးဆောင်ပြီး အလှူခံဆဲ ရှိသေးသည်။ ဇရပ်ပြင်ရန် ငွေအလုံအလောက် မရသေးသဖြင့် မပြုပြင်ရသေးပါ။ သို့ရာတွင် မကြာခင်အချိန်ကာလအတွင်း ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ သဒ္ဓါတရား ထက်သန်စွာ လှူဒါန်းမှုကြောင့် ဇရပ်ပြုပြင်မှု ပြီးမြောက်ပြည့်စုံလိမ့်မည်ဟု မျှော်လင့်ရပေသည်။

X X X

အေးချမ်းဆိတ်ငြိမ်သော သမိဒ္ဓေါဒယ မော်လမြိုင်စာသင်တိုက်၏ မျက်နှာမူရာ အလယ်တောရ ကုန်းပေါ်သို့ ကြွလှမ်း၍ သူတော်ကောင်းတို့အရပ်ကို လှေလာမည် ဆိုပါလျှင် အလယ်တောရ ကောင်းမှုတော်စေတီ ဂန္ဓကုဋိတိုက်နှင့် ဓမ္မာရုံကို မြင်တွေ့နိုင်မည်ဖြစ်သည်။

အလယ်တောရ စံပြစာသင်တိုက်၊ ကောင်းမှုတော်စေတီ၊ ဂန္ဓကုဋိတိုက်၊ ဓမ္မာရုံသည် သက္ကရာဇ် ၁၂၃၁-ခုနှစ်က ဆောက်လုပ်လှူဒါန်း၍ နှစ်ပေါင်း (၁၂၂)နှစ် ရှိလေပြီ။

ဂန္ဓကုဋိတိုက်ဆဲတွင် တင်ပလ္လင်ခွေ ကိုယ်တော် သုံးဆူရှိ၏။ ဘေးနှစ်ဖက်မှာ ကြေးသွန်း တင်ပလ္လင်ခွေ ကိုယ်တော် နှစ်ဆူဖြစ်ပြီး အလယ်မှ ဓာတ်သားဆင်းတုတော်သည် ကြည်ညိုဖွယ် ရှေးဟောင်းလက်ရာဖြစ်၏။

သက်တမ်း (၁၂၂) နှစ်ရှိ ဓာတ်သားဆင်းတုတော်မှာ မူလဒကာအမည်မရှိ။ ကြေးဆင်းတုတော်မှာမူ ၁၂၄၄–ခုနှစ်၊ ပြာသိုလဆန်း (၁၀) ရက်၊ ဘုရားအမ ဒေါ်မိတ် နိဗ္ဗာန်ကုန်သည်က လှူဒါန်းသည်ဟု ကမ္ပည်းရေးထိုးထားပေသည်။

ဂန္ထကုဋိတိုက်၏ ဒါယိကာမှာ သက္ကရာဇ် ၁၂၃၁–ခုနှစ်၊ ခရစ်နှစ် ၁၈၆၉–ခုနှစ် ရန်ကုန်မြို့ (၂၂) လမ်း၊ ပန်းထိမ်တန်းရပ်နေ ဦးရွှေဘော်–မယ်ပို သားသမီး တစ်စု လှူဒါန်းကြောင်း ရေးထိုးထား၏။ ၁၉၀၁–ခုနှစ် (၁၂၆၃–ခုနှစ်) တွင် အသစ်ထပ်မံ ပြုပြင်လှူဒါန်းကြောင်းလည်း သိရပေသည်။

မိမိတွေ့ကြုံရသော လူမှုရေးအခက်အခဲ၊ စိတ်အကျဉ်းအကြပ်များ ရှိပါက ဆင်းတုတော်ရှေ့တွင် လိုရာဆုတောင်း၊ ဓိဋ္ဌာန်လျှင် ပြီးမြောက်အောင်မြင်နိုင်ကြောင်း ဆင်းတုတော်ကို လက်ရှိ စောင့်ရှောက်နေသော ရှင်ဣန္ဒာစာရ၊ မြင်းခြံ (၅၃) နှစ်က ပြောကြားသည်ကို နားထောင်ရင်း သမိဒ္ဓေါဒယ မော်လမြိုင်စာသင်တိုက် လေ့လာရေးခရီးစဉ်ကို အဆုံးသတ်လိုက်ရပါသည်။

သိရီ

ဓမ္မရုပ်စုံ ဘာသာရေးနှင့် အတွေးအခေါ်မဂ္ဂဇင်း
၁၉၉၂–ခုနှစ်၊ စက်တင်ဘာလ။ စာအုပ်အမှတ် (၉)

# သူတော်စင်မတို့နှင့် တွေ့ဆုံခြင်း
# သို့မဟုတ်
# သက္ကနိမ္မိတာရုံ သီလရှင် စာသင်တိုက်ကို လေ့လာခြင်း

ဘုရား၌ ရိုသေခြင်းရှိသူ၊ လောကုတ္တရာတရား ကိုးပါး၌ ရိုသေခြင်းရှိသူ၊ သံဃာ၌ ထက်သန်စွာရိုသေခြင်းရှိသူ၊ သီလသိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာဟု ဆိုအပ်သော သိက္ခာသုံးဖြာကျင့်ကောင်းရာ၌ ရိုသေခြင်းရှိသူ၊ မမေ့မလျော့ခြင်း၌ ရိုသေခြင်းရှိသူ၊ ဓမ္မအာမိသ၏အစွမ်းအားဖြင့် အစေ့အစပ်ပြုခြင်း၌ ရိုသေခြင်းရှိသူ၊ ရဟန်းရှင်လူ သာသနာ့နွယ်ဝင် သီလရှင်များအပါအဝင် မည်သည့်ပုဂ္ဂိုလ်မျိုးမဆို ဂုဏ်ထူးဝိသေသ အဆင့်မြင့်မားခြင်း အကြောင်းသာလျှင်ဖြစ်၏။ ဆုတ်ယုတ်ပျက်ပြား ရန် အကြောင်းမရှိပေ။ ထို့အတူ နိဗ္ဗာနဓာတ် အမြိုက်ရပ်၏ ပတ်ဝန်းကျင်နှင့် အနီးတွင်သာ ခိုဝင်ချဉ်းကပ်စရာအကြောင်းနှင့်လည်း ပြည့်စုံနိုင်ပေသည်။

ဤသို့သော ဂုဏ်အင်္ဂါများနှင့်ပြည့်စုံသူ၊ ဘုရားသမီးတော် သူတော်စင်မတို့နှင့် တွေ့ဆုံရန်အတွက် ရန်ကုန်မြို့၊ ဗဟန်း ကြားတောရလမ်းသို့ ခရီးဆန့်ခဲ့ရပါသည်။

ရွှေတောင်ထွတ်ပမာ ခံ့ညားသပ္ပာယ်လှစွာသော ရွှေတိဂုံစေတီတော်ကို လှမ်းမျှော်ကြည့်သိုရင်း ဦးအရိယကျောင်းတိုက်ဝင်း ကျောင်းတိုက်အနောက်ဘက်ဆီသို့ ကွေ့ပတ်သွားလိုက်လျှင် မြို့ပြအငွေ့အသက်များနှင့် ကင်းကွာသွားတော့သည်။

စပယ်ဦးစာပေ

ဘုန်းကြီးကျောင်းများ၊ ဥပုသ်ဇရပ်များကို လမ်းဘေးဝဲယာမှာ တွေ့နိုင်သလို နေပြောက်မထိုးအောင် အေးမြသော သစ်ရိပ်၊ ဝါးရိပ်များကြောင့် အေးချမ်း လန်းဆန်းသွားပေသည်။

အုန်းပင်၊ သရက်ပင်၊ ပိန္နဲပင်၊ ငှက်ပျောပင်၊ ကွမ်းသီးပင်စသော နှစ်ရှည်စားသုံး သီးပင်များ၊ မြင့်မားသော ကညင်ပင်များ ယှက်မိုးကာ ကံ့ကော်၊ စွယ်တော်၊ ယုဇန၊ စံပယ်၊ နွယ်သာကီ၊ ခေါင်ရမ်း၊ ကြည်ပြာ၊ စက္ကူပန်း၊ မြေစိုက်သစ်ခွ၊ ပုဏ္ဏရိက် စသော ပန်းပင်မျိုးစုံတို့သည် ခါရာသီချိန်မလင့်ရအောင် အပြိုင်အဆိုင် ဖူးပွင့်နေကြ၏။

သည်ရေမြေနှင့် သဘာဝအလှကို တွေ့မြင်ရသောအခါ မင်းဘူး ဦးသြဘာသ ၏ ဝေဿန္တရာဇာတ်တော်လာ ဟိမဝန္တာချီးမွမ်းခန်းမှ 'ထိုတောစုံမြိုင်ခန်း၌၊ လမ်းနှစ်ဖက်မှ၊ ခက်ရွက်ညွန့်ဖူး၊ ယှက်ကူးသိုင်းမို့၊ စိမ်းညို့မှိုင်းဝေ၊ ပင်ခြေရှင်းရှင်း၊ သင်းသင်းပျံ့မွှေးသော၊ တောအရေး၏တင့်တယ်ခြင်းကို၊ မျှော်ကာရှုကာ ရိပ်ခိုကာ နှင့်၊ မကွာတူကွ၊ သွားကြရလျှင်၊ ပြည်မရတနာ၊ နန်းအောင်ချာကို၊ ဘယ်မှာသခင်၊ အောက်မေ့ချင်တော့အံ့'ဟူသော အဖွဲ့အနွဲ့ကို သတိရမိတော့သည်။

ပတ်ဝန်းကျင် ရေမြေသဘာဝ အလှအပ၏ ဖမ်းစားချက်မှ ရုန်းထွက်ပြီး လာရင်းကိစ္စကို ဦးတည်လိုက်သည်နှင့် ရှေ့တူရူမှာ လှမ်းမြင်နေရပြီဖြစ်သော 'သက္ကနိမ္မိတာရုံ သီလရှင်စာသင်တိုက်'ဆီသို့ အလိုလိုလှမ်းဝင်ပြီးသား ဖြစ်သွား၏။

ငြိမ်းချမ်းအေးမြသော သစ်ဝါးရိပ်အကြား ပေငါးဆယ်ပတ်လည် နှစ်ထပ်တိုက် ကျောင်းကြီး မျက်နှာစာမှာ 'သက္ကနိမ္မိတာရုံစာသင်တိုက်'ဟူသော ခေါင်းစီးကမ္ပည်း အောက်၌ ၁၃၄၇–ခုနှစ် မိဘများအား အမျှထား၍ ပန်းတနော်မြို့ ဦးကောက်– ဒေါ်လှိုင်၊ ဦးကျင်ကော့–ဒေါ်ကျင်မြိုင်၊ ဒေါ်ကျင်ဆိုင်၊ ဒေါ်ကျင်မြ၊ ဒေါ်ကျင်ယုံ၊ ဒေါ်ကျင်လှိုင်နှင့် တူ၊ တူမများ ကောင်းမှု၊ အမှတ် (၆၈)၊ (၆) လမ်း၊ မော်တင်၊ ရန်ကုန်ဟူသော စာတန်းကိုပါ လှမ်းမြင်လိုက်ရပါတော့သည်။

x x x

တိုက်အုပ်ဆရာကြီးဒေါ်ဣန္ဒနန္ဒီက သိလိုသမျှကို စိတ်ရှည်စွာ ဖြေပါသည်။

သက္ကနိမ္မိတာရုံစာသင်တိုက် ဖြစ်ပေါ်လာရခြင်းမှာ ထူးခြားလှ၏။ မြန်မာ သက္ကရာဇ် ၁၃၄၃–ခုနှစ်တွင် ဆရာတော် ဦးအရိယ ကျောင်းတိုက်၏ ကျောင်းထိုင် ဆရာတော် ဦးဥက္ကာ (သီရိလင်္ကာ) နှင့် တိုက်ကြပ် ဦးမေ့တေဇ (ဓမ္မာစရိယ) တို့၏



သဏ္ဍနိမ္မိတာရုံ သီလရှင် စာသင်တိုက်၏ တိုက်အုပ်ဆရာကြီး ဒေါ်ဣန္ဒနန္ဒီ။



သဏ္ဍန်မှီတာရဲ့ ကျောင်းသစ်ဆောက်လုပ်ရန်အတွက်
မ,တည်လှူဒါန်းသူ ယခင် ကျောင်းဟောင်း
ဒကာမ ဒေါ်ကျင်လှိုင်–ဒေါ်ကျင်မြ။



ဗုဒ္ဓဘာသာကို ကြည်ညိုလေးစားသော ဂျိမ်းစ်ရော့ သက္ကနိမ္မိတာရဲ့ သိလရှင် စာသင်တိုက်သို့ လာရောက်လှူလာစဉ်။



နဝဒေးလမ်းမှ ဦးသောင်းစိန်–ဒေါ်မြမြတို့က သက္ကနိမ္မိတာရုံ သီလရှင်
စာသင်တိုက်သစ် ဆောက်လုပ်ရန် ငွေကျပ် တစ်သိန်း အလှူငွေပေးအပ်နေပုံ။



ကွယ်လွန်သူ ခင်ပွန်း ဦးကျော်သိန်းအား ရည်စူး၍ ဇနီး စာရေးဆရာမ
မအေးလေးနှင့် မိသားစုက သဏ္ဌာန်မှိတာရဲ့ သီလရှင် စာသင်တိုက်သို့
ငွေကျပ် တစ်သိန်းနှစ်သောင်း လာရောက်လှူဒါန်းစဉ်။



တိုင်းစစ်သံမှူး၏ဇနီး၊ မစွစ်ချန္ဒီ သဏ္ဍာနီမိတ္တာရဲ့ သီလရှင် စာသင်တိုက်သို့
မြဘုရားနှင့် ကျောင်းဝေယျာဝစ္စ လာရောက်လှူဒါန်းစဉ်။

ခွင့်ပြုချက်အရ သီလရှင် (၂၅) ပါးခန့်သည် သက္ကနိမ္မိတာရုံဖြစ်ပေါ်လာမည့် ဇရပ်ကတုံး တစ်ထပ်ကျောင်းလေးပေါ်တွင် စာပေပရိယတ္တိစာသင်တိုက်ဖွင့်ပြီး စာပေကျမ်းဂန် အတန်းမျိုးစုံ သင်ကြားပို့ချခွင့်ရခဲ့သည်။

သုံးနှစ်ခန့်မျှ မိုးမလုံသော ဇရပ်ကတုံး(တစ်ထပ်သစ်သားကျောင်း)လေးပေါ် ဆင်းရဲပင်ပန်းစွာ နေထိုင်အားထုတ်ရင်းနှင့်ပင် စာသင်သား သီလရှင်ကလေးတို့ များပြားလာသည်။ နောက်ထပ်လာမည့် စာသင် သီလရှင်လေးများကို လက်မခံနိုင်၊ နေရာထိုင်ခင်း အခက်အခဲ ရှိလာသည်။

ထိုသောအခါ ဒေါ်ဣန္ဒနန္ဒီက စဉ်းစားလာရတော့သည်။ မည်သို့မည်ပုံ စာသင်သားများကို လက်ခံရပါမည်လဲ။ စာသင်သားသီလရှင်များအတွက် ကျောင်းတစ်နေရာစာ၊ ဖျာတစ်ချပ်စာ မပေးနိုင်ခြင်းကိုလည်း စိတ်ထိခိုက်လာပြီး အဆောက်အအုံအတွက်လည်း ကိုယ်တိုင် အလှူမခံချင်ဖြစ်နေစဉ် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မော်တင် (၆) လမ်း၊ အမှတ် (၆၈) နေ ဒေါ်ကျင်မြ၊ ဒေါ်ကျင်လှိုင် အပျိုကြီး ညီအစ်မတို့က ဦးဆောင်ကာ ဆွေမျိုးတစ်စုတို့က ဝိဟာရဒါနခေါ် သာသနာ့နုဂ္ဂဟကျောင်း ကုသိုလ်ကြီးကို မတိုက်မတွန်း အလှူမခံရပါဘဲ ဝမ်းမြောက်ဝမ်းသာ ဆောက်လုပ်လှူဒါန်းလာပါသဖြင့် ဤမည်သော သက္ကနိမ္မိတာရုံသည် ပညတ်သွားရာ ဓာတ်သက်ပါကာ သိကြားမင်း ဖန်ဆင်းသည့်အလား ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း သိရှိရပါသည်။

x x x

သက္ကနိမ္မိတာရုံဟု အထင်အရှားပေါ်ထွက်လာသောအခါ ပထမဆုံး တိုက်အုပ် ဒေါ်ဣန္ဒနန္ဒီနှင့်အတူ တိုက်ကြပ်အဖြစ် တွဲဖက်၍ ဒေါ်ဥတ္တမတို့က ယနေ့တိုင် တာဝန်ယူ သာသနာပြုလျက်ပင် ဖြစ်သည်။

သီလရှင် (၂၅) ပါးခန့်ဖြင့် အစပျိုးခဲ့သော သက္ကနိမ္မိတာရုံသည် သီလရှင် အပါး (၇၀) အထိ နေထိုင်နိုင်ခဲ့၏။

သက္ကနိမ္မိတာရုံ၏ တိုက်အုပ်ဆရာကြီး ဒေါ်ဣန္ဒနန္ဒီသည် မကွေးတိုင်း၊ အောင်လံ (မြေထဲ) မြို့နယ်၊ မောင်းမလုပ် ကျေးရွာသူ ဖြစ်သည်။

တောင်သူလယ်သမားကြီး အဖ ဦးကျော်ငြိမ်း၊ အမိ ဒေါ်သိန်းတင်တို့မှ ဒေါ်ဣန္ဒနန္ဒီလောင်းလျာ မစိန်တုတ်ကို ၁၂၉၄–ခုနှစ်၊ သီတင်းကျွတ်လပြည့်

F-4

တနင်္ဂနွေနေ့တွင် ဖွားမြင်သည်။ သားသမီး ခြောက်ယောက်အနက် စတုတ္ထမြောက် သမီးရတနာဖြစ်၏။

၁၃၀၇–ခုနှစ် အသက် (၁၂) နှစ်ကျော်တွင် ရန်ကုန်မြို့ ရှစ်မိုင် မစိုးရိမ် ဆရာတော်ထံတွင် ဥပဇ္ဈာယ်ဆရာအဖြစ်ခံယူ၍ မြင့်မြတ်သော သီလရှင်ဘဝသို့ ကူးပြောင်းသွားသည်။

အောင်လံမြို့ ဆားကျောင်းတိုက်၌ တစ်နှစ်တာမျှ စာပေသင်ကြားပြီး ၁၃၀၉–ခုနှစ်တွင် ရန်ကုန်မြို့၊ ဗဟန်း (၁) လမ်း၊ ရွှေကြာရုံ စာသင်တိုက်၊ ပထမကျော် ဓမ္မာစရိယ ဆရာကြီး ဒေါ်သီလဝတီနှင့် အဒေါ် ဒေါ်ကာရုဉာစာရီတို့ထံ စာပေသင်ကြားမှုဖြင့် အငယ်တန်း၊ အလတ်တန်းများ အောင်မြင်ခဲ့သည်။

အလယ်တောရ ပါဠိတက္ကသိုလ် ဆရာတော် ဦးသုရိယာဘိဝံသနှင့် ငသိုင်းချောင်းမြို့ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဦးပညာသာရ၊ မင်းကွန်း တောရ ဒေါ်မမလေး၊ စာသင်တိုက်ဆရာကြီး ဒေါ်နန္ဒစာရီတို့ထံတွင် အကြီးတန်းနှင့် စာချတန်းတို့ကို ဆုံးခန်းတိုင် သင်ကြားအောင်မြင်ခဲ့ပါသည်။

ဆရာကြီးဒေါ်ဣန္ဒနန္ဒီသည် ၁၃၂၄–ခုနှစ် စာချတန်း၌ မြန်မာတစ်ပြည်လုံး၌ အမှတ်အများဆုံးရသူဖြစ်၍ အဂ္ဂအကျော်ဟူသောဘွဲ့ ရရှိခဲ့၏။

ပရိယတ္တိနှင့် ပဋိပတ္တိကို ပခုံးနှစ်ဖက် အညီအမျှထား၍ မိမိနှင့်တကွသော စာသင်တပည့်များကိုပါ ကျင့်သုံးစေခြင်းဖြင့် သာသနာ့အကျိုး ထမ်းဆောင်သယ်ပိုး ရင်း ကြည်နူးနှစ်သက်နေပါသောကြောင့် သက္ကနိမ္မိတာရုံစာသင်တိုက် စာသင်သား သီလရှင်များသည် နှစ်စဉ် ကျင်းပမြဲဖြစ်သော သာသနာရေးဆိုင်ရာ စာမေးပွဲ အဆင့်ဆင့်တွင် ရာနှုန်းပြည့်အောင်မြင်ကြကြောင်း သိရှိရပြန်ပါသည်။

စာသင်သားများကို အောင်ချက်ကောင်းအောင် သင်ကြားပို့ချသူ စာချ ဆရာများမှာ ဒေါ်ကုလနန္ဒီ၊ ဒေါ်ပညာနန္ဒီ၊ ဒေါ်ထေရာနန္ဒီ၊ ဒေါ်သီရိစန္ဒာ၊ ဒေါ်သုမနနှင့် အထူးပို့ချသူအဖြစ် ငါးဘွဲ့ရဆရာ ဦးဉာဏ်လင်းတို့ ဖြစ်ကြပါသည်။

X X X

ကျောင်းတိုက်စတင်တည်သည့် ၁၃၄၃–ခုနှစ်မှစ၍ သက္ကနိမ္မိတာရုံစာသင် တိုက် စာသင်သီလရှင်များ၏ ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စ၊ ပညာတို့အတွက် အသုံး ပြုရန် အလှူရှင်များက ငွေပဒေသာပင်ထူထားပြီး ထိုမှရသော အညွန့်၊ အဖူး၊ အတိုး၊ ရင်းပွားတို့ကို မပျောက်မပျက် ဆက်ခံသုံးစွဲလျက် ရှိပါသည်။

ထို့အပြင် လစဉ်အလှူရှင်များအဖြစ် ရန်ကုန်မြို့၊ (၃၇) လမ်း၊ လပြည့်ဝန်းထိဆိုင်မှ အမိ ဒေါ်ရင်မေ၊ သား ဦးတင်အောင်၊ ဇနီး ဒေါ်စန်းစန်းမြင့်နှင့် ညီမများက လစဉ် နဝကမ္မဝတ္ထုအလှူငွေ (၅၀၀) ကျပ်။ ရန်ကုန်မြို့ (ဝင်ဒါမီယာ) သံလွင် လမ်းနေ အဆိုတော် ဦးအုံကြီး–ဒေါ်မေမေညွန့်တို့မှ (၁၀၀) ကျပ်။ ဗဟန်းဈေး ဦးထွန်းလင်း–ဒေါ်ညွန့်ကြည်တို့မှ (၁၅၀) ကျပ်။ ဘုရင့်နောင်ပွဲရုံတန်း ထိန်လင်းပွဲရုံမှ ငံပြာရည်တစ်ပုံးနှင့် ပစ္စည်းလေးပါး။ မော်တင်ဈေး ဒေါ်သန်းခင်နှင့် သားသမီးတစ်စုမှ ငံပြာရည်တစ်ပုံး။ မော်တင် (၆) လမ်းနေ ဒေါ်ကျင်မွေးမှ အာလူးတစ်ပိ။ တွံတေးမြို့နယ်၊ သာစည်ကျေးရွာ၊ သုံးအိမ်ရွာ၊ ဗျောက်ရိုးရွာတို့မှ တစ်နှစ်လျှင် ဆန်အတင်း (၅၀) စုပေါင်းလှူကြပြီး ဆရာကြီး ဒေါ်ဣန္ဒနန္ဒီ၏ အောင်လံမြို့နေ ဆွေမျိုးသားချင်းများက ဆီများ ပေးပို့လှူဒါန်းကြောင်း သိရှိရသဖြင့် ကြည်နူး ဝမ်းမြောက်စွာ သာဓုအနုမောဒနာ ပြုလိုက်ရပြန်ပါတော့သည်။

X X X

မြတ်စွာဘုရားသခင်၏ သာသနာတော်အတွက် တိတိကျကျ တိတိပပ ထမ်းဆောင်နေသော သက္ကနိမ္မိတာရုံမှာ နံနက် (၄) နာရီမှ ည (၁၂) နာရီအထိ အချိန်နှင့်အမျှ ဘုရားဝတ်တက်ချိန်၊ စာဝါလိုက်ချိန်၊ စုပေါင်းဆွမ်းစားချိန်၊ အနားယူချိန်၊ စာများ အာဂုံပြန်ချိန် စသဖြင့် မလစ်လပ်ရပေ။

စာသင်သီလရှင်များသည် တောဖိတ်၊ မြို့ဖိတ်နေ့များတွင် ဆွမ်းဆန်ခံထွက်ကြရပြီး တိုက်သို့ တစ်ပတ်လျှင် ဆန်နှစ်ပြည်နှင့် ငွေငါးဆယ်ကျပ် ပြန်ပေးကာ သီလရှင်များအားလုံး စုပေါင်း၍ တစ်အိုးတည်း စားကြရသည်။

စာကျက်ချိန်၊ စာပြန်ချိန် များများရနိုင်ရန်အတွက် ဆွမ်းချက် ဒကာမ တစ်ဦးက ပါရမီဖြည့်လျက်ရှိ၏။

စာသင်သားများအပေါ် မတ္တသော မေတ္တာထားရှိသော သက္ကနိမ္မိတာရုံသည် မတ္တသော စည်းကမ်းများဖြင့်လည်း အုပ်ချုပ်ကွပ်ကဲထားပေသည်။

သက္ကနိမ္မိတာရုံ၏ အောက်ထပ်အဝင်ဝတွင် ကျောင်းတိုက်စည်းကမ်းချက် (၄၃) ချက်ကို အများမြင်သာအောင် ချိတ်ဆွဲထားသည်။

- ကိစ္စနည်းစေ၊
- စာတည်ဖြည်းစေ၊ (ဖြည်းဖြည်းဖတ်ဟု အဓိပ္ပာယ်ရသည်။)
- စာအံ သည်းစေ၊

- စာပြန် မြဲစေ၊
- စာသင်သားတို့၏ ကျက်သရေ

ဟု စည်းကမ်း (၄၃) ချက်ကို ခြုံငုံ၍ ရေးထားသည်ကိုမြင်ရပြီး စည်းကမ်း (၄၃) ချက်မှ စည်းကမ်းများကို ကျူးလွန်မိပါက ဒဏ်ငွေဖြင့် သတ်မှတ်ထားသည်ကို တွေ့ရသည်။

ကျောင်းတိုက် အဝင်ဝတံခါးကို အမြဲတမ်း သော့ခတ်ထားသော သက္က နိမ္မိတာရုံ၏ အချို့သော မှတ်သားနာယူဖွယ် စည်းကမ်းများကို ကောက်နုတ်ဖော်ပြ ရမည်ဆိုလျှင်–

(၁) ဝါတွင်းချိန်၌ အကြောင်းမဲ့ ပြောင်းရွှေ့လျှင် ဒဏ်ငွေ (၁၀၀) ကျပ်၊ (၂) ရန်ဖြစ်လျှင် ဒဏ်ငွေ (၂၅) ကျပ်၊ (၃) ညှော်သည်ဖိနပ်စီးမိလျှင် ဒဏ်ငွေ (၁၅) ကျပ်၊ (၄) ဆရာသမားများ ချိုးရမည့် သီးသန့်ကန်ကို သုံးမိလျှင် ဒဏ်ငွေ (၁၅) ကျပ်၊ (၈) ဆရာသမားများအား မလျှောက်ထားဘဲ ပြင်ပသို့ တိတ်တဆိတ် ထွက်မိလျှင် ဒဏ်ငွေ (၁၅) ကျပ်၊ (၉) ဘုရားရှိခိုးမတက်လျှင် ဒဏ်ငွေ (၃) ကျပ်၊ (၁၇) ကိုယ်ရုံမပါဘဲ ညှော်ခန်း၊ ဘုရားခန်း၊ ကျောင်းပြင်ပသို့ထွက်လျှင် ဒဏ်ငွေ (၃) ကျပ်၊ (၂၇) စကားကျယ်လောင်စွာပြောခြင်း၊ အော်ဟစ်ရယ်မောခြင်း၊ ခြေနင်းအလွန်ကြမ်းခြင်း ဒဏ်ငွေ (၃) ကျပ်၊ (၃၀) လောကီဝတ္ထု၊ မဂ္ဂဇင်း၊ ကာတွန်းစသည်များဖတ်လျှင် စာအုပ်သိမ်းမည့်အပြင် ဒဏ်ငွေ (၃) ကျပ် စသည် ဖြင့် သတ်မှတ်ထားပြီး စကားရိုင်းပျခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ ညစာစားခြင်း၊ သီချင်းဆိုခြင်း၊ ပန်းကန်ခွက်ယောက် စည်းကမ်းတကျပြန်မထားခြင်း၊ စာဝါချိန် မှာ ပြင်ပသို့ထွက်ခြင်း စသော အပြစ်များကို ကျူးလွန်လျှင်လည်း ဒဏ်ငွေ (၃) ကျပ်စီ ပေးဆောင်ရပါသည်။

ဒဏ်ငွေများကို စုပေါင်းထားရှိပြီး သီလရှင်တို့၏ အများသုံးပစ္စည်းများ ဝယ်ယူအသုံးချခြင်းများဖြင့် စည်းကမ်းနှင့်ဒဏ်ငွေကို အတိအကျ သတ်မှတ်ထား၏။

စည်းကမ်းချက်အမှတ် (၄၃) ဖြစ်သည့် 'စာသင်သား သီလရှင်များထံ ရဟန်း၊ သာမဏေ၊ အာဂန္တုများ မလာရ' ဟူသည်မှာ သက္ကနိမ္မိတာရုံ၏ အရေးကြီး သော နောက်ဆုံးပိတ် အိတ်နှင့်လွယ်သည့် စည်းကမ်းပင် ဖြစ်လေသည်။

ထိုသို့လျှင် စည်းကမ်းတကျ ကွပ်ကဲကာ သာသနာ့ဝန်ကို ထမ်းရွက်နေသော တိုက်အုပ်ဆရာကြီး ဒေါ်ဣန္ဒနန္ဒီသည် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ သီလရှင် အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌလည်း ဖြစ်လေသည်။

x x x

စပယ်ဦးစာပေ

သက္ကနိမ္မိတာရုံစာသင်တိုက်၏ အပေါ်ထပ် ဘုရားဆောင်ကို တက်ရောက်ကြည်ညိုဝတ်ပြုစဉ် အပြင်ဆောင်နှင့် အတွင်းဆောင်ဟူ၍ နှစ်ခုရှိကြောင်း တွေ့ရှိရပြန်ပါ၏။

အပြင်ဆောင်မှာ ကျောင်းတိုက်နေ သီလရှင်များ စုပေါင်းဝတ်ပြုရန် ကျယ်ဝန်းသော စုပေါင်း ဘုရားရှိခိုးခန်းဖြစ်ပြီး အတွင်းဆောင်မှာ ထူးခြားထင်ရှားသော ရုပ်ပွားတော်များ ကိန်းဝပ်သည့်အဆောင် ဖြစ်ပါသည်။

တိုက်အုပ်ဒေါ်ဥတ္တမ၏ အိပ်မက်အရ ၁၉၈၈–ခုနှစ်က တည်ထားကိုးကွယ်သော အကျွတ်အလွတ် ရွှေစေတီမှာ ဉာဏ်တော် (၂၇) လက်မ မြင့်သည်။ ထိုစေတီ၏ စိန်ဖူးတော်မှာ ရွှေသားအစစ်ပေါ် ကျောက်သံပတ္တမြားစီခြယ်၊ စိန်စစ်ကိုတင်လှူထားပြီး အလှူဒကာမှာ မဟာဝိဇယစိန်ဖူးတော်ဒကာ ဦးရ–ဒေါ်ရီ (ရွှေဘုံသာလမ်း) တို့၏ သမီး၊ ရန်ကုန်မြို့၊ ကျောက်မြောင်း၊ သမ္မာဒိဋ္ဌိလမ်းနေ ဒေါ်သီတာလှိုင်ဖြစ်သည်။

စေတီတော်အား ၁၉၈၈–ခုနှစ်မှစပြီး နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့တိုင်း သစ်သီးမျိုးစုံ၊ ပန်းမျိုးစုံဖြင့် ပူဇော်ကာ ရွှေသင်္ကန်းဆက်ကပ်၍ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပကြောင်း သိရပါသည်။

ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံဆိုင်ရာ စစ်သံမှူးဟောင်းဖြစ်ခဲ့သူ မစ္စစ်ချန္ဒီလှူဒါန်းထားသော မကိုဋ်ဆောင်း၊ စလွယ်ဆင်ထားသည့် မြဘုရားမှာလည်း ကြည်ညိုဖွယ်ပင် ဖြစ်၏။

အခြားသော ငွေစေတီများ၊ ရုပ်ပွားတော်များ ကိန်းဝပ်ရာ သက္ကနိမ္မိတာရုံ၏ အတွင်းဘုရားဆောင်ကို ဝင်၍ ဝတ်ပြုလျှင် ဖရဏာပီတိ ဝွမ်းဆီထိဘိသကဲ့သို့ ကြည်နူးဖွယ်၊ ကြည်ညိုဖွယ် ဖြစ်စေခြင်းကြောင့် ဆုတောင်းပြည့်တတ်သည်ဟုလည်း အပြောများကြသည်။

X X X

သက္ကနိမ္မိတာရုံ၏ ဂုဏ်သတင်းကြောင့် အနယ်နယ် အရပ်ရပ်မှ စာသင်သီလရှင်လေးများ လာရောက် ခိုလှုံ စာသင်ကြပါသည်။ ထို့ကြောင့် လက်ရှိ ပေငါးဆယ်ပတ်လည် နှစ်ထပ်ကျောင်းမှာ သီလရှင်အပါး ခုနှစ်ဆယ်ခန့် ကျပ်ကျပ်သပ်သပ် နေရပါသည်။

နောက်ထပ် လာဆဲ လာလတ္တံ့သော စာသင်သီလရှင်လေးများကို နေရာပေးချင်သောကြောင့် ဆရာကြီးဒေါ်ဣန္ဒနန္ဒီက သက်ဆိုင်ရာသို့ အကျိုးအကြောင်း

ပြ၍ သီလရှင်တိုက်အတွက် မြေတောင်းခံခဲ့ရာ ဗဟန်း ကြားတောရလမ်း ပညာရေး ဝန်ကြီးဌာန ဓမ္မာရုံ၏ နောက်ကျောတွင် ကပ်လျက် (၁၅၀) ပေ၊ (၈၀) ပေ ရှိ မြေကွက်ကို ရရှိခဲ့ပါသည်။

မြေတိုင်းအမှတ် (၄၃)၊ မြေကွက်အမှတ် (၅၀) ဖြစ်သော သက္ကနိမ္မိတာရုံ၏ မြေနေရာတွင် စာသင်သား (၁၀၀) ဆံ့မည့် သုံးထပ်တိုက်ကျောင်းကြီး ဆောက်လုပ်နိုင်ရန်အတွက် ပုံစံတင်ဆဲ၊ အလှူခံဆဲ ဖြစ်ပါသည်။

ဦးအရိယ ကျောင်းတိုက်ဝင်းရှိ လက်ရှိတိုက်ကိုလည်း မစွန့်ပယ်ဘဲ သက္ကနိမ္မိတာရုံ၏ သီးသန့်စာသင်တိုက် ပေါ်ထွန်းလာအောင် ကြိုးဆောင်အားထုတ်သည်။ တိုက်သစ်ဆောက်လုပ်ရေးသို့ အလှူရှင်များက အင်တိုက်အားတိုက် လှူဒါန်းနေကြပြီ ဖြစ်သည်။

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မော်တင် (၆) လမ်း၊ အမှတ် (၆၈) နေ ဒေါ်ကျင်မြ၊ ဒေါ်ကျင်လှိုင် ညီအစ်မတစ်စုက များလှစွာသော ငွေသားများ မ,တည်သည်။ (လက်ရှိ သက္ကနိမ္မိတာရုံ ပေ ငါးဆယ်ပတ်လည် နှစ်ထပ်တိုက်၏ ဒကာရင်းလည်း ဖြစ်သည်။)

- ကျောက်မြောင်း သမ္မာဒိဋ္ဌိလမ်းနေ ဒေါ်သီတာလှိုင် (ရွှေစေတီစိန်ဖူး ဒကာ) က နှစ်သိန်း၊
- ကွယ်လွန်သူ ဦးသိန်းကျော် (သိန်းကျော်စာပေ) အား ရည်စူး၍ ဒေါ်အေးအေးမူ (စာရေးဆရာမ မအေးလေး)၊ သား ဇော်လင်းဦး၊ သမီး မိုးပပကျော်တို့က မ,တည်ငွေ တစ်သိန်းနှစ်သောင်း၊
- ကွယ်လွန်သူ ဦးချိန်၊ ဒေါ်လွှမ်တို့အား အမျှထား၍ ဗိုလ်တထောင် သော်မဆင်ရိပ်သာနေ ဦးဖိုးဝန်၊ ဒေါ်ကြီးကြီး၊ သား ဦးလှဝင်းနှင့် ဇနီး ဒေါ်စန်းစန်းဝင်း၊ သမီး ဒေါက်တာဒေါ်စန်းသီတို့က တစ်သိန်း နှစ်သောင်း၊
- လမ်းမတော် မော်တင် (၆) လမ်းနေ ဦးကြိုင်၊ ဒေါ်ကျင်မွေးမိသားစု တို့မှ တစ်သိန်း။ ရန်ကုန်မြို့၊ လန်းကစ္စတာ (ယခု–နဝဒေး) လမ်းနေ ဦးသောင်းစိန်၊ ဒေါ်မြမြတို့က တစ်သိန်း။ အမေရိကန်နိုင်ငံသို့ သွား ရောက် အမှုထမ်းနေသော ရန်ကုန်မြို့၊ ဖိုးစိန်လမ်းနေ ဒေါ်အုံးကျင်က တစ်သိန်း၊ လောလောဆယ် မ,တည်လှူဒါန်းထားကြောင်း သိရသည်။

သက္ကနိမ္မိတာရုံ စာသင်တိုက်တွင် ဘွဲ့ရ သီလရှင်ဖြစ်သည့် မဝေဘာရီမှာ မြတ်မင်္ဂလာစာစောင်တွင် ပင်တိုင်လိုလို ရေးသားပြီး သာသနာရေးဆိုင်ရာကိစ္စများ မှတ်တမ်းတင်သော ဘီအေဘွဲ့ရသူဖြစ်သည်။

မသုစိတ္တာထေရီ (၁၉၈၅၊ ဘီအေဘွဲ့ရ) မှာလည်း သက္ကနိမ္မိတာရုံ၏ ဂုဏ်ယူဖွယ်၊ အားထားဖွယ် သီလရှင်ဖြစ်ကာ ဝတ်ကြောင်ကို လွတ်အောင် ရုန်းခဲ့သူ ဖြစ်သည်။

ဤသို့လျှင် သာသနာရေးမှာ ပရိယတ်၊ ပဋိပတ် အညီအမျှထား၍ ကျင့်သုံး ဆောက်တည်သော သက္ကနိမ္မိတာရုံသည် သာသနာ့နွယ်ဝင် သူတော်စင်မများ အမြဲမပြတ် ထွက်ဝင်စည်ကားရာဌာန ဖြစ်နေပါကြောင်း ရေးသားတင်ပြလိုက်ရပါ သတည်း။

သီရိ

ဓမ္မရုပ်ပုံ ဘာသာရေးနှင့် အတွေးအခေါ်မဂ္ဂဇင်း
၁၉၉၂-ခုနှစ်၊ အောက်တိုဘာလ။ စာအုပ်အမှတ် (၁၀)

# မဏိရတနာ သီလရှင် စာသင်တိုက်

မြတ်စွာဘုရားသခင်သည် သာသနာတော်ကို စတင်တည်ထောင်ရာတွင် ရဟန်းယောကျ်ား သံဃာတော်များဖြင့် စတင်တည်ထောင်ခဲ့ခြင်းဖြစ်၏။

သာသနာတော်တည်ခါစတွင် အမျိုးသမီးများကို ဘိက္ခုနီသံဃာအဖြစ် ခွင့်မပြုခဲ့။

ဘုရားဖြစ်တော်မူပြီး ငါးဝါမြောက်ရသောအခါမှသာ မိထွေးတော် ဂေါတမီကို အဦးအစပြု၍ အမျိုးသမီးများအား ဂရုဓမ်တရား ရှစ်ပါးကို လိုက်နာစေပြီး သာသနာတော်အတွင်း ဘိက္ခုနီအဖြစ် လက်ခံခဲ့ပါသည်။

ဘိက္ခုနီသာသနာသည် ထိုအခါမှ စတင်ပေါ်ထွန်းလာပြီးနောက် ကင်းပြတ်သွားသည်။ မည်သည့်အချိန်က ကင်းပြတ်သွားသည်ဟု အတိအကျမသိရပေ။

ဘိက္ခုနီသာသနာ ကင်းပြတ်သွားသော်လည်း မြတ်စွာဘုရားသခင်၏ တရားရေအေး အမြိုက်ဆေးကို သောက်သုံးလိုကြသည့် အမျိုးသမီးများ၊ အိမ်ထောင်သည် ဒုက္ခ၊ ဘဝဒုက္ခ၊ သံသရာဒုက္ခတို့မှ လွတ်မြောက်လိုကြသော အမျိုးသမီးများသည် သီလရှင်အဖြစ် ခံယူခဲ့ကြပါသည်။

x x x

မိဘ မောင်ဖွား ဆွေမျိုးများ တားမြစ်သည့်ကြားမှ စွန့်စား၍ သီလရှင်ဘဝကို အရယူကြသည်။ လယ်ယာချောင်းမြောင်း အိမ်ကြီးရခိုင် ရွှေငွေပစ္စည်းများစသည့် ပိုင်ဆိုင်မှုများကို ပစ်ပယ်ကြသည်။ လှချင် ပ,ချင်မှုကို လျစ်လျူရှု၍ အလှမမင်

ဆံပင်ကိုတုံး ဝတ်ကြောင်ကို လွတ်အောင်ရန်းကြပြီး သီလရှင်ဘဝကို ခံယူခဲ့ကြပါသည်။

များသောအားဖြင့် အမျိုးသမီးများ သီလရှင်ဘဝ ရောက်ရှိလာပါလျှင် လောကုတ္တရာ အသိပညာပေးမည့် ဆရာဘုန်းကြီး ရှာဖွေ၍ ဆရာဘုန်းကြီး၏ ဘုန်းရိပ်၊ ကံရိပ်၊ ပညာရိပ် အာဝါသအရိပ်ကို ခိုလှုံလေ့ ရှိကြသည်။

ဆရာတော်ကြီးများ၏ ဘုန်းရိပ်၊ ကံရိပ်၊ ပညာရိပ်ကို မှီလှုံသော်လည်း အာဝါသအရိပ်မခိုဘဲ သီးခြားအာဝါသတည်ထောင်သူ သီလရှင်မှာ စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါချောင် ဆရာကြီး ဒေါ်မာလာရီပင် ဖြစ်သည်။

ဆရာကြီးဒေါ်မာလာရီ၏ တပည့်ဖြစ်သော ဒေါ်ဥက္ကာစာရီမှ အစပြု၍ သီလရှင်ဆရာကြီးများသည် မိမိတို့၏ အာဝါသ အရိပ်ကို ဖန်တီးသည့် အနေဖြင့် ကျောင်းတိုက်သစ်များ တည်ထောင်ကာ သီလရှင်များ သာသနာအကျိုး သယ်ပိုးခဲ့ကြ၏။

ဤသို့ဖြင့် သီလရှင်ကျောင်းတိုက်သစ်များ သီးခြား ထူထောင်ရာတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ တံတားကလေးလမ်းဆုံရှိ 'မဏိရတနာသီလရှင်စာသင်တိုက်'လည်း အပါအဝင် ဖြစ်ပေသည်။

x x x

ရန်ကုန်မြို့တွင်းမှ မြောက်ဥက္ကလာပမြို့သို့လာပါလျှင် တံတားကလေးလမ်းဆုံ ဖွဲ့စုံဘုရား ခြေတော်ရင်း ဈေးဆိုင်တန်းများ၏ မြောက်ဘက်တွင် အုန်းပင်ရိပ်မြိုင်မြိုင်၊ ဂမုန်းပန်းလှိုင်လှိုင်၊ သစ်ခွပင်များ အခိုင်အခိုင်နှင့် သန့်ရှင်းသာယာသော ကျောင်းအရာမ်ကို တွေ့ရှိနိုင်ပါသည်။

ကျောင်းအရာမ်၏အလယ်တွင် ခိုင်ခံ့သပ်ရပ်သော နှစ်ထပ်တိုက်တစ်လုံး တည်ရှိ၏။ ထိုနှစ်ထပ်တိုက်တွင် ညီအစ်မအရင်း သီလရှင်လေးပါးက အုပ်ချုပ်၍ စာသင်သား သီလရှင်အပါး (၄၀) သည် သာသနာ့တာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက် နေထိုင်ကြပါ၏။ ထိုကျောင်းတိုက်၏ အမည်မှာ 'မဏိရတနာ' ဖြစ်လေသည်။

မဏိရတနာတိုက် အဝင်ဝ 'ဝံသာနုဦးပျိုင်၊ ဇနီး ဒေါ်ရင်၊ သမီး ဒေါ်ညွန့်၊ ဒေါ်ညွန့်ဝေ ကောင်းမှု'ဟု ကမ္ပည်းထိုးထားသော သံမှုခ်ဦးကို ဖတ်ရှုပြီး အေးဆေးဆိတ်ငြိမ်သော ကျောင်းထဲ လှမ်းဝင်လိုက်ရပါသည်။

မဏိရတနာ၏ အုပ်ချုပ်သူများဖြစ်ကြသော ဒေါ်စရိတာထေရီ၊ ဒေါ်ဝိစာရီ၊ ဒေါ်ညြသခဥ္စာဏီ၊ ဒေါ်စရဏာဝတီတို့ကို တွေ့ဆုံပြီးနောက် မဏိရတနာဖြစ်ပေါ်လာ ရခြင်း အကြောင်းရင်းကို လေ့လာစူးစမ်းမိပါသည်။

X X X

မဏိရတနာ စာသင်တိုက်၏ မြေနေရာနှင့် အဆောက်အအုံမှာ မူလက (UBE) ယူဘီအီး ကုမ္ပဏီပိုင် ဖြစ်သည်။ ထိုကုမ္ပဏီ၏ အစုရှယ်ယာဝင်တစ်ဦး ဖြစ်သော စက်သူဌေး ဦးရွှေဖောင်အား ကုမ္ပဏီမှပေးသော တန်ဖိုးသင့်ထားသည့် ပစ္စည်း ဖြစ်သည်။

ညီအစ်မ သီလရှင် လေးပါးတို့က မဏိရတနာကို ရုပ်လုံးဖော်ရန် စိတ်ကူး သောအခါ ထိုမြေနှင့် အဆောက်အအုံကို နှစ်သက်သော်လည်း တန်ရာ တန်ဖိုး ငွေချေ၍ မဝယ်နိုင်ကြပေ။


ဤကဲ့သို့ အခက်အခဲနှင့်ရင်ဆိုင်နေရစဉ် သဒ္ဓါတရားထက်သန်သောသူများ ဖြစ်ကြသည့် ရန်ကုန်မြို့၊ စမ်းချောင်းရပ် ပန်းခြံလမ်းနေ ပိဋကတ်စာအုပ်နှင့် နိဗ္ဗာန်ကုန်သည် ဝံသာနုဦးပျိုင်နှင့် ဇနီး ဒေါ်ရင်။ သာယာဝတီမြို့ ကန်ကြီးပိုင်းရပ် ကျောင်းဆရာကြီး ဦးစိုးမြ၊ ဒေါ်ဒေါ်မြင့် မိသားစု။ ရန်ကုန်မြို့မှ ဓမ္မာစရိယ ဦးငွေးလှိုင်နှင့် ဇနီး ဒေါ်ကြင်မြင့်။ မန္တလေးမြို့ မျက်ပါးရပ် ဒို့လယ်သမား ရွှေဆိုင်းကုန်သည် ဒေါ်ဒေါ်သောင်းတို့က စုပေါင်း၍ ငွေ မ,တည်ထည့်ဝင်ပြီး ကျန်သည့် တန်ဖိုးကို ဦးရွှေဖောင်၏သမီးများဖြစ်ကြသော ဒေါ်ကျင်မြ၊ ဒေါ်စိန်တင်၊ ဒေါ်ခင်လှသွင်တို့က ရက်ရောစွာ လှူဒါန်းကြသဖြင့် ဧက တစ်မတ်နီးပါးရှိသော မြေနေရာနှင့် နှစ်ထပ်တိုက်ကြီးသည် မဏိရတနာအဖြစ် ငွားငွားစွင့်စွင့် ထွက်ပေါ် လာခဲ့ရခြင်းဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

သက္ကရာဇ် ၁၃၃၄–ခုနှစ်၊ ဝါဆိုလ (၁၉၇၂–ခုနှစ်၊ ဇူလိုင်) မှ အစပြု၍ မဏိရတနာ ပေါ်ထွက်လာခဲ့သည်မှာ နှစ်ပေါင်း နှစ်ဆယ်ရှိလေပြီ။

ညီအစ်မရင်း သီလရှင် လေးပါးတို့က ညီညွတ်စွာ အုပ်ချုပ်ခဲ့ကြသဖြင့် မဏိရတနာသူတို့သည် စာတတ်မြောက်ကြ၏။ ကိုယ်ကျင့်တရားကောင်းမွန်ကြ၏။ မိသားစုစိတ်ဓာတ်ဖွံ့ဖြိုးပြီး သာသနာ့နွယ်ဝင် သီလရှင်လောကတွင် မဏိရတနာ၏ ဂုဏ်သတင်းမှာ ထုံသင်းပျံ့ကြိုင်လှိုင်သောကြောင့် ပြည်တွင်းပြည်ပမှ ဗုဒ္ဓသာသနာ



မဏိရတနာ သီလရှင် စာသင်တိုက်၏ နာယက ဆရာကြီး
မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့ရ ဒေါ်ဩသာဉာဏီ။



မဏိရတနာ သီလရှင်စာသင်တိုက်အား ကွပ်ကဲအုပ်ချုပ်သူ
ဆရာကြီး လေးပါး။ (ဝဲမှ ယာ ဒေါ်စရိတထေရီ၊ ဒေါ်ဝိစာရီ၊
ဒေါ်ဩဇစာရီ၊ ဒေါ်ဓရဏာဝတီ။)



မဏိရတနာ သီလရှင်စာသင်တိုက်မှ
နာယက ဆရာကြီး လေးပါးကို
ကျောင်းရှေ့တွင် အမှတ်တရပုံ။



၁၃၅၂-ခုနှစ်၊ မဏိရတနာ သီလရှင် စာသင်တိုက်၏ နာယက
ဆရာကြီးလေးပါးနှင့် တပည့်သီလရှင်များ။



မဏ္ဍိရတနာ သီလရှင် စာသင်တိုက်မှ နာယက ဆရာကြီး ဒေါ်ညွှသစောဉာဏီ
တပည့်သီလရှင်များအား စာဝါပို့ချနေစဉ်။




၁၉၉၁–ခုနှစ်၊ အစိုးရ ပါဠိ
ပထမပြန် စာမေးပွဲ ပထမကြီးတန်း၊
ပထမ မစန္ဒာသိရီအား မဟာဘွဲ့နှင်း
သဘင်အပြီးတွင် မဟာပါသာဏ
လိုဏ်ဂူရှေ့တွင် ဆုနှင့်အတူ တွေ့ရပုံ။

စာပေများ ဆည်းပူးရန် ရောက်ရှိလာကြသည့် စာသင်သားများ တစ်နေ့တခြား တိုးပွားခဲ့ရသည်။

ထို့အတွက် ၁၃၅၀-ပြည့်နှစ် (၁၉၈၉) နှစ်ကုန်ခါနီးတွင် ရန်ကုန်မြို့၊ သံလွင်လမ်း ပဏ္ဍိတာရာမ၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ပဓာန နာယက ဆရာတော် အမှူးရှိသော စေတနာရှင်များက တိုးချဲ့ကျောင်းဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့ကြ၏။

ၔင်းပြင် ၁၉၉၀-ပြည့်နှစ်တွင် ဓမ္မာစရိယ ဦးဌေးလှိုင်နှင့် ဇနီး ဒေါ်ကြင်မြင့်၊ မိခင် ဒေါ်ဥ အမှူးထား၍ ဦးအေးချစ်၊ ဒေါ်ရင်လှ၊ သမီး ဒေါက်တာနှင်းနှင်းအေး၊ ဒေါက်တာထားထားအေးတို့က သစ်သားကျောင်းလေး တစ်ဆောင် ထပ်မံလှူဒါန်းကြပြန်ကာ မဏိရတနာကို ပိုမိုဖွံ့ဖြိုးစည်ပင်စေခဲ့ပါသည်။

မဏိရတနာကလည်း ပတ္တမြားကျောက်မျက်ကဲ့သို့ လူအပေါင်းတို့၏ စိတ်နှလုံးကို ယူကျုံးနှစ်သက်စေကာ ပရိယတ်၊ ပဋိပတ် နှစ်ဖက်စလုံး အားကိုးလုံလောက် ဝမ်းမြောက်စရာ လောကုတ္တရာပညာယူလိုသူတို့ ညီမူရွှင်ပျ ပညာယူရာ ဌာန ဖြစ်ခဲ့ရပါသည်။

မဏိရတနာသည် အမရပူရမြို့၊ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ၏ဩဝါဒကို လက်ကိုင်ကျင့်သုံးကာ ရပ်တည်လျက် ရှိပါသည်။ ထိုဩဝါဒမှာ

- စိတ်ကောင်းရှိဖို့က ပထမ၊
- ဝိနည်းလေးစားဖို့က ဒုတိယ၊
- ကျန်းမာဖို့က တတိယ၊
- သန့်ရှင်းဖို့က စတုတ္ထ၊
- အသွားအလာတတ်ဖို့က ပဉ္စမ၊
- အနေအထိုင်တတ်ဖို့က ဆဋ္ဌမ၊
- အပြောအဆိုတတ်ဖို့က သတ္တမ၊
- အဝတ်အစားတတ်ဖို့က အဋ္ဌမ၊
- စည်းကမ်းလိုက်နာဖို့က နဝမ၊
- စာတတ်ဖို့က ဒသမပင် ဖြစ်ပါသည်။

'သမဂ္ဂါနံ တပေါ သုခေါ' ဆိုသော ပါဠိတော်လာအရ အုပ်ချုပ်သူများ ညီညွတ်သောကြောင့် မဏိရတနာသူများ စိတ်လက်ချမ်းသာကြ၏။ မဟာဂန္ဓာရုံ

ဆရာတော်၏ ဩဝါဒကို လိုက်နာကျင့်သုံးသောကြောင့် မဏိရတနာသူတို့သည် အရောင်တောက်၍ ဂုဏ်မြောက်ကြကာ သာသနာဆိုင်ရာ စာမေးပွဲအသီးသီးတွင် ထူးချွန်အောင်မြင်ကြ၏။

၁၃၃၅-ခုနှစ်မှ ၁၃၅၃-ခုနှစ်အထိ စာမေးပွဲအသီးသီးတွင် မဏိရတနာမှ အောင်ပန်းဆွတ်ခူးနိုင်ကြ၏။ အစိုးရ ဓမ္မာစရိယစာမေးပွဲ၊ ပထမပြန်စာမေးပွဲ၊ ပထမကျော်၊ ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ နိကာယပုဗ္ဗောတက စာမေးပွဲ၊ အမျိုးသမီးပရိယတ္တိအာဂုံစာပြန်ပွဲ၊ သာသနာ့ဟိတကာရီ ပရိယတ္တိစာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသည်။

စာမေးပွဲအောင်မြင်သူများကို ရန်ကုန်မြို့၊ သံလွင်လမ်း၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ပဓာန နာယက ဆရာတော်ဘုရား အမှူးရှိသည့် စေတနာရှင်များ စုပေါင်းစိုက်ထူထားသည့် ထာဝရငွေပဒေသာပင်မှ အသီးအပွင့် များဖြင့် ကျောင်းတိုက်ဆုအဖြစ် ထိုက်ထိုက်တန်တန် ထပ်မံ၍ ဆုများ ချီးမြှင့် လှူဒါန်းလျက် ရှိပါသည်။

မိန်းမတစ်ထောင်တွင် သီလရှင်တစ်ပါး ထွက်ခဲလှ၏။ များလှစွာသော မိသားစုထဲတွင် သီလရှင်လောင်းလျာ ရှားပါးလှစွာသည်။

သို့သော်လည်း မဏိရတနာ၏ အုပ်ချုပ်သူ သီလရှင်တို့မှာ ထူးထူးခြားခြား တစ်အုတ်ဆင်း ညီအစ်မအရင်း လေးဖော်တို့ ဖြစ်နေကြ၏။

သီလရှင် လေးပါးကို အစဉ်အတိုင်း ဖော်ပြရမည်ဆိုလျှင်—

| | | |
|---|---|---|
| (၁) | ဒေါ်စရိတထေရီ | (၅၉-နှစ်) |
| (၂) | ဒေါ်ဝိစာရီ | (၅၇-နှစ်) |
| (၃) | ဒေါ်ဩသဉာဏီ | (၅၅-နှစ်) |
| (၄) | ဒေါ်စရဏာဝတီ | (၄၁-နှစ်) |

တို့ ဖြစ်သည်။

သီလရှင် လေးပါးတို့၏မိဘမှာ သာယာဝတီမြို့နယ်၊ မြောက်ပန်းဆွဲရွာ၊ စပါးကုန်သည် ဦးထွန်းငြိမ်းနှင့် ဒေါ်စိန်တင့်တို့ ဖြစ်ကြသည်။

သာသနာ့ဘောင်သို့ ရှေးဦးစွာ ဒေါ်ဝိစာရီနှင့် ဒေါ်ဩသဉာဏီတို့က ဝင်ရောက်ကြသည်။ ဒေါ်ဝိစာရီ (၁၈) နှစ်အရွယ်၊ ဒေါ်ဩသဉာဏီ (၁၆) နှစ်အရွယ် ၁၃၁၄-ခုနှစ်၊ တပေါင်းလတွင် သာသနာ့ဘောင်သို့ ဝင်ရောက်ကြခြင်း ဖြစ်၏။

သီလရှင်ညီအစ်မနှစ်ပါးသည် ၁၃၁၆–ခုနှစ်၊ ကဆုန်လတွင် သာယာဝတီမှ ရန်ကုန်မြို့ သမိဒ္ဓေါဒယ သုခိတာရာမ မြန်အောင်ကျောင်းတိုက်သို့ ပညာသင်ရန် ပြောင်းရွှေ့ခဲ့ကြသည်။

ထိုနှစ်မှာပင် ညီအစ်မ သီလရှင်နှစ်ပါးကို အကြောင်းပြု၍ အကြီးဆုံးအစ်မ မစရိတထေရီသည် ဒေါ်ဉာဏစာရီကို ဥပဇ္ဈာယ်ပြုကာ သာသနာ့နွယ်ဝင် သီလရှင် အဖြစ် ခံယူခဲ့ပြန်သည်။

နောက်နှစ်နှစ်အကြာ ၁၃၁၈–ခုနှစ်တွင် ခုနစ်နှစ်အရွယ်သာရှိသေးသည့် ညီမထွေး မစရဏဝတီသည် ဒေါ်ဉာဏစာရီကိုပင် ဥပဇ္ဈာယ်ဆရာပြုကာ အစ်မများ လျှောက်လှမ်းသော နိဗ္ဗာန်လမ်းကြောင်းပေါ် ရဲဝံ့ပြတ်သားစွာ လျှောက်လှမ်း ဝင်ရောက်ခဲ့ပါသည်။

ဤသို့လျှင် ဘဝသံသရာများစွာက မကွာအတူ တောင်းဆုယူလာကြသည့် ညီအစ်မလေးပါးသည် စိတ်တူကိုယ်တူဖြင့် သံသရာတစ်ဖက်ကမ်း တက်လှမ်းနိုင်ရန် ပါရမီကိုယ်စီဖြည့်ရင်း မဏိရတနာကို တည်ထောင်ခဲ့ကြသည်။

X X X

ညီအစ်မလေးဖော် အုပ်ချုပ်သည့် မဏိရတနာ၏ တိုက်အုပ်ဆရာမှာ တတိယညီမ ဒေါ်သြသဉာဏီဖြစ်သည်။

၁၃၁၆–ခုနှစ်မှ ၁၃၂၄–ခုနှစ်အထိ ပညာသင်နှစ် ရှစ်နှစ်အတွင်း မှန်းထားသော ပရိယတ္တိ ပန်းတိုင်ကို မဖြစ်မနေ ရောက်ရှိအောင် ကြိုးပမ်းသူဖြစ်သည်။

တိုက်အုပ်ဆရာ ဒေါ်သြသဉာဏီသည် ပဲခူးတိုင်း သာယာဝတီမြို့နယ် မြောက်ပန်းဆွဲရွာ အဖ ဦးထွန်းငြိမ်း၊ အမိ ဒေါ်စိန်တင်တို့မှ ၁၂၉၈–ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁) ရက် တနင်္ဂနွေနေ့ နံနက် ငါးနာရီအချိန်တွင် ဖွားမြင်ခဲ့သည်။

၁၃၁၄–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၆) ရက် ကြာသပတေးနေ့တွင် သာယာဝတီမြို့ တိုက်ကျောင်းဆရာတော် ဦးသုမနကို ဥပဇ္ဈာယ်ထားကာ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သီလရှင်ဘဝသို့ ရောက်ရှိခဲ့သည်။

ဒေါ်သြသဉာဏီသည် ၁၃၂၁–ခုနှစ်တွင် သမိဒ္ဓေါဒယ သုခိတာရာမ မြန်အောင်ကျောင်းမှ ပထမကြီးအောင်ပြီး သမိုင်း ကျိုက်ဝိုင်းဘုရားအနီး သာသနောဒယ ပြည်တိုက်သစ်သို့ ပြောင်းရွှေ့ကာ ၁၃၂၄–ခုနှစ်တွင် ဓမ္မာစရိယစာမေးပွဲ၌

စာချတန်းအောင် သီလရှင်များအနက် တစ်နှစ်တည်းဖြင့် သုံးကျမ်းစလုံး အမှတ်အများဆုံးအောင်မြင်သောကြောင့် မြန်မာပြည် ဗုဒ္ဓဘာသာ ပုညကုသလအသင်းကြီး၏ ပိဋကတ်တော်နှင့် စာအုပ်ဗီရိုကို ဂုဏ်ပြုချီးမြှင့်ခြင်း ခံယူခဲ့ရသည်။

ဒေါ်ဩသဉာဏီသည် မဏိရတနာကျောင်းတိုက်၏ တာဝန်များအပြင် ရန်ကုန်မြို့ သာသနာ့ဟိတကာရီ သီလရှင်အဖွဲ့ချုပ်၏ အထွေထွေအကျိုးဆောင်အဖြစ် ထမ်းဆောင်ကာ သာသနာ့ဟိတကာရီ ပရိယတ္တိစာမေးပွဲကို ၁၃၃၂-ခုနှစ်မှ စ၍ ဦးဆောင် ကျင်းပပေးခဲ့သည်မှာ အကြိမ်နှစ်ဆယ်ရှိပြီဖြစ်၏။

မရမ်းကုန်းမြို့နယ် သီလရှင်အမှုဆောင်အဖွဲ့၏ အတွင်းရေးမှူးတာဝန်ပါ ပူးတွဲထမ်းဆောင်လျက်ရှိသော ဒေါ်ဩသဉာဏီသည် ၁၃၅၃-ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၏ မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ် လျှာဒါန်းအပ်နှင်းခြင်း ခံရသည်။

X X X

မဏိရတနာ၏ထူးချွန်သူများထဲတွင် မစန္ဒာသီရိ ၁၃၅၂-ခုနှစ် ပထမကျော်ဘွဲ့ရသူသည် ထင်ရှားသူဖြစ်၏။ သီလရှင်ဖြစ်ရန် ဓာတ်ခံရင့်သန်သူဖြစ်ကြောင်း သူ့ဇာတ်ကြောင်းက သက်သေခံနေပေသည်။

အသက်ခုနစ်နှစ်အရွယ်တွင် ခေတ္တသီလရှင်အဖြစ် ပထမအကြိမ်ဝတ်ပြီး အသက် (၁၁) နှစ်တွင် ဒုတိယအကြိမ် ခေတ္တသီလရှင်ခံယူခဲ့ကာ မဟာစည်သာသနာ့ရိပ်သာတွင် နှစ်လတိတိ တရားအားထုတ်ခဲ့သည်။

အသက် (၁၄) နှစ် ၁၃၄၂-ခုနှစ်၊ တန်ခူးလပြည့် တနင်္ဂနွေနေ့တွင် ဆရာတော် ဦးကေလာသကို ဥပဇ္ဈာယ်ပြု၍ မစန္ဒာသီရိဘွဲ့ဖြင့် တတိယအကြိမ် သာသနာ့ဘောင်သို့ ထာဝရ ခိုလှုံခဲ့သူ ဖြစ်သည်။

မစန္ဒာသီရိ တတိယအကြိမ် သာသနာ့ဘောင်သို့ ဝင်သည့်နေရာမှာ သူတော်ကောင်းတို့ ကိန်းအောင်းစံပျော် မွေ့လျော်ရာ မွန်ပြည်နယ် အပေါင်မြို့အပိုင် ကျုံကရွာ၏အရှေ့ သပိတ်အိုင်တောရတွင် ဖြစ်သည်။

ရေခံမြေခံကောင်းသည့် နေရာတွင် ပွင့်လန်းခဲ့သော ဓမ္မပန်းပွင့်သည် မော်လမြိုင်မြို့ ခေမာရာမ သီလရှင်စာသင်တိုက်၏ ဥယျာဉ်မှူးတို့ လက်ထဲတွင် ရှင်သန်ဖွံ့ဖြိုးကာ အဘိဓမ္မာစာမေးပွဲ ပထမဆင့် (၁၃၄၂-ခုနှစ်)၊ အဘိဓမ္မာစာမေးပွဲ ဒုတိယဆင့် (၁၃၄၃-ခုနှစ်)၊ သုသမာစာရ ဥပစာအောက်တန်း သုံးဘာသာဂုဏ်ထူး

(၁၃၄၄–ခုနှစ်)၊ သုသမာစာရ ဥပစာ အထက်တန်း (၁၃၄၅–ခုနှစ်)၊ အစိုးရ ပါဠိပထမပြန်စာမေးပွဲ အငယ်တန်း (၁၃၄၆–ခုနှစ်)၊ အစိုးရ ပါဠိပထမပြန် စာမေးပွဲ အလတ်တန်း(၁၃၄၇–ခုနှစ်)၊ ပရိယတ္တိ သဒ္ဓမ္မပါလ စာမေးပွဲ ပထမဆင့် (၁၃၄၈–ခုနှစ်) တို့ကို အောင်မြင်ခဲ့သည်။

၁၃၄၉–ခုနှစ်မှာ မစန္ဒာသီရိသည် ညီညွတ်သော ဥယျာဉ်မှူးများနေရာ မဏိရတနာသို့ ရောက်ရှိခဲ့ပြီး ၁၃၄၉–ခုနှစ် မင်းကွန်းတောရ သာသနဟိတကာရီ ပရိယတ္တိစာမေးပွဲ ပဥ္စမဆင့် ဒုတိယဂုဏ်ထူး၊ ၁၉၅၀–ပြည့်နှစ် အလယ်တောရ မော်လမြိုင်စာသင်တိုက် အမျိုးသမီး ပရိယတ္တိအာဂုံစာပြန်ပွဲ ပထမကျော်တန်း ပထမဂုဏ်ထူး၊ ၁၃၅၁–ခုနှစ် ဆူးလေ အဘိဓမ္မာစာမေးပွဲ အနုသယယမိုက် ကန္ဒြိယ နှစ်အုပ်စု အာဂုံရေးဖြေ နှစ်ချင်းအောင်သည့်အပြင် အာဂုံပြန်တွင် အနုသယနှင့် စိတ္တယမက ဂုဏ်ထူးထွက်ခဲ့သည်။

၁၃၅၂–ခုနှစ် ပထမပြန်စာမေးပွဲ ပထမကြီးတန်း အောင်မြင်သော သီလရှင်များအနက် ပထမစွဲကာ ဆရာကောင်းတပည့် ပန်းကောင်းပန်နိုင်ခဲ့၏။

မစန္ဒာသီရိကဲ့သို့ပင် ထူးချွန်သော သီလရှင်မှာ ညီအစ်မလေးဖော်အနက် အထွေးဆုံး ညီမဖြစ်သူ မစရဏဝတီဖြစ်သည်။

ခုနစ်နှစ်သမီးအရွယ် သီလရှင်ဝတ်ခါစတွင် ပရိတ်ကြီး (၁၁) သုတ်နှင့် ဓမ္မစကြာသုတ်ကို နှုတ်တက်ရွရွ အာဂုံရခဲ့ပါသည်။ အမျိုးသမီး ပရိယတ္တိ အာဂုံစာပြန်ပွဲတွင် ပထမကျော်တန်း၌ စာထောက်စာမ ဆရာမများ၏ ချီးကျူးထောမနာပြုမှု ခံယူကာ ပထမဆု ရရှိခဲ့သည်။

သာသနဟိတကာရီ ပရိယတ္တိ စာမေးပွဲတွင် အမြင့်ဆုံး ဆဋ္ဌမဆင့်ကို အောင်မြင်သဖြင့် သာသနဟိတကာရီ ပရိယတ္တိ ဓမ္မာစရိယဘွဲ့ကို ရရှိခဲ့၏။

အစိုးရ ဓမ္မာစရိယစာမေးပွဲတွင် သီလက္ခန်ကျမ်းနှင့် ဓမ္မသင်္ဂဏီကျမ်းတို့ကို အောင်မြင်ပြီးဖြစ်သည်။

ဤကဲ့သို့ အဖိုးထိုက်တန်လှစွာ ဘုရား သမီးတော်ရတနာများ ပေါ်ထွက်ခြင်းကြောင့် မဏိရတနာသည် ပိုမို၍ ရောင်ဝါထွန်းကဲ တောက်ပနိုင်ခဲ့ပါသည်။

X X X

မဏိရတနာ၏ ဥယျာဉ်မှူး စာချဆရာများသည် မဏိရတနာ ရောင်ဝါလျှံတောက်စေရန် နေ့ ည မပြတ် စာဝါများ ပို့ချလျက် ရှိကြ၏။

စပယ်ဦးစာပေ

ဥယျာဉ်မှူး စာချ ဆရာများမှာ ဆရာကြီး ဒေါ်စရိတထေရီ၊ ဒေါ်ဝိစာရီ၊ ဒေါ်ဩသဉာဏီ၊ ဒေါ်စရဏဝတီ (ညီအစ်မလေးပါး)၊ မဂုဏဝတီ၊ မဓေယျာနန္ဒီ၊ မစန္ဒာသီရီ၊ မသန္တဝတီ၊ မပုညဝတီ၊ မနန္ဒကာရီ၊ မစန္ဒာရီတို့ ဖြစ်ကြသည်။

စာသင်ဆရာများနှင့် စာသင်တပည့်တို့သည် စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူ၍ စစ်ကိုင်းတောင်ရိုး အေးမြို့ချောင် မော်လမြိုင်စာသင်တိုက် ပထမဆရာကြီး ရေးသားစီရင်ပြုစုခဲ့သော သီလရှင်ကျင့်ဝတ်များနှင့်အညီ နေထိုင်ကျင့်ကြံကာ သီတင်းသုံးကြပါသည်။

နေ့စဉ်နံနက် (၄) နာရီမှ ည (၁၁) နာရီအထိ ဘုရားရှိခိုးခြင်း၊ မနက်စာဝါလိုက်ခြင်း၊ စုပေါင်းဆွမ်းစားခြင်း၊ နေ့လယ် စာဝါလိုက်ခြင်း၊ အနားယူခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း၊ ည စာဝါလိုက်ခြင်း၊ ဘုရားရှိခိုးခြင်း၊ စာများ အာဂုံပြန်ခြင်းတို့ဖြင့် အချိန်နှင့်အမျှ မအားလပ်ရပေ။

ရတတ်သမျှနှင့် ရောင့်ရဲတင်းတိမ်သော မဏိရတနာ၏ အခက်အခဲမှာ ဘုရားရှိခိုးဆောင် ကျဉ်းမြောင်းနေခြင်းပင် ဖြစ်သည်။ မူလ အဆောက်အအုံ၏ လသာဆောင်ကို ဘုရားရှိခိုးဆောင်အဖြစ် ဖန်တီးထားရသဖြင့် သီလရှင်အပါး (၄၀) စုပေါင်း ဝတ်တက်လျှင် မဆံ့ချင်။ ထို့ကြောင့် မဏိရတနာ၏ ဘုရားရှိခိုးဆောင်ကို တိုးချဲ့ရန် အစီအစဉ်ရှိသော်လည်း ဒကာကို မမျှော်၊ မိမိအလိုအတိုင်း လာရောက်လှူဒါန်းသူများရှိလာသောအခါ တင့်တယ်ကျယ်ဝန်းသော ဘုရားဆောင် ပေါ်ထွန်းလိမ့်မည်ဟု မဏိရတနာအုပ်ချုပ်သူများက ယုံကြည်နေကြောင်း ပြောသည်ကို နားထောင်ရင်း မဏိရတနာ လေ့လာရေး ခရီးစဉ်ကို အဆုံးသတ်လိုက်ရပါသည်။

သီရိ

မဇ္ဈိမရပ်စုံ ဘာသာရေးနှင့် အတွေးအခေါ်မဂ္ဂဇင်း
၁၉၉၂–ခုနှစ်၊ နိုဝင်ဘာလ။ စာအုပ်အမှတ် (၁၁)

# သုခိတာရာမ သီလရှင် စာသင်တိုက်

ဘုရား၌ ရှိသေခြင်းရှိသူ၊ လောကုတ္တရာတရား ကိုးပါး၌ ရှိသေခြင်းရှိသူ၊ သံဃာ၌လည်း ထက်သန်စွာ ရှိသေခြင်းရှိသူ၊ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟု ဆိုအပ်သော သိက္ခာသုံးဖြာ ကျင့်ကောင်းရာ၌ ရှိသေခြင်းရှိသူ၊ မမေ့မလျော့ခြင်း၌ ရှိသေခြင်းရှိသူ၊ ဓမ္မအမိသ၏ အစွမ်းအားဖြင့် နှစ်ပါးအပြားရှိသော အစေ့အစပ်ပြုခြင်း၌ ရှိသေခြင်းရှိသူ ရဟန်းရှင်လူ သာသနာနွယ်ဝင်သီလရှင်များ အပါအဝင်တို့သည် ဂုဏ်ထူးဝိသေသ ကျော်စောသတင်းမှ ဆုတ်ယုတ်ပျက်ပြားရန် အကြောင်းမရှိ၊ မစိုးရိမ်ရ။ နိဗ္ဗာနဓာတ်အမြိုက်ရပ်၏ ပတ်ဝန်းကျင်နှင့် အနီးတွင်သာ ခိုဝင်ချဉ်းကပ်ရပေ၏ဟု အင်္ဂုတ္တိုရ်ပါဠိတော်၊ ဆက္ကနိပါတ ဒေဝတာဝဂ္ဂ၌ ပြဆိုထားပေသည်။

မြတ်စွာဘုရား ဟောကြားတော်မူသည့် အထက်ပါ တရားတော်နှင့်အညီ ကျင့်ကြံအားထုတ်နေထိုင်သော သီလရှင်သူတော်စင်တို့သည် ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ ဘူတာရုံလမ်း၊ အမှတ် (၁၁) ရပ်ကွက်တွင် ရှိကြ၏။

ထိုသီလရှင်တို့၏ ဖြူစင်နှလုံး၊ ကျင့်သုံးဆောက်တည်သော သီလဂုဏ်သတင်းရနံ့ကလည်း မွှေးပျံ့လှဘိသည်။

X X X

ရန်ကင်းမြို့နယ်အတွင်း နေထိုင်ကြကုန်သော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် 'သုခိတာရာမ'အား အထူး အလေးထားကြ၏။ လှူဒါန်းရန် စိတ်အား ထက်သန်တတ်ကြ၏။

ထိုမျှစိတ်သဒ္ဓါပေါက်ရခြင်းမှာ သုခိတာရာမ၏ ပဓာန နာယက တိုက်အုပ်ဆရာကြီး ဒေါ်ဣန္ဒဝတီအကြောင်းကို သိကြ၍ဖြစ်သည်။ ရန်ကင်းမြို့ မတည်မီကပင် ရှိနှင့်ပြီးဖြစ်သော သုခိတာရာမ၏သမိုင်းကလည်း ကြည်ညိုစရာဖြစ်သည်။

သုခိတာရာမသည် သီလရှင် သားအမိနှစ်ဦး တည်ထောင်သော တိုက်ဖြစ်သကဲ့သို့ မိဘကျေးဇူးကို ဆပ်ရာတွင် စံပြဖြစ်သည်။ ဆရာ့ကျေးဇူးသိတတ်ရာတွင်လည်း နမူနာပင်ဖြစ်သည်။

မအူပင်မြို့နယ်၊ ရေလဲကလေးကျေးရွာတွင် ဦးဖိုးစိန်နှင့် ဒေါ်စောမြတို့ နေထိုင်ကြ၏။ သားသမီးငါးယောက် ထွန်းကားသည်။ ဒေါ်စောမြမှာ မိဘများအလိုကျ အိမ်ထောင်ပြုရသော်လည်း လောကီလူ့ဘောင်မှာ မပျော်ပိုက်၊ ဝဋ်ကြောင်မှ လွတ်အောင်ရုန်းရန် ပျို့ရွယ်စဉ်ကာလကပင် စိတ်ကူးရှိခဲ့သည်။

သို့ဖြင့် သားသမီးငါးယောက်ထွန်းကားပြီးနောက် ဦးဖိုးစိန် ကွယ်လွန်သည်။ ကွယ်လွန်ပြီးနှစ်နှစ်အကြာ ၁၂၈၂–ခုနှစ်၊ ဝါဆိုလဆန်း (၈) ရက်နေ့တွင် ဒုတိယမြောက် ရင်သွေး (၁၂) နှစ် သမီးငယ်နှင့်အတူ မအူပင်မြို့ ရွှေဘုန်းပွင့်စေတီတော်အနီး ဇရပ်တစ်ဆောင်တွင် ခေတ္တလာရောက်တည်းခိုနေသော မင်းကွန်း ဂူကလေးချောင်မှ ဆရာကြီး ဒေါ်ပုညဝတီထံတွင် သာသနာနွယ်ဝင် သီလရှင်အဖြစ် ခံယူခဲ့ပေသည်။

မိခင်ကြီး၏ သီလရှင်ဘွဲ့မှာ ဒေါ်သုစာရီ ဖြစ်၍ သမီး၏ဘွဲ့အမည်မှာ ဒေါ်ဣန္ဒဝတီ ဖြစ်သည်။ ထိုသီလရှင်သားအမိသည် သုခိတာရာမကို တည်ထောင်သူများ ဖြစ်၍ ဒေါ်ဣန္ဒဝတီသည် မိခင်ကြီးကွယ်လွန်ပြီးနောက် သုခိတာရာမ၏ ပဓာန နာယက ဖြစ်လာခဲ့၏။

သားအမိနှစ်ဦး၏ စွမ်းရည်နှင့် သီလကြောင့် သုခိတာရာမသည် ဓနိမိုး၊ ဓနိကာ ဝါးကျောင်းဘဝမှ သစ်သားကျောင်း၊ ထိုမှ တင့်တယ်ကျယ်ဝန်းသော တိုက်ကျောင်းအဖြစ်သို့ အဆင့်ဆင့်တိုးတက်ခဲ့ရပေသည်။

သားအမိနှစ်ဦး၏ ချမ်းသာသော ဆွေမျိုးများသည် သားအမိနှစ်ဦး သီလရှင်ဘဝ ကူးပြောင်းခြင်းကို သဘောမတူ၍ သီလရှင်ကိုလည်း မကြည်ညိုတတ်၍ လှူဒါန်းမှု၊ ထောက်ပံ့မှု မပြုခဲ့ကြပေ။

သို့ပါသော်လည်း သာသနာနွယ်ဝင် သီလရှင်ကို ကြည်ညိုကုန်သော သူတော်ကောင်းတို့ကြောင့် သုခိတာရာမ ဖွံ့ဖြိုးတိုးတက်ခဲ့ရခြင်း ဖြစ်ပေသည်။

x x x

သုခိတာရာမ၏ တိုက်အုပ်ဆရာ ဒေါ်ဣန္ဒဝတီလောင်းလျာကို မအူပင်မြို့နယ်၊ ရေလဲကလေးကျေးရွာတွင် ၁၂၈၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၄) ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်ခဲ့၏။ မိဘများမှာ ဦးဖိုးစိန်-ဒေါ်စောမြတို့ ဖြစ်သည်။

ဦးဖိုးစိန်ကွယ်လွန်ပြီး နှစ်နှစ်အကြာတွင် ဒေါ်စောမြသည် ဒုတိယသမီးနှင့် အတူ ရှိသမျှဥစ္စာပစ္စည်းများကို စွန့်လွှတ်၍ ဝတ်ကြောင်ပယ်လိုက်သည်။ သို့ဖြင့် သီလရှင်သားအမိသည် အိမ်မဲမြို့ ကမ္ဗဒွာန်းကျောင်းဆရာတော် ဦးမာလာထံတွင် နေထိုင်ပြီး မင်းကွန်း ဂူကလေးချောင် ဆရာကြီး ဒေါ်ပုညဝတီထံ ခိုလှုံခဲ့ကြ၏။

ထို့နောက် မြန်အောင်မြို့ ဘာဝနာတိုက်သစ် ဆရာကြီး ဒေါ်ဉာဏစာရီ၊ ရန်ကုန်မြို့ ဟံသာဝတီ ကျွန်းတောလမ်း သုခိတာရာမ မြန်အောင်ကျောင်းတိုက် တို့တွင် ပရိယတ္တိစာပေများ ဆက်လက်သင်ကြားပြီး ဒေါ်ဣန္ဒဝတီသည် ပထမလတ်တန်းထိ သင်ကြားခဲ့၏။

သမိဒ္ဓေါဒယ သုခိတာရာမ မြန်အောင်ကျောင်းတိုက်၏ တည်ထောင်မှုရှေးဦးကာလများမှာ ဒေါ်ဣန္ဒဝတီတို့သားအမိ ပါဝင်ရင်း မိခင်ကြီး ဒေါ်သုစာရီ နာမကျန်းဖြစ်လာသည်။

မိခင်ကို လွတ်လပ်စွာ ပြုစုလုပ်ကျွေးလိုသော ဒေါ်ဣန္ဒဝတီသည် ရန်ကင်းမြို့နယ်၊ ကံဘဲ့ဘုတာရုံလမ်း၊ ယခုလက်ရှိနေရာသို့ တိုက်ခွဲအဖြစ် တည်ထောင်ခဲ့၏။

ထိုအချိန်က သုခိတာရာမ၏ မြေနေရာမှာ မြေကြီးသက်သက်ဖြစ်ပြီး ပတ်ဝန်းကျင်မှာ လယ်ကွက်၊ ချုံနွယ်များရှိသည်။ လူနေအိမ်ခြေလည်း ကျဲသည်။

မိုးကောင်းဆရာတော် ဦးစန္ဒိမာ ပေးသနားသည့် သုခိတာရာမ မြေနေရာမှာ ခနိမိုး၊ ခနီကာ ဝါးကျောင်းလေး ဆောက်ရင်း မိခင်ကြီးကို ပြုစုခဲ့ရသည်။

သီလရှင်ဆရာကြီး ဒေါ်ဉာဏစာရီသည် စစ်ကိုင်းချောင် သမိဒ္ဓေါဒယ ချောင်ထွက် ဖြစ်၍ အုပ်ချုပ်ပုံ၊ စည်းကမ်း၊ စာပေသင်ကြားမှုတို့ စနစ်ကျသည်မှာ ပြောစရာမရှိ။ ဒေါ်ဣန္ဒဝတီမှာ ဒေါ်ဉာဏစာရီ၏ခြေရာကို နင်းပြီး ဆရာကောင်း

တပည့် ပန်းကောင်းပန်လိုစိတ်ထားကာ ကျောင်းတိုက်တည်ထောင်ခဲ့ခြင်းကြောင့် ကျောင်းတိုက်၏အမည်မှာ ဆရာ့ကျောင်းတိုက်အမည် သုခိတာရာမကို ဦးထိပ်ထားပြီး 'သုခိတာရာမ သီလရှင်စာသင်တိုက်'ဟု အမည်ယူခဲ့ခြင်း ဖြစ်ပေသည်။

x x x

မိမိ၏ဆရာဖြစ်သော ဒေါ်ဉာဏစာရီ၏ သာသနာပြုပုံကို ဒေါ်ဣန္ဒဝတီက လေးစားကြည်ညိုမိသည်။

ကျေးလက်တောရွာမှ သမီးပျိုလေးများအား သာသနာ့ဝယ်ဝင်ဖြစ်စေခြင်း၊ ဖြူစင်သော သီလသိက္ခာတင်း ကျင့်သုံးစေခြင်း၊ တတ်အားသမျှ အလှူဒါနပြုခြင်း၊ သက္ကစ္စဂါရဝနှင့် ပတ်သက်လျှင်လည်း ယနေ့ပင် သာသနာ့ဘောင်ဝင်သော သာမဏေငယ်များကို လက်အုပ်ချီမိုး ရှိခိုးခြင်း၊ ရသာတဏှာမမက်ဘဲ မျှတသော အာဟာရကို စားသုံးခြင်း၊ ဆရာတပည့် အဆင့်ဆင့်လေးစားကြခြင်း၊ တပည့်များအား ဂရုစိုက်ကြပ်မတ်ခြင်း၊ ကိုယ်တိုင်ကိုယ်ကြပ် စာပေပို့ချခြင်းများကို အတုယူကာ ဒေါ်ဣန္ဒဝတီသည် လှမမာ မိခင်ကို ပြုစုရင်း ကံဘဲ့ရပ်ကွက်ရှိ လှဝတ်ကျောင်းလေးများကို သုံးတန်း၊ လေးတန်း၊ ငါးတန်းစာများ သင်ကြားပေးခဲ့သည်။

ထိုအတွင်း တုမအရင်းအဖျား ဆယ်ယောက်က သီလရှင်ဝတ်ပြီး သုခိတာရာမ ရောက်လာသောအခါ ပရိယတ္တိစာပေများ ပို့ချခဲ့ရပြန်၏။ သို့ဖြင့် သုခိတာရာမသည် ၁၃၁၃–ခုနှစ်တွင် သားအမိနှစ်ဦးမှ သီလရှင် (၁၅) ပါးအထိ နေထိုင်ခဲ့ကြ၏။

တဲကျောင်းမှ တိုက်ကျောင်းဖြစ်လာချိန်တွင် ယခုလက်ရှိ သီလရှင် အပါး (၄၀) မှတင်းနေထိုင်လာကာ ဒေါ်ဣန္ဒဝတီမှာလည်း ရန်ကင်းမြို့နယ် သီလရှင်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်လာသည်။ သာသနာ့ဟိတကာရီအသင်း၏ ဒုတိယဥက္ကဋ္ဌတာဝန်ကိုလည်း ပူးတွဲထမ်းဆောင်ကာ ကျင်းပမြဲဖြစ်သော သာသနာ့ဟိတကာရီအသင်း ပထမပြန် စာမေးပွဲကို နှစ်စဉ် တပို့တွဲလဆန်း (၁) ရက်မှ (၄) ရက်အတိ မင်းကွန်းဆရာတော်၏ခွင့်ပြုချက်အရ မင်းကွန်းတောရတွင် ကျင်းပရာ၌ လုံ့လဝီရိယ စိုက်ထုတ်ဆောင်ရွက်ခဲ့ပေသည်။

ထို့အပြင် သုခိတာရာမ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အသံမစဲပဋ္ဌာန်းပွဲကို သင်္ကြန်ရက်ပြီးတိုင်း ကျင်းပခဲ့သည်မှာ ယခုပါနှင့်ဆိုလျှင် (၁၈) ကြိမ် ရှိသွားပြီ ဖြစ်၏။




သုစိတာရာမ သီလရှင်စာသင်တိုက်၏
နာယက ဆရာကြီး ဒေါ်ဣန္ဒဝတီ။



သုဓိတာရာမ သီလရှင်စာသင်တိုက် နာယက ဆရာကြီး ဒေါ်ကုန္တဝတီ၊
ဒေါ်သုစာရီနှင့် ခေတ္တ သီလရှင်လေး တစ်ပါး။



နာယက ဆရာကြီး ဒေါ်ဣန္ဒဝတီနှင့် ခေတ္တ သီလရှင်ကလေး နှစ်ပါးကို
ချစ်ခင်ကြည်ညိုဖွယ် မြင်ရစဉ်။



သုခိတာရာမ သီလရှင်စာသင်တိုက်၏ နာယက ဆရာကြီး ဒေါ်ဣန္ဒဝတီနှင့်
ဓမ္မ သီလရှင် ရုပ်ရှင်မင်းသမီး ခင်သီတာထွန်း။



ရုပ်ရှင်မင်းသမီး ခင်သီတာထွန်း
ဓမ္မ သီလရှင်ဝတ်စဉ်က
သုခိတာရာမ သီလရှင်စာသင်တိုက်၏
ဘုရားဆောင့်ရှေ့တွင် တွေ့မြင်ရပုံ။

ငါးရက်တိုင်တိုင် ကျင်းပသော သုခိတာရာမ၏ အသံမစဲပဋ္ဌာန်းပွဲ၏ သံဃာတော်များ ဆွမ်း၊ ကွမ်းဝေယျာဝစ္စ ဒကာမှာ ရန်ကင်းမှ ဦးလှဖေနှင့် ဒေါ်သန်းတင်တို့ ဖြစ်ကြောင်း သိရသည်။

သုခိတာရာမသည် ဒေါ်ဥာဏစာရီ၏ တပည့်ဖြစ်သည်နှင့်အညီ ဒေါ်ဥာဏစာရီ ကဲ့သို့ပင် စုပေါင်းဆွမ်းစားခြင်း၊ စုပေါင်းဝတ်တက်ခြင်း၊ စာဝါလိုက်ခြင်း၊ ခေတ္တ သီလရှင်ဝတ်ပွဲများပြုခြင်းဖြင့် သာသနာရေးဆိုင်ရာ ကြိုးပမ်းမှုများ ရှိခဲ့ပါသည်။

သုခိတာရာမနှင့် မနီးမဝေးနေရာတွင် လှုပျံတော်ပတ္တမြားဦးမောင်မောင်က မြေဝယ်ပြီး ပဋ္ဌနိကာယ သာသနာ့ဗိမာန် တည်ထောင်သောအခါ ဦးမောင်မောင်ကို ကူညီ၍ သာသနာ့ဝေယျာဝစ္စများ ဆောင်ရွက်ခဲ့သည်။

ယနေ့ထက်တိုင် ပဋ္ဌနိကာယ၏ တိပိဋကဓမ္မဘဏ္ဍာဂါရိက ပြည်ဆရာတော် ဦးကောသလ္လအား နေ့စဉ် ယာဂုဆွမ်း စီမံပေးခြင်း၊ ဆွမ်းထမင်းကြော် ဆက်ကပ် နေဆဲ ဖြစ်၏။

ဆရာတော်ကလည်း သာသနာရေးမှာ အားပေးချီးမြှောက်၍ သုခိတာရာမကို ကူညီစောင့်ရှောက်ခဲ့သည်။

တရားတော်၌ မွေ့လျော်ခြင်းသည် ခပ်သိမ်းသောမွေ့လျော်ခြင်းတို့ထက် မြတ်သည့်အားလျော်စွာ သူတော်စင် သီလရှင်တို့သည် အရိယာနွယ်ဝင် ပဋ္ဌနိကာယ ၏ ဘုန်းရိပ် ကံရိပ်မှာ မြင့်မြတ်စွာ နေထိုင်ခဲ့ကြ၏။

သုခိတာရာမအား ပြည်ဆရာတော်နှင့် ငွေကြာယံဆရာတော်တို့က အားပေး တိုက်တွန်းကူညီသဖြင့် ၁၃၄၃–ခုနှစ်မှစ၍ စာသင်သားသီလရှင်လေးများကို လက်ခံ ခဲ့ပြီး ရန်ကုန်မြို့လုံးဆိုင်ရာ အမျိုးသမီး ပရိယတ္တိအာဂုံစာပြန်ပွဲ၊ သာသနာ့ဟိတကာရီ စာမေးပွဲ၊ အဘိဓမ္မာစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲတို့တွင် ဝင်ရောက်ဖြေဆိုစေရာ အသီးသီး အောင်မြင်ခဲ့ကြ၍ မူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းအောင်မြင်သူ သီလရှင်များ သုခိတာရာမမှ ပေါ်ထွက်လာလေပြီ။

x x x

သုခိတာရာမ၏ ဂုဏ်ရောင်ကို ထွန်းပြောင်ဝင်းပစေသည့် စာချဆရာများမှာ ဒေါ်သီတလထေရီ၊ ဒေါ်စရိတထေရီနှင့် ဒေါ်သုဓမ္မာတို့ပင် ဖြစ်သည်။

လှနေအိမ်ခြေစည်ကားသော ကံဘဲ့ဘုတာရုံလမ်းအတိုင်း လာ၍ လမ်းခွဲ လေးကို လျှောက်လှမ်းခဲ့သော် ဟိုအဝေးမှာ ပဋ္ဌနိကာယ သာသနာ့ဗိမာန်က

ထီးထီးမားမား။ ထိုနှင့် မနီးမဝေးမှာ သုခိတာရာမက ငြိမ်သက်အေးချမ်းစွာ တည်ရှိနေသည်။

အေးချမ်းငြိမ်သက်မှုကို အလိုရှိသော ဆိတ်ငြိမ်ရာတွင် တရားနှင့်မွေ့လျော်လိုသူတို့အဖို့ သုခိတာရာမသည် အံဝင်ခွင်ကျပင်ဖြစ်၏။

ထို့ကြောင့် ၁၉၉၂-ခုနှစ် နွေရာသီက အကယ်ဒမီသုံးထပ်ကွမ်းပိုင်ရှင် ရုပ်ရှင်မင်းသမီး ခင်သီတာထွန်းသည် သုခိတာရာမတွင် ခေတ္တသီလရှင်ဝတ်၍ ကေမင်ပိတုံး ဆုံးခံကာ တရားဘာဝနာ အားထုတ်ခဲ့ပေသေးသည်။

ခင်သီတာထွန်းမှာ သုခိတာရာမ၏ ထာဝရအလှူရှင်လည်းဖြစ်၏။ ကျောင်းဆောင်သစ်အတွက်လည်း လှူဒါန်းခဲ့သည်ဟု သိရသည်။

သုခိတာရာမတွင် ကျယ်ဝန်းသော ဘုရားဆောင်၊ သီလရှင်များအဆောင်၊ ဆွမ်းချက်ဆောင်တို့အပြင် အာဂန္တုများ တည်းခိုရန် အဆောင်ကိုပါ ထားရှိပေသည်။

အဆောက်အအုံအားလုံးကို မ,တည်သူ ဒကာမရှိ။ သို့သော် ဆောက်ရင်းနှင့် သဒ္ဓါပေါက်ပြီး ပြည့်စုံပြီးမြောက်သွားတတ်သည်။

မိခင်နှင့် ဆရာကြီးဒေါ်ဉာဏစာရီ ကွယ်လွန်ပြီးနောက် မိခင်နှင့် ဆရာ၏ ကျေးဇူးဂုဏ်ကို အောက်မေ့ကြည်ညိုကာ ငွေကြာယံဆရာတော်၊ ပြည်ဆရာတော်တို့၏ ဩဝါဒကို နာယူပြီး သာသနာ့နွယ်ဝင် သီလရှင်သာသနာပြု လုပ်ငန်းကို မဆုတ်မနစ်သော ဖွဲလုံ့လဖြင့် တည်တံ့ခိုင်မြဲစေရန် အားထုတ်ခဲ့သည်။

သံသရာခရီးမှ နိဗ္ဗာန်မဂ်ဖိုလ်သွားလိုသူများသည် ဒါနတည်းဟူသော ရိက္ခာ၊ ဘာဝနာတည်းဟူသော စက်၊ ဝိပဿနာတည်းဟူသော တက်၊ ရွက် ပြည့်စုံမှ လိုရာခရီး ချောမောစွာ ရောက်နိုင်မည်ဟု ရွှေဥဒေါင်းတောင် ဆရာတော်ကြီး အရှင်ကုမာရ ဟောကြားအပ်သော တရားတော်နှင့်အညီ သုခိတာရာမသည် စံပြဖြစ်အောင် ကျင့်သုံးနေထိုင်ပါကြောင်းကို သတင်းကောင်း ပါးလိုက်ရပေသည်။

**သိဂီ**

ဓမ္မရုပ်စုံ ဘာသာရေးနှင့် အတွေးအခေါ်မဂ္ဂဇင်း
၁၉၉၃-ခုနှစ်၊ ဇန်နဝါရီလ။ စာအုပ်အမှတ် (၁)

# ကျိုက္ကစံ သာသနာ့နွယ်ဝင် သီလရှင်များ
# ပရိယတ္တိ ပဋိပတ္တိ ကျောင်းတိုက်

လောကီအာရုံ ကာမဂုဏ်တို့ ရောပြွမ်းရှုပ်ထွေးနေသည့် လူ့ဝတ်ကြောင် ဘဝကို အလွတ်ရုန်းကာ ဘုရားရှင်၏ သာသနာတော် တည်တံ့ခိုင်မြဲရေးအတွက် ပိဋကတ်တော်ဆိုင်ရာ စာကျက် စာအံ စာပြန် အထပ်ထပ် ဝတ်တက် ဝတ်ကပ် မပြတ်မနား ဘာဝနာတရားပွားများ မယုတ်သင့်ရာ သင့်ရာ ကျင့်ကြံအားထုတ် ပြုလုပ်နေကြသော မိန်းမအချို့ ရှိကြ၏။

ထိုမိန်းမများကို ဘုရားရှင်လက်ထက်တော်က ဘိက္ခုနီဟု ခေါ်ကြသည်။ ဘိက္ခုနီသာသနာထွန်းကားချိန်က သာသနာ့နွယ်ဝင် မိန်းမသားတို့သည် အရိယာနွယ်ဝင် ရဟန်းသံဃာများကဲ့သို့ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခဲ့ကြပေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာသက္ကရာဇ် နှစ် (၅၀၀) ခန့်မှာ ဘိက္ခုနီသာသနာသည် အကြောင်းအမျိုးမျိုးကြောင့် ကွယ်ပျောက်ခဲ့ရ၏။

သို့ပါသော်လည်း သာသနာတော်ကို ကြည်ညိုဆည်းကပ်ကြကုန်သော မိန်းမသားတို့သည် ဘိက္ခုနီတို့၏ အဆက်အနွယ်အဖြစ် သာသနာ့နွယ်ဝင် အမျိုးသမီးများ ဘဝရောက်အောင် အားထုတ်ခဲ့ကြရာ ယနေ့မျက်မှောက်ခေတ် သီလရှင်ဟူသော လူတန်းစားတစ်ရပ် ပေါ်ပေါက်ခဲ့သည်အထိ ဖြစ်ပေသည်။

x x x

စပယ်ဦးစာပေ

ရန်ကုန်တိုင်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ ကျိုက္ကစံစေတီတော် အနောက်ဘက်မုခ် ခြေတော်ရင်းတွင် လွန်လေခဲ့ပြီးသော နှစ်ပေါင်းများစွာက သီလရှင်ဇရပ် များစွာ ရှိပြီး ထိုဇရပ်တွင် သီလရှင်တို့သည် ပရိယတ္တိ ပဋိပတ္တိ ကျင့်ကြံအားထုတ်ကြိုးကုတ် နေထိုင်ခဲ့ကြ၏။

ဇရပ်တစ်ခုတွင် ငါးပါးစီ၊ ခြောက်ပါးစီ၊ ခုနစ်ပါးစီမှ အပါးနှစ်ဆယ်ခန့် စုပေါင်းနေထိုင်ကြသည်လည်း ရှိ၏။ ဇရပ်တစ်ဆောင်တွင် တစ်ပါးတည်းနေသော သက်ကြီးရွယ်အို သီလရှင်ကြီးများလည်း ရှိပြီး စုစုပေါင်း ဇရပ် (၃၆) လုံးတွင် သီလရှင်အပါး (၁၀၀) ခန့် နေထိုင်ကာ သာသနာ့ဝန်ကို ထမ်းခဲ့ကြပေသည်။

၁၉၈၉–ခုနှစ်တွင် ကျိုက္ကစံ ဆံတော်ရှင်စေတီ ဘက်စုံမွမ်းမံရေးကိစ္စ ဖြစ်ပေါ်လာ၏။ ဦးစွာပထမ ဘုရားပရိဝုဏ်အတွင်း ရှိနေသော ဘုန်းကြီးကျောင်း၊ သီလရှင်ဇရပ်တို့ကို သင့်လျော်သော နေရာတွင် ပြန်လည်နေရာချထားပေးသည်။ ဈေးဆိုင်များကို နေရာသတ်မှတ်တည်ဆောက်ပေးသည်။ ဘုရားလေးဖက်လေးတန် အရပ်တွင် ပတ်ဝိုင်းတည်ရှိနေသော လူနေအိမ်ခြေများကို ဖယ်ရှားကာ အိမ်မြေရာ ပြန်လည်ပေးသည်။

ရှုပ်ထွေးနေသော အဆောက်အအုံများမရှိတော့မှ ကျိုက္ကစံ ဆံတော်ရှင်သည် ပိုမိုကြည်ညိုဖွယ်ရာဖြစ်လာ၏။ အနီးအဝေး မည်သည့်အရပ်ကမဆို ဘုရားရှိရာ လှမ်းမျှော်ကြည့်လျှင် သန့်ရှင်းသာယာသောပတ်ဝန်းကျင်နှင့် သပ္ပာယ်သော ဘုရားစေတီကို တင့်တယ်စွာ ဖူးမြော်နိုင်ပေသည်။

x x x

သီလရှင်ဇရပ်များကို ကျိုက္ကစံဘုရားဂေါပကအဖွဲ့မှ ဘုရား၏အရှေ့တောင်ဘက် သဃ်ာန်းကျွန်းမြို့နယ် (ဆ/က) ရပ်ကွက်၊ ဦးစံရွှေလမ်းရှိ သုံးဧကကျော် ကျယ်ဝန်းသော မြေနေရာသို့ ပြောင်းရွှေ့နေရာချထားပေးလိုက်သည်။

မြေနေရာကို အုတ်တံတိုင်းခတ်ပြီး ခြောက်ပင်ငါးခန်း သုံးထပ်သားအမိုးဝါးထရံကာ အဆောင်လေးခု ဆောက်လုပ်၍ သီလရှင်များကို ခေတ္တနေထိုင်စေသည်။


အဆောက်အအုံသစ် မဆောက်မီ ကာလအကြား ထိုယာယီဆောင်တွင် သီလရှင် (၇၀) ပါး သီတင်းသုံးနေကြ၏။ ယာယီအဆောက်အအုံတွင် နေရာမဆံ့၍ ကျိုက္ကစံဘုရားတောင်ဘက်မုခ် ဝေဠုဝန်ဘုန်းတော်ကြီး ကျောင်းဇရပ်နှင့် အနောက်ဘက်မုခ်ရှိ ဂုဏာလင်္ကာရ ဘုန်းကြီးကျောင်းဇရပ်တို့တွင် လူခွဲ၍ နေထိုင်ရသော်လည်း



သီလရှင်စာပြန်ပွဲ၏ နာယက ဆရာကြီး ငါးပါး။



ကျိုက္ကစံ ပရိယတ္တိ ပဋိပတ္တိ သီလရှင် စာသင်တိုက်၏ စာပြန်ပွဲမှ
နာယက သီလရှင် ဆရာကြီးများနှင့် တပည့် သီလရှင်လေးများ။



သီလရှင်လေးများအား အနီးကပ် ကြီးကြပ်သူ စာချဆရာကြီး သုံးပါး။



ကျိုက္ကစံ ပရိယတ္တိ ပဋိပတ္တိ သီလရှင် စာသင်တိုက်မှ ဆရာကြီးများနှင့် တပည့် သီလရှင်လေးများ စုပေါင်းဝတ်တက်ကြပုံ။



မာဃ (၁၂)လမ်း၊ မိသားစု၏ စနေနေ့တိုင်း ဆွမ်းအလှူဒါနပွဲ။



ကိုးကြိမ်မြောက် သီလရှင်စာပြန်ပွဲတွင် စာအောင် သီလရှင်များအား ဆုချီးမြှင့်နေပုံ။



သာသနာ့ဟိတကာရီ အမျိုးသမီးအဖွဲ့ အမှုဆောင်များ။



သာသနာ့ဟိတကာရီ အမျိုးသမီးအဖွဲ့၏ နာယက လူကြီးများ။

သီလရှင်တို့သည် ဖွဲ့တင်း၍ မပြည့်စုံခြင်းဒဏ်ကို သည်းခံကာ စဉ်လာမပျက် ပရိယတ် ပဋိပတ်တို့ကို ကြိုးစားအားထုတ်မြဲ ဖြစ်ပါသည်။

သာသနာ့နွယ်ဝင် သီလရှင်များအတွက် အဆောက်အအုံ လုံလောက်ပြည့်စုံ အောင် ဆောက်လုပ်ပြီးစီးပါက ပြန်လည်စုပေါင်းနေထိုင်ကြမည်ဖြစ်၏။

ဦးစွာ ဘုရားကျောင်း ဓမ္မာရုံကို စတင်ဆောက်လုပ်မည်ဖြစ်ရာ ဆောက် လုပ်ရေးအတွက် ကျပ် (၃၇) သိန်း ကုန်ကျခံမည်ဖြစ်သည်။ ဘုရားဆောင်အတွက် မြေနေရာသတ်မှတ် ပန္နက်ရိုက်ပြီးပြီ။

လောလောဆယ်တွင် အဆောင် (၁) ၌ စာသင်သား သီလရှင် (၃၇) ပါး သီတင်းသုံးသည်။ အဆောင် (၂) မှာမူ ဘုရားရှိခိုး ဝတ်တက်ဆောင်အဖြစ် သတ် မှတ်၍ ထိုအဆောင်မှာပင် သီလရှင်များ စာဝါချခြင်း၊ စာဝါလိုက်ခြင်း၊ စုပေါင်း ဆွမ်းစားခြင်းများ ပြုလုပ်ကြသည်။

အဆောင် (၃) သည် ပဋိပတ္တိတရား အားထုတ်ရာ အဆောင်ဖြစ်၏။ သက်ရွယ်ကြီးရင့်၍ ပရိယတ္တိစာပေ သင်အံကျက်မှတ်ခြင်းမပြုနိုင်သော သီလရှင် ကြီးများအား နေရာချထားပေးသည်။

အဆောင် (၄) မှာမူ ကျိုက္ကစံ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းတိုက်၏ နာယက သီလရှင် ဆရာကြီးများ နေထိုင်ရာ၊ တရားအားထုတ်ရာ အဆောင် ဖြစ်လာ၏။

'သမ္မဂ္ဂါနံ တပေါ သုခေါ' ဆိုသည့် မြတ်စွာဘုရားဟောကြားခဲ့သော တရား ဒေသနာအတိုင်း ကိုယ်ပိုင်ဇရပ်လေးများမှာ သီးခြားနေထိုင်ခဲ့သော သီလရှင်များသည် ယနေ့တွင် ကျောင်းတိုက်ဟူသော အမည်သစ်အောက်တွင် စုရုံးညီညွတ်ကြပြီး မကြာသောကာလတွင် ဖြစ်ပေါ်လာမည့် 'ကျိုက္ကစံ သာသနာ့နွယ်ဝင် သီလရှင်များ ပရိယတ္တိ ပဋိပတ္တိကျောင်းတိုက်'ဟူသော သစ်လွင်ခံ့ထည်သည့် အဆောက်အအုံတွင် ချမ်းသာစွာ သီတင်းသုံးကြရမည် ဖြစ်ပါသည်။

x x x

ကျိုက္ကစံ သီလရှင်များ အဆောက်အအုံသစ်အတွက် အဓိက ပံ့ပိုးမည့် အသင်းအဖွဲ့မှာ 'သာသနာ့ဟိတကာရီ အမျိုးသမီးအဖွဲ့' ဖြစ်၏။ ထိုအဖွဲ့သည် သီလရှင်များ၏ ဆွမ်း၊ ကွမ်း ဝေယျာဝစ္စအပြင် အဆောက်အအုံသစ်အတွက် တာဝန် ယူမည့် အဖွဲ့ပင် ဖြစ်သည်။

ကိုယ်တိုင်က ဝတ်ကြောင်ကို လွတ်အောင်မရုန်းနိုင်စေကာမူ ရုန်းနိုင်သူများကို အားပေးကူညီကာ သာသနာတော်ကို ကြည်ညို၊ သီလရှင်ကို လေးစားတတ်သော သာသနာ့ဟိတကာရီ အမျိုးသမီးအဖွဲ့၏ ဥက္ကဋ္ဌမှာ ဒေါ်သန်းသန်းလေးဖြစ်ပြီး ဒုတိယဥက္ကဋ္ဌမှာ ဒေါ်မြမြစိန် (ကယားပြည်နယ်ဝန်ကြီးဟောင်း စဝ်ဝဏ္ဏ၏ဇနီး) နှင့် ဒေါ်ခင်စန်း (ငွေပဒေသာပုံနှိပ်တိုက်) တို့ ဖြစ်သည်။

အတွင်းရေးမှူးမှာ ဒေါ်ပြုံး (မြို့နယ် သ/မ) ဖြစ်ပြီး အဖွဲ့ဝင်များမှာ ဒေါ်စံရှားတင်၊ ဒေါ်သိင်္ဂီ၊ ဒေါ်အေးအေး၊ ဒေါ်ခင်ခင်၊ ဒေါ်သောင်းခင်၊ ဒေါ်နှင်းနှင်းရီ (တွဲဖက်အတွင်းရေးမှူး) နှင့် ဒေါ်တင်နွဲ့ရည်တို့ ဖြစ်သည်။

ဘုရားကျောင်းမွမ်းမံရုံဆောက်လုပ်ရန် သာသနာ့ဟိတကာရီ အမျိုးသမီး အဖွဲ့သည် ရန်ပုံငွေရှိရေးအတွက် မနားမနေ အားထုတ်နေကြပါသည်။ လက်ကမ်း စာစောင်များ၊ အလှူခံဖြတ်ပိုင်းများဖြင့်လည်း စနစ်တကျ အလှူခံလျက်ရှိပါသည်။ ဝိဟာရဒါန ကုသိုလ်ယူ ပါဝင်လှူဒါန်းလိုသူများကိုလည်း သာသနာ့ဟိတကာရီ အမျိုးသမီးအဖွဲ့မှ လက်ကမ်းကြိုဆိုလျက်ရှိကြောင်း သိရသည်။

စုပေါင်းညီညွတ်ခြင်း၏ အကျိုးသက်ရောက်မှုအဖြစ် သဃ်န်းကျွန်းမြို့နယ် သီလရှင်အမှုဆောင်အဖွဲ့ ဖွဲ့စည်းရာတွင် ကျိုက္ကစံ သီလရှင်တိုက်မှ ဒေါ်ကဥ္စနသည် မြို့နယ် သီလရှင်အဖွဲ့ ဥက္ကဋ္ဌဖြစ်ပြီး အတွင်းရေးမှူး ဒေါ်သြဘာသီ၊ အမှုဆောင် ဒေါ်သုခဝတီနှင့် ဒေါ်ဟေမာရီတို့မှာလည်း ကျိုက္ကစံ သီလရှင် စာသင်တိုက်မှချည်း ဖြစ်ကြသည်။

ကျိုက္ကစံ သီလရှင်တိုက် သဃ်န်းကျွန်းမြို့နယ် သီလရှင်အဖွဲ့မှ ဦးဆောင်ကာ ငါးမြို့နယ် သီလရှင်များ စာပြန်ပွဲကိုလည်း ကျင်းပနိုင်ခဲ့သည်။ ထိုစာပြန်ပွဲတွင် အာဂုံပြန်ပွဲနှင့် ရေးဖြေ နှစ်မျိုးစလုံး ပါဝင်ပြီး တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ ရန်ကင်း၊ သာကေတ ဟူသော မြို့နယ် ငါးခုမှ သီလရှင်များ ဝင်ရောက် ရေးဖြေ အာဂုံပြန်ကြသည်။

စာပြန်ပွဲ ကျင်းပရက်မှာ နှစ်စဉ် တပို့တွဲလပြည့်ကျော် (၂) ရက်နေ့ဖြစ်၍ သုံးရက်တိုင်တိုင်ကျင်းပသည်။ ၁၃၄၄-ခုနှစ်မှစ၍ ကျင်းပသည်မှာ ယခုနှစ်ပါဆိုလျှင် (၁၀) ကြိမ်မြောက် ရှိပြီဖြစ်၏။

ထိုစာပြန်ပွဲများ ကျင်းပရက်၌ သြဝါဒါစရိယ ဆရာတော်များ ဆွမ်းကပ်ခြင်း၊ ကျောင်းတိုက်ရှိ သီလရှင်များ၊ စာပြန်ပွဲသီလရှင်များပါ ဆွမ်းကျွေးခြင်းကို တောင် ဥက္ကလာပမြို့နယ်၊ မာဃ (၁၅) လမ်း သိန်းညီနောင် မုန့်ဟင်းခါးဖိုပိုင်ရှင် ဦးပု-ဒေါ်ကြည်တို့က တာဝန်ယူလှူဒါန်းမြဲဖြစ်ပြီး ဆုနှင်းသဘင်နေ့တွင် သြဝါဒါစရိယ

ဆရာတော်များ၊ သီလရှင်များ၊ တက်ရောက်ကြည့်ညိုသူ ပရိသတ်ကိုပါ ဧည့်ခံဆက်ကပ် လှူဒါန်းသူမှာ ဒေါ်မြမြစိန် (စဝ်ဝဏ္ဏ၏ ဇနီး) နှင့် အချိုပွဲဒကာမှာ ဆရာမြိုင် (ဝေဒ မဂ္ဂဇင်း) ဖြစ်သည်။

စာအောင် သီလရှင်များအား ဆုနှင်းဆက်ကပ်ရေးအတွက် ငွေကြေးကို ရာသက်ပန် တာဝန်ယူထားသူမှာ ရန်ကုန်မြို့ အင်းလျားမြိုင် စုပေါင်းလမ်းနေ ဗိုလ်ကြီးနေဇင်လတ် (ငြိမ်း) နှင့် ဇနီး ဒေါ်ခင်စန်း (ငွေပဒေသာပုံနှိပ်တိုက်) တို့ဖြစ်သည်။

x x x

ကျိုက္ကစံ သီလရှင်စာသင်တိုက် သီလရှင်များသည် နှစ်စဉ် မူလတန်း၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းမှ အစပြု၍ ဓမ္မာစရိယ စာချတန်းအထိ ဝင်ရောက်ဖြေဆိုကြ၍ အောင်မြင်ကြပါသည်။

ကျိုက္ကစံ သီလရှင်စာသင်တိုက်မှပင် နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့မှစ၍ ငါးရက်တိုင်တိုင် အသံမစဲပဋ္ဌာန်းပွဲကို ကျင်းပခဲ့သည်မှာ သုံးကြိမ်ရှိပြီ။ ပဋ္ဌာန်း ကျမ်းတော်မြတ် ရွတ်ဖတ်သရဇ္ဈာယ်ရာတွင် သီလရှင်များသာ ရွတ်ဖတ်ကြပါသည်။ ၎င်းပြင် နှစ်စဉ် ကဆုန်လပြည့်နေ့မှစ၍ ငါးရက်တိုင်တိုင်ကျင်းပသော အသံမစဲ ပဋ္ဌာန်းပွဲကိုလည်း ကျိုက္ကစံဘုရား ရင်ပြင်တော်မှာ သီလရှင်များ အလှည့်ကျ ရွတ်ဖတ်ကာ မိမိတို့ မှီတင်းနေထိုင်ခဲ့ရာ ဘုရားရိပ်၏ ဂုဏ်ကျေးဇူးကို ပေးဆပ်ကြ ပါသည်။

ဇရပ်နေ အဆင့်မှ ကျောင်းတိုက်အဆင့် ပြောင်းလဲလာသည်နှင့်အမျှ နေထိုင်မှု၊ စားသောက်မှုစနစ်လည်း ပြောင်းလဲကျင့်သုံးလာရပါသည်။ သို့အတွက် ကျိုက္ကစံ သီလရှင် စာသင်တိုက်မှာ တစ်အိုးစားစနစ် ကျင့်သုံးပြီး ၁၃၅၄–ခုနှစ် နယုန်လမှစ၍ စာသင်သားတစ်ပါးအတွက် သီတင်းတစ်ပတ်လျှင် ဆန်နှစ်ပြည်နှင့် ငွေ (၅၀) ကျပ် ထည့်ဝင်ရပါသည်။

ပရိယတ္တိစာပေပို့ချသည့် စာချဆရာများမှာ ဒေါ်သြဘာသီ၊ ဒေါ်ရူပဝတီနှင့် ဒေါ်ရူပသိင်္ဂီတို့ဖြစ်၍ သုံးပါးစလုံး ဓမ္မာစရိယစာချတန်း အောင်မြင်ပြီးသူများ ဖြစ်ကြသည်။

ကျိုက္ကစံ သီလရှင် စာသင်တိုက်မှာ သီလရှင်များ ကြီးကြပ်အုပ်ချုပ်ရေးအဖွဲ့ ထားရှိ၍ အဖွဲ့ဝင်များမှာ ဒေါ်ကဥ္စန၊ ဒေါ်ဟေမာရီ၊ ဒေါ်သုခဝတီ၊ ဒေါ်ပညာသီနှင့် ဒေါ်သြဘာသီတို့ ဖြစ်သည်။

အုပ်ချုပ်ရေးအဖွဲ့၏ လက်အောက် အနီးကပ်ကြီးကြပ်သူများမှာ စာချဆရာ သုံးပါးပင် ဖြစ်ကြောင်း သိရပေသည်။

x x x

သာသနာ့နွယ်ဝင် ကျိုက္ကစံ သိလရှင်များအား ကြည်ညိုသဒ္ဒါပွားကြကုန်သဖြင့် လစဉ် ဆွမ်းတာဝန်ယူသောသူများ ရှိပါသည်။ တာဝန်ယူရက်မှာ တစ်လလျှင် (၁၂) ရက်ဖြစ်ပြီး ကျန် (၁၈) ရက်ကိုသာ သိလရှင်များက အလှူခံပြည့်တင်း ရပါ၏။

ရန်ကုန်တိုင်းစစ်ဌာနချုပ် မိသားစု၊ ဆရာမြိုင်နှင့် ဒေါ်မို့မို့မြ၊ စဝ်ဝဏ္ဏ (ကွယ်လွန်) နှင့် ဇနီး ဒေါ်မြမြစိန်၊ သမီး စဝ်သုဒေဝီ၊ ဗိုလ်မှူးကြီးစိန်လေး မိသားစု။ ဒေါက်တာထွန်းနောင်–ဒေါ်စံရှားတင်နှင့် သမီး နန္ဒာထွန်းနောင်၊ ဗိုလ်ကြီး နေဇင်လတ် (ငြိမ်း) နှင့် ဒေါ်ခင်စန်း၊ ဦးပု–ဒေါ်ကြည် (သိန်းညီနောင်မုန့်ဟင်းခါးဖို)၊ ဒေါက်တာနေဦး၊ ဒေါ်တင်နွဲ့ရည် (ပင်မြန်မာကုမ္ပဏီ) ကုက္ကိုင်း ရေကူးကန်လမ်း၊ ဦးအေးဖေနှင့် ဦးသောင်းငွေ (ကျိုက္ကစံဘုရား ဂေါပကအဖွဲ့ဝင်)၊ ဦးမြင့်ဆွေ– ဒေါ်လှလှဝေနှင့် ကမ္ဘာအေးစေတီလမ်းမှ အခြား စေတနာရှင်တစ်ဦးတို့ ဖြစ်ပါသည်။

တစ်နေ့တာအတွက် တိုက်တွင်းနေ သိလရှင်များ ဆွမ်းစရိတ်မှာ (၉၀၀) ကျပ် (ကိုးရာကျပ်) ဖြစ်ပြီး တောင်ဥက္ကလာပ (၁၂) ရပ်ကွက်၊ (၁၂) လမ်း မိသားစု စနေဆွမ်းလောင်းအသင်းမှ ဝါတွင်း စနေနေ့တိုင်း အရဏ်ဆွမ်း ဆက်ကပ်ပါသည်။

ဤသို့လျှင် သဒ္ဒါကြည်ဖြူ ကပ်လှူသော စေတနာရှင်တို့ကြောင့် ကျိုက္ကစံ သိလရှင်တို့ ပရိယတ္တိ ပဋိပတ္တိ ပို၍ ကျင့်ကြံအားထုတ်ချိန် ရပါသည်။ ဆွမ်း ကွမ်းအတွက် ပူပန်သောက မရောက်ရတော့ပါ။

x x x

ကျိုက္ကစံ သိလရှင်များ အဆောင် အမှတ် (၂) တွင် ယာယီ သိတင်းသုံး နေသော ဆင်းတုတော်မှာ ထူးခြားသော ပုံဖြင့် သွန်းလုပ်ထားသည်ကို ဖူးမြင် ခဲ့ရ၏။

ပလ္လင်တော်မှာ အဝိုင်းဖြစ်၍ နေနှင့်လ အမှတ်တံဆိပ်အဖြစ် ဒေါင်းရုပ်နှင့် ယုန်ရုပ်၊ စမအင်းကွက်များ၊ ရှင်ဥပဂုတ္တနှင့် ရှင်သီဝလိ ရဟန္တာမထေရ်၊ စတုလောကပါလ သာသနာစောင့် နတ်မင်းကြီး လေးပါးတို့က ပလ္လင်တွင် ဝန်းရံစောင့်ရှောက်၍ ပလ္လင်ပေါ် ထက်ဝယ်ဖွဲ့ခွေစံနေတော်မူသော ရုပ်ပွားတော်မှာ သပ္ပာယ်လှပါ၏။

ရုပ်ပွားတော်၏ ဦးကင်းထိပ်တွင် မတ်ရပ်ဘုရားတစ်ဆူ၊ ပခုံးနှစ်ဖက်တွင် နှစ်ဆူ၊ ဒူးနှစ်ဖက်ပေါ်တွင် နှစ်ဆူ၊ စုစုပေါင်း ငါးဆူက ရုပ်ပွားတော်ပေါ်တွင် ကိန်းဝပ်လျက် ရှိသည်။ သင်္ကန်းတော်ပေါ်တွင် ထက်ဝယ်ဖွဲ့ခွေ ရုပ်ပွားတော် အသေးလေးများ စီရီထား၍ မည်သည့်ပုံစံဟု အတိအကျ မသိရသော်လည်း ဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူပွင့်တော်မူ၍ သာသနာတော်ကို နတ်မင်းကြီးလေးပါးက စောင့်ရှောက်ကြမည့်သဏ္ဌာန် ပုံဖော်သွန်းလုပ်ထားခြင်းဟု ယူဆရပါသည်။

ကျိုက္ကစ်ဘုရားသို့ မည်သူလာလှူမှန်း အတိအကျ မသိရသော အဆိုပါ ရှေးဟောင်း ဘဒ္ဒကမ္ဘာ ရုပ်ပွားတော်ကို ထပ်မံ၍ ပြင်ဆင်ပြီး ရွှေပိန်းချကာ ကြည်ညိုစရာအသွင်ဖြင့် ဝစီပိတ် ဆရာတော်၏ ဘုရားကျောင်းဆောင်ထဲတွင် ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူပြီး ကျိုက္ကစ် သီလရှင် စာသင်တိုက်တွင် သီတင်းသုံး ကိန်းဝပ်လျက် ရှိပါသည်။

မည်သူလာလှူမှန်းမသိသော ရုပ်ပွားတော်ဟောင်းမှာ သစ်လွင်တောက်ပကာ ပျံလွန်တော်မူပြီးသော ဝစီပိတ် ဆရာတော်၏ ကျောင်းဆောင်နှင့် လိုက်ဖက်ညီ တင့်တယ်လျက် ဝေနေယျတို့အား တရားရေအေးအမြိုက်ဆေး တိုက်ကျွေးတော့မည့် အလား ဖူးတွေ့ရပါကြောင်း သတင်းကောင်းပါးလိုက်ရင်း ကျိုက္ကစ်သာသနာ့နွယ်ဝင် သီလရှင်များ ပရိယတ္တိ ပဋိပတ္တိစာသင်တိုက်၏ ဘုရားဆောင်၊ သီလရှင်ဆောင် အသစ်များ ဖြစ်ပေါ်လာရေးကို အာရုံပြု စိတ်စောရပါတော့သည်။

ထို့ပြင်လည်း တစ်ချိန်သောအခါတွင် ကျိုက္ကစ် သီလရှင် စာသင်တိုက်သည် သီလရှင် ပါဠိတက္ကသိုလ်ကြီး ဖြစ်မြောက်ရမည်ဟု စေတနာရှင်များက ရည်စူးကာ ကြိုးကုတ်လျက်ရှိကြောင်း သိရသောကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပြန်ပါသတည်း။

သီရိ

ဓမ္မရုပ်စုံ ဘာသာရေးနှင့် အတွေးအခေါ်မဂ္ဂဇင်း
၁၉၉၃-ခုနှစ်၊ ဖေဖော်ဝါရီလ။ စာအုပ်အမှတ် (၂)

# ခေမာရာမ သီလရှင် စာသင်တိုက်

ဂင်္ဂါဝါဠူ သဲစုမက ပွင့်တော်မူကြကုန်သော ဘုရားရှင်များလက်ထက်တွင် ရဟန်းယောကျ်ားပရိသတ်၊ ရဟန်းမိန်းမပရိသတ်၊ ဥပါသကာယောကျ်ားပရိသတ်၊ ဥပါသိကာမိန်းမပရိသတ်ဟူ၍ ပရိသတ်လေးပါး ရှိရစမြဲ ဖြစ်လေသည်။

ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ဖြစ်တော်မူသော ဂေါတမမြတ်စွာဘုရားသည် ဘုရားအဖြစ်ကို ရောက်တော်မူပြီး နှစ်လမျှကြာသောအချိန်တွင် ရဟန်းယောကျ်ားပရိသတ် ဖြစ်ပေါ်ခဲ့၏။ ဦးစွာသော ရဟန်းယောကျ်ားပရိသတ်မှာ ပဉ္စဝဂ္ဂီငါးဦး ဖြစ်လေသည်။

ဘုရားဖြစ်ပြီး (၄၉) ရက်အကြာမှာ ဥပါသကာ ယောကျ်ားပရိသတ် ဖြစ်ပေါ်ခဲ့၏။ ဦးစွာသော ဥပါသကာ ယောကျ်ားပရိသတ်သည် ဥက္ကလာပ ဇနပုဒ်၊ (ယခု ရန်ကုန်မှ) တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင် ဖြစ်သည်။

ဘုရားဖြစ်ပြီး ငါးဝါမြောက်မှာ ဘိက္ခုနီပရိသတ်ဟုခေါ်သော ရဟန်းမိန်းမပရိသတ် ပေါ်ပေါက်ခဲ့လေသည်။ ရဟန်း မိန်းမ ပရိသတ်၏ ခေါင်းဆောင်မှာ ဘုရားရှင်၏ မိထွေးတော် မဟာပဇာပတိဂေါတမီ ဖြစ်လေသည်။

ယနေ့တွင် သာသနာ့နွယ်ဝင် သီလရှင်များအဖြစ် တွေ့မြင်နေရသည်မှာ ရဟန်းမိန်းမပရိသတ်၏ အဆက်အနွယ်များပင် ဖြစ်၏။ သို့ဖြစ်၍ ရဟန်းမိန်းမပရိသတ်အနွယ်ဝင်တို့၏သမိုင်းမှာ သက်တမ်းရှည်လှပြီဖြစ်သည်။ တိတိကျကျ ရေတွက်ရမည်ဆိုလျှင် နှစ်ပေါင်း (၂၅၇၆) နှစ်မျှ ရှိလေပြီ။

x x x

စပယ်ဦးစာပေ



ပဋ္ဌာန်းပတ်တရား ပွားများအားထုတ်နေကြသည့် ခေမာရာမ သီလရှင်
စာသင်တိုက်မှ သီလရှင် ဆရာကြီးနှင့် တပည့်များ။



ခေမာရာမ သီလရှင် စာသင်တိုက်၏
တိုက်ကြပ် ဆရာကြီး ဒေါ်သာရသီဂိ။



ခေမာရာမ သီလရှင် စာသင်တိုက်၏
တိုက်အုပ်ဆရာကြီး ဒေါ်ထေရီ။



ခေမာရာမ သီလရှင် စာသင်တိုက်၏ နာယက ဆရာကြီးနှင့်
သီလရှင် တပည့်များ။



ခေမာရာမ သီလရှင်များ
မဟာစည်သာသနာ့ရိပ်သာ၏
နွေရာသီ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု
သင်တန်းသို့ တက်ရောက်ကြစဉ်။



ခေမာရာမ သီလရှင် စာသင်တိုက်၏
ကျောင်းအမကြီး ဒေါ်ခင်စောမြင့်နှင့်
သမီး သန်းသန်းနု။



ခေမာရာမ သီလရှင် စာသင်တိုက်၏ တိုက်အုပ်ဆရာကြီး
ဒေါ်ထေရီ စုဋ္ဌအာဘိဓမ္မိက ဝိပုလညာဏီဘွဲ့ ယူနေစဉ်။

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဗဟန်း (၃) လမ်းအတွင်းတွင် စည်းကမ်းကြီးပြီး စာသင်ကောင်းသော သီလရှင် စာသင်တိုက်တစ်ခုရှိကြောင်း သတင်းကြားသိနေခဲ့ရပါသော်လည်း အလျဉ်းမသင့်၍ မရောက်ဖြစ်သေးပေ။

အသေအချာ သွားရောက်ခဲ့သောအခါ သတင်းမှာ လက်တွေ့မှန်ကန်နေခဲ့သည်ကို တွေ့ရသဖြင့် များစွာ နှစ်ထောင်းအားရ ကျေနပ်ရပါတော့သည်။

ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ဗဟန်းမြို့နယ် အနေအထားမှာ သူတော်ကောင်းတို့ ကိန်းအောင်းမွေ့လျော်ရာ သာသနာ့မြေ နယ်ပယ်များ ဖြစ်၏။ ထိုနယ်ပယ်တွင်း ဗဟန်း (၃) လမ်းတွင် 'ခေမာရာမ သီလရှင် စာသင်တိုက်' တည်ရှိလေသည်။

ခေမာရာမ သီလရှင် စာသင်တိုက်ကို ဝင်သည်နှင့် ငယ်ဖြူ သီလရှင်လေးများနှင့် စာကျက် စာအံ စာပြန်သံကို ဦးစွာကြားလိုက်ရသည်။

ထိုမှတစ်ဆင့် တိုက်အုပ်ဆရာ ဒေါ်ထေရီနှင့် တိုက်ကြပ် ဒေါ်သာရသီဂီတို့ကို သွားရောက်ဆုံတွေ့ရသောအခါ စာသင်ဖက် ဆရာနှစ်ပါးတို့သည် စိတ်တူသဘောတူဖြင့် သာသနာရေးဆိုင်ရာ တာဝန်ကို ညီညွတ်စွာ ထမ်းရွက်နေကြောင်း သိရှိခဲ့ရပါ၏။

'ခေမာရာမ သီလရှင် စာသင်တိုက်'ဟူသော အမည်ကိုပင်လျှင် တိုက်အုပ်နှင့် တိုက်ကြပ်ဆရာနှစ်ပါး၏ စာသင်ခဲ့ရာဖြစ်သော မော်လမြိုင် ခေမာရာမသီလရှင် စာသင်တိုက်အမည်ကို ယူ၍ ဆရာသမား ဂုဏ်ကျေးဇူး အထူးမမေ့သောအားဖြင့် အမည်ယူထားကြောင်းကိုလည်း ပြောဆိုကြပါသည်။

X X X

ကျောင်းတိုက်တည်ထောင်သော နှစ်မှာ မြန်မာသက္ကရာဇ် ၁၃၄၆–ခုနှစ် ဖြစ်သောကြောင့် ကျောင်းတိုက်သက်တမ်းမှာ ရှစ်နှစ်မျှ ရှိသေး၏။

သက်တမ်းနုသော သီလရှင်စာသင်တိုက်မှာ စည်းကမ်းရှိ၊ စာသင်ကောင်းသဖြင့် နှစ်စဉ် သာသနာရေးဆိုင်ရာ စာမေးပွဲများတွင် ခေမာရာမ၏သမီးတော်တို့ အောင်ပန်းဆင်နိုင်ခဲ့သည်။

အစိုးရ မူလတန်းအခြေပြု၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ အစိုးရ အဘိဓမ္မာစာမေးပွဲ၊ ဆူးလေ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ အဘိဓမ္မာခုနစ်ကျမ်း အာဂုံ ရေးဖြေစာမေးပွဲ၊ အလယ်တောရ မော်လမြိုင်စာသင်တိုက်၏ အမျိုးသမီး

ပရိယတ္တိအာဂုံစာပြန်ပွဲ၊ ရေးဖြေစာမေးပွဲများတွင် ခေမာရာမသူတို့ ပွဲလယ်တင့်ခဲ့ကြသည်မှာ ဆရာကောင်းတပည့် ပန်းကောင်းပန် ဆိုသလို တိုက်အုပ်၊ တိုက်ကြပ် ဆရာနှစ်ပါး၏ ထိန်းသိမ်းပဲ့ပြင်ကောင်းမှုကြောင့်ပင် ဖြစ်၏။

ဆရာနှစ်ပါး၏အရည်အချင်းကောင်းမှုမှာ မော်လမြိုင် ခေမာရာမကြောင့်ဟု ဆရာ့ကျေးဇူး အထူးသိသော တိုက်အုပ်၊ တိုက်ကြပ် ဆရာနှစ်ပါး၏နှုတ်မှ တဖွဖွ ပြောဆိုကြပါသည်။

ထို့အပြင်လည်း ရန်ကုန် ခေမာရာမမှာ သာမန်မျှ ရှိပါသေးသည်။ တကယ့် ပြည်းကမ်း၊ တကယ့်စာသင်ကောင်းခြင်းကို တွေ့မြင်လိုပါလျှင် မော်လမြိုင် ခေမာရာမသို့ သွားရောက်စေချင်ပါသည်ဟု တိုက်တွန်းလိုက်ပါသေးသည်။

x x x

ကျောင်းတိုက်တည်ထောင်ခါစတွင် ခေမာရာမမှာ လွှာချင်းတစ်ထပ်တိုက် ခပ်ငယ်ငယ်ကလေးသာဖြစ်၏။ ပထမဆုံး ကျောင်းဒကာမှာ ရန်ကုန်မြို့၊ အမှတ် (၁)၊ ကမ္ဘာ့ဇရိပ်သာလမ်းမှ ဓေယျကျော်ထင် စည်သူ သူရ မော်ကွန်းဝင် ပထမဆင့် ဗိုလ်မှူးကြီးမြဝင်း (ကွယ်လွန်)၊ ဇနီး ဒေါ်ခင်စောမြင့်နှင့် ဒေါ်ညွန့်ရီ၊ သမီး မစန်းကြိုင်၊ အမှတ် (၂၆၉)၊ အနောက်မင်းလမ်း၊ လှည်းကူးမြို့တို့ နှစ်ဦးမ,တည်စုပေါင်းလှူကြခြင်းဖြစ်၏။

စာသင်တိုက် တည်ခါစ ၁၃၄၆–ခုနှစ်တွင် သီလရှင် (၁၅) ပါးခန့်ဖြင့် အစပျိုးခဲ့ရာမှ စာသင်သီလရှင်များ တိုးပွားလာသဖြင့် ကျောင်းတိုက်အသစ် ဆောက်လုပ်ဖို့ လိုအပ်လာပြန်သည်။

ထို့ကြောင့် ၁၃၅၂–ခုနှစ်တွင် ယခုလက်ရှိ (၁၅) သိန်းတန် ကျောင်းကို ဓေယျကျော်ထင် စည်သူ သူရ မော်ကွန်းဝင် ပထမဆင့် ဗိုလ်မှူးကြီးမြဝင်း (ကွယ်လွန်)အား ရည်စူး၍ ဇနီး ကျောင်းအမကြီး ဒေါ်ခင်စောမြင့်နှင့် သမီး သန်းသန်းနုတို့က တစ်ဦးတည်း ဆောက်လုပ်လှူဒါန်းခြင်းဖြစ်၏။

ခေမာရာမ သီလရှင် စာသင်တိုက်သည် သက်တမ်းနုနယ်၏။ တိုက်အုပ်၊ တိုက်ကြပ် ဆရာနှစ်ပါးမှာလည်း အသက် (၄၀) ဝန်းကျင်အရွယ် နုပျိုငယ်ရွယ်ကြသည့်အားလျော်စွာ သာသနာ့ဝန်ထမ်းရာတွင် ခွန်အားအပြည့်၊ ဖွဲ့သတ္တိအပြည့်ဖြင့် တာဝန်ထမ်းကြပေသည်။

တိုက်အုပ် ဒေါ်ထေရီသည် မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဟန်ဂန်ရွာ ဇာတိဖြစ်၏။ ဦးဒွေး၊ ဒေါ်အုန်းကြည်တို့၏ သားသမီးခုနစ်ယောက်အနက် စတုတ္ထမြောက်သမီးဖြစ်ပြီး ၁၃၁၄-ခုနှစ်၊ ပြာသိုလဆန်း (၅) ရက်၊ စနေနေ့တွင် ဖွားမြင်ပြီး ငယ်မည်မှာ တင်တင် ဖြစ်သည်။

အသက် (၁၃) နှစ်အရွယ်၌ မော်လမြိုင်မြို့ ခေမာရာမသီလရှင်စာသင်တိုက်ဆရာကြီး ဒေါ်ပညာစာရီထံတွင် သီလရှင်ဝတ်ပြီး ခေမာရာမတိုက်မှာပင် စာသင်ခဲ့သည်။

ဒေါ်ထေရီသည် မော်လမြိုင်မြို့ သုသမာစာရ စာမေးပွဲမှ ဥပစာအထက်တန်းအောင်မြင်ပြီး မော်လမြိုင် ပရိယတ္တိ သဒ္ဓမ္မပါလ စာမေးပွဲ တတိယဆင့်နှင့် သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိစာမေးပွဲကြီးတို့ကိုလည်း ဖြေဆိုအောင်မြင်ခဲ့ပြန်သည်။

ထို့နောက် ဗဟန်း ဝိသုဒ္ဓါရုံတိုက် ဆရာတော် ဦးကောဏ္ဍည၊ တိပိဋက (ယော) ဆရာတော်တို့ထံ ပညာသင်ကြားပြီး ၁၃၄၃-ခုနှစ်တွင် 'သာသနဓဇ ဓမ္မာစရိယ'ဘွဲ့ ရရှိခဲ့သည်။

၁၃၅၁-ခုနှစ်၌ ဆူးလေ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ (၂၂)ကြိမ်မြောက် အဘိဓမ္မာ စာတော်ပြန်ပွဲတွင် သတ်မှတ်ထားသော ကျမ်းစာ ငါးပိုင်းမှာ အာဂုံနှင့် ရေးဖြေ နှစ်ရပ်စလုံး အောင်မြင်သဖြင့် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးက 'စူဠအာဘိ ဓမ္မိက ဝိပုလဉာဏိနီ' ဟူသော ဘွဲ့ အပ်နှင်းခြင်း ခံရသည်။

တိုက်အုပ်နှင့်အတူ လက်တွဲ၍ ခေမာရာမ၏ တိုက်ကြပ်တာဝန်ကို ထမ်းဆောင်သော ဒေါ်သာရသိင်္ဂီမှာ ရန်ကုန်တိုင်း၊ မှော်ဘီမြို့ဇာတိဖြစ်၍ ဦးကျော်ငြိမ်း၊ ဒေါ်ညွန့်တင်တို့မှ ၁၃၁၅-ခုနှစ်၊ ပြာသိုလဆန်း (၇) ရက်၊ သောကြာနေ့တွင် ဖွားမြင်၍ ငယ်မည်မှာ သင်းသင်း ဖြစ်သည်။

ခုနစ်နှစ်သမီးအရွယ်တွင် အလယ်တောရ သီလရှင်ဆရာကြီး ဒေါ်နန္ဒစာရီ (ဒေါ်မမလေး)ထံ၌ သီလရှင်ဝတ်ကာ မော်လမြိုင်ခေမာရာမတိုက်တွင် စာသင်ခဲ့ရသည်။ ထိုစဉ်ကပင် ဒေါ်ထေရီနှင့် ညီအစ်မရင်းနှယ် ခင်မင်ခဲ့ပြီး အတူတူ မဟာဝိသုဒ္ဓါရုံ ဆရာတော်ထံ ပညာဆက်လက်သင်ကာ ပထမကြီးတန်း အောင်မြင်ခဲ့သည်။

တိုက်အုပ်၊ တိုက်ကြပ် ဆရာနှစ်ပါးသည်ပင်လျှင် ခေမာရာမ၏စာချဆရာများဖြစ်၍ ဒေါ်သုဇနကာရီ၊ ဒေါ်ရူပနန္ဒီ၊ ဒေါ်သုမာလာ၊ ဒေါ်ကလျာတို့က ဝိုင်းဝန်း၍ စာချနေကြသော ခေမာရာမတွင် ငယ်ဖြူ သီလရှင်အပါး (၅၀) တို့သည် နေ့ဝါ

ည၀ါ မပြတ် စာကျက် စာပြန် စာအံ အထပ်ထပ်ဖြင့် ပရိယတ်သာသနာကို အားထုတ်မြဲစွာ မှီတင်းနေထိုင်ကြပါသည်။

x x x

ခေမာရာမ သီလရှင် စာသင်တိုက်မှာ ဥပုသ်နေ့တိုင်း တစ်လလျှင် လေးရက် အတန်းစဉ်စာမေးပွဲကို ကျောင်းတိုက်အတွင်း ကျင်းပပြီး ပြင်ပစာမေးပွဲများအတွက် အရန်သင့် ပြင်ဆင်ထားသည်။

စာအောင် သီလရှင်လေးများကို အသုံးအဆောင် ချီးမြှင့်ခြင်း၊ စာမေးပွဲ ဝင်မည့် သီလရှင်လေးများကို ဆွမ်းဆန်ခံ ဝတ် ကင်းလွတ်ခွင့်ပြုခြင်း၊ စာမေးပွဲ အတွက် လိုအပ်သမျှအဝဝကို တိုက်အုပ် တိုက်ကြပ်မှ ပြည့်စုံအောင် ဖန်တီးစီစဉ် ပေးခြင်းများ ပြုလုပ်ခဲ့သည်။

၁၃၅၁-ခုနှစ်မှစ၍ နှစ်စဉ် နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို မဟာစည်သာသနာ့ရိပ်သာတွင် ဖွင့်လှစ်ခဲ့ရာ ခေတ္တသီလရှင် အပါး(၂၀၀) ကျော် အား တိုက်အုပ်၊ တိုက်ကြပ် နှစ်ပါးဖြစ်သော ဒေါ်ထေရီနှင့် ဒေါ်သာရသီဂီတို့က သင်တန်းပို့ချခဲ့ရသည်။

ခေမာရာမတိုက်နေ သီလရှင်များ ပရိယတ်ကို ကြိုးစားသကဲ့သို့ ပဋိပတ်ကို လည်း မလွတ်စေရ။ တစ်နေ့ နှစ်ကြိမ် စုပေါင်း အားထုတ်ကြသည်။ ဝါတွင်း သုံးလပတ်လုံးရှိ လပြည့်နေ့များ၊ သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့်နေ့ တို့တွင် ကျောင်းတိုက်တွင်းရှိ ကြည်ညိုဖွယ်ရာ ရုပ်ပွားတော်များအား ဆွမ်းတော်ကြီး ကပ်လှူပွဲ ကျင်းပမြဲဖြစ်သည်။

ဓမ္မစကြာတရားဦး ဟောနေဟန် နောက်ခံပန်းချီကားရှေ့ ကြေးသွန်းရုပ်ပွား တော်နှင့်အတူ မီးဆိုင်းမီးပန်း၊ မျက်နှာကြက်တို့ တန်ဆာဆင်၍ မုန်ကျောင်းဆောင် ကိုပါ လှူဒါန်းသူမှာ ဦးအေးမင်း၊ ဒေါ်ခင်ငြိမ်းဝင်းနှင့် သား မျိုးမင်းဦးတို့ ကောင်းမှုဖြစ်၍ ၁၃၅၂-ခုနှစ်တွင် လှူဒါန်းကြောင်း သိရသည်။

x x x

ခေမာရာမ၏ဂုဏ်သတင်းကြောင့် အရိပ်အာဝါသခိုကာ ပညာယူချင်သော စာသင်သီလရှင်ဆရာလေးများ လာရောက်ချင်ကြသည့်အတွက် လက်ရှိကျောင်းတိုက် နှင့် မလုံလောက်တော့ပေ။

စပယ်ဦးစာပေ

ကျောင်းတိုက်ချဲ့နိုင်ရန်လည်း မြေပိုမရှိဖြစ်နေစဉ် ကျောင်းတိုက်သစ်ချဲ့ထွင်ရန် ကိစ္စ ဖြစ်လာရ၏။

၁၉၉၀-ပြည့်နှစ်တွင် သာသနာ့နယ်မြေမှ လူနေအိမ်ခြေများ ဖယ်ရှားပြီး သာသနာ့မြေကို သန့်စင်သည့်အစီအစဉ် ဖြစ်ပေါ်လာသည့်အခါ ခေမာရာမတိုက် အတွက် ပေ ၈၀ x ပေ ၁၅၀ ရှိ မြေနေရာရရှိခဲ့၏။ ထိုနေရာမှာ ဗဟန်း (၃) လမ်း မြေတိုင်းအမှတ် ၄၃ စီ၊ မြေကွက် အမှတ် ၃၃+၃၅+၃၆(က)+၃၇ ဖြစ်၍ အကျယ်မှာ ၀.၃၀၅ ဧက ရှိလေသည်။

ထိုမြေကွက်ပေါ်တွင် သီလရှင် အပါး (၂၀၀) နေထိုင်သီတင်းသုံးနိုင်မည့် စာသင်တိုက် အဆောက်အအုံဆောက်လုပ်ပြီး အနယ်နယ်အရပ်ရပ်မှ သီလရှင်များ ခေမာရာမတွင် ပညာရိပ်ခိုလှုံနိုင်ရန်၊ စံပြသီလရှင်စာသင်တိုက် ဖြစ်ရန်မှသည် သီလရှင်တက္ကသိုလ်အဆင့်ထိဖြစ်ရန် ခေမာရာမမှ ရည်ရွယ်ထားသဖြင့် သဒ္ဓါ ကြည်လင် ပါရမီရှင်တို့က ပါဝင်လှူဒါန်းရန် စိုင်းပြင်းနေကြပြီ ဖြစ်သည်။

ဤသို့လျှင် သဒ္ဓါ၊ ပညာ၊ ဝီရိယ မျှတသော ခေမာရာမ သီလရှင် စာသင်တိုက် ၏ ဆွမ်း၊ ကွမ်း ဝေယျာဝစ္စအတွက် ငွေပဒေသာပင် စိုက်ထူသော အလှူရှင်တို့မှာ ဒုဗိုလ်မှူးကြီးဖေသွင်၊ ဒေါ်သောင်းသောင်းအေး၊ ပြည်ထောင်စုရိပ်သာ၊ ရန်ကုန်မြို့မှ (၁၁၄၀၀) ကျပ်၊ ဦးအိန်စွန်း၊ ဒေါ်နှင်းကြည်၊ ဆရာစံလမ်းမှ (၆၀၀၀) ကျပ်၊ မိခင် ဒေါ်တင်ကြည်အား ရည်စူး၍ ဦးလူဖိန်နှင့် သားသမီးများ၊ အမှတ် ၈၈၊ (၂၁) လမ်း၊ လသာမြို့နယ်မှ (၆၀၀၀) ကျပ်၊ ကိုထွန်းဝေ၊ မတင်ငွေ၊ ဟန်ဂန်ရွာ၊ ရေးမြို့နယ်မှ (၅၀၀၀) ကျပ်၊ ဒေါ်တင်မြင့်နှင့် သမီး ဒေါ်မာမာ၊ အမှတ် (၁၅)၊ အောင်မင်းခေါင်လမ်း၊ ရန်ကုန်မှ (၅၀၀၀) ကျပ်၊ ကိုခင်မောင်ဝေ၊ မနွဲ့နွဲ့ဝင်း၊ ဗညားဒလလမ်း၊ အမှတ် (၁၉၅) မှ (၅၀၀၀) ကျပ်၊ ကိုဝင်းအောင်၊ မဖြူဖြူလတ်၊ သမီး ဖြူဝင်းသွယ်မှ (၅၀၀၀) ကျပ်၊ ဦးလှညွန့်၊ ဒေါ်သန်းမြင့်၊ သမီး လှလှသန်း၊ (၁၁၉)၊ လမ်း (၅၀) မှ (၅၀၀၀) ကျပ်နှင့် အခြားအလှူရှင်တို့ဖြစ်၍ တိုက်၏ ရာသက်ပန် ငွေပဒေသာပင် စိုက်ထူအလှူပြုထားခြင်း ဖြစ်ပေသည်။

ဆရာ ဒကာ ညီညွတ်စွာရှိသည့် ခေမာရာမတိုက်သစ် ဆောက်နိုင်ရန် သက်ဆိုင်ရာသို့ ပုံစံတင်ဆဲဖြစ်သည်။

X X X

ခေမာရာမ သီလရှင် စာသင်တိုက်သို့ ဆွမ်းဟင်းမျှတစေရန် အလို့ငှါ လစဉ် အလှူရှင်များကလည်း တတ်အားသမျှ ဒါနပြုလျက် ရှိပါသည်။

စပယ်ဦးစာပေ

ဦးချုရှိန်၊ ဒေါ်လှကြူ ဦးဝိစာရလမ်း၊ ရန်ကုန်နှင့် ဆွေမျိုးများဖြစ်သည့် ဦးချူတိ၊ ဦးစံသိန်း၊ ဦးချုသန်းတို့က လစဉ် ငွေ (၉၀၀) ကျပ်၊ ဦးအိန်စွန်း၊ ဒေါ်နှင်းကြည်နှင့် သမီး နုနုကြည်နှင့် မိတ်ဆွေများက ငွေ (၆၀၀) ကျပ်၊ ရန်ကုန်မြို့၊ ဘုန်းကြီးလမ်း၊ မဟာမြိုင်ဆေးတိုက်၊ ဒေါ်ဆွေ မိသားစုမှ လစဉ် (၅၀၀) ကျပ်၊ ရန်ကုန်မြို့၊ ဗိုလ်ချုပ်လမ်း၊ ဂုဏ်ပုံနှိပ်တိုက်၊ ဒေါ်ခင်မြိုင်၊ ဒေါ်ခင်ဌေး၊ ဒေါ်ခင်မြင့်တို့က ငွေ (၃၀၀) ကျပ်၊ ဦးသက်ရှည်၊ ဒေါ်ဝင်းလင်းငယ်၊ ရွှေဘုံသာ လမ်းမှ စားသောက်ဖွယ်နှင့် လူသုံးကုန်ပစ္စည်းများ လှူဒါန်းပြီး ဗဟန်း (၃) လမ်းမှ ခေမာရာမ သီလရှင်စာသင်တိုက်သို့ အဝင်လမ်း ပြုပြင်မှုအတွက် လှူဒါန်းသူမှာ ဒေါ်ကျင်သန်းနှင့် သမီး မိကွန်ချမ်းတို့က ငွေ (၁၀၀၀၀) မ,တည်ပြီး အခြားသူများက ထည့်ဝင်လှူဒါန်းသည့် ကောင်းမှုဖြစ်လေသည်။

ကျောင်းတိုက်၏ တိုက်အုပ်ဆရာက မွန်အမျိုးသမီး သီလရှင် ဖြစ်သည့် အလျောက် မွန်လူမျိုးတို့က အမြဲမပြတ် ထွက်ဝင် လှူဒါန်းရာ နေရာဖြစ်သော ခေမာရာမတိုက်မှာ မွန်စကားသံ ဝဲဝဲလေးများကို ကြားရမည်သာဖြစ်၏။

ထေရဝါဒ သာသနာကို မြန်မာပြည်မှ ကိုးကွယ်ယုံကြည်ခြင်းတွင် မွန်တို့ ဌာနေက လက်ဦးအစ ဖြစ်ခဲ့သည့်အလျောက် ယခုအခါတွင် မွန်အမျိုးသမီး သီလရှင်သည် မဆုတ်မနစ်သော ဇွဲသတ္တိဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင် နေကြောင်း တွေ့ရှိရပေသည်။

မော်လမြိုင် ခေမာရာမ၏ နည်းစနစ်အတိုင်း စာသင်ကြားခြင်း၊ အုပ်ချုပ်ခြင်း ပြုနေသော ရန်ကုန် ခေမာရာမသည် ခေမာနွယ်ဝင် သီလရှင် ဥပဒေအတိုင်း ခြေလှမ်းသည်မှ အစ သတိကပ်နေရပုံကို သံပေါက်လက်ကွဖြင့် ဖွဲ့ဆိုထားခြင်းကို ကြည့်၍ သိနိုင်ပါသည်။

> 'ညာလှမ်းရုပ်နာမ်၊ ဘယ်လှမ်းဖြစ်ပျက်၊ ထင်မြင်လျက်၊ မပျက်ခရီးသွား၊ သွားတိုင်း သွားတိုင်း စိတ်မရိုင်း၊ ကသိဏ်း ခြေမှာ ထား။'

ဟူ၍ ဝိပဿနာဆင်ခြင်သည့် ခေမာရာမပင် ဖြစ်ပါ၏။

ခေမာရာမတိုက်၏ စိတ်ဓာတ်မှာ သာသနာရေး၊ ဘာသာရေးကို ဦးစား ပေးသည့်အလျောက် 'သာသနာဖျက်၊ သည်အတွက်၊ နရက်ရောက်ပြန်ရ' ဟူ၍ သာသနာရေးကို ဖျက်လိုဖျက်ဆီးပြုသူများ ငရဲလားမည် ဧကန်ဖြစ်ကြောင်း သတိပေးထားလေသည်။

ထို့ကြောင့်သာပ၊ မျိုးသိသ၊
အားထုတ် ကျင့်ပါကြ။
ဥဩမှုတ်ကာ၊ သာသနာ၊
ရောင်ဝါနေသို့ ထွန်းလတ္တံ့။
ထွန်းသည့်သာသနာ၊ သတ္တဝါ၊
ထိုခါ ရေသို့ အေးလတ္တံ့။

ဟူ၍ သာသနာရေးအတွက် မျှော်တွေးလျက် ကျင့်ကြံကြိုးကုတ် အားထုတ်နေသော ခေမာရာမပင် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသတည်း။

သီရိ

မှုရုပ်စုံ ဘာသာရေးနှင့် အတွေးအခေါ်မဂ္ဂဇင်း
၁၉၉၃-ခုနှစ်၊ မတ်လ။ စာအုပ်အမှတ် (၃)

# မော်လမြိုင်မြို့ ခေမာရာမ သီလရှင် စာသင်တိုက်

ရန်ကုန်မှ မီးရထား မုတ္တမဘူတာဆိုက်ချိန်မှာ မွန်းတည့်ချိန် ဖြစ်သည်။ ခရီးအတွက် ပြင်ဆင်ရခြင်း၊ ရှစ်နာရီကြာမျှ ရထားစီးရ၍ နွမ်းနယ်ခြင်း၊ အိပ်ရေးပျက်ရခြင်းတို့ကို သံလွင်မြစ်အား ဖြတ်သန်း၍ တိုက်ခတ်လာသော လေပြည်လေညင်းက အေးမြစေပါသည်။ သို့သော်လည်း တကယ်တမ်း သွားရမည့်နေရာ အစစ်အမှန် မဖြစ်၍ စိတ်မှာ ဘဝင်မကျနိုင်သေးပါ။

သံလွင်မြစ်ကို သင်္ဘောဖြင့် ဖြတ်ကျော်စဉ် ခေမာရာမ သီလရှင် စာသင်တိုက်ကို စိတ်မှာ ရည်မှန်းကြည့်ခဲ့မိသေးသည်။ ရန်ကုန်မှာ နေစဉ်က လူပြော သူပြောများသဖြင့် မော်လမြိုင် ခေမာရာမကို စိတ်ဝင်စားခဲ့မိသည်။ ယခု လက်တွေ့မြင်ရတော့မည်။ ဘယ်လိုနေမလဲ၊ တစ်ခါမှလည်း မရောက်ဖူး၊ မော်လမြိုင်သို့လည်း ခရီးမထွက်စဖူးပါဘဲလျက် ခေမာရာမ၏ဂုဏ်သတင်းကြောင့် အရောက်လှမ်းလာခဲ့ရသော စာရေးသူမှာ စိတ်မောနေမိသည်။

မော်လမြိုင်ရောက်သော် ဆိုက်ကားတစ်စီးကို ခေမာရာမ လိုက်ပို့ခိုင်းရသည်။ ဆိုက်ကားက ခေမာရာမ အဝင်ဝဆီ လိုက်ပို့၏။ စိတ်မှာ ရည်မှန်းကြည့်ခဲ့ရသော ခေမာရာမကို လှမ်းမျှော်ကြည့်လိုက်မိသည်။

စိမ်းညိုသော သစ်ပင်ကြီးငယ် အသွယ်သွယ်တို့ ဝန်းရံအုပ်ဆိုင်းနေသော ခေမာရာမကို လှမ်းမြင်လိုက်ရသည်။ မီးခိုးရောင်၊ အပြာနုရောင်တို့ ရောစွက်ကာ အစိမ်းရောင်သည် ပို၍တောက်ပနေ၏။ အားလုံးပင် မျက်လုံးအေးချမ်းစေသော အရောင်များဖြစ်သည်။ မြင်မြင်ချင်း အေးချမ်းကြည်လင်သော အမြင်အာရုံကို ပေးနိုင်စွမ်းရှိ၍ ခေမာရာမကို ကျေးဇူးတင်မိသည်။

စပယ်ဦးစာပေ

အစိမ်းရောင်၊ အပြာနုရောင်၊ မီးခိုးရောင်များ ဟိုသည် လှမ်းမြင်ရသော ခေမာရာမထဲ လှမ်းဝင်လိုက်ရ၏။ သီလရှင်များ၏ စာအံသံကို စဉ်ဆက်မပြတ် ကြားနေရသည့်အတွက် ပင်မ ဇရပ်ဆီသို့ ဦးတည်သွားလိုက်ရသည်။

x x x

အမှန်တော့ ခေမာရာမသည် ပျိုနုခြင်းနှင့် အိုမင်းခြင်းတို့ ယှဉ်တွဲပေါင်းစပ်ပြသလိုဖြစ်နေသည်။ ပဓာန နာယကဆရာ ဒေါ်ပညာစာရီ (၈၈-နှစ်)၊ တိုက်အုပ် ဒေါ်သုခကာရီက (၈၆-နှစ်) ရှိပြီ။ တိုက်၏စာချဆရာများ၊ စာသင်သီလရှင်များက (၁၅) နှစ်မှ (၃၀-၄၀) အကြားတွေ၊ အသက် (၅၀) သီလရှင်ပင် ခေမာရာမမှာ ရှားပါးနေ၏။

အိုမင်းသော ဒေါ်ပညာစာရီ၏ အတွေးအခေါ်မှာမူ ခေတ်မီနေပါသည်။ သာသနာရေး ခရီးသည်အဖြစ် ရောက်လာသော စာရေးသူကို ဖော်ရွေစွာ ဧည့်ခံသည်။ လိုအပ်သမျှ ပြည့်စုံစေသည်။ သိလိုသမျှ မေးမြန်းခြင်းကို စဉ်းစား၍ အဖြေပေးသည်။ ပညာရှိတို့မည်သည် အိုမင်းလာလေလေ အသိဉာဏ်ပြည့်ဝလာလေလေ ဖြစ်မည် ထင်ပါ၏။

ဘာသာရေးစာပေများကို ဒေါ်ပညာစာရီ မည်သည့်အဆင့်ထိ သင်ကြားတတ်မြောက်ခဲ့ပါသနည်း၊ လေ့လာတော့ ပို၍ အံ့သြစရာကောင်းနေသည်။

၁။ **သာသန ဇောတိပါလ မဏ္ဍာစရိယ**
သုဝဏ္ဏဘူမိ ပရိယတ္တိအသင်း၏ သီးခြားစာချ။

၂။ **သာသနဟိတဓရ ပရိယတ္တိ ဆေကမဏ္ဍာစရိယ**
သုဝဏ္ဏဘူမိ ပရိယတ္တိအသင်း၏ ဂုဏ်ထူးဆောင်စာချ။

၃။ **သာသန ဓဇ မဏ္ဍာစရိယ**
နိုင်ငံတော်အစိုးရ၏ သီးခြားစာချ။

၄။ **သာသန သိရီပဝရ မဏ္ဍာစရိယ**
နိုင်ငံတော်အစိုးရ ဂုဏ်ထူးဆောင်စာချ။

နိုင်ငံတော်အစိုးရ ဂုဏ်ထူးဆောင်စာချ စသည့် ဘွဲ့များက ဒေါ်ပညာစာရီကို ဝန်းရံလျက် ရှိရသည့်အပြင် ၁၉၉၂-ခုနှစ်၊ နိုင်ငံတော်မှ ချီးမြှင့်အပ်နှင်းသော 'အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ' ဟူသော ဘွဲ့ကိုပါ ထပ်မံရရှိခဲ့သူ ဖြစ်သည်။

အသက် (၅၂) နှစ်အရွယ်မှာပင် စာချတန်း စာမေးပွဲ ဖြေဆိုကာ တပည့်များနှင့်အတူ အောင်ပန်းဆင်ခဲ့သူဖြစ်၍ ဒေါ်ပညာစာရီ၏ ဖွဲ့မာန်ကို ခန့်မှန်းနိုင်ပေသည်။

စာသင်တိုက်ကိုလည်း ကြီးမှူးအုပ်ချုပ်၊ ကိုယ်တိုင်လည်း ကြိုးစား၊ တပည့်များကိုလည်း စာသင်ကာ အများအကျိုး၊ သာသနာတော်ကြီးအကျိုးကို အားသွန်ခွန်စိုက် ဆောင်ရွက်လာခဲ့သဖြင့် ခေမာရာမသည် ပို၍တိုးတက်ခဲ့ရသည်။

ဒေါ်ပညာစာရီအကြောင်း တွေးနေမိရာမှ မော်လမြိုင် ခေမာရာမ၏ အတိတ်သမိုင်းကို စူးစမ်းလေ့လာမိပြန်သောအခါ ခေမာရာမက သူ့သမိုင်းကို ရိုးစင်းစွာ ပြသပါသည်။


x x x

မြန်မာသက္ကရာဇ် ၁၂၉၈–ခုနှစ်သည် မော်လမြိုင် ခေမာရာမ၏ မွေးဖွားခုနှစ်ဖြစ်သည်။ တိုက်တည်ဆရာမှာ သထုံမြို့ ခေမာရာမ သီလရှင် စာသင်တိုက်၏ နာယက ဒေါ်ခေမာဝတီဖြစ်သည်။


သက္ကရာဇ် ၁၃၀၀–ပြည့်နှစ်တွင် ဒေါ်ခေမာဝတီမှာ မရဏလမ်းသို့ မြန်းခဲ့ရ၏။ သူ့အမည်ကြောင့် သူ့တိုက်သည် 'ခေမာရာမ' ဖြစ်ခဲ့ရသည်။ ဤကား ခေမာရာမ၏ ပထမခေတ်တည်း။

ခေမာရာမ၏ ဒုတိယခေတ်တွင် တိုက်၏ နာယကမှာ ဒေါ်ပါရမီ ဖြစ်လာသည်။ ငယ်ရွယ်သော ခေမာရာမသူတို့အား စနစ်တကျ ကွပ်ကဲရန် စစ်ကိုင်းသမိဒ္ဓေါဒယချောင်မှ မော်လမြိုင်သို့ ရောက်လာခဲ့ရခြင်း ဖြစ်သည်။ ၁၃၀၁–ခုနှစ်မှ ၁၃၀၃–ခုနှစ်ထိ ဒေါ်ပါရမီ အုပ်ချုပ်နေစဉ် ကမ္ဘာစစ်မီးတောက်လောင်၏။ အများနည်းတူ ခေမာရာမသည် စစ်ဘေးဒဏ်ကြားတွင် ဆိတ်သုဉ်းသွားကာ ၁၃၀၄–ခုနှစ်တွင် ပြန်လည်သက်ဝင်စိုပြည်လာရ၏။

၁၃၀၇–ခုနှစ်တွင် ခေမာရာမမှာ ရှင်သန်စပြုလာပြီ။ ထိုအချိန်နှင့် နှစ်နှစ်အကြာ ၁၃၀၉–ခုနှစ်တွင် ဒေါ်ပါရမီက သူ နေထိုင်ခဲ့ရာ စစ်ကိုင်းချောင်သို့ ပြန်သွားသဖြင့် ထိုအချိန်က ပျိုရွယ်နုနယ်သော ဒေါ်ပညာစာရီ၊ ဒေါ်သုခကာရီတို့ ခေမာရာမ၏ အုပ်ချုပ်မှု အရိုက်အရာ ဆက်ခံခဲ့သည်မှာ ယနေ့အချိန်အထိပင် ဖြစ်ရပ်လေသည်။




မော်လမြိုင်မြို့ ခေမာရာမ သီလရှင် စာသင်တိုက်၏ အဝင်ဝမုခ်ဦး။



မော်လမြိုင်မြို့ ခေမာရာမ သီလရှင် စာသင်တိုက်၏
နာယက သီလရှင် ဆရာကြီး နှစ်ပါးနှင့် စာချဆရာများ။




ခေမာရာမ သီလရှင် စာသင်တိုက်၏ ပဓာန နာယကာ၊
မွန်ပြည်နယ် သီလရှင် အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ
ဆရာကြီး ဒေါ်ပညာစာရီ။



မော်လမြိုင်မြို့ ခေမာရာမ သီလရှင် စာသင်တိုက်၏
တိုက်အုပ် ဆရာကြီး ဒေါ်သုစကာရီ။



လူမျိုးမရွေး၊ ဘာသာမရွေး၊ လေးစားကြည်ညိုခြင်း ခံရသော
ဒေါ်ပညာစာရီအား ကြိုဆိုသူ ပရိသတ်များနှင့် တွေ့ရစဉ်။



နီပေါနိုင်ငံ ဗုဒ္ဓဘာသာ ပရိသတ်နှင့် ဒေါ်ပညာစာရီ။



ဒေါ်ပညာစာရီ၏ တရားနာ နီပေါဗုဒ္ဓဘာသာ ပရိသတ်များ။



ဇေတဝန်ကျောင်းတော်ရာသို့ ဒေါ်ပညာစာရီ
သွားရောက် လေ့လာကြည့်ရှုစဉ်။

မော်လမြိုင် ခေမာရာမ သီလရှင် စာသင်တိုက်၏ ဒုတိယခေတ်ဟု ခေါ်လျှင်လည်း မမှားနိုင်ပါ။ ခေမာရာမသည် ဒုတိယခေတ်ရောက်မှ ပို၍ အရှိန်ရ၊ အင်အားတောင့်တင်းလာသည်။

ဒေါ်ပညာစာရီ လက်ထက်တွင် သီလရှင်ဥပဒေကို ရေးဆွဲခဲ့သည်။ စာသင်တိုက်၌ နေလိုသော သီလရှင်တို့ ကျင့်ရသော ပုဗ္ဗပယောဂ ဥပဒေ၊ သီလရှင်တစ်ဦးသည် မော်လမြိုင် ခေမာရာမ အရိပ်ကို ခိုလှုံလိုပါက အာမခံရမည့် ပုဂ္ဂိုလ်ကျင့်ရသော ဥပဒေ၊ အာမခံသောပုဂ္ဂိုလ် ဖောက်ပြန်လျှင် ကျင့်ရသော ဥပဒေ၊ ဘုရားဝတ်တက်ရာ စသည်၌ ကျင့်ရသော ဥပဒေ၊ ညဦးအခါ စာပြန်ရာ၌ ကျင့်ရသော ဥပဒေ၊ နဝကမ္မပြုလုပ်ရာ၌ ကျင့်ရသော ဥပဒေ၊ သဗ္ဗကိစ္စ ဥပဒေ၊ ခေမာရာမ သီလရှင် ဥပဒေတို့ကို ရေးဆွဲကာ စနစ်တကျ ရှိစေခဲ့သည်။

စည်းကမ်းရှိ စနစ်ကျသော သူတို့အား လူအများ လေးစားတတ်မြဲဖြစ်သည့်အတိုင်း မော်လမြိုင် ခေမာရာမနှင့် ဒုတိယမြောက် အုပ်ချုပ်ရေးမှူး ဒေါ်ပညာစာရီ၏ ဂုဏ်သတင်းသည် မြန်မာပြည်အရပ်ရပ်မှာ ပျံ့မွှေးလှိုင်ကြူခဲ့ရသည်။

အသက် (၅၂-နှစ်) မှာ ဂုဏ်ထူးလေးကျမ်းနှင့် စာချတန်းအောင်မြင်ခဲ့သော ဒေါ်ပညာစာရီသည် ငယ်ရွယ်စဉ်က မဖြေလိုက်ရသော သထုံမြို့ ပရိယတ္တိစာမေးပွဲ နောက်ဆုံးအဆင့်ကို (၇၂-နှစ်) အရွယ်ရောက်မှ ဖွဲ့ကောင်းကောင်းဖြင့် ဝင်ရောက်ဖြေဆို အောင်မြင်ကာ ပညာလို အိုသည် မရှိ နမူနာကို ပြနိုင်ခဲ့သည်။

ယနေ့မြင်ရသော ခေမာရာမ၏ အနေအထားမှာ အားရနှစ်သက်ဖွယ် ဖြစ်သည်။ အုပ်ချုပ်ရေး၊ ပညာရေး၊ နေထိုင်ရေးက အစ တိုးတက်ခေတ်မီသည်။ လူအိုသော်လည်း အတွေးအခေါ် မအိုသည့် ခေမာရာမ၏ နာယက ဆရာသည် ခေမာရာမကို စနစ်ကျစွာ အုပ်ချုပ်မြဲပင် ဖြစ်သည်။

ဤကဲ့သို့သော ခေမာရာမ၏ နာယက ဆရာကို သထုံမြို့နယ်၊ မြေနီကုန်းကျေးရွာ ကျောင်းဒကာ ဦးဖိုးမှိန်၊ ကျောင်းအမ ဒေါ်ရွှေမြတို့မှ ၁၂၆၇-ခုနှစ်၊ သီတင်းကျွတ်လပြည့်၊ ကြာသပတေးနေ့တွင် ဖွားမြင်ခဲ့သည်။ မွေးချင်းများအနက် ဆဋ္ဌမမြောက်ဖြစ်ပြီး ငယ်မည်မှာ မဖွားသိ ဖြစ်သည်။

မိဘနှစ်ပါးနှင့် သားဖွားဆရာမပါ ဥပုသ်စောင့်နေစဉ် မီးရှူးသန့်စင်ဖွားမြင်ခဲ့၍ မဖွားသိဟု နေ့သင့် နံသင့် မှည့်ခေါ်ထားသော ဒေါ်ပညာစာရီလောင်းလျာမှာ အသက် (၁၈) နှစ်တွင် သီလရှင်တစ်ကြိမ် ဝတ်ဖူးသော်လည်း မိဘဆွေမျိုးများ သဘောမတူသဖြင့် လူဝတ်လဲလိုက်ရသည်။

အသက် (၂၅) နှစ်အရွယ် ၁၂၉၃–ခုနှစ်၊ ကဆုန်လပြည့်ကျော် (၃) ရက်နေ့တွင် အစ်မ သီလရှင် ဒေါ်စန္ဒာရီထံတွင် သီလရှင်ဘဝကူးပြောင်းကာ သထုံ ခေမာရာမ နာယက ဒေါ်ခေမာဝတီထံ ရောက်ခဲ့ရပြီး စာပေများ သင်ကြားခဲ့သည်။

သထုံ ခေမာရာမ သီလရှင် စာသင်တိုက်သည် မြသပိတ်တောင်ခြေရင်း တောအုပ်အဝင်စပ်တွင် ရှိ၍ ကျန်းမာရေး၊ လုံခြုံရေး မပြည့်စုံသဖြင့် ၁၂၉၈–ခုနှစ်၊ ဝါဆိုလဆန်း (၁၁) ရက်၊ တနင်္ဂနွေနေ့ (၂၈–၆–၃၆) တွင် ဆရာကြီး ဒေါ်ခေမာဝတီနှင့်အတူ မော်လမြိုင်သို့ ပြောင်းရွှေ့ခဲ့ပြီး ခေမာရာမ ပထမခေတ်၊ ဒုတိယခေတ်များ ကုန်လွန်စေခဲ့ပြီး တတိယခေတ်တွင် သူကိုယ်တိုင် အုပ်ချုပ်ရေးမှူး ပဓာန နာယက ဆရာ ဖြစ်ခဲ့ရသည်။

ယခုသော်ကား တိုက်တွင်းရှိ တပည့်သီလရှင်များ၊ ပြင်ပမှ ဒကာများကပါ 'ဆရာဘုရား'ဟု ခေါ်ဝေါ်သုံးစွဲရသည်အထိ ဒေါ်ပညာစာရီကို လေးစားကြည်ညိုကြသည်။

လောကီလူ့ဘောင်မှာ အိမ်ထောင်သက်မွေးမှုပြု၍ ပေါက်ပွားမည့် သားသမီးပင်လျှင် ဒေါ်ပညာစာရီ သက်ရွယ်ကြီးရင့်ချိန်တွင် ယခုလို ပြုစုယုယနိုင်မည်မထင်။ ဒေါ်ပညာစာရီအား သူ့တပည့်များ ပြုစုစောင့်ရှောက်ပုံမှာ ရှားပါး၍ ရနံ့သင်းပြီး လှပနုနယ်သော ပန်းတစ်ပွင့်ကို နေခြည်မထိုးရအောင်၊ လေအပင့်မှာ ကြွေလွင့်ခြင်း မရှိရအောင် ဂရုတစိုက်စောင့်ရှောက်နေသကဲ့သို့ပင် ဖြစ်သည်။ အဖိုးထိုက်သည့် ပြည်တန် ပတ္တမြားကျောက်မျက်ကို ခိုးယူပျောက်ဆုံးခြင်း မရှိရအောင် မြတ်နိုးယုယ တန်ဖိုးထားသကဲ့သို့ပင် ဖြစ်သည်။

ခေမာရာမမှ ပွင့်လန်းခဲ့သော ပန်းပွင့်များစွာဖြစ်သည့် စာချဆရာများကို ဒေါ်ပညာစာရီက သူ၏အနီးမှာ ဝန်းရံမထားပေ။ အခြားသော မြို့နယ်များသို့ စေလွှတ်ကာ သာသနာပြန့်ပွားရေးကို ဆောင်ရွက်စေခဲ့သည်။

သို့ဖြင့် မော်လမြိုင် ခေမာရာမ၏ တိုက်ခွဲပေါင်း များစွာသည် မြန်မာပြည် အရပ်ရပ်တွင် ပေါ်ပေါက်ခဲ့ရ၏။ မော်လမြိုင်မြို့ပေါ်မှာပင် တိုက်ခွဲသုံးခုကို မြို့၏ နေရာအသီးသီးတွင် ထားရှိစေသည်။

မော်လမြိုင်မြို့၊ အောင်သုခရပ်ကွက်၊ ဖက်တန်းနယ်မြေ၊ သီလရှင်လမ်း (ယခင် အင်ဂျင်နီယာလမ်း) တွင် မော်လမြိုင် ခေမာရာမ တည်ရှိသလို တိုက်ခွဲ ဖြစ်သည့် မြသီတာ သီလရှင် စာသင်တိုက်သည် မောင်ငံရပ်တွင် လည်းကောင်း၊ သုဝဏ္ဏရုံသီ သီလရှင် စာသင်တိုက်သည် တောင်ဝိုင်းတွင်လည်းကောင်း၊ ခေမာသီရိ သီလရှင် စာသင်တိုက်သည် ဒိုင်းဝန်ကွင်းတောင် ရှမ်းစုရပ် လှိုင်နယ်မြေတွင်

လည်းကောင်း တည်ရှိနေခဲ့ကာ လမင်းကြီးကို ကြယ်တာရာများ ခြံရံထားသည့်နှယ် တင့်တယ်ဝင့်ကြွားစေခဲ့သည်။

ခေမာရာမ၏ တိုက်ခွဲများကို အစဉ်အတိုင်း ဖော်ပြရလျှင်–

| | | |
|---|---|---|
| ၁။ | သုဝဏ္ဏရံသီ သီလရှင် စာသင်တိုက် | မော်လမြိုင် တောင်ဝိုင်းရပ် |
| ၂။ | မြသိတာ သီလရှင် စာသင်တိုက် | မော်လမြိုင် မောင်ငံရပ် |
| ၃။ | ခေမာသီရိ သီလရှင် စာသင်တိုက် | မော်လမြိုင် ဒိုင်းဝန်ကွင်း |
| ၄။ | ဉာဏာရာမ သီလရှင် စာသင်တိုက် | မုဒုံ |
| ၅။ | ခေမာရာမ သီလရှင် စာသင်တိုက် | မုဒုံ |
| ၆။ | ခေမာရာမ သီလရှင် စာသင်တိုက် | ရန်ကုန်၊ ဗဟန်း (၃) လမ်း |
| ၇။ | ခေမာရာမ သီလရှင် စာသင်တိုက် | သထုံ မြသပိတ်တောင်စွယ် ရွှေမြင်တင်တောင်ခြေ |
| ၈။ | စန္ဒာရာမ သီလရှင် စာသင်တိုက် | သထုံ မြသပိတ်တောင် (ယခင်–ခေမာရာမတိုက်ဟောင်း) |
| ၉။ | နန္ဒာရာမ သီလရှင် စာသင်တိုက် | ။ |
| ၁၀။ | သုစိတ္တာရာမ သီလရှင် စာသင်တိုက် | ပဲခူး |
| ၁၁။ | ဉာဏဝတီ သီလရှင် စာသင်တိုက် | မန္တလေး |
| ၁၂။ | ယုစန္ဒာမြိုင် သီလရှင် စာသင်တိုက် | မုံရွာ |
| ၁၃။ | ရတနာမာရ်အောင် သီလရှင် စာသင်တိုက် | ထားဝယ် |
| ၁၄။ | ခေမိန္ဒရာမ သီလရှင် စာသင်တိုက် | မြိတ် |
| ၁၅။ | ဓမ္မကိတ္တိဝိဟာရ သီလရှင် စာသင်တိုက် | နီပေါနိုင်ငံ |

တို့ ဖြစ်သည်။

ခေမာရာမ၏ တိုက်ခွဲများသည် ခေမာရာမ၏ နည်းစနစ်အတိုင်း စာသင်ကြားခြင်း၊ အုပ်ချုပ်ခြင်းဆိုင်ရာများတွင် ကျင့်သုံးကြကာ ဆရာ့စည်းကမ်းကို ဆက်ခံ ထိန်းသိမ်းကြသည်။

စာသင်တိုက်အသီးသီးကို ကောင်းစွာ သီကုံးပန်းနှယ် စုရုံးကာ တင့်တယ်ဝင့်ကြွားစေခဲ့သော ခေမာရာမ၏ ဥယျာဉ်မှူးကြီး ဒေါ်ပညာစာရီသည် မွန်ပြည်နယ် သာသနာ့နွယ်ဝင် သီလရှင်အသင်းကြီး၏ ပြည်နယ် ဥက္ကဋ္ဌလည်း ဖြစ်လေသည်။

မော်လမြိုင် ခေမာရာမ သီလရှင် စာသင်တိုက်၏ အုပ်ချုပ်ရေးမှူးအဆင့်ဆင့်ကို ဖော်ပြရမည်ဆိုလျှင်—

| | |
|---|---|
| **နာယက** | – ဒေါ်ပညာစာရီ |
| **တိုက်အုပ်** | – ဒေါ်သုခကာရီ |
| **ပထမစာချ အကြီးတန်း** | – ဒေါ်သီလဝတီ |
| **စာချများ** | – ဒေါ်ဝိကသီ |
| | – ဒေါ်ကုသစာရီ |
| | – ဒေါ်ရူပဝတီ |
| | – ဒေါ်ဇဝနသိင်္ဂီ |
| | – ဒေါ်ပုဏ္ဏစာရီ |
| | – ဒေါ်ခမ္မဝတီ |
| | – ဒေါ်စန္ဒသိင်္ဂီ |
| **စာချ အကြီးတန်း** | – ဒေါ်နန္ဒမာလာ |
| | – ဒေါ်ကေသာရီ |
| | – ဒေါ်နန္ဒသိင်္ဂီ |
| | – ဒေါ်ပညာရီ |
| | – ဒေါ်နန္ဒဝတီ |
| | – ဒေါ်ဣန္ဒာသိ |

တို့ ဖြစ်၍ စာချဆရာတို့သည် ယနေ့လက်ရှိ စာသင်သား (၉၀) ကျော်ကို အုပ်ချုပ် စာသင်ကာ အကျယ် လေးဧကခန့်ရှိသော ခေမာရာမတိုက်ဝင်းအတွင်း ဇရပ်အဆောက်အအုံ (၁၂) ခုတွင် တရားသဖြင့် ငြိမ်းချမ်းစွာ ပျော်မွေ့နေထိုင်လျက် ရှိကြပါသည်။

နာယကဆရာကြီး ဒေါ်ပညာစာရီ၏နောက်မှ အတူယှဉ်တွဲကာ တိုက်တာ၏ အုပ်ချုပ်ရေးကို စွမ်းစွမ်းတမံ တာဝန်ယူသူမှာ တိုက်အုပ် ဒေါ်သုခကာရီဖြစ်သည်။

ဒေါ်ပညာစာရီ ခံ့ခံ့ထည်ထည် နေနိုင်အောင် နောက်ပိုင်း မီးဖိုချောင် အုပ်ချုပ်ရေး စီမံစရာကိစ္စအဝဝ၊ တိုက်စည်းကမ်း၊ ညှိသည်ညှိဝတ်ပြုခြင်းမှအစ မလစ်ဟင်းရအောင် အကွက်စေ့စေ့ တာဝန်ယူသောကြောင့် တိုက်နေ သီလရှင်များက ဒေါ်သုခကာရီအား 'အဒေါ်ဘုရား'ဟု လေးစားမြတ်နိုးစွာ ခေါ်ဝေါ်ခြင်း ခံရသူ ဖြစ်သည်။

ဘီလူးကျွန်း၊ ကွမ်ရိုက်ရွာနေ အဖ ဦးဖိုးခက်၊ အမိ ဒေါ်စတို့မှ ၁၂၇၀–ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း (၁၂) ရက်တွင် ဖွားမြင်ခဲ့သော ဒေါ်သုခကာရီသည် ဒေါ်ပညာစာရီ၏ နောက်တွင် မားမားရပ်လျက် ခေမာရာမ၏ တိုက်အုပ်အဖြစ် တာဝန်ယူခဲ့သူဖြစ်ပြီး ၁၉၉၂–ခုနှစ်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ကို ဒေါ်ပညာစာရီနှင့် အတူတူပင် အပ်နှင်းချီးမြှင့်ခြင်း ခံရသည်။

ပဓာန နာယက ဆရာ၊ တိုက်အုပ်၊ အရန် မဟာနာယက၊ အနုနာယကများဖြင့် သိပ်သည်းကျစ်လျစ်စွာ ဖွဲ့စည်းထားသော ခေမာရာမ၏ အဆောက်အအုံများတွင် တစ်တိုက် သို့မဟုတ် ဇရပ်တစ်ခုလျှင် စာချဆရာတစ်ပါးနှင့် တပည့်စာသင်သားများ စုပေါင်းနေကြ၍ ခေတ်မိတက္ကသိုလ်ကြီးတစ်ခုမှ အဆောင်တွင် အဆောင်မှူးနှင့် ကျောင်းသူများ နေသည်နှင့် တူလှပေတော့သည်။

မိမိတို့နေထိုင်ရာ အဆောင်တွင်ပင် မိမိတို့ဘာသာ လွတ်လပ်စွာ ချက်ပြုတ်စားသောက်ပြီး စုပေါင်း စာဝါတက်ခြင်း၊ စာပြန်ခြင်း၊ ဝတ်တက်ခြင်းများကို အချိန်နာရီနှင့် အတိအကျ အချက်ပေး သံချောင်းခေါက်သံကို နားထောင်ရင်း လုပ်ကိုင်ဆောင်ရွက်နေကြရပါသည်။

X X X

မော်လမြိုင် ခေမာရာမ သီလရှင် စာသင်တိုက်မှာ အဆောက်အအုံများပြီး လူဦးရေ များသော်လည်း အသံဗလံ တိတ်ဆိတ်ကာ နားချမ်းသာမှု ရှိလှသည်။

တိုက်၏ တိတ်ဆိတ်ငြိမ်သက်ခြင်းဂုဏ်ကို ရိုသေခဲ့ညား၍ သစ်ပင်မြင့်များပေါ်မှ ကျေးငှက်များပင် ဆူညံခြင်း မပြုကြသယောင် ထင်ရသည်။ သို့ရာတွင် အေးချမ်းငြိမ်သက်သော ခေမာရာမမှာ လူစည်ကားသော နေ့များလည်း ရှိတတ်ပါသည်။

နှစ်စဉ် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ဆရာကြီးမွေးနေ့ (သီတင်းကျွတ်လပြည့်)၊ ကထိန်သင်္ကန်းကပ်ပွဲ၊ စာအောင်သီလရှင်များ ဆုပေးပွဲ (တပို့တွဲလပြည့်နေ့ဝန်းကျင်)၊ ကဆုန်လပြည့်တွင် တိုက်ဝင်းအတွင်း ဗောဓိပင် ညောင်ရေသွန်းပွဲများ ရှိစမြဲဖြစ်ပါသည်။

၎င်းအပြင် ဥပုသ်နေ့တိုင်း ခေမာရာမ ဝတ်ရွတ်စဉ်ကို အထူးအစီအစဉ်အဖြစ် စာသင် သီလရှင်များ ရွတ်ဖတ်ပူဇော်ရမြဲဖြစ်သည်။

အကြိမ်ကြိမ် ရိုက်နှိပ်ထုတ်ဝေဖြန့်ချိထားသော 'ခေမာရာမ ဝတ်ရွတ်စဉ်နှင့် သီလရှင်ဥပဒေ'စာအုပ်သည် မြန်မာပြည်အနှံ့အပြားရှိ သီလရှင်များ၏ လက်စွဲဖြစ်နေပါသည်။

အလျဉ်းသင့်၍ ဒေါ်ပညာစာရီအား သီလရှင် ဥပဒေကို ဆရာကြီးပင်တီထွင်ရေးသားခြင်းဖြစ်ပါသလား၊ သို့တည်းမဟုတ် မည်သည့်ဆရာဘုန်းကြီး၏ ဩဝါဒကို ခံယူရေးသားပါသလားဟု မေးကြည့်ရာ စစ်ကိုင်းတောင်ရိုး၊ ပဲစားချောင်ဆရာတော် ရေးခဲ့ဖူးသော စည်းမျဉ်းဟောင်းကို နှစ်သက်သဖြင့် ဖြည့်စွက်ပြင်ဆင်ကာ သီလရှင်ဥပဒေကို ရေးသားပြုစုခဲ့ခြင်းဖြစ်ကြောင်း ဖြေဆိုပါသည်။

သီရိမ္မာသောကမင်းကြီး၏ သမီးတော် သင်္ဃမိတ္တာထေရီကို မမြင်ဖူးမသိမီလိုက်ကြသူများသည် ဒေါ်ပညာစာရီကို ကြည့်ကာ ရှေးခေတ်သာသနာမှ သင်္ဃမိတ္တာထေရီကို မှန်းဆကြရာသည်။

သင်္ဃမိတ္တာထေရီမသည် ကိုးတိုင်း ကိုးဌာန သာသနာပြုရန် သီဟိုဠ်သို့ ကြွရောက်ခဲ့၏။ ခရစ်တော်မပေါ်မီ ဘီစီ (၂၄၁) သည် သင်္ဃမိတ္တာ သီဟိုဠ်ကြွသော အချိန်ကာလဖြစ်သည်။

ဒေါ်ပညာစာရီသည် မြန်မာပြည်တစ်ဝန်းနှင့် နိုင်ငံရပ်ခြားကိုပါ ဗုဒ္ဓသာသနာပြန့်ပွားစေလိုသူဖြစ်၏။ သူကိုယ်တိုင် ကျန်းမာရေးကောင်းစဉ်က မြန်မာပြည်အရပ်ရပ်ကို ကြွခဲ့သည်။

နီပေါနိုင်ငံတွင် ဖွင့်လှစ်ထားသော ဓမ္မကိတ္တိ ဝိဟာရနေ နာယကနှင့် တိုက်အုပ်ဆရာ ဒေါ်သုဓမ္မဝတီနှင့် ဒေါ်ဂုဏဝတီတို့၏ ပင့်လျှောက်ချက်အရ နီပေါသို့ သာသနာပြုခရီး ဆန့်ခဲ့သည်။

ဒေါ်ပညာစာရီနှင့်အတူ ဒေါ်သုခကာရီ လိုက်ပါလျက် ၁၃၄၁–ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၇) ရက်နေ့တွင် နီပေါသို့ ရောက်ခဲ့ရာ နီပေါနိုင်ငံ ခတ္တမန္ဒုလေဆိပ်သို့အရောက်၌ ထောင်ပေါင်းများစွာသော ထေရဝါဒ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့က ပန်းစည်း၊ ပန်းခိုင်၊ ပန်းကုံးများ၊ တံခွန် အလံများ ကိုင်ဆောင်ကာ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြပါသည်။

သုံးလမျှ ကြာခဲ့သော သာသနာပြုခရီးစဉ်တွင် သတိပဋ္ဌာန်တရားဟောကြားခြင်းဖြင့် နီပေါပြည်သူတို့အား တရားရေအေး တိုက်ကျွေးခဲ့ပါသည်။ နီပေါနိုင်ငံ ခတ္တမန္ဒုမြို့၊ ဘနေးဝါးကျေးရွာ ဗာလမ်ပူမြို့၊ မြတ်စွာဘုရား ဖွားမြင်ခဲ့သည့် လုမ္ဗိနီဥယျာဉ်နေရာတို့သို့ လှည့်လည်၍ တရားပြသခဲ့၏။

၁၃၄၆-ခုနှစ်တွင် ဒုတိယအကြိမ် နီပေါနိုင်ငံသို့ ရောက်ခဲ့ရပြန်သည်။ ဟိုတယ်ပိုင်ရှင် ဗုဒ္ဓဘာသာဝင် သူဌေးကြီး ဆောက်လုပ်လှူဒါန်းသော ကမ္မဋ္ဌာန်း နှစ်ထပ်ကျောင်းကြီး အလှူခံ ရေစက်ချရန်အတွက် ဖြစ်သည်။

ထိုကမ္မဋ္ဌာန်းကျောင်းတွင် (၁၀) ရက် တရားစခန်းဖွင့်ပြီး သူ့တပည့်များ ရှိရာ ဓမ္မကိတ္တိဝိဟာရသို့သွားကာ ယခင်အပတ်က ယောဂီဟောင်းများ၊ ဒါယကာ၊ ဒါယိကာမများနှင့် တရားဆွေးနွေးပြီး ညဘက်တွင် တရားပွဲကျင်းပခဲ့သည်။

ဒေါ်ပညာစာရီက မြန်မာဘာသာဖြင့် ဟောသည်ကို နီပေါသူ မသုမဓမ္မဝတီက နီပေါဘာသာ ပြန်ကြားပေးသည်။ ထိုအခေါက်က တစ်လမျှ ကြာခဲ့သည်။

နောက်ထပ်သွားရန် အစီအစဉ်ရှိသော်လည်း သက်ရွယ်ကြီးရင့်ပြီဖြစ်၍ မသွားနိုင်တော့။ မိမိတိုက်ဇရပ်တွင် စကြံလျှောက်ခြင်း၊ ဘုရားဝတ်ပြုခြင်းကိုပင် မနည်းကြိုးလုပ်နေရသည့် အနေအထား ဖြစ်နေသည်။

မြန်မာပြည်၏ သာသနာ့နွယ်ဝင်သီလရှင် အာဇာနည်တစ်ပါးကို အသက် ထင်ရှားရှိခိုက် သွားရောက်တွေ့ဆုံပါဟု အတန်တန်တိုက်တွန်းသော ရန်ကုန်မြို့၊ ဗဟန်း (၃) လမ်း ခေမာရာမ သီလရှင် စာသင်တိုက်မှ တိုက်အုပ် ဒေါ်ထေရီနှင့် ဒေါ်သာရသီဂီ (နှစ်ဦးစလုံး ခေမာရာမ ထွက်သည်) တို့အားလည်း ကျေးဇူးတင်ရှိကြောင်း စကားအလျဉ်းသင့်၍ တင်ပြချင်ပါသည်။ သူတို့နှစ်ဦး၏ စီစဉ်ဆက်သွယ်ပေးမှုကြောင့် ဒေါ်ပညာစာရီကဲ့သို့သော ပုဂ္ဂိုလ်အကျော်ကို တွေ့ဆုံရသည်။

သည်မျှမက သထုံ၊ မော်လမြိုင်၊ မုဒုံရှိ သီလရှင်စာသင်တိုက်များသို့ပင် ခရီးပေါက်ကာ မွန်ပြည်နယ် သာသနာ့နွယ်ဝင် သီလရှင်များကို လေ့လာသလိုလည်း ဖြစ်သွားသည်။

မွန်အမျိုးသမီး သီလရှင်များ၏ မွန်သံဝဲဝဲလေးနှင့် စုပေါင်းရွတ်ဖတ်သော ဘုရားရှိခိုးသံ၊ စာအံသံတို့ကိုလည်း ကြားခဲ့ရသည်။ မွန်ပြည်နယ်မှ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ လှူဒါန်းမှု၊ သဒ္ဓါတရား ထက်သန်မှုတို့ကိုလည်း တွေ့ခဲ့ရသည်။

အခြားသောနေရာကို မဆိုထားဘိ၊ ခေမာရာမ သီလရှင် စာသင်တိုက်ဝင်း မှာပင် အဆောက်အအုံပေါင်းများစွာ လှူဒါန်းမှုကို အံ့သြစွာ တွေ့ခဲ့ရပေသည်။

X X X

ခေမာရာမ သီလရှင် စာသင်တိုက်ဝင်းအတွင်း အဆောက်အအုံ (၁၂) ခု၊ ဗောဓိပင် တစ်ပင်၊ မင်္ဂလာကန်တော် တစ်ကန် ရှိ၏။

ပထမ ခေမာရာမ ဇရပ်တွင် ဒေါ်ပညာစာရီ၊ ဒေါ်သုခကာရီနှင့် တပည့် စာသင်သားများ နေကြ၏။ ဇရပ်မြေနေရာကို စိန်မမဟု ကျော်ကြားသော သူဌေး ကတော်နှင့် သမီး ဒေါ်မြတင်တို့ လှူသည်။ ဇရပ်ဒကာမှာ ဦးရွှေရင်ဖြစ်၏။

ဦးရွှေရင် ကွယ်လွန်ပြီးနောက် သားသမီးများဖြစ်သော ဦးအောင်သက်၊ ဇနီး ဒေါ်သိန်းရှင်တို့ဖြစ်ပြီး ပဲခူးချောင်ရပ် ဦးလှသွင်၊ ဒေါ်ငွေရီ၊ သားသမီးများက ဆက်လက်ပြီး ပြင်ဆင်လျက်ရှိသည်။

နှစ်ထပ်ဇရပ်တွင် စာချ ဒေါ်ကုသလာရီနှင့် တပည့်များ နေပြီး ဦးရွှေအောင် ဇရပ်တွင် ဓမ္မာစရိယ ဒေါ်သီလဝတီနှင့် တပည့်များ နေကြသည်။

ဒေါ်ထွန်း ဇရပ်တွင် စာချ ဒေါ်ဇေဝနသင်္ဂီနှင့် တပည့်များ၊ ဒေါ်ဖွားရှင် ကမ္မဋ္ဌာန်းတိုက်မှာ ပဋိပတ် အားထုတ်သူ သီရှင်များနှင့် ရံဖန်ရံခါ တရားထိုင်သည့် လူပုဂ္ဂိုလ်များ နေကြသည်။ ဒေါ်ဖွားရှင် ဇရပ်ဒကာမှာ မော်လမြိုင်မြို့ ပျဉ်ထောင် တန်းရပ် ဒေါ်ပု ဆေးလိပ်ရုံပိုင်ရှင် ဒေါ်ဖွားရှင်နှင့် တူ၊ တူမများ ဆောက်လုပ်လှူဒါန်း ထားခြင်း ဖြစ်သည်။

စိန်မြတင် ပိဋကတ်တိုက်မှာ တိုက်မှ ပိုင်ဆိုင်သော ပိဋကတ်တော်နှင့် စာအုပ်စာတမ်းများ ထားရှိပြီး သီလရှင်များအား စာချသည့် နေရာလည်း ဖြစ်သည်။ ဇရပ်ဒကာမှာ စိန်မမ၏သမီး ဒေါ်မြတင်ဖြစ်သည်။

မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ် ဦးရွှေသင်–ဒေါ်မာနီတို့ ဆောက်လုပ်လှူဒါန်း ထားသော ဇရပ်တွင် စာချ ဒေါ်ဝိလာသီနှင့်တပည့်များ နေထိုင်သည်။

ကပိလ ကမ္မဋ္ဌာန်းကျောင်းမှာ ဒေါ်ခင်မြ၊ ဒေါ်ခင်ညွန့်၊ ဦးတင်၊ ဒေါ်အေးရှင်၊ ဒေါ်မာဖြူတို့၏ ကောင်းမှုဖြစ်၍ စာသင် သီလရှင်များ နေကြပြီး ဒေါ်ကျင်ငွေး ဇရပ်တွင် အကျိုးဆောင် ဒေါ်မာလာရီနှင့် တပည့်များ နေကြသည်။

စာချ ဒေါ်ပုဏ္ဏစာရီနှင့် တပည့်များ နေထိုင်သည့် ဇရပ်မှာ ဦးချစ်တင် ဇရပ် ဖြစ်သည်။ မော်လမြိုင်မြို့၊ ကျိုက်ဖနဲရပ်နေ ဦးချစ်တင် ကောင်းမှုဖြစ်၏။

မော်လမြိုင် ဈေးကြီးရပ်နေ ဒေါ်ခင်မှိန် ဆောက်လုပ် လှူဒါန်းထားသော ဒေါ်ခင်မှိန် ဇရပ်တွင် စာသင်သားများ နေကြ၏။ ဒေါ်လှညွန့်၊ ဒေါ်သန်းစိန်နှင့် တူ၊ တူမများ၏ ဇရပ်တွင် စာချ ဒေါ်ရူပဝတီနှင့် တပည့်များ နေထိုင်သည်။

နှစ်ထပ်တိုက် လေးလုံး၊ ပျဉ်ထောင်ဇရပ် သုံးလုံး၊ တစ်ထပ်တိုက် နှစ်လုံး၊ ကမ္မဋ္ဌာန်းကျောင်းသုံးခုရှိသော ခေမာရာမနေ စာသင်သားတို့ ချိုးသုံးရန် ပတ်လည် (၃၅) ပေ၊ (၁၅) ပေ အနက်ရှိသော မိုးရေများ သိုလှောင်သည့် ကန်အမည်မှာ မင်္ဂလာကန်တော်ဖြစ်သည်။

x x x

ဒေါ်ပညာစာရီ၏ သာသနာ့သားတော် ခေါင်းဆောင်ကျွန်း ဆရာတော်က သာသနာ့မယ်တော် ကြည်ညိုနိုင်ရန် တိုက်အတွင်း ပြုပြင်မွမ်းမံစိုက်ပျိုးထားသော ဗောဓိပင် ခုနစ်ပင်မှာ ပူးပေါင်းစိုက်ပျိုးထား၍ ရှင်သန်ဖွံ့ဖြိုးနေ၏။ ထိုဗောဓိပင်ကို နှစ်စဉ် ညောင်ရေသွန်းပွဲအဖြစ် ကဆုန်လပြည့်နေ့တွင် ကျင်းပသည်။

မော်လမြိုင် ခေမာရာမ သီလရှင်စာသင်တိုက်ကို လှူဒါန်းသူအများအပြားရှိ၍ မျှတလုံလောက်ပါ၏။ လစဉ် လှူသူများကလည်း မပျက်မကွက် စေတနာထက်သန် ကြပါပေသည်။

သို့ရာတွင် တိုက်ကို အဓိကကျကျ အခန်းကဏ္ဍမှ လှူသူမှာ ဒေါ်ပု ဆေးလိပ် ရုံ၏ မြေးများဖြစ်သော ဒေါ်မြကြည်၊ ဒေါ်မြစိန်၊ ဒေါ်မြသန်းနှင့် မောင် ဦးကျော်မြင့် တို့ဖြစ်ပြီး နှစ်စဉ် စာအောင် သီလရှင်များကို ငွေသားဆုချီးမြှင့်ရန် တာဝန်ယူသူ ဖြစ်သည်။

မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ် မင်းလမ်းမနေ ဒေါ်ခင်မြ၊ ဒေါ်ခင်ညွန့်၊ ဆင်တဲဆိပ် မုန့်တိုက်ပိုင်ရှင် ဦးကီးယား၊ ဒေါ်ရွှဝါ မိသားစုတို့ သုံးဦးပေါင်း၍ တိုက်၏ ကုန်ကျသမျှသော ငါးပိရည်ကျိုနှင့် ထင်းများကို အလုံအလောက် လှူကြသည်။

ငါးပိအချိန် (၂၀၀)၊ ထင်းလိုသလောက် ပေးလှူသူရှိ၍ သီလရှင်များကို ခေမာရာမတိုက်မှ ငါးပိရည်ကျို၊ ဆားနှင့် ထင်းပေးပြီး ကျန်သည့်ဆွမ်းဆန်နှင့် ဟင်းလျာအတွက်သာ ကြိုးပမ်းရသည်။

တောပိတ်၊ မြို့ဖိတ်နေ့များတွင် ခေမာရာမမှ သီလရှင်များ စုပေါင်းစိတန်းကာ တစ်မနက်မျှ ဆွမ်းဆန်ရပ်ခြင်းဖြင့် တစ်ပတ်စာ ဖူလုံစေပါသည်။ စာမေးပွဲဖြေနေ သော သီလရှင်များ စာကျက်ရန် ဆွမ်းဆန်ရပ် လွတ်ငြိမ်းခွင့်ပြုခြင်း၊ စာမေးပွဲ အတွက် လိုအပ်သမျှ စီစဉ်ပေးခြင်းတို့ကို စာချဆရာများက ကြပ်မတ်ရသည်။

နောင်သောအခါ သာသနာပြုခရီးထွက်ပါက အသုံးဝင်ရန်အတွက်ဆိုကာ စာချဆရာ ဒေါ်နန္ဒဝတီကို တက္ကသိုလ်ပညာရပ် ဆည်းပူးစေသဖြင့် စတုတ္ထနှစ် မြန်မာစာ၊ အဝေးသင်တက္ကသိုလ်တွင် သင်ကြားခြင်း ခံယူနေပြီဖြစ်သည်။

နိုင်ငံခြားသာသနာပြုရာတွင် ကမ္ဘာသုံးဘာသာ တတ်မြောက်ရန်အတွက် လောကီပညာရေးကိုလည်း လျစ်လျူရှုခြင်းမပြု၊ ပျိုရွယ်စဉ်က ဒေါ်ပညာစာရီ၏ အုပ်ချုပ်မှုစည်းကမ်းတွင် သတင်းစာ မဖတ်ရ၊ ရေဒီယို နားမထောင်ရ၊ အပြင်စာ ဖတ်ဖို့ ကိစ္စ မစဉ်းစားရသော်လည်း အတွေ့အကြုံများလာသောအခါ လောကီ

ပညာရပ်ကို လိုအပ်သလို အသုံးချရမည်၊ အသုံးဝင်လာမည်ဟု သဘောပေါက်လာဟန်တူကာ တက္ကသိုလ်အဆင့် ပညာရေးကို အားပေးခဲ့ခြင်းဖြစ်သည်။

သားသေ လင်ဆုံး ကုန်ရှုံးကြွေးတင် လိုချင်တာ မရ၍ မယ်သီလလုပ်သည်ဟု အယူအဆရှိသူများအနေဖြင့် သားလည်း မသေ၊ လင်လည်း မဆုံး၊ ကုန်ရှုံးကြွေးတင်ခြင်းမရှိ၊ မိမိတို့၏ သဒ္ဓါတရားသက်သက်ဖြင့် နိဗ္ဗာန်ကို ရည်မှန်း ကျွတ်လမ်းရှာသူ အမျိုးသမီးများကို တွေ့ဆုံလေ့လာလိုပါလျှင် မော်လမြိုင်မြို့ ခေမာရာမ သီလရှင်စာသင်တိုက်ကို လေ့လာကြရာသည်။


ထို့ပြင် မိန်းကလေးတို့အား ဘာသာရေးအသိအမြင်၊ အိမ်တွင်းမှုထိန်းသိမ်းရေး ယဉ်ကျေးမှုတို့ကို သင်ကြားပေးသည့် တက္ကသိုလ်ကြီးသဖွယ် ဖြစ်သော ခေမာရာမကို အားပေးကူညီထိုက်၊ လှူဒါန်းထိုက်လှပေကြောင်း ရေးသားတင်ပြရပါသတည်း။

**သိရိ**

ဓမ္မရပ်ဝန်း ဘာသာရေးနှင့် အတွေးအခေါ်မဂ္ဂဇင်း
၁၉၉၃-ခုနှစ်၊ မေလ။ စာအုပ်အမှတ် (၄)




မော်လမြိုင်မြို့ မြသီတာ သီလရှင် စာသင်တိုက်အား အဝေးမှ လှမ်းမြင်ရပုံ။



၁၃၄၈–ခုနှစ်၊ မြသီတာ သီလရှင် စာသင်တိုက်၏
ဝါဆို သီလရှင် (၁၀၈)ပါးပြည့် အထိမ်းအမှတ်ပုံ။



မြသီတာ သီလရှင် စာသင်တိုက်၏ မူလဒါယကာများ။
(ဒေါ်မြကြည်၊ ဒေါ်မြစိန်၊ ဒေါ်မြသန်း၊
မြ ညီအစ်မသုံးဖော်နှင့် မောင်ဖြစ်သူ ဦးကျော်တင်။)



မြသီတာ သီလရှင် စာသင်တိုက်၏ နာယက ဆရာကြီး ဒေါ်ဣန္ဒဝတီအား
အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ် ဆက်ကပ်ခံရစဉ်။



မြသီတာ သီလရှင် စာသင်တိုက်၏
အကျိုးဆောင် အမကြီး ဒေါ်သောကဝတီ။



မြသီတာ သီလရှင် စာသင်တိုက်၏ နာယက သီလရှင် ဆရာကြီး
ညီအစ်မသုံးဖော်။ (ဒေါ်ဆေကဝတီ၊ ဒေါ်ဣန္ဒဝတီ၊ ဒေါ်ကုလဝတီ။)



မြသီတာ သီလရှင် စာသင်တိုက်၏ နာယက ဆရာကြီး ဒေါ်ဣန္ဒဝတီ
ဦးဆောင်သော သီလရှင်များ ဆွမ်းဆန်အလှူခံထွက်ကြစဉ်။

# မော်လမြိုင်မြို့ မြသီတာ သီလရှင် စာသင်တိုက်

ဖတ်ခဲ့ဖူးသော စာအုပ်တစ်အုပ်ထဲမှ စာပိုဒ်အချို့ကို မှတ်မိနေသည်။ အိန္ဒိယ စာရေးဆရာ 'ဘဂဝတီ ကျရန်ဗရမာ' ရေး၍ ပါရဂူ မြန်မာပြန်သော 'စိတ္တရလေခါ' ဝတ္ထုထဲမှ စာသားအချို့ဖြစ်၏။

'မိန်းမဆိုသည်မှာ အမိုက်မှောင်ဖြစ်သည်၊ မာယာဖြစ်သည်၊ မောဟဖြစ်သည်၊ တဏှာဖြစ်သည်' ဟု သူတော်စင် ဓာတ်လိုက်က ပြောသည်။ ကချေသည် စိတ္တရလေခါက ထိုစကားကို ပြန်လည်ချေပ၏။

'မိန်းမဆိုသည်မှာ သူ့ကို ထိန်းကွပ်သော ပုဂ္ဂိုလ်က အရည်အချင်းရှိလျှင် အင်အားဖြစ်သည်၊ အပြုဖြစ်သည်၊ အကယ်၍ သူ့ကို ထိန်းကွပ်သော ပုဂ္ဂိုလ်က အရည်အချင်းမရှိလျှင် အဖျက်ဖြစ်သည်' ဟူ၍ ဖြစ်သည်။

ထိုအတွေးအခေါ်များကို စာရေးသူ ပြန်လည်တွေးတော မှတ်မိနေချိန်မှာ ၁၉၉၂-ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ဖြစ်သည်။ နေရာဒေသ အတိအကျ ပြောရလျှင်တော့ မော်လမြိုင်မြို့ မောင်ငံရပ် ကျိုက္ကမီလမ်း မြသီတာ သီလရှင် စာသင်တိုက်သို့ လေ့လာရေး ရောက်ရှိနေချိန်တွင် ဖြစ်ပါ၏။

X X X

မော်လမြိုင်မြို့ ပျဉ်ထောင်တန်းရပ် ဒေါ်ပု ဆေးလိပ်ရုံပိုင်ရှင် ဒေါ်မြကြည်၊ ဒေါ်မြစိန်၊ ဒေါ်မြသန်းနှင့် မောင်ဖြစ်သူ ဦးကျော်မြင့်တို့က ငွေတစ်သိန်းခွဲ

မ,တည်လှူဒါန်းသောကြောင့် 'မြ'ညီအစ်မများ အလှူဒါနအမှတ်တရ 'မြသီတာ' ဟု အမည်ရသော သီလရှင် စာသင်တိုက်သည် မော်လမြိုင်မြို့၏ သာသနာ့ဂုဏ် ကျက်သရေတစ်ခုတွင် အပါအဝင်ဖြစ်သည်။

အလျားပေ (၇၀၀)၊ အနံ (၅၃) ပေရှိသော ခြံဝင်းအတွင်း သစ်လွင်ထည်ဝါသော နှစ်ထပ်တိုက်အဆောက်အအုံများ အဆောင် ငါးဆောင်ဆက်၍ ဆောက်ထားသည်ကို တွေ့ရ၏။

လွန်ခဲ့သော (၁၉) နှစ်ကာလက ဤမြသီတာ စာသင်တိုက်မှာ အုတ်ခင်း၊ ဖက်မိုးသော နှစ်ခန်းတဲမျှသာ ဖြစ်သည်။ ရှေ့ခန်းမှစ၍ တစ်ဆောင်ချင်းဆက်ပြီး ဆောက်လာရာ ငါးဆောင်မြောက်တွင် ယခုကဲ့သို့ ပြီးပြည့်စုံသော စာသင်တိုက်ဘဝသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ဤသို့လျှင် မြသီတာ၏အတ္ထုပ္ပတ္တိကို ကြားရသောအခါ ရောမမြို့ကြီးကို တစ်နေ့တည်းနှင့် တည်ဆောက်၍ မပြီးနိုင်ဆိုသော စကား သတိရမိသည်။ ရောမမြို့ကြီးမှသာ မဟုတ်၊ နေရာတကာ အမှုကိစ္စတိုင်းသည် တစ်နေ့တည်းနှင့် မပြီးကြသည်သာ များတတ်ပါသည်။

မြသီတာဟု ဝင့်ဝင့်ကြွားကြွားပေါ်ထွက်လာနိုင်အောင် ဖွဲ့၊ သတ္တိ၊ ဝီရိယ၊ လုံ့လတို့ဖြင့် သာသနာ့နွယ်ဝင်သီလရှင်များ ကြိုးပမ်းခဲ့ရ၏။ သည်ကဲ့သို့ ကြိုးပမ်းသူများမှာ ညီအစ်မအရင်း သုံးယောက်နှင့် လက်တွဲတပည့်တစ်ဦးဖြစ်သည်။

ဒေါ်ခေမဝတီ၊ ဒေါ်ဣန္ဒဝတီ (သိရိဒေါ်ဣန္ဒဝတီဘိဝံသီ)၊ ဒေါ်ကုလဝတီနှင့် လက်တွဲတပည့် ဒေါ်သန္တစာရီတို့သည် မြသီတာကို ပျိုးထောင်သူများပင်ဖြစ်၏။ ပွင့်လန်းရှင်သန်လာသော မြသီတာကို အစဉ်သဖြင့် စောင့်ရှောက်ထိန်းသိမ်းနေဆဲလည်း ဖြစ်ပါပေသည်။

X X X

မြသီတာအကြောင်းပြောရလျှင် မြသီတာ၏ ပဓာန နာယက ဆရာ 'သိရိဒေါ်ဣန္ဒဝတီဘိဝံသီ' ၏အကြောင်းကို အဓိထားပြောရမှ ပိုပြည့်စုံပါလိမ့်မည်။

မူရင်းသီလရှင်အမည် ဒေါ်ဣန္ဒဝတီမှ 'သိရိ ဒေါ်ဣန္ဒဝတီဘိဝံသီ' ဖြစ်လာရခြင်းမှာ မော်လမြိုင်မြို့ သဒ္ဓမ္မပါလအသင်းမှချီးမြှင့်သော 'သိရိ'ဘွဲ့နှင့် မော်လမြိုင်မြို့ သုသမာစာရအသင်းမှ ချီးမြှင့်သော ဘွဲ့ 'ဘိဝံသီ'တို့ ပေါင်းစပ်ကာ သိရိဒေါ်ဣန္ဒဝတီဘိဝံသီ ဖြစ်လာရပေသည်။

ထိုအသင်းများမှ ကျင်းပသည့် စာမေးပွဲများကို ထူးချွန်စွာ အောင်မြင်သော သိရီ ဒေါ်ဣန္ဒဝတီဘိဝံသီ လောင်းလျာကို သထုံမြို့နယ်၊ အောင်းစိုင်ရွာ၊ ဦးဘိုးသာ၊ ဒေါ်နှင်းနွယ်တို့က သက္ကရာဇ် ၁၂၉၀–ပြည့်နှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၁၄) ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်သည်။ မွေးချင်းတစ်ဆယ့်နှစ်ယောက်အနက် အထွေးဆုံးဖြစ်၏။

အောင်းစိုင်ရွာ အစိုးရအလယ်တန်းကျောင်းတွင် သတ္တမတန်းအထိ စာသင်ကြားခဲ့ပြီး ၁၃၀၈–ခုနှစ်၊ အသက် (၁၈) နှစ်အရွယ်တွင် အစ်ကိုရင်းဖြစ်သူ ဦးစံခင်၊ ဒေါ်သိန်းညွန့်တို့၏ ထောက်ပံ့မှုဖြင့် သထုံမြို့ သန္တာခရုံကျောင်းတိုက် ဒေါ်ဝံသီ ဇရပ်၌ ဒေါ်ဆေကဝတ်ကို ဥပဇ္ဈာယ်ပြု၍ သီလရှင်ဘဝသို့ ကူးပြောင်းခဲ့သည်။

မုံရွာမြို့ တောင်လယ်တီ စိတ္တသုခ သီလရှင်စာသင်တိုက် သာသနဓဇသိရိပဝရ ဓမ္မာစရိယ ဒေါ်ကုမာရီထံ၌ ပရိယတ္တိအခြေခံစာများကို သင်ကြားခဲ့ပြီးနောက် ၁၃၁၀–ပြည့်နှစ်၊ ကဆုန်လတွင် မော်လမြိုင် ခေမာရာမ စာသင်တိုက်သို့ ပြောင်းရွှေ့လာခဲ့ပြီး ဒေါ်ပညာစာရီထံ စာပေပရိယတ္တိများ ဆက်လက်သင်ကြားခဲ့ရာ ခေမာရာမ၏ ထူးချွန်သော သမီးတော် ဖြစ်ခဲ့ရသည်။

၁၃၁၆–ခုနှစ်တွင် စာချတန်း အောင်မြင်သဖြင့် သာသနဓဇ ဓမ္မာစရိယ ဘွဲ့ရရှိပြီး ၁၃၁၇–ခုနှစ်၌ ဂုဏ်ထူးတန်း အောင်မြင်သဖြင့် သိရိပဝရ ဓမ္မာစရိယဘွဲ့ ထပ်မံ ရရှိသည်။

သထုံမြို့၊ မော်လမြိုင်တို့၌ သီတင်းသုံးရသော ရဟန်းသံဃာ သီလရှင်တို့ အနေနှင့် မသက်သာလှပါ။ ဖြေစရာ စာမေးပွဲတွေက များလွန်းသည်။

အစိုးရ ပါဠိပထမပြန်စာမေးပွဲလည်း ဖြေရသည်။ မော်လမြိုင်မြို့ သုသမာစာရ အသင်း၊ သဒ္ဓမ္မပါလအသင်းတို့က ကြီးမှူးကျင်းပသော စာမေးပွဲလည်း ဖြေရသည်။ သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိအသင်း၏ စာမေးပွဲလည်း ဖြေရသည်။ ထိုအသင်းများမှ စာမေးပွဲဖြေဆိုအောင်မြင်သူတို့သည် အစိုးရ စာမေးပွဲတွေမှာ အလွယ်တကူ အောင်ပန်းဆင်နိုင်ကြသည်ချည်း ဖြစ်သောကြောင့် မိမိအရည်အချင်းကို ကြိုတင်စမ်းသပ်ချင်သူ၊ အသင်းအဖွဲ့မှ ပေးသော ဘွဲ့ကို မြတ်နိုးတန်ဖိုးထားသူတို့မှာ ဖြေဆိုကြသည်သာဖြစ်၏။

ဂုဏ်ထူးတန်းစာချ အောင်မြင်ပြီးသော ဒေါ်ဣန္ဒဝတီသည် မော်လမြိုင်မြို့ သုသမာစာရအသင်း စာမေးပွဲ အငယ် အလတ် အကြီး စာချတန်းကို အောင်မြင်သဖြင့် 'ပိဋကတ္တယ ကောဝိဒ ဓမ္မာစရိယ'ဘွဲ့ကိုလည်းကောင်း၊ သထုံမြို့ သုဝဏ္ဏဘူမိ

ပရိယတ္တိအသင်း စာမေးပွဲ၌ မဟာဝေယျာကရဏကတန်း၊ ဝိနယဓရတန်း၊ အဘိဓမ္မကတန်းတို့ကို အောင်မြင်သဖြင့် 'သာသန ဓောတိပါလ ဓမ္မာစရိယ'ဘွဲ့ ကိုလည်းကောင်း ထပ်မံရရှိပြန်သည်။

မော်လမြိုင်မြို့ သဒ္ဓမ္မပါလအသင်း စာမေးပွဲ ပထမဆင့်မှ သတ္တမဆင့်အထိ ပြီးမြောက်အောင်မြင်သဖြင့် ဂန္ထဝါစက ဓမ္မာစရိယဘွဲ့၊ ပရိယတ္တိ သဒ္ဓမ္မပါလ ဓမ္မာစရိယဘွဲ့များအပြင် သသ်ကရိုက် (သက္ကတဘာသာ) ကို တတ်ကျွမ်းသဖြင့် ဘာသန္တရ ကောဝိဒ ဓမ္မာစရိယဘွဲ့များကို ရရှိခဲ့သည်။

ဘွဲ့ (၇)ဘွဲ့ရ သီလရှင် ဒေါ်ဣန္ဒဝတီမှာ ပညာများသလောက် ဆရာလည်း များလှပါ၏။

မုံရွာမြို့ လယ်တီ စိတ္တသုခတိုက်မှ ဒေါ်ကုမာရီ၊ မော်လမြိုင် ခေမာရာမ စာသင်တိုက်မှ ဒေါ်ပညာစာရီ၊ စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံ ဆရာတော်၊ ဓေယျသိန်ပါဠိတက္ကသိုလ်ဆရာတော် ဦးပညိန္ဒ၊ ဦးကေတုမာလာ၊ ဦးအဂ္ဂဝံသာဘိဝံသ၊ မော်လမြိုင်မြို့ အဘိဓေ မဟာရဋ္ဌဂုရု တောင်လေးလုံး ဆရာတော်၊ မော်လမြိုင်မြို့ စိန်မမ ပါဠိတက္ကသိုလ် ဘဒ္ဒန္တ သူရိယာဘိဝံသ၊ ရွှေပရိယတ္တိကျောင်း ဆရာတော် ဘဒ္ဒန္တ ကုမာရ၊ ဘဒ္ဒန္တ စန္ဒဝံသတို့မှာ ဒေါ်ဣန္ဒဝတီ၏ ဆရာရင်းချာများ ဖြစ်သည်။

၁၃၂၂–ခုနှစ်တွင် ဒေါ်ဣန္ဒဝတီသည် မော်လမြိုင် ခေမာရာမ၏ တိုက်ခွဲအဖြစ် မြိတ်မြို့ ခေမိန္ဒာရာမ သီလရှင် စာသင်တိုက်ကို တည်ထောင်ပြီး မော်လမြိုင်မှ မြိတ်သို့ သာသနာ့နယ်ပယ် ကျယ်ပြန့်စေခဲ့သည်။

ထို့နောက် မော်လမြိုင်သို့ ပြန်လာကာ ၁၃၃၅–ခုနှစ်တွင် မောင်ငံရပ်၌ 'မြသိတာ'ကို တည်ထောင်ပြီး ယနေ့ထက်ထိ သီလရှင်အပါး (၁၀၀) ကျော်တို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချနေဆဲဖြစ်သည်။

ဤသို့ပြုလုပ်ဆောင်ရွက်ခဲ့သော ဂုဏ်အင်္ဂါ အရည်အချင်းတို့ကြောင့် နိုင်ငံတော် အစိုးရက ၁၉၉၂–ခုနှစ်၊ ဧပြီလတွင် ချီးမြှင့်သော 'အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ' ဘွဲ့ ဆက်ကပ်လှူဒါန်းခြင်း ခံခဲ့ရပေသည်။

မိန်းမဆိုသည်မှာ အမိုက်မှောင်ဖြစ်သည်၊ မာယာဖြစ်သည်၊ မောဟဖြစ်သည်၊ တဏှာဖြစ်သည်ဆိုသော စကားမှာ မိန်းမတိုင်းအတွက် မမှန်ပေ။

ထိုမိန်းမ စောင့်ထိန်းသော သီလ၊ ထိုမိန်းမ လေ့လာသော စာပေ၊ ထိုမိန်းမ ကျင့်သုံးသောဓမ္မတို့က ထိန်းကွပ်သောကြောင့် ထိုမိန်းမသည် ပတ်ဝန်းကျင်၏ အင်အား၊ သာသနာ၏အင်အား ဖြစ်လာရသည်မှာ လက်တွေ့ပင် ဖြစ်ပါသည်။

x x x

စပယ်ဦးစာပေ

၁၃၃၅-ခုနှစ်၊ ပြာသိုလကွယ်နေ့သည် မြသီတာစာသင်တိုက် အုတ်မြစ်ချသောနေ့ ဖြစ်၏။ ၁၃၃၆-ခုနှစ်၊ ဝါဆိုလတွင် မြသီတာမှာ ဒေါ်ဣန္ဒဝတီ ကျောင်းထိုင်သည်။

ထိုရက်များကား မြသီတာ၏အထိမ်းအမှတ်ဖြစ်သောကြောင့် နှစ်စဉ် ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပသကဲ့သို့ ပြာသိုလတွင် ငါးရက်တိုင်တိုင် ပဋ္ဌာန်းကျမ်းတော်မြတ် ရွတ်ဖတ်ပူဇော်ပွဲကျင်းပသည်။

တို့အတွက် မြသီတာ၏ အစဉ်အလာပွဲမှာ 'ဝါဆိုမှာ သင်္ကန်း၊ ပြာသိုမှာ ပဋ္ဌာန်း'ဟု ပြောစမှတ်ပြုရသည်။ ပဋ္ဌာန်းသိမ်းပွဲပြီးသောအခါ စာအောင် သီလရှင်လေးများအား ငွေသားချီးမြှင့်သည့် အခမ်းအနား ပြုလုပ်သည်။

မြသီတာသူတို့အား အရောင်တောက်အောင် ပြုပြင်သည့် စာချဆရာများမှာ သီရိ ဒေါ်ဣန္ဒဝတီဘိဝံသီ၊ ဒေါ်ဆေကဝတီ၊ ဒေါ်ပညာစာရီ၊ ဒေါ်သောဂီ၊ ဒေါ်သန္တစာရီ၊ ဒေါ်ကဥ္စနန္ဒီ၊ ဒေါ်သုစာရီ၊ ဒေါ်ဝိစရဏာတို့ ဖြစ်၏။

ဒေါ်ဣန္ဒဝတီသည် ပဓာန နာယကဖြစ်ပြီး အစ်မ ဒေါ်ဆေကဝတီမှာ တိုက်၏ အကျိုးဆောင် ဖြစ်သည်။ (၁၆) နှစ်အရွယ်တွင် သီလရှင်ဖြစ်သော ဒေါ်ဆေကဝတီ၊ အသက် (၁၈) နှစ်မှာ သီလရှင်ဝတ်သော ဒေါ်ဣန္ဒဝတီနှင့် ညီအစ်မနှစ်ဦးကို အားကျကာ အသက် (၄၈) နှစ်ကျမှ သီလရှင်ဝတ်သော ဒေါ်ကုလဝတီတို့မှာ တစ်အူထုံ့ဆင်း ညီမရင်းချာများ ဖြစ်ကြသည်။

မြိတ်မြို့တွင် သွားရောက်၍ ခေမိန္ဒာရာမ သီလရှင် စာသင်တိုက် တည်စဉ်က (၁၂) နှစ်သမီးအရွယ် သီလရှင်ဝတ် ဘဝနှင့် မော်လမြိုင်သို့ လိုက်ပါလာသော စာချဆရာ ဒေါ်သန္တစာရီမှာ တိုက်တည် တပည့်ဖြစ်၏။

၁၃၄၈-ခုနှစ်သည် မြသီတာ၏ ထူးခြားသော နှစ်ဖြစ်ရခြင်းမှာ ဝါဆိုသီလရှင် (၁၀၈) ပါး ပြည့်သောကြောင့် ဖြစ်သည်။

X X X

မြသီတာ သီလရှင်စာသင်တိုက်ကို ရှေ့တည့်တည့်က ကြည့်လျှင် သာမန်နှစ်ထပ်တိုက်အဖြစ် မြင်ရပေမည်။ ဘေးမှကြည့်လျှင် ရှည်လျားသော အဆောက်အအုံအဖြစ် ရှုမြင်ရမည်ဖြစ်၏။

ဝင်ဝင်ချင်း မြင်တွေ့ရမည့်အဆောင်မှာ ကြည်ညိုဖွယ်ပြင်ဆင်ထားသော ဘုရားဆောင်ဖြစ်၍ ဧည့်ခန်းအဖြစ်လည်း အသုံးပြုနိုင်သည်။

တစ်ဆက်တည်းဖြစ်သော ဒုတိယဆောင်မှာ ဆွမ်းစားဆောင်ဖြစ်သည်။ တစ်အိုးတည်းစား မြသိတာ သီလရှင်များ စုပေါင်းဆွမ်းစားသော နေရာဖြစ်၏။

မေ့ာစရိယဆောင်ဟုခေါ်သော တတိယဆောင်တွင် စာချတန်း သီလရှင်များ နေ၍ စတုတ္ထဆောင်တွင် ငယ်၊ လတ်၊ ကြီး စာသင်သားများ နေရာ အဆောင် ဖြစ်သည်။

ပဉ္စမဆောင်မှာ တိုက်၏ နာယက ဆရာ သိရိဒေါ်ဣန္ဒဝတီဘိဝံသီ နေရာ အဆောင်ဖြစ်သည်။

အဆောင်ငါးဆောင်ပါသော မြသိတာတိုက်၏ အနောက်ဘက်တွင် နှစ်ထပ် သုံးခန်းတွဲ သစ်သားအဆောက်အအုံမှာ မေ့ရက္ခိတ စိတ္တသုခ ကမ္မဋ္ဌာန်းကျောင်း ဖြစ်သည်။ တိုက်၏အကျိုးဆောင် ဒေါ်ဆေကဝတီနှင့် သက်ရွယ်ကြီးရင့် သီလရှင် ကြီးများ နေရာ အဆောင်ဖြစ်၏။

သုံးခန်းတွဲ လွှာချင်း သစ်သားအဆောက်အအုံမှာ တရားအားထုတ်သည့် ယောဂီများ နေရာအဆောင် ဖြစ်သောကြောင့် မြသိတာမှာ ကမ္မဋ္ဌာန်းကျောင်း နှစ်ကျောင်းဟုပင် ဆိုနိုင်ပေသည်။

ကမ္မဋ္ဌာန်းကျောင်း နှစ်ကျောင်းအကြားတွင် နှစ်ထပ်တိုက် အဆောက်အအုံ တစ်ခု ဆောက်လုပ်နေ၍ မည်သို့အသုံးပြုပါမည်လဲဟု မေးကြည့်ရာ မြသိတာ၏ မွောရုံ ဖြစ်ကြောင်း၊ ရှစ်သိန်းကျော် ကုန်ကျမည် ခန့်မှန်းထားကြောင်း၊ မွောရုံ၏ အမည်မှာ 'မြတ်မင်္ဂလာ' ဖြစ်ကြောင်း၊ မွောရုံ တည်ဆောက်ပြီးစီးပါက ငယ်ဖြူသက်ကြီး သီလရှင်များ ပဋိပတ်တရား အားထုတ်ရန်၊ နွေရာသီ စာဝါပိတ်ချိန်တွင် စာသင် သားများ တစ်လကြာ တရားစခန်းဖွင့်ရန်၊ တရားပွဲများ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပရန် ဖြစ်ကြောင်း သိရသည်။

သီလရှင်များ အိုလျှင် လုဝတ်ကြောင်း အိုသည်နှင့် မတူပါ။ ပို၍ ခိုကိုးရာမဲ့ ဖြစ်တတ်ပါသည်။ လုဝတ်ကြောင်က သားသမီး ဆွေမျိုးများ ပြုစုစောင့်ရှောက်မှု ရှိသေးသည်။ သီလရှင်မှာမူ သားသမီးမရှိ၊ ဆွေမျိုးက လက်မခံချင်။ လူတောထဲမှာ လည်း မနေတတ်။ လူထွက်ရမှာလည်း ဝန်လေးနေတတ်သဖြင့် သက်ကြီးသီလရှင် တို့၏ အနာဂတ်ကာလမှာ ပွဲသိမ်းမလှဖြစ်တတ်သည်ကို သိသော ဒေါ်ဣန္ဒဝတီက အသက် (၇၀) ကျော် ငယ်ဖြူသက်ကြီးသီလရှင်များ မြသိတာမှာ ခိုနားနိုင်အောင် အစီအစဉ်ပြုလုပ်လျက်ရှိသဖြင့် ကောင်းမြတ်သော အစီအစဉ်ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်ရပါတော့သည်။

မော်လမြိုင် ခေမာရာမ သီလရှင် စာသင်တိုက်ထွက်ဖြစ်သော ဒေါ်ဣန္ဒဝတီသည် မြသီတာအား ခေမာရာမ၏ မူအတိုင်း တင်းကျပ်သော စည်းကမ်းဖြင့် အုပ်ချုပ်ထားပါသည်။ မြသီတာကို လစဉ်ပေးလှူသူမှာ ,ဒေါ်ပု ဆေးလိပ်ရုံ၊ ဒေါ်မြကြည်၊ ဒေါ်မြစိန်၊ ဒေါ်မြသန်းတို့ပင်ဖြစ်၍ မြသီတာ၏ ငွေပင်ငွေရင်းကို တည်ထောင်သူမှာ မော်လမြိုင်မြို့ အရှေ့တောင်တိုင်း စစ်ဌာနချုပ် (၅၂၅) ထောက်/ပို့ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးတင်လှိုင်နှင့် ဇနီး ဒေါ်ခင်မြင့်တို့ ဖြစ်၏။

ဒုဗိုလ်မှူးကြီးတင်လှိုင်နှင့် ဇနီး ဒေါ်ခင်မြင့်တို့က ကမကထပြုကာ မြို့ပေါ်ရှိ အလှူရှင်များ စုပေါင်းပြီး မြို့ပေါ်ရှိ သီလရှင်တိုက် ခြောက်တိုက်ရှိ သီလရှင်များ အရေအတွက်နှင့်အမျှ တစ်ပါးလျှင် (၁၀၀) ကျပ်နှုန်း ငွေပင်ငွေရင်း ထူထောင်ပေးခဲ့ခြင်းမှာလည်း ရှေးက မပြုစဖူးသော အလှူထူးပင် ဖြစ်ကြောင်း သိရပါသည်။

ဒေါ်ဣန္ဒဝတီ၏ ငယ်ရွယ်စဉ်ဘဝ မြိတ်သို့ သာသနာပြုရန် ကိစ္စဆောင်ရွက်စဉ် အစစအရာရာ ကူညီစောင့်ရှောက်သော မြိတ်မြို့မှ ဒါယကာဦးသန်းမောင်နှင့် ဇနီး ဒေါ်သန်းတို့မှာလည်း ယခုတိုင် ရာသက်ပန် ဒါယကာ ဖြစ်နေပေတော့သည်။

X X X

မော်လမြိုင်မြို့၏ အကွက်အကွင်းကျသော လမ်းမကြီးများတွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများက မြင့်မြင့်မားမား တည်ရှိနေသည်။ နာဂဝိသ တောင်ရိုးပေါ်မှာကား ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ စေတီရုပ်ပွား၊ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများ ရှိလေသည်။

မော်လမြိုင်သည် ယခင်က အရှေ့အနောက် အားပြိုင်ရာဒေသ ဖြစ်၏။ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာတို့ အားပြိုင်ရာလည်း ဖြစ်ခဲ့သည်။

သထုံ၊ မော်လမြိုင် ဒေသရှိ မွန်၊ မြန်မာတို့သည် သာသနာရေးအတွက် များစွာကြိုးပမ်းခဲ့ကြောင်း မော်လမြိုင်ရာဇဝင်မှာ ဖတ်ရပါသည်။ ယခုတိုင်လည်း ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များက ကြိုးပမ်းနေဆဲ ဖြစ်ပါသည်။

သာသနာရေးကြိုးပမ်းသူ မြသီတာနာယက ဒေါ်ဣန္ဒဝတီ၏ အဆောင်တွင် ထူးခြားသောရုပ်ပွားတော်တစ်ဆူ ကိန်းဝပ်စံပယ်နေသည်ကို ဖူးတွေ့ခဲ့ရ၏။

၁၃၅၃–ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၈) ရက်နေ့က ရန်ကုန်မြို့၊ ဗဟန်းကြားတောရလမ်းရှိ ရွှေရင်အေး မွှာရုံတွင် ဒေါ်ဣန္ဒဝတီက ပဋ္ဌာန်းကျမ်းတော်

မြတ်ကို သသ်ကရိုက်ဖြင့် ထူးထူးခြားခြား ရွှတ်ဖတ်ပူဇော်သဖြင့် ချီးမြှင့်လိုက်သော သရက္ခန် စန္ဒကူး ရုပ်တုတော်မှာ နဝရတ်ကိုးသွယ် စလွယ်တင်လျှထားသည်။

ရုပ်ပွားတော်မှာ အနံ့မွှေးသင်းပြီး ဆုတောင်းပြည့်သောကြောင့် 'အသားတော်ဘုရား' ဟု အမည်တွင်ကြောင်း သိရပါ၏။

လူ့သမိုင်းနှင့်အမျှ သက်တမ်းရှည်လှပြီဖြစ်သော သာသနာ့နွယ်ဝင် သီလရှင်တို့၏ အကြောင်းခြင်းရာမှာ အချိန်ကာလကြာသည်နှင့်အမျှ မြသီတာလို ကြိုးကုတ်ရုပ်တည်သူများကြောင့် အရောင်တက်၊ ပြောင်လက်လာမည်သာ ဖြစ်ပါသတည်း။

**သိရီ**

**မွေ့ရပ်စုံ ဘာသာရေးနှင့် အတွေးအခေါ်မဂ္ဂဇင်း**
**၁၉၉၃-ခုနှစ်၊ ဇန်နဝါရီလ။ စာအုပ်အမှတ် (၅)**

## ဝမ်းနည်းကြေကွဲခြင်း

မော်လမြိုင်မြို့၊ မြသီတာ သီလရှင် စာသင်တိုက်ကြီး၏ ပဓာန နာယက ဆရာကြီး **သိရီဒေါ်ဣန္ဒဝတီဘိဝံသီ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ (ခုနစ်ဘွဲ့ရ ဓမ္မာစရိယ)** သက်တော် (၇၇) နှစ်၊ သိက္ခာတော် (၅၉) ဝါ သည် (၁၁-၇-၂၀၀၅) ခုနှစ်၊ တနင်္လာနေ့ ညနေ (၅) နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကြေကွဲဝမ်းနည်းမိပါကြောင်း။

**(စာရေးသူ)**

# သထုံမြို့ ခေမာရာမ သီလရှင် စာသင်တိုက်

အမှန်စင်စစ်အားဖြင့် သထုံမြို့ကို ရောက်ခဲ့ရခြင်းသည် မြန်မာပြည်တွင် ဗုဒ္ဓမြတ်စွာ သာသနာ ဦးစွာပေါ်ထွန်းသော နယ်ပယ်ကို တွေ့ထိခြင်းဖြစ်၍ များစွာ ကျေနပ်ရပါသည်။ 'သာသနာ့အစ သထုံက' ဟု ဆိုရိုးစကားရှိသည် မဟုတ်ပါလော။

သထုံကို မသွားမီ သထုံနှင့် ပတ်သက်သည့် အကြောင်းအရာပါသော စာအုပ်ကို ဖတ်ခဲ့မိသည်။ စာအုပ်အမည်မှာ ကွယ်လွန်သူ စာရေးဆရာ သိန်းဖေမြင့်၏ 'ကျွန်တော်တို့ မွန်မြန်မာ' ဖြစ်လေသည်။

'ကျွန်တော်တို့ မွန်မြန်မာ' တွင် သထုံမြို့၏ အလှကို 'သစ်ပင်ဝါးပင်၊ ရေယဉ်စိမ့်စမ်း၊ ရေပန်းရေတံခွန်၊ ရေပြွန်လျှိုချောင်၊ များမြောင်သွယ်ဖြာ၊ နံ့သာရစ်ထုံ၊ ပန်းမျိုးစုံ၍၊ ယမုံခွေသိုင်း၊ ရွှတိုင်းတင့်တယ်၊ ပျော်မွေ့ဖွယ်ကောင်းသော၊ သုဓမ္မပုရေ၊ ရှေးကသုစုမ်၊ ခုသထုံဟု၊ လူ့ဘုံကျော်ဟီး၊ ပြည်တော်ကြီး၌'ဟု လယ်တီဦးလှတင်က ရွှေစာရံဘုရားသမိုင်းတွင် ဖွဲ့နွဲ့ရေးသားဖူးကြောင်း ဟူသော စာပိုဒ်သည် စိတ်ထဲမှာ စွဲနေ၏ ။

လက်တွေ့မှာလည်း သထုံသည် လယ်တီဦးလှတင် ရေးသားခြယ်မှုန်းသည်နှင့် မယွင်းပါ။ ထပ်တူထပ်မျှ ဖြစ်ပါပေသည်။

x x x

သာသနာ့အစ သထုံက ဖြစ်သလို သာသနာကွယ်လျှင်လည်း သထုံကပင် စတင်ကွယ်လိမ့်မည်ဆိုသော စကားကို ယနေ့ သထုံသူ သထုံသားတို့က မခံမရပ်နိုင် ဖြစ်ကြသည်။ သထုံမှာ သာသနာကွယ်လိမ့်မည် ဆိုသော စကားမှာ ယုံတမ်း စကားသာ ဖြစ်ပါလိမ့်မည်။

သထုံသူ သထုံသားတို့ ဘာသာရေးမှာ စိတ်အားထက်သန်ပုံ၊ သဒ္ဓါတရားရှိပုံ၊ ကျောင်းကန်ဘုရား စေတီပုထိုး ပြုပြင်မွမ်းမံခြင်းတို့အပေါ် ကြည့်ရှုဆင်ခြင်ရလျှင် သထုံသည် နှောင်နှစ်ပေါင်း ကြာညောင်းသော်လည်း သာသနာ့နယ်မြေစစ်ကေန်သာ ဖြစ်လာနိုင်ပါသည်။

အခြားကို မကြည့်နှင့် သထုံမြို့ မြသပိတ်တောင်စွယ်၊ ရွှေမြင်တင်တောင်ခြေရှိ သထုံမြို့ ခေမာရာမ သီလရှင် စာသင်တိုက်ကို ကြည့်လျှင်ပင် သထုံမြို့၏ ဘာသာရေးကိုးကွယ်မှု အနေအထားကို ခန့်မှန်းနိုင်ပါသည်။

မိန်းမတို့၏စိတ်ဓာတ်၊ ဖွဲ့သတ္တိနှင့်အားမာန်၊ ဘာသာရေးအပေါ် မဆုတ်မနစ်ယုံကြည်ထက်သန်မှု၊ သဒ္ဓါတရားတို့ ဖော်ကျူးရာ သထုံ ခေမာရာမ သီလရှင်တိုက်သည် သထုံမြို့ ဘင်လှိုင်–မရမ်းချောင်းရပ်ဟုလည်း ခေါ်သောနေရာတွင် ထီးထီးမားမား ရပ်တည်ပြသလျက် ရှိပါ၏။


သထုံ ခေမာရာမ ဖြစ်လာရခြင်းသည် မော်လမြိုင် ခေမာရာမကြောင့်ပင် ဖြစ်၏။ မော်လမြိုင် ခေမာရာမမှ ခွဲထွက်လာကြောင်းကို တိုက်ဖွင့်ပွဲအခမ်းအနားရတုပိုဒ်စုံတွင် 'မင်္ဂလာအောင်စေ၊ တောင်းဆုခြွေသား၊ ရွှေမြေရန်လုံ၊ မြို့သထုံဝယ်၊ တွေ့ကြုံခဲစွာ၊ စောမြတ်စွာ၏၊ သာသနာစစ်၊ ရှသာနှစ်ကို၊ တို့ခေတ်ကုမ္ပာ၊ ပျိုတကာတို့၊ ထိုက်ရာသုံးစေ၊ ရည်ရွယ်ထွေဖြင့်၊ မေတို့ဆရာ၊ မြိုင်ခေမာက၊ မဟာနာယက၊ မွေးဌာနဝယ်၊ မူလမိုရာ၊ မည်တူစွာလျှင်၊ ခေမာသမိုက်၊ စာသင်တိုက်ကို၊ သိုက်မြိုက်အသစ်၊ တည်ဖွင့်လှစ်သည်၊ ရှင်ချစ်သာသနာ အကျိုးဆောင်ဘုရား' ဟု စီကုံးရေးသားထားလေသည်။

မော်လမြိုင် ခေမာရာမ၏ နာယက ဆရာ ဒေါ်ပညာစာရီက သူ၏မွေးဇာတိဖြစ်သော သထုံမြို့၏ သာသနာအကျိုးကို မျှော်ကိုးသောအားဖြင့် မော်လမြိုင် ခေမာရာမတိုက်၏ တိုက်ခွဲတစ်ခုအဖြစ် ၁၃၄၁–ခုနှစ်၊ ကဆုန်လဆန်း (၁) ရက်တွင် ဖွင့်လှစ်တည်ထောင်စေခဲ့ခြင်းမှာ သထုံ ခေမာရာမ ဖွားမြင်ခြင်း အကြောင်းအရာပင် ဖြစ်တော့သည်။


x x x



သထုံမြို့ ခေမာရာမ သီလရှင် စာသင်တိုက်၏
နာယက ဆရာကြီး ဒေါ်ကုသလစာရီနှင့်
ပအိုဝ်းအမျိုးသမီး သီလရှင်လေး။



၁၃၅၃–ခုနှစ်၊ တပေါင်းလက သထုံမြို့ ခေမာရာမ သီလရှင် စာသင်တိုက်၏
နာယက ဆရာကြီး ဒေါ်ကုသလဝတီနှင့် စာချဆရာ နှစ်ပါး။



သာသနာ့ဟိတကာရီ သီလရှင်အဖွဲ့ချုပ်မှ စာမေးပွဲကျင်းပနေစဉ်။



(၂၃)ကြိမ်မြောက် သာသနာ့ဟိတကာရီ ပရိယတ္တိ
စာမေးပွဲဆုနှင်းသဘင်တွင် ဆဋ္ဌမဆင့်၌ ပထမရရှိသော
မစန္ဒာရီ ဆုယူစဉ်။



ကော့ကရိတ်မြို့နယ်၊ သမိန်ဒွတ်ရွာ ကရင်အမျိုးသမီး သီလရှင်များနှင့်
ခေမာရာမ သီလရှင် စာသင်တိုက်၏ နာယက ဒေါ်ကုသလစာရီ။





သထုံမြို့ ခေမာရာမ သီလရှင် စာသင်တိုက်၏ အဓိက အလှူရှင်
ဦးယုကောင်း–ဒေါ်သန်းကြည်၊ (၃၀၅၊ မင်းလမ်း၊ သထုံမြို့။)



သထုံမြို့တွင် သီတင်းသုံးသော သာမဏေများ ခေမာရာမ သီလရှင်စာသင်တိုက်၏ စာရေးတံမဲ အလှူပွဲသို့ အလှူခံကြွလာပုံ။



စာရေးတံမဲ အလှူရေစက်ချပွဲ၌ သာမဏေပင် အနုမောဒနာတရားဟောကြားသည်။

ယခုမှသာ သီလရှင်စာသင်တိုက် ဖြစ်နေသော်လည်း သထုံ ခေမာရာမ၏ လက်ရှိနေရာသည် ဘုန်းကြီးကျောင်းဟောင်းကြီးဖြစ်ခဲ့၍ မည်သည့်သံဃာတော် အဆက်ဆက် ကျောင်းထိုင်ခဲ့ကြောင်း ပြောပြရန်ပင် အခက်အခဲ ရှိလေသည်။ မည်သူမှ အတိအကျ မမှတ်မိ။ ခေမာရာမအဖြစ် မွေးဖွားအုံဆဲဆဲတွင် ကျောင်းဟောင်းကြီး၌ သီလရှင်အိုကြီးတစ်ပါးသာ နေထိုင်လျက်ရှိသည်။

သီလရှင်အိုကြီးသည် တောကြီးမြိုင်လယ်မှာ ဆင်းရဲခေါင်းပါးစွာ နေထိုင်ရင်း အရှည်မျှော်တွေးကာ မိမိထက် လူအား၊ စိတ်ဓာတ်အား၊ ပညာအားသာသော မော်လမြိုင် ခေမာရာမ သီလရှင် စာသင်တိုက် နာယက ဒေါ်ပညာစာရီအား ကျောင်းအိုကြီးကို အပ်နှံလေသည်။

ဒေါ်ပညာစာရီသည် သာသနာအရေးကိစ္စတွင် တွေးခေါ်မြော်မြင်တတ်သူပီပီ အိုသူနေရာတွင် ပျိုသူနှင့်အစားထိုး၍ လက်ရှိ နာယက ဒေါ်ကုသလစာရီအား သထုံသို့ စေလွှတ်ကာ ကျောင်းအိုကြီးတွင် နေထိုင်စေပြီး သာသနာရေး ကြိုးပမ်းစေလေသည်။

သထုံမှ ဒကာများအား ဒေါ်ကုသလစာရီကို ဝိုင်းဝန်းပံ့ပိုး ကူညီစေပြီး ဒေါ်ပညာစာရီကိုယ်တိုင် ကျောင်းဖွင့်ပေးကာ 'သထုံ ခေမာရာမ သီလရှင် စာသင် တိုက်' ဟူသော အမည်ကို ယူစေသည်။

သို့ဖြင့် သထုံ ခေမာရာမ၏ ကျောင်းတည် သက်တမ်းသည် (၁၄) နှစ်မျှ ရှိလာရ၏။ ယခုတော့လည်း အရင်က ကျောင်းအိုကြီး ရှိခဲ့ပါသည် ပြော၍ပင် ယုံနိုင်စရာမရှိအောင် တိုးတက်နေသည်။

တစ်ကောခွဲခန့်ကျယ်သော သီလရှင်စာသင်တိုက်ကြီးမှာ သစ်ပင်ညွှန့်လန်း ရေစိမ့်စမ်းနှင့် ပတ်သန်းညိုမှောင် စိမ်းရောင်ယိုဖိတ် အေးမြရိပ်သည် မြသပိတ် တောင်စွယ် ရွှေမြင်တင် တောင်ခြေတွင် ရှိ၍ စာသင်သား (၁၀၃) ပါး နေထိုင်ကြ သည်။ နှစ်ထပ်တိုက်ကြီးအပါအဝင် အဆောက်အအုံပေါင်း ငါးခုမျှရှိပြီး နာယက ဆရာ ဒေါ်ကုသလစာရီက အုပ်ချုပ်စီမံကာ မော်လမြိုင် ခေမာရာမ၏ ကျင့်စဉ်အတိုင်း ခံယူကျင့်သုံးလျက် ရှိနေပါသည်။

X X X

မြိုင်ဝနာလယ်မှ ကျောင်းအိုကြီးကို ဖွံ့ဖြိုးစည်ပင်စေသော နာယက ဆရာ ဒေါ်ကုသလစာရီ၏ ဖွဲ့သတ္တိကိုတော့ ချီးကျူးရပါမည်။

မြသပိတ်တောင် ရွှေမြင်တင်တောင်တို့ကို ဖြတ်သန်းစီးဆင်းသော စမ်းရေကို ခေမာရာမ သီလရှင်တို့ သုံးစွဲရ၍ ငှက်ဖျားရောဂါ စွဲကပ်တတ်မှန်း သိလျက်နှင့်လည်း သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံ ရင်ဆိုင်သည်။

သဘာဝစမ်းရေကို သုံးရေအဖြစ်ထားပြီး သောက်ရေအတွက် ရေချိုတစ်တွင်း တူးကာ ပြည့်စုံစေသည်။ သီလရှင်တိုက်တွင် အနောက်တိုင်း ဆေးဝါးအဖြစ် အဓိက လိုအပ်သော ငှက်ဖျားဆေး၊ အပူကျဆေးတို့ကို ဝယ်ယူထားရှိ၍ မြန်မာ တိုင်းရင်းဆေးဖြစ်သော ဝမ်းနုတ်ဆေး၊ လေဆေး၊ ဆင်တုံးမနွယ် အစာကြေဆေး၊ မြင်းခွာရွက်ဆေးလုံးများကို ကိုယ်တိုင်ဖော်စပ်ကာ စာသင်သား သီလရှင်တို့အား လိုအပ်သလို ဆေးဝါးကုသပေးသည်။

ဤသို့လျှင် တိုက်နေ စာသင်သားတို့အား ကျန်းမာရေး ညီညွတ်စေပြီးမှ စာသင်သားတို့အား စာဝါပို့ချခြင်းများ ပြုလုပ်ရသည်။

သထုံမြို့သည် မွန်လူမျိုး၊ ကရင်လူမျိုးများ ဝင်ထွက် နေထိုင်ရာ မြို့ဖြစ်၍ တိုက်နေ သီလရှင်တို့မှာ မွန်အမျိုးသမီး၊ ကရင်အမျိုးသမီးလေးများပင် ဖြစ်ကြသည်။ ကရင်ပြည်နယ် ဘားအံ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး မြို့နယ်များမှ ကရင် အမျိုးသမီးလေးများသည် ဗုဒ္ဓသာသနာရိပ် မှေးအိပ်မှီခိုလိုပါက သထုံ ခေမာရာမသို့ ရောက်လာတတ်ကြသည်။

မိဘမဲ့ မှီခိုရာမဲ့ ကရင်အမျိုးသမီး ဆယ်ကျော်သက်များ သထုံ ခေမာရာမသို့ ရောက်လာသည့်အခါ မြန်မာစကားပင် မတတ်သေးသဖြင့် မြန်မာစကားကို ဦးစွာ သင်ပေးပြီးမှ သီလရှင် ဝတ်စေရသည်။ ပစ္စယနုဂ္ဂဟခေါ်သည့် ထောက်ပံ့သူ ကင်းမဲ့သောကြောင့် ဒေါ်ကုသလစာရီ၏ ကိုယ်ရံ အပိုအလျှံများ၊ ခါးဝတ်များကို ဆုတ်ဖြဲပေးပြီး အပူအချမ်း လုံခြုံစေရသည်။

ဤကဲ့သို့ ပြုစုဆောင်ရွက်မှုကြောင့် သာသနာ့နွယ်ဝင် သီလရှင် စာသင်တိုက် လည်း ဖြစ်၊ ကရင်ဗုဒ္ဓဘာသာ ယဉ်ကျေးမှုကျောင်းဟု ခေါ်လျှင်လည်း မှန်ကန်သော သထုံခေမာရာမ၏ ဂုဏ်သတင်း အရှိန်အဝါကြီးကာ စာသင်သား (၁၀၃) ပါး၊ စာချဆရာ လေးပါးအထိ တိုးတက်ဖွံ့ဖြိုးခဲ့ခြင်းမှာ မှန်ကန်သော တိုးတက်မှုပင် ဖြစ်လေသည်။

X X X

သထုံ ခေမာရာမတိုက်၏ စာသင်သား(၁၀၃)ပါးတို့အား တိုက်၏ နာယက ဆရာ ဒေါ်ကုသလစာရီ၊ ဒေါ်ခေမေသီ၊ ဒေါ်ဟေမာသိင်္ဂီ၊ ဒေါ်ဣန္ဒမာလာတို့က

နေ့ညမပြတ် အချိန်နာရီ အတိအကျ စာဝါများ ပို့ချနေသဖြင့် စိမ်းမြကြည်လင်သော သဇင်ကြက်ရုံး ဂမုန်းခတ္တာ ဖိဇဝါစသော ပန်းမျိုးစုံ ထုံသင်းရာဌာန သထုံ ခေမာရာမထဲ လှမ်းဝင်လိုက်သည်နှင့် သီလရှင်လေးများ စာအံသံကို ကြားနေရပါ၏။

တိုက်၏ဥယျာဉ်မှူး ဒေါ်ကုသလစာရီက မွန်အမျိုးသမီးပီပီ သာသနာမှာ စိတ်အားထက်သန်သည်။ ဘီလူးကျွန်း ချောင်းဆုံမြို့နယ် ကညော်ရွာနေ ဦးအုန်းမြိုင်၊ ဒေါ်လှရင်တို့၏ သားသမီး (၁၀) ယောက်အနက် သတ္တမမြောက် သမီးဖြစ်ပြီး ငယ်မည်မှာ မကျင်ရီဖြစ်သည်။

လောကီပညာရေး ရှစ်တန်းအထိ သင်ဖူး၍ ဆွဲခန့်ဆရာ သုံးလမျှ တာဝန်ထမ်းရင်း မော်လမြိုင်မြို့ သတိပဋ္ဌာန်ကျောင်း ဆရာတော်ထံ တရားအားထုတ်ရာမှ လူ့ဘောင်ကို ငြီးငွေ့ကာ ဦးပဏ္ဍဝကို ဥပဇ္ဈာယ်ပြု၍ အသက် (၁၈) နှစ်တွင် မြင့်မြတ်သော သီလရှင်ဘဝ ကူးပြောင်းသည်။

သီလရှင်ဘဝနှင့် ရှစ်လမျှ တရားအားထုတ်ပြီး ခမော်လမြိုင် ခေမာရာမသို့ ရောက်ခဲ့သည်။ ဒေါ်ပညာစာရီထံ ပရိယတ်စာပေများ ဆည်းပူးရင်း ဓမ္မာစရိယ နှစ်ကျမ်း အောင်ခဲ့ရာမှ သထုံ ခေမာရာမ တည်ထောင်ရန် တာဝန်ယူရသည်။

တကယ်တော့ ကျောင်းတိုက်တစ်ခု၏တာဝန်မှာ ကိစ္စများမြောင်လှသည်။ စာသင် သီလရှင်များ၏ စားဝတ်နေရေး၊ ကျန်းမာရေးကအစ တိုက်နာယကဖြစ်သူ၏ တာဝန်ဖြစ်နေ၍ ဓမ္မာစရိယ ဆက်ဖြေဖို့ပင် အခက်အခဲရှိနေသည်။ မိမိဘွဲ့ရဖို့ထက် မိမိနောက်မှ စာသင်သားတို့အရေး ဦးစားပေးနေရပါသည်ဟု သထုံ ခေမာရာမ၏ နာယက ဒေါ်ကုသလစာရီက သူ့အနေအထားကို ရှင်းပြပါသည်။

သို့ပါသော်လည်း သူနှင့်အတူ ခေမာရာမ၏တာဝန်ကို ကူညီ၍ ထမ်းဆောင်သူတွေ ရှိနေ၍ အားတက်ရပါသည်။ ဥက္ကဋ္ဌ ဒေါ်သန်းကြည်၊ အတွင်းရေးမှူး ဒေါ်မြင့်မြင့်တို့ ပါဝင်သော သဟာယပုညကာရီ အမျိုးသမီးအဖွဲ့သည် ခေမာရာမကို ကူညီပါသည်။ ငွေပင်ငွေရင်း ထူထောင်ပေးကာ လိုအပ်မျှ စောင့်ရှောက်ပါသည်။

ငွေပင်ငွေရင်း မ,တည်သူတို့မှာ သထုံမြို့ ရွှေစာရုံဘုရားကြီးတောင်ဘက် မင်းလမ်း၊ အမှတ် (၃၀၅) နေ ဦးယုကောင်း-ဒေါ်သန်းကြည်နှင့် မိတ်ဆွေများဖြစ်သော ဒေါ်လှခင်၊ ဒေါ်ခင်မြနှင့် အများပြည်သူတို့ဖြစ်ကြောင်း သိရသည်။

ဦးယုကောင်းနှင့် ဒေါ်သန်းကြည်တို့မှာ ခေမာရာမ၏ မိခင် ဖခင်လည်း ဖြစ်ပါသည်။ တိုက်၏နေ့စဉ်စားသုံးသော ဟင်းသီးဟင်းရွက် ငါးစို ငါးခြောက်ကအစ သူတို့ ဝယ်ခြမ်းစီမံပေးသည်။ အလှူရေစက် လက်နှင့်မကွာရှိနေသော ဖနီးမောင်နှံ

ကျောထောက်နောက်ခံရှိ၍ ခေမာရာမမှာ အင်အားတောင့်တင်းရပါသည်။ သူတို့ လှူရုံတွင်မျှမက ရန်ကုန်ရောက် သားသမီးများကိုပါ အလှူအတန်း ပြုစေသူများပင် ဖြစ်၏။

X X X

လှိုင်မြောင်စိမ့်စမ်းထဲမှာ တည်ရှိသော သထုံ ခေမာရာမမှာ ခေတ်မီအဆောက်အအုံများဖြင့် ဝင့်ထည်နေပါသည်။

စာသင်သား သီလရှင် (၅၀) နေကြသော နှစ်ထပ်တိုက် အဆောက်အအုံ၏ အပေါ်ထပ်မှာ ဘုရားခန်း၊ ဧည့်ဆောင်၊ စာဝါချသည့်နေရာ၊ စုပေါင်း ဝတ်တက်သည့် နေရာအဖြစ် အသွင်အမျိုးမျိုး အသုံးချကာ အောင်ထပ်မှာ စုပေါင်း ဆွမ်းစားဆောင် ဖြစ်သည်။ နှစ်ထပ်တိုက်မှာ အများပြည်သူ ကောင်းမှုဖြစ်၏။

. သထုံမြို့ မြသပိတ်ဘုရားလမ်းနေ ဦးဘွန်ပြုး-ဒေါ်ကျင်အေး မိသားစု ကောင်းမှု တစ်ထပ်လွှာချင်းတိုက်မှာ စာဝါပို့ချခြင်းပြု၍ သီလရှင် (၁၅) ပါး နေထိုင်သည်။

၁၃၄၂-ခုနှစ်က ဆောက်လုပ်ထားသည့် ဦးယုကောင်း-ဒေါ်သန်းကြည် ကောင်းမှု အဆောက်အအုံတွင် စာဝါပို့ချခြင်း၊ စာချတစ်ပါးနှင့် စာသင်တပည့်များ နေခြင်းပြုသည်။ သထုံ ခေမာရာမတိုက်၌ တရားစခန်းဖွင့်သည့်အခါမျိုးတွင် ထို အဆောက်အအုံ၌ သံဃာတော်များ သီတင်းသုံးကာ အမျိုးသမီးယောဂီများ တရား အားထုတ်သည့်နေရာဖြစ်၏။

ဧည့်သည်တည်းခိုဆောင်မှာ တိုက်နေ သီလရှင်တို့၏ မိဘဆွေမျိုးများ လာရောက်ပါက တည်းခိုရန်နှင့် ဧည့်သည်မရှိပါက စာသင်သားများ နေကြသည်။

သစ်သားဖက်မိုးဆောင်မှာ သီလရှင် ဒေါ်သုမေဝတီ နေထိုင်ရာ ဖြစ်သည်။ လူဝတ်ကြောင်ဘဝက သူနေထိုင်ခဲ့သည့် အိမ်ကို ဖျက်ကာ သူ့ကိုယ်ပိုင်ငွေဖြင့် အကုန်အကျခံပြီး အဆောက်အအုံ ထူထောင်ထားခြင်းဖြစ်သည်။

ဤသို့ ပင်မ နှစ်ထပ်လွှာ၊ လွှာချင်းတိုက်၊ ဒေါ်သန်းကြည်တိုက်၊ ဧည့်သည် တည်းခိုဆောင်၊ သစ်သားဖက်မိုးဆောင်တို့ဖြင့် ပြည့်စုံသော သထုံ ခေမာရာမ၏ နောက်ထပ်တည်ဆောက်ဆဲ အဆောက်အအုံမှာ ဗောဓိပက္ခိယ ဓမ္မာရုံ ဖြစ်လေသည်။

၁၃၅၄-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့က ပန္နက်ရိုက်ပွဲ ကျင်းပပြီးစီးသော ဗောဓိပက္ခိယ ဓမ္မာရုံအတွက် ငွေရင်းမ,တည်သူတို့မှာ ဦးယုကောင်း-ဒေါ်သန်းကြည်

မိသားစုမှ တစ်သိန်း၊ ကွယ်လွန်သူ ဦးပွေချိန်းအား ရည်စူး၍ သထုံမြို့ ရှမ်းစု အလယ်တန်းလမ်းနေ ဒေါ်ရွှေတီ မိသားစုမှ တစ်သိန်းဖြစ်ပြီး၊ ရန်ကုန်မြို့ စမ်းချောင်း၊ မင်္ဂလာလမ်း၊ အမှတ် (၇၆) နေ ဦးဟုတ်ကျင်-ဒေါ်မေဆန်းညွန့် (ဦးယူကောင်း-ဒေါ်သန်းကြည်တို့၏သား) က ဘုရား ဂန္ဓကုဋိတိုက်နှင့် ရုပ်ပွားတော်အတွက် တာဝန်ယူထားသည်ဟု သိရသည်။

x x x

စိမ်းမြဖြိုးဖြိုး၊ တောစိုးသစ်ပင်၊ ရေစင်ချိုအေး၊ တောသွေးယုက်မှိ၊ ယောဂီ ရဟန်းတို့၏နေရာ မြသပိတ်တောင်စွယ် ရွှေမြင်တင် တောင်ခြေရှိ သထုံ ခေမာ ရာမတိုက်တွင်း ကျင်းပမြဲ အလှူအတန်း ပွဲလမ်းသဘင်များ အမြဲမပြတ် ရှိပါ သည်။

နှစ်စဉ် တော်သလင်းလပြည့်နေ့သည် သထုံခေမာရာမ၏ ထူးထူးခြားခြား အလှူပွဲဖြစ်ပါသည်။ သထုံတစ်မြို့လုံးရှိ ရှင်သာမဏေ (၇၀၀) ကျော်တို့အား ပင့်ဖိတ်ကာ နာရီ၊ သက်န်း၊ စောင်၊ ဓာတ်ဘူး၊ ထီး၊ ဖိနပ်၊ ဘောလ်ပင်၊ စာအုပ် နှင့် ငွေသားများကို စာရေးတံမဲချ၍ လှူဒါန်းသည့်ပွဲ ဖြစ်သည်။

သာသနာ့အညွန့်အညောက် အပင်ပေါက်ဖြစ်သော ရှင်သာမဏေတို့အား ရေလောင်း ပေါင်းသင်ချင်သည့်ဆန္ဒဖြင့် သာမဏေ သီးသန့်ဖိတ်ကြားလှူဒါန်းကာ သာမဏေပင် အနုမောဒနာတရား ဟောကြားသောပွဲဖြစ်သည်။

တစ်နေ့သောအခါ ထိုသာမဏေများထဲမှ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ ဂဏ္ဌဝါစက၊ သဒ္ဓမ္မဇောတိပါလတို့ ဖြစ်ထွန်းမည်ဟု ရည်မှန်းကာ သာမဏေကို ပြုစု ပျိုးထောင်လှူဒါန်းခြင်း ဖြစ်သည်ဟု သိရ၏။

နှစ်စဉ် သီတင်းကျွတ်လဆန်း (၄) ရက်သည် နာယကဆရာ ဒေါ်ကုသလစာရီ ၏ မွေးနေ့ဖြစ်၍ (၄) ရက်နေ့မှစ၍ ငါးရက်တိုင်တိုင် ပဋ္ဌာန်းကျမ်းတော်မြတ်အား သီလရှင်များ ရွတ်ဖတ်၍ အသံမစဲ ပူဇော်ကာ သံဃာတော်များ ဆွမ်းကျွေး၊ ငွေသားလှူပြီး တိုက်တွင်းရှိ စာမေးပွဲအောင် သီလရှင်များကို ငွေသား၊ အသုံးအဆောင် ချီးမြှင့်သည်။

၁၃၅၄-ခုနှစ်မှစ၍ ပြာသိုလဆန်း (၁) ရက်နေ့တိုင်း သထုံမြို့ ဈေးရှေ့ စွန်သိန်းပရိက္ခရာဆိုင်မှ ဒေါ်စန်းမြင့်မှ ဦးဆောင်ကာ ခေမာရာမတိုက်ရှိ သီလရှင် များနှင့် အခြားသီလရှင် (၁၀) ပါးအား ဝတ်စုံလှူဒါန်းပွဲ ကျင်းပသည်။

သင်္ကြန်မတိုင်မီ နှစ်ရက်မှ သင်္ကြန်ကျပြီး နှစ်ရက်အထိ ခေမာရာမမှာ တောင်စွန်း ဓမ္မဒူတ ဆရာတော် အမှူးပြုသော သံဃာတော်များအား ပင့်ဖိတ်၍ တရား စခန်းဖွင့်သည်။ ထိုတရားစခန်းမှာ (၁၀) ရက်ကြာပြီး အလှူဒါန ပြုကြသူငါဖြင့် ပြည့်စုံသောပွဲဖြစ်သည်။

ပရိယတ်နှင့် ပဋိပတ် စုံညီစွာ ကျင့်သုံးသော သထုံ ခေမာရာမသည် ဆရာ ဒကာ ညီညွတ်သောကြောင့် တိုးတက်ဖွံ့ဖြိုးသည်။ တိုက်ဝင်းဝကို ခြေချသည်နှင့် စနစ်တကျရှိသော အဆောက်အအုံ၊ ရေပြွန် ရေပိုက် ရေချိုးတွင်း၊ စားပင် သီးပင် တို့ဖြင့် အရိပ်အာဝါသနှင့် ပြည့်စုံ၍ နှလုံးမွေ့လျော်ဖွယ်ရှိ၏။

မော်လမြိုင် ခေမာရာမ၏ နည်းစနစ်အတိုင်း ကျင့်သုံးသောကြောင့် စနစ် ကျနစွာ ရုံထားသော ကိုယ်ရုံကို မြင်ကာမျှဖြင့် သထုံ ခေမာရာမက သီလရှင်ဟု လည်းကောင်း၊ တောဖိတ် မြို့ဖိတ် နေ့များတွင် စုပေါင်း၍ စီတန်း ဆွမ်းဆန်ရပ်တာ မြင်ကာမျှဖြင့် သထုံ ခေမာရာမက သီလရှင်ဟုလည်းကောင်း မမေးဘဲ သိနိုင်ပေ သည်။

သထုံမြို့ရှိ သီလရှင်ကျောင်း တစ်ကျောင်းပင်လျှင် သည်ကဲ့သို့သော အရည်အချင်းများ ပြည့်ဝနေပါလျှင် အခြားသော သံဃာတော်များ၊ သာသနာရေး ဆိုင်ရာ အဖွဲ့အစည်းများ၊ သာသနိက အဆောက်အအုံများ၊ မြို့လယ်ရှိ ရွှေစာရံစေတီ၊ သိကြားဘုရား၊ ပိဋကတ်တိုက်စေတီ၊ ရွှေဆေးခံစေတီ၊ ကလျာဏီသိမ်၊ ရဟန္တာ ဓာတ်တော်တိုက်၊ မြသပိတ်ဘုရား၊ လဝဘုရား စသည်ဖြင့် ဝိုင်းရံထားသော မြို့သထုံသည် သာသနာ အနှစ် ငါးထောင်ပတ်လုံး တည်ပြီး ကမ္ဘာပျက်မှ သာသနာ ပျက်မည့် နယ်မြေဖြစ်ပါကြောင်း ရဲဝံ့စွာ ထင်မြင်ယူဆမိပါသတည်း။

**သီရိ**

ဓမ္မရုပ်စုံ ဘာသာရေးနှင့် အတွေးအခေါ်မဂ္ဂဇင်း
*၁၉၉၃-ခုနှစ်၊ ဇူလိုင်လ။ စာအုပ်အမှတ် (၆)*

# သာသနဟိတကာရီ သီလရှင် အဖွဲ့ချုပ်

လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်ကျော်က ရန်ကုန်မြို့တွင် သီလရှင်များ စုပေါင်း၍ သာသနာရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခု ထူထောင်ခဲ့ကြသည်။ ထိုအဖွဲ့အမည်မှာ 'သာသနဟိတကာရီ သီလရှင်အဖွဲ့ချုပ်' ဖြစ်လေသည်။

သာသနာတော်နှင့်ပတ်သက်လာလျှင် ဘုရားသားတော် သမီးတော်များသည် တာဝန်အရှိဆုံးပုဂ္ဂိုလ်များ ဖြစ်သည်။ သာသနာ တိုးတက်ပြန့်ပွား ထွန်းကားရေးအတွက် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ကြိုးပမ်းနေခြင်းထက် အဖွဲ့အစည်းတစ်ခု ဖွဲ့၍ ပိုမိုထိရောက်စွာ ဆောင်ရွက်လိုသည့်ဆန္ဒကြောင့် သာသနာ့နွယ်ဝင် သီလရှင်များက သာသနဟိတကာရီ သီလရှင်အဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့ကြခြင်းဖြစ်သည်။

၁၉၅၄–ခုနှစ်က သာသနာ့မြေများကို ပြည်သူပိုင်သိမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုရေး ပြဿနာ မြန်မာနိုင်ငံမှာ ပေါ်ပေါက်ခဲ့သည်။ ထိုကိစ္စနှင့် ပတ်သက်၍ သီလရှင်များသည် သာသနာ့ဝန်ထမ်း မဟုတ်ဟု ပြောဆိုသုံးနှုန်းမှုများ ရှိလာခဲ့၏။

အလှအပကို မမင်၊ ဆံပင်အဆုံးခံကာ ပရိယတ်၊ ပဋိပတ် ပွားများနေသော သီလရှင်တို့ကလည်း 'သီလရှင်သည် သာသနာ့ဝန်ထမ်းမဟုတ်'ဟူသော စကားကို နာကြည်းကြသည်။

မိမိတို့သည် လူဝတ်ကြောင်များနှင့် ရောနှောမှုမရှိ။ ရှေးခေတ် ဘိက္ခုနီတို့၏ အဆက်အနွယ်အဖြစ် ရပ်တည်နေခဲ့သည်။ နိုင်ငံရေးဆောင်ရွက်မှုမရှိ။ သာသနာ့ဝန်ထမ်း ရဟန်းများကဲ့သို့ပင် ပါလီမန်ရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်း၌ မပါဝင်။ သို့ဖြစ်ပါလျက် သာသနာ့ဝန်ထမ်းမဟုတ်ဟု ဆိုသည်ကို မခံချင်ဖြစ်ကြ၏။

သာသနာ့ဝန်ထမ်း ပိသစ္စာ သာသနာရေးကိစ္စများကို စုပေါင်းဆောင်ရွက်ရန် ဟူသော ရည်ရွယ်ချက်ဖြင့် သာသနဟိတကာရီ သီလရှင်အဖွဲ့ချုပ် ဖွဲ့စည်းရန် စိုင်းပြင်းခဲ့ကြလေသည်။

သို့ဖြင့် ဩဝါဒါစရိယ ဆရာတော်များ၊ ကျက်သရေဆောင် နာယက သီလရှင် ဆရာကြီးများဖြင့် ဖွဲ့စည်းထားသော သာသနဟိတကာရီ သီလရှင် အဖွဲ့ချုပ်ကြီးသည် သာသနာသက္ကရာဇ် ၂၅၀၅–ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၂၃–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၈) ရက်၊ ခရစ်သက္ကရာဇ် ၁၉၆၁–ခုနှစ်၊ စက်တင်ဘာလ (၃) ရက်နေ့တွင် ပေါ်ပေါက်လာရပေတော့သည်။

ထိုအဖွဲ့သည် အဖွဲ့အစည်းတစ်ခု၏ လုပ်ထုံးလုပ်နည်းအတိုင်း အဖွဲ့၏ အခြေခံ ဥပဒေ ရေးဆွဲပြီး သီလရှင် (၂၅) ပါး ပါဝင်သော အလုပ်အမှုဆောင် အဖွဲ့ဖြင့် သာသနာအကျိုး၊ သီလရှင်များအကျိုးကို ဆောင်ရွက်ခဲ့၏။

သာသနဟိတကာရီ သီလရှင်အဖွဲ့ချုပ်ကြီးတွင် ရန်ကုန်မြို့ပေါ်နှင့် ဆင်ခြေဖုံး ဒေသရှိ သီလရှင်ကျောင်းတိုက်များမှ သီလရှင်များက အဖွဲ့ဝင်အဖြစ် ပါဝင်ကြ သည်။ အဖွဲ့ချုပ် တည်ရာမှာ ရန်ကုန်မြို့ အလယ်တောရ ဓမ္မစေတီလမ်း (ယခင်– ဘောင်ဒရီလမ်း) ရှိ သမိဒ္ဓေါဒယ မော်လမြိုင် သီလရှင်စာသင်တိုက် ဖြစ်သည်။

ဥက္ကဋ္ဌ ဒေါ်ပုညဝတီ၊ အထွေထွေအကျိုးဆောင် ဒေါ်ဧစာရီ၊ တွဲဖက် အကျိုးဆောင် ဒေါ်ပုညစာရီတို့သည် သာသနဟိတကာရီ သီလရှင်အဖွဲ့ချုပ်၏ ပထမဆုံး အလုပ်အမှုဆောင် သီလရှင်များ ဖြစ်ကြ၏။

အဖွဲ့ ဖွဲ့စည်းခြင်း ဓေယျမင်္ဂလာအဖြစ် မင်းကွန်းတောရ မင်္ဂလာတိုက် (ဒေါ်မမလေး စာသင်တိုက်) မှ ဒေါ်နန္ဒစာရီက ရှစ်ဆယ်ပေါ် တေးထပ် ရေးစပ် ဂုဏ်ပြု ဖွဲ့ဆိုခဲ့သည်။

သဒ္ဓါစစ္စာ တည်ကာရင်းလို့၊
ညီညာမယွင်း သင့်အပ်စေ၊
မိရာအသင်း မြင့်မြတ်ပေသည်၊
တင့်အပ်ဝေဝေ တည်စေလှ၊
စိတ်တူကိုယ်မျှ ရည်မှန်းကာငယ်၊
ကြည်လျှမ်းသာယာ အောင်ရေးမျှော်လို့ဆ၊
နာနာစရိယ ဉာဏ်မူဖြာတယ်၊
စံယူစရာ ပမာပြ၊
ကြံမတူပါ သာဓကမို့၊

စပယ်ဦးစာပေ

'သာသနဟိတကာရီ' တွင်၊
မျှို့ပေါင်းကျက်သရေ ဝေဖြာလွှမ်း၊
ပြေရွှာတစ်ဝှမ်း ယုန်စန်းငွေသို့သွင်၊
သာသနာအကျိုးဆက် အစဉ်ကို၊
တိုးတက်လျင်လျင် ဆောင်ကာရွက်လို့၊
နောင်လာအတွက် စုပေါင်းကြည်ကြည်သာ၊
ပြုကြောင်းညီညီညာ၊
ကောင်းမျိုးစုံလတ် အောင်မြင်ရာသည်၊
အောင်မင်္ဂလာ ပြည့်လျှမ်းဝေလို့လေး၊
တစ်၊ သုံး၊ နှစ်၊ သုံး ဝါခေါင်လငယ်၊
စစ္စာတည်ထောင် ပြုပြီးပါကြလေး၊
ပြည့်ကျော်ရှစ်ရက်၊ ရက်မှတ်ခါငယ်၊
မင်္ဂ မြတ်အမတာ ရည်မှန်းပါလို့လေး။

ဟူသော ရှစ်ဆယ်ပေါ် တေးထပ်သည် သီလရှင်အဖွဲ့ချုပ် တည်ထောင်ခြင်း အထိမ်းအမှတ် သီလရှင်တစ်ဦး ရေးစပ်ဂုဏ်ပြုခြင်းဖြစ်၍ နောင်လာနောက်သားများ သိမှတ်ဖွယ် *ဖြစ်ပေသည်။*

*သာသနဟိတကာရီအဖွဲ့သည်* သီလရှင်များအား ပရိယတ်၊ ပဋိပတ်သာမက ခေတ်မီ ဗဟုသုတ ပြည့်ဝစေချင်သည်။ နိုင်ငံတကာသုံး ဘာသာစကားကို တတ်မြောက်စေချင်သည်။ သို့မှသာ ဗုဒ္ဓဘာသာ ကမ္ဘာသို့ *ပြန့်ပွားရေးတွင်* သီလရှင်များ ပါဝင်ဆောင်ရွက်နိုင်မည်ဟု သိရှိလာကြ၏။

ထို့ကြောင့် ၁၃၂၅–ခုနှစ်တွင် သာသနဟိတကာရီ သီလရှင်အဖွဲ့ချုပ်၏ ကြိုးပမ်းမှုဖြင့် 'သီလရှင်တက္ကသိုလ်' တည်ထောင်ခဲ့ကြသည်။

*ပါဠိပထမပြန် အကြီးတန်း* အောင်မြင်ပြီးသူ သီလရှင်များ၊ ဓမ္မာစရိယ ပါဠိပါရဂူအောင်မြင်ပြီးသော သီလရှင်များသာ တက်ရောက်သင်ကြားနိုင်ခွင့်ရှိသော 'သီလရှင်တက္ကသိုလ်' ကို အဖွဲ့ချုပ်တည်ရာ သမိဒ္ဓေါဒယ မော်လမြိုင် သီလရှင် စာသင်တိုက်တွင် ဖွင့်လှစ်ခဲ့၏။

သင်ကြားသော ဘာသာရပ်များမှာ မူရင်းဘာသာအဖြစ် ဗုဒ္ဓဒေသနာ သင်ခန်းစာ၊ ပါဠိ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာတို့ဖြစ်ပြီး အထွေထွေဘာသာ ရပ်တွင် သမိုင်း၊ ပထဝီ၊ သိပ္ပံ၊ ကမ္ဘာ့ကိုးကွယ်ရာ ဘာသာကြီးများ၊ စည်းရုံးရေးနှင့် အုပ်ချုပ်ရေး နိဿရည်း၊ သင်ပြပုံ နိဿရည်းတို့ ဖြစ်သည်။

'သာသနဟိတကာရီ'တွင်၊
မျှိုပေါင်းကျက်သရေ ဝေဖြာလွှမ်း၊
ပြေရွှာတစ်ဝှမ်း ယုန်စန်းငွေသို့သွင်၊
သာသနာအကျိုးဆက် အစဉ်ကို၊
တိုးတက်လျင်လျင် ဆောင်ကာရွက်လို့၊
နောင်လာအတွက် စုပေါင်းကြည်ကြည်သာ၊
ပြုကြောင်းညီညီညာ၊
ကောင်းမျိုးစုံလတ် အောင်မြင်ရာသည်၊
အောင်မင်္ဂလာ ပြည့်လျှမ်းဝေလို့လေး၊
တစ်၊ သုံး၊ နှစ်၊ သုံး ဝါခေါင်လငယ်၊
စစ္စာတည်ထောင် ပြုပြီးပါကြလေး၊
ပြည့်ကျော်ရှစ်ရက်၊ ရက်မှတ်ခါငယ်၊
မင်္ဂ မြတ်အမတာ ရည်မှန်းပါလို့လေး။

ဟူသော ရှစ်ဆယ်ပေါ် တေးထပ်သည် သီလရှင်အဖွဲ့ချုပ် တည်ထောင်ခြင်း အထိမ်းအမှတ် သီလရှင်တစ်ဦး ရေးစပ်ဂုဏ်ပြုခြင်းဖြစ်၍ နောင်လာနောက်သားများ သိမှတ်ဖွယ် ဖြစ်ပေသည်။

သာသနဟိတကာရီအဖွဲ့သည် သီလရှင်များအား ပရိယတ်၊ ပဋိပတ်သာမက ခေတ်မီ ဗဟုသုတ ပြည့်ဝစေချင်သည်။ နိုင်ငံတကာသုံး ဘာသာစကားကို တတ်မြောက်စေချင်သည်။ သို့မှသာ ဗုဒ္ဓဘာသာ ကမ္ဘာသို့ ပြန့်ပွားရေးတွင် သီလရှင်များ ပါဝင်ဆောင်ရွက်နိုင်မည်ဟု သိရှိလာကြ၏။

ထို့ကြောင့် ၁၃၂၅-ခုနှစ်တွင် သာသနဟိတကာရီ သီလရှင်အဖွဲ့ချုပ်၏ ကြိုးပမ်းမှုဖြင့် 'သီလရှင်တက္ကသိုလ်' တည်ထောင်ခဲ့ကြသည်။

ပါဠိပထမပြန် အကြီးတန်း အောင်မြင်ပြီးသူ သီလရှင်များ၊ ဓမ္မာစရိယ ပါဠိပါရဂူအောင်မြင်ပြီးသော သီလရှင်များသာ တက်ရောက်သင်ကြားနိုင်ခွင့်ရှိသော 'သီလရှင်တက္ကသိုလ်' ကို အဖွဲ့ချုပ်တည်ရာ သမိဒ္ဓေါဒယ မော်လမြိုင် သီလရှင် စာသင်တိုက်တွင် ဖွင့်လှစ်ခဲ့၏။

သင်ကြားသော ဘာသာရပ်များမှာ မူရင်းဘာသာအဖြစ် ဗုဒ္ဓဒေသနာ သင်ခန်းစာ၊ ပါဠိ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချာင်္တို့ဖြစ်ပြီး အထွေထွေဘာသာ ရပ်တွင် သမိုင်း၊ ပထဝီ၊ သိပ္ပံ၊ ကမ္ဘာ့ကိုးကွယ်ရာ ဘာသာကြီးများ၊ စည်းရုံးရေးနှင့် အုပ်ချုပ်ရေး နိသျရည်း၊ သင်ပြပုံ နိသျရည်းတို့ ဖြစ်သည်။

သီလရှင်တက္ကသိုလ်ကို ဤကဲ့သို့ ကောင်းမွန်မြင့်မြတ်သော ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ရာ စာသင် ဆရာများမှာလည်း သာသနာရေးအတွက် အသိပညာ၊ အတတ်ပညာဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြခြင်းအဖြစ် ထောက်ပံ့ကြေးမရှိ၊ စေတနာသဒ္ဓါ သက်သက်ဖြင့် သင်ကြားပေးရခြင်း ဖြစ်သည်။

သီလရှင်တက္ကသိုလ်တွင် ဒေါ်လှရီ (သာသနာရေးဦးစီး) က အင်္ဂလိပ်စာ၊ ဒေါ်ရင်ရင် (စောမုံညင်း) နှင့် ဒေါ်ခင်နွဲ့ဟန်ကြည်က မြန်မာစာ၊ ဒေါ်လှမြိုင်က သိပ္ပံ၊ ဒေါ်မြင့်မြင့်က ပထဝီဘာသာရပ်များ သင်ကြားပြသပေးခဲ့ကြသည်။

ပထမဦးစွာ ဖွဲ့စည်းခဲ့သည့် သာသနဟိတကာရီ သီလရှင်အဖွဲ့ချုပ်၏ အလုပ်အမှုဆောင်အဖွဲ့ဝင် (၂၅) ဦးအနက် ယခုအခါ နှစ်ဦးသာ သက်ရှိထင်ရှားဖြစ်ပြီး ကျန်သူတို့မှာ သင်္ခါရ သဘောအရ ကွယ်လွန်ကြပြီဖြစ်၍ သာသနဟိတကာရီအဖွဲ့အကြောင်း သေချာကျနစွာ မှတ်တမ်းတင်ရန်ပင် အခက်အခဲ ဖြစ်ခဲ့ကြောင်း။ သီလရှင်တက္ကသိုလ် အကြောင်းအရာတို့မှာလည်း ပြည့်စုံစွာ ရေးသားဖော်ပြနိုင်ခြင်း မရှိတော့ပါ။

သီလရှင်တက္ကသိုလ်၏ သက်တမ်းမှာ မကြာမြင့်ခဲ့ပါ။ အစစအရာရာ မပြည့်စုံသော သီလရှင်တက္ကသိုလ်သည် နှစ်နှစ်ခန့်သာ တည်ခဲ့ပြီးနောက် ပျောက်ကွယ်ခဲ့ရသည်။

သီလရှင်တက္ကသိုလ် ဖျက်သိမ်းပြီးနောက် သာသနဟိတကာရီ သီလရှင်အဖွဲ့ချုပ်၏ လုပ်ငန်းစဉ်မှာ ခွန်အားလျော့လာခဲ့သည်။ အဖွဲ့အစည်း မပျက်ရုံမျှ ထိန်းသိမ်းခဲ့ပြီး လုပ်ငန်းမှာ မည်မည်ရရ မရှိခဲ့။

ဖွဲ့စည်းတည်ထောင်ပြီး နောက်တစ်နှစ်အကြာတွင် သာသနဟိတကာရီ နှစ်လည်စာစောင်ကိုမူ ထုတ်ဝေခဲ့ကြသေးသည်။

ထိုစာစောင်မှာ ယခုခေတ် မဂ္ဂဇင်းဆိုက် ခြောက်ဖောင်၊ စာမျက်နှာ (၅၄) မျက်နှာ၊ ကြွေစက္ကူမျက်နှာဖုံးနှင့် ထိုစဉ်က ရေးထုံးနည်းအတိုင်း 'သာသနဟိတကာရီ နှစ်လည်စာစောင်'ဟု အမည်တပ်ထားသည်။ အင်္ဂလိပ်ဘာသာဖြင့်လည်း "The Sasanahitakary Annual Number" ဟု ရေးထားပြီး စာစောင်ထိပ်ပိုင်းတွင် 'ရတ္ထကေတုံ တိဝတ္ထုံ သာခုံပဏာဗျံ' ဟု ပါဠိ ဖွဲ့သီထားလေသည်။

'မုန်ကင်းသဖွယ်ဖြစ်သည့် ရတနာသုံးပါးကို ကောင်းမွန်ရိုသေစွာ ရှိခိုးပါ၏' ဟု အဓိပ္ပာယ်ရသော ဆောင်ပုဒ်ပါဠိ ပါရှိသည့် နှစ်လည်စာစောင်၏ မျက်နှာဖုံးတွင် ပထမဆုံး အလုပ်အမှုဆောင် သီလရှင်များ၏ စုပေါင်းဓာတ်ပုံ ပါရှိပြီး နောက်ကျောတွင် ဒေါ်နန္ဒစာရီ၏ ရှစ်ဆယ်ပေါ် တေးထပ်ကို ဘောင်ခတ်ပုံနှိပ်ထားသည်။

သမိဒ္ဓေါဒယ သုခိတာရာမ
မြန်အောင်ကျောင်းတိုက်ကြီးကို
စတင် တည်ထောင်ခဲ့သော
ပဓာန နာယက ဆရာကြီး
ဒေါ်ဉာဏစာရီ။






ဘီအီးဒီဘွဲ့ရ အထက်တန်းပြ ဆရာမ
ဘဝမှ ဘုရားသမီးတော်
သီလရှင်အဖြစ် ကူးပြောင်းခဲ့သော
မဉာဏသီ




ဘွားဘွားကြီး ဒေါ်ဉာဏစာရီ၊ ဘွားဘွားလတ် ဒေါ်မေစာရီ၊
ဆွဲခင်သူ ဒေါ်ဓမ္မဒိန္နာ၊ ပထမဆုံး ဘီအေ သီလရှင် ဒေါ်ဝိမ္မောသီ။



ရန်ကုန်တိုင်း ဗုဒ္ဓဘာသာ သီလရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဉာဏစာရီ၊
သီလရှင်စာသင်တိုက်မှ ဒေါ်ဇေယျာဝတီနှင့် သီလရှင်ဆရာကြီးများ။



သမိဒ္ဓေါဒယ သုမိတာရာမ စာသင်တိုက်မှ ဆရာကြီးများနှင့်
စာသင်သား သီလရှင်များ ဘုရားဝတ်တက်နေစဉ်။



သမိဒ္ဓေါဒယ သုခိတာရာမ စာသင်တိုက်မှ ဆရာကြီးများနှင့် သီလရှင်များ
တရားရှုမှတ်နေကြစဉ်။



သီလရှင်ဆရာကြီးများ
စင်္ကြံလျှောက်၍ တရားရှုမှတ်နေပုံ။



သီလရှင်ဆရာကြီးများက စာသင်သား သီလရှင်လေးများကို စာဝါပို့ချနေပုံ။

ဘေးထပ်၏အောက်တွင် သာသနဟိတကာရီ သီလရှင်အဖွဲ့ချုပ်၏ တံဆိပ်၊ တည်ရာဌာနနှင့် ထုတ်ဝေသည့် ပုံနှိပ်မှတ်တမ်း၊ ဖြန့်ချိထုတ်ဝေသူ ဒေါ်စေးစာရီ၏ အမည်တို့ ပါရှိသည်။

စာစောင်တွင် နာယက သီလရှင်ဆရာတို့၏ ဓာတ်ပုံများကို ကြွေစက္ကူဖြင့် ပုံနှိပ်ဖော်ပြထားပြီး ဩဝါဒါစရိယ ဆရာတော်တို့က ဩဝါဒကထာများ ရေးသား ချီးမြှင့်ပြီး အဖွဲ့ချုပ် အလုပ်အမှုဆောင် သီလရှင်များနှင့် စိတ်ပါဝင်စားသော သီလရှင်များက သာသနာရေးဆိုင်ရာကိစ္စများကို ရေးသားကြသည်။

သာသနာရေးသည် သီလရှင်တို့၏ တာဝန်ဖြစ်သည်ဆိုသော အချက်ကို အထူး အလေးထား ရေးသားကြသည်ကို တွေ့ရှိရ၏။

'သာသနာ့ဝန်ထမ်း ရဟန်းများလောက၌ တောင်တန်းသာသနာပြုအဖွဲ့၊ ဓမ္မကထိက ဆရာတော်အဖွဲ့၊ ကျောင်းထိုင်ဆရာတော်များအဖွဲ့ စသည်ဖြင့် ဖွဲ့စည်း သာသနာပြုကြသကဲ့သို့ ဗုဒ္ဓဘာသာဝင် သူတော်စင်များ လောက၌လည်း သာသနာ့ နုဂ္ဂဟအဖွဲ့၊ စေတီယင်္ဂဏ ပရိယတ္တိအသင်း၊ ဝိုင်အမ်ဘီအေအသင်း စသည်ဖြင့် ဃရာဝါသ ကိစ္စများမြောင် လူ့ဘောင်လောကမှ ပုဂ္ဂိုလ်များလည်း အသင်းဖွဲ့စည်း တည်ထောင် သာသနာပြုနိုင်ကြလျှင် သာသနာတော်နှင့် ဆွေမျိုးတော်စပ်နေသော သီလရှင်လောက၌ အသင်းဖွဲ့စည်း၍ သာသနာပြုကြခြင်းမှာ ကောင်းမွန်မှန်ကန်သော လုပ်ရပ်ဖြစ်ကြောင်း' ထိုစာစောင်တွင် ရေးသားထားပေသည်။

စိတ်ထက်သန်သလောက် ခရီးမရောက်နိုင်သော သာသနဟိတကာရီ သီလရှင်အဖွဲ့သည် အင်အားချည့်နဲ့စွာ သီလရှင်အကျိုးကို သယ်ပိုးရင်း အသင်းကို စဉ်လာမပျက် ထိန်းသိမ်းခဲ့သည်။

အဖွဲ့တည်ထောင်ပြီး ကိုးနှစ်အကြာ ၁၃၃၂-ခုနှစ်တွင် သာသနဟိတကာရီ သီလရှင်အဖွဲ့ချုပ်သည် လုပ်သင့်လုပ်ထိုက်သော ကိစ္စတစ်ခုကို ဆောင်ရွက်ခဲ့၏။ ထိုကိစ္စမှာ သာသနဟိတကာရီ သီလရှင်အဖွဲ့ချုပ်က ကြီးမှူး၍ ၁၃၃၂-ခုနှစ်မှ စတင်ပြီး သာသနဟိတကာရီ ပရိယတ္တိစာမေးပွဲကို နှစ်စဉ်မပျက် ကျင်းပခဲ့ခြင်း ပင်တည်း။

နှစ်စဉ် တပို့တွဲလဆန်း (၁) ရက်မှ (၄) ရက်နေ့အထိ လေးရက်တိုင်တိုင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းလျားမြိုင်လမ်း၊ မင်းကွန်းတောရ ဓမ္မာရုံကြီးတွင် စာမေးပွဲကျင်းပ၍ ရန်ကုန်မြို့ပေါ်ရှိ သီလရှင်စာသင်တိုက်မှ သီလရှင်လေးများက ဝင်ရောက်ဖြေဆိုကြသည်။

ဗဟန်းမြို့နယ် မင်းကွန်းတောရ ဆရာတော်ကြီး အထူးအားပေးချီးမြှင့်တော်မူသည့် သီလရှင် စာမေးပွဲမှာ ပထမဆင့်မှ ဆဋ္ဌမဆင့်ထိ အဆင့် ခြောက်ဆင့် ခွဲခြား ဖြေဆိုရသည်။

ပထမဆင့်နှင့် ဒုတိယဆင့်သည် အစိုးရ ပါဠိပထမပြန်စာမေးပွဲ အခြေပြုတန်း၏ အခြေခံဖြစ်သည်။ တတိယဆင့်မှာ အစိုးရပါဠိပထမပြန် ပထမငယ်တန်း၏ အခြေခံ၊ စတုတ္ထဆင့်သည် ပထမလတ်တန်းအခြေခံ၊ ပဉ္စမဆင့်သည် ပထမကြီးတန်းအခြေခံ၊ ဆဋ္ဌမဆင့်သည် ဓမ္မာစရိယစာချတန်း၏ အခြေခံ အထောက်အကူဖြစ်ပေသည်။

မင်းကွန်းတောရ ပဋိပတ္တိ သာသနာ့နုဂ္ဂဟအဖွဲ့က ထိုစာမေးပွဲအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည်။ စာအောင် သီလရှင်လေးများကို သာသနဟိတကာရီ သီလရှင်အဖွဲ့ချုပ်မှ ဆုငွေများ ချီးမြှင့်ပေးသဖြင့် ဖြေဆိုသူတို့ စိတ်အားထက်သန်၍ မိမိအရည်အချင်း မိမိသိရှိနိုင်သော စာမေးပွဲဖြစ်လေသည်။

ယနေ့တွင် သာသနဟိတကာရီ သီလရှင်အဖွဲ့ချုပ် တည်ရာမှာ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်က တည်ရာဖြစ်သည့် အလယ်တောရ သမိဒ္ဓေါဒယ မော်လမြိုင် သီလရှင်စာသင်တိုက်ဖြစ်ပြီး ဩဝါဒါစရိယဆရာတော်တို့မှာ ကမ္ဘာ့ဗုဒ္ဓသာသနာ့ပြုဆရာတော် အရှင်သေဋ္ဌိလ (အရှင်သေဋ္ဌိလ ဗိမာန်၊ ဘောက်ထော်)၊ ဦးပဏ္ဍိတ (မင်းကွန်းတောရ နာယက ဆရာတော်)၊ ကမ္ဘာ့ဗုဒ္ဓသာသနာ့ပြု ဦးပညာဒီပ၊ အရှင်တိလောကသာရ (ရဝေထွန်း)၊ ဆရာတော် ဦးသီလစာရ (အလယ်တောရ စံပြစာသင်တိုက်)၊ ဦးကောသလ္လ (တိပိဋကပြည်ဆရာတော်၊ ပဋ္ဌာနိကာယသာသနာ့ဗိမာန်၊ ရန်ကင်း)၊ ဦးသုမင်္ဂလ (တိပိဋကဓရ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ကမ္ဘာအေး)၊ ဦးဉာဏ (သိမ်ကျောင်း၊ မင်းကွန်းတောရ) တို့ ဖြစ်သည်။

နာယက ဒေါ်ကေဘာဝတီ ဟသ်ာတ စာသင်တိုက်ကို အကြီးအမှူးထား၍ ဥက္ကဋ္ဌ ဒေါ်ဝိစာရီ (ဟသ်ာတ စာသင်တိုက်)၊ ဒု-ဥက္ကဋ္ဌ ဒေါ်ဣန္ဒဝတီ (သုခိတာရာမ သီလရှင်စာသင်တိုက်၊ ရန်ကင်း) နှင့် ဒေါ်ဝိလာသီ (မင်္ဂလာစာသင်တိုက်၊ မင်းကွန်းတောရ) တို့ ဖြစ်သည်။

သာသနဟိတကာရီ သီလရှင်အဖွဲ့ချုပ်၏ အထွေထွေအကျိုးဆောင်တာဝန်ကို ၁၃၃၂-ခုနှစ်မှစ၍ ယနေ့တိုင် (၂၃) နှစ်ကြာမျှ ဆောင်ရွက်နေသူမှာ ဒေါ်ဩသဓေတ္တိ (မဏိရတနာ သီလရှင်ကျောင်းတိုက်၊ ဖွဲ့စုံ၊ မရမ်းကုန်းမြို့နယ်) ပင် ဖြစ်၏။

တွဲဖက်အကျိုးဆောင် ဒေါ်ညာဏောဘာသီ (မော်လမြိုင် စာသင်တိုက်)၊ ဒေါ်ဝဏ္ဏသိင်္ဂီ (ဓမ္မာသိင်္ဂီစာသင်တိုက်၊ မြောက်ဥက္ကလာပ)၊ ဘဏ္ဍာရေးမှူး

ဒေါ်ကုလနန္ဒီ (မော်လမြိုင် စာသင်တိုက်)၊ စာရင်းစစ် ဒေါ်ရူပဝတီ (အလယ်တောရ)၊ တွဲဖက်စာရင်းစစ် ဒေါ်အဂ္ဂဝတီ (ဧညဝတီစာသင်တိုက်) တို့ဖြစ်ပြီး အရန်အမှုဆောင်တို့မှာ ဒေါ်ဝိဇ္ဇာနန္ဒီ (အလယ်တောရ)၊ ဒေါ်ကေသာရီ (သာသနာ့မဉ္ဇူရီ သီလရှင်စာသင်တိုက်၊ မြောက်ဥက္ကလာပ)၊ ဒေါ်နန္ဒသိင်္ဂီ (ဓေယျသိင်္ဂီ) နှင့် ဒေါ်ရူပစာရီ (အလယ်တောရ)တို့ ဖြစ်သည်။

သာသနဟိတကာရီ သီလရှင်အဖွဲ့ချုပ်ကို သဒ္ဓါတရားထက်သန်စွာ အလှူငွေကောက်ခံပေးသူတို့မှာ ရန်ကုန်မြို့ ပုဇွန်တောင် ရွှေဘုန်းပွင့်ဘုရားလမ်းနေ အမေသန်းနှင့် သမီး ဒေါ်ညွန့် (မင်းသားကြီး ဆေးပြင်းလိပ်ရုံပိုင်ရှင်)၊ မြို့တော်ဝန်ဟောင်း ဦးမောင်မောင်နှင့် ရေကျော်မှ ဒေါ်စော၊ ဦးကျော်စိန်နှင့် ဒေါ်ရင်ညွန့်တို့ဖြစ်၏။

သာသနဟိတကာရီ သီလရှင်အဖွဲ့ချုပ်၏ စည်းရုံးမှုမှာမူ ရန်ကုန်မြို့တစ်ခွင်မှာသာ ရှိသေး၍ ကျယ်ပြန့်မှု မရှိလှသေးပေ။ အခြားသော မြို့နယ်များစွာပြည်နယ်၊ တိုင်းများမှ စုံညီစွာ ပါဝင်နိုင်ဖို့ လိုအပ်နေပေသည်။ စည်းရုံးမှုနယ်ပယ်ကျယ်ပြန့်အောင် လက်ရှိအမှုဆောင်များ ကြိုးစားသင့်သည်။

သာသနဟိတကာရီ သီလရှင်အဖွဲ့ချုပ်သည် အပ္ပမာဒ တရားဖြင့် မိမိတို့၏အကျိုး၊ သာသနာတော်၏အကျိုးမျှော်ကိုးလျက် 'အပ္ပသန္နနံ ပသာဒါယ ပသန္နနံ ဘိယောဘာဝါယ' ဟူသော ဒေသနာတော်နှင့်အညီ မကြည်ညိုသေးသူတို့အား ကြည်ညိုစေခြင်းငှါ၊ ကြည်ညိုကုန်ပြီးသော သူတို့အားလည်း သဒ္ဓါတရားထက်သန်တိုးပွားစေခြင်းငှါ ကြိုးစားအားထုတ်လျက် ရှိကြောင်း တွေ့ရှိရသဖြင့် အနာဂတ် သာသနာအတွက် အမျိုးသမီးတို့ စွမ်းဆောင်ချက်ကို ကျေနပ်နှစ်သက်ဂုဏ်ယူရင်း လွန်ခဲ့သော အနှစ်သုံးဆယ်ကျော်မှစ၍ ယနေ့အထိ မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးများ သာသနာရေးဆိုင်ရာ ကြိုးပမ်းမှုကို မှတ်တမ်းတင်ရပါသတည်း။

**သိရီ**

ဓမ္မရုပ်စုံ ဘာသာရေးနှင့် အတွေးအခေါ်မဂ္ဂဇင်း
၁၉၉၃-ခုနှစ်၊ စက်တင်ဘာလ။ စာအုပ်အမှတ် (၈)

# မော်လမြိုင်မြို့ ခေမာသီရိ သီလရှင် စာသင်တိုက်


မွန်ပြည်နယ်၊ မုတ္တမဆိပ်ကမ်းမှ သံလွင်မြစ်ကို သင်္ဘောဖြင့် ဖြတ်ကူး၍ မော်လမြိုင်မြို့ဘက်ဆီ မျှော်ကြည့်လျှင် ကမ္ဘာတွင် အလှပ အတင့်တယ်ဆုံး ရှုခင်းများအနက် တစ်ခုအပါအဝင်ဖြစ်နိုင်သည့် မော်လမြိုင်မြို့ ရှုခင်းကို စိတ်ကြည်နူး သာယာစွာ မြင်တွေ့ရပါလိမ့်မည်။

ကျယ်ပြန့်ကြည်လင်သော သံလွင်မြစ်ရေပြင်၊ စိမ်းမြသော နာဂဝိသ တောင်တန်း၊ ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်တင့်တယ်လှသော ဘုရားစေတီများသည် လိုက်ဖက်တင့်တယ်၍ အမြင်အာရုံကို ဆွဲဆောင်နိုင်သည့်ပြင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုထွန်းကားရာဒေသ ဖြစ်ပါပေသည်ဟု ဖော်ညွှန်းပြသနေလေသည်။

ကုန်ပစ္စည်းအရောင်းအဝယ်ကြောင့် နာမည်ကြီး လူသိများခဲ့သော မော်လမြိုင်သို့ ဘာသာရေးကိစ္စအတွက် ရောက်လာခဲ့သူများအဖို့ ဘုရားစေတီပုထိုးများနှင့် မိမိလေ့လာရမည့် သီလရှင်စာသင်တိုက်များဆီက လွဲ၍ အခြားသို့ အာရုံပျံ့လွင့်ခြင်း မရှိပါ။

သို့ဖြင့် ကျိုက်သံလန် စေတီတော် အရှေ့တောင်ဘက် ခြေတော်ရင်းရှိ ခေမာသီရိ သီလရှင်စာသင်တိုက်ဆီ ရောက်ရှိခဲ့ရပါ၏။

စပယ်ဦးစာပေ




မော်လမြိုင်မြို့ အိမ်တော်ရာ ခေမာသီရိ သီလရှင်စာသင်တိုက်၏
အဝင်ဝမုခ်ဦး။




ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်း၏ မိဖုရားတစ်ပါးဖြစ်သော
သီရိသုပဘာ ရတနာဒေဝီဘွဲ့ရ စိန်တုံးမိဖုရားကြီး။



မဟာဗောဓိပင်မင်းအား ကြည်ညိုဝပ်တွားနေသော
ခေမာသီရိ သီလရှင် စာသင်တိုက်၏
နာယက ဆရာကြီး ဒေါ်ဉာဏဝတီ။



ခေမာသီရိ သီလရှင် စာသင်တိုက်၏ တိုက်အုပ်ဆရာကြီး
ဒေါ်ကောသလ္လဝတီ။



စိန်တဲ့ဓမ္မပုရားကြီး သိမ်ဟိုင်ကျွန်းမှ ပင့်ဆောင်၍ ဓမ္မာသီရိ သိလရှင် စာသင်တိုက်အတွင်း စိုက်ပျိုးထားခဲ့သော နှစ် (၁၀၀) ကျော်ပြီဖြစ်သည့် မဟာဗောဓိပင်ကြီး။




သီရိသုပဘာ ရတနာဒေဝီ စိန်တုံးမိဖုရားကြီး၏
သီလရှင်ပုံ။



ခေမာသီရိ သီလရှင် စာသင်တိုက်အတွင်းမှ တူးဖော်ရရှိပြီး
ကိုးကွယ်ထားသည့် စိန်တုံးမိဖုရား ကောင်းမှု၊
ဒက္ခိဏသာခါ ရုပ်ပွားတော်။

နှစ်ကောခန့်ကျယ်သော သီလရှင်စာသင်တိုက်မှာ မော်လမြိုင်မြို့ လှိုင်နယ်မြေ တောင်ရှမ်းစု ရပ်ကွက်တွင် တည်ရှိကြောင်း သိရပြီးသည့်နောက် ကျောင်းတိုက် အတွင်း လှည့်လည်ကြည့်ရှုရပါသည်။

X X X

ဤကျောင်းတိုက်ကား စာရေးသူ လေ့လာခဲ့ဖူးသည့် အခြားသော သီလရှင် စာသင်တိုက်များနှင့်မတူ တစ်မူထူးခြားသည်ကို ဦးစွာသတိပြုမိ၏။

ကျောင်းတိုက်တွင်းရှိ အုတ်ဂူတစ်ခုမှာ ပြာသာဒ်ဆန်ဆန် ဖြစ်နေသည်။ အုတ်ဂူပြာသာဒ်အနီးတွင် မဟာဗောဓိပင်ကို စိုက်ပျိုးပူဇော်ထားသည်။ ကျောင်းတိုက် ဧည့်ခန်းတွင် မန္တလေးမြို့တည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရား ကြီး၏ မိဖုရားဖြစ်သော စိန်တုံးမိဖုရား၏ပုံတူနှင့် သီလရှင်ပုံ ပန်းချီကားနှစ်ချပ် ချိတ်ဆွဲထားသည်။

အုတ်ဂူပြာသာဒ်မှာလည်း စိန်တုံးမိဖုရား၏ အုတ်ဂူပြာသာဒ်ဖြစ်သည်ဟု သိရသောအခါ မိမိသည် မမျှော်လင့်ပါဘဲ သမိုင်းကြောင်းတစ်ခုကို တူးဖော်မိသလို ဖြစ်နေပြီဟု နားလည်လိုက်ရပါသည်။

တကယ်တော့လည်း မော်လမြိုင်မြို့ ခေမာသီရိ သီလရှင်တိုက်၏ မူလ ဒါယိကာမမှာ စိန်တုံးမိဖုရား ကိုယ်တိုင်ဖြစ်၍ သူပင်လျှင် သီလရှင်ဘဝနှင့် ဤနေရာဒေသ၌ တရားဖြင့် ပျော်မွေ့ကာ သည်မှာပင် နတ်ရွာစံခဲ့ကြောင်း အထောက်အထားက ခိုင်လုံတိကျနေပါ၏။

သို့အတွက် ခေမာသီရိ၏ သမိုင်းကြောင်းသည် မြန်မာတို့၏ နောက်ဆုံး မင်းဆက်အကြောင်းနှင့် ဆက်စပ်နေသည့် စိန်တုံးမိဖုရားသည် နေပြည်တော်ဖြစ်သည့် မန္တလေးမှ မော်လမြိုင်သို့ မည်သည့်ကိစ္စကြောင့် ရောက်လာပါသနည်း။ ဘာကြောင့် သီလရှင် ဝတ်သလဲဆိုသည့် အကြောင်းရပ်များက စာရေးဆရာတို့၏ စူးစမ်းစိတ်ကို တံခါးခေါက်နေပါတော့သည်။

X X X

မြန်မာ့ထီးနန်းနှင့် နီးစပ်သူများက လက်ထက်တော်ကြီးဟုခေါ်သော ဘဝရှင် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်း၏ မိဖုရား (၄၆) ပါးတွင် စိန်တုံးမိဖုရားသည် တစ်ပါး အပါအဝင်ဖြစ်ခဲ့၏။

စိန်တုံးမိဖုရား၏ဘွဲ့အမည်မှာ 'သီရိ သုပဘာ ရတနာဒေဝီ' ဖြစ်၍ တလုပ်မြို့နှင့် စလေမြို့ကို အပိုင်စား ပေးသနားခြင်းခံရသည်။

မင်းတုန်းမင်းနှင့် သားသမီးမထွန်းကားသော မိဖုရားခုနစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည်။ သားသမီး မထွန်းကားခဲ့၍လည်း သီပေါမင်းလက်ထက်တွင် အသက်ချမ်းသာရာ ရခဲ့သည်ဟု ဆိုရပေမည်။

သာသနာရေးအတွက် ကုသိုလ်ကောင်းမှု ဝါသနာထုံသော စိန်တုံးမိဖုရားသည် ဝဇီရာ ရာမ ဆရာတော်နှင့် သင်္ဂဇာဆရာတော်တို့၏ ကျောင်းဒါယိကာမ ဖြစ်လေသည်။

မြန်မာသက္ကရာဇ် ၁၂၄၀-ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း (၆) ရက် (၁၈၇၈-ခုနှစ်၊ အောက်တိုဘာ ၁-ရက်)နေ့တွင် မင်းတုန်းမင်း နတ်ရွာစံ၍ သီပေါမင်း နန်းတက်လေသည်။

ထိုအချိန်နှင့် မရှေးမနှောင်းမှာပင် သင်္ဂဇာဆရာတော်သည် အောက်မြန်မာပြည် ရန်ကုန်မြို့သို့ ကြွလာပြီး ရန်ကုန်မှတစ်ဆင့် မော်လမြိုင်မြို့သို့ ကြွရောက်ကာ မန်ကျည်းတော ကျောင်းတွင် သီတင်းသုံးလျက် ရှိသည်။

စိန်တုံးမိဖုရားမှာမူ မှန်ကင်းဘဝမှ ထင်းဖြစ်ပြီး ၁၂၄၀-ပြည့်နှစ်၊ သီတင်းကျွတ် လပြည့်ကျော် (၇) ရက် (၁၈၇၈-ခုနှစ်၊ အောက်တိုဘာလ ၁၇-ရက်)တွင် အကျဉ်းချထားခြင်း ခံရသည်။ မင်းတုန်းမင်း၏ သားတော်၊ သမီးတော် အများအပြားမှာ ဖျောက်ဖျက်ခြင်းခံရသည်။

ဝဇီရာ ရာမ ဆရာတော်မှာမူ သီပေါမင်းတရားလက်ထက် မင်းကိုးကွယ်သော ဆရာတော် ဖြစ်လာခဲ့ကာ 'ပညာသီရိ သဒ္ဓမ္မ ကဝိဓဇ မဟာရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ် ကပ်လှူခြင်း ခံရသည်။

ဝဇီရာ ရာမ ဆရာတော်သည် သူ၏ ဒါယိကာမ စိန်တုံးမိဖုရား အကျဉ်းမှ လွတ်မြောက်ရေးအတွက် သီပေါမင်းထံမှ အလှူခံခဲ့သောကြောင့် မိဖုရားကြီး အချုပ်အနှောင်မှ လွတ်မြောက်ခဲ့ရပြီး နန်းတော်တွင်းမှာ မနေရဘဲ ဝဇီရာ ရာမ ကျောင်းတိုက်တွင်းရှိ ဇရပ်တစ်ဆောင်တွင် ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။

သို့ပါသော်လည်း မိဖုရားကြီး ပိုင်ဆိုင်သော မင်းတရားကြီး ပေးသနားသည့် မင်းခမ်းမင်းနား အသုံးအဆောင် ရွှေ ငွေ စိန် ကျောက်များအတွက် အန္တရာယ်ဖြစ်လာနိုင်သောကြောင့် ဝဇီရာ ရာမ ဆရာတော်က 'နောင်ရေး စိတ်အေးရလေအောင် တိုင်းရေး ပြည်ရေး အခြေအနေ တည်ငြိမ်နေသော အောက်မြန်မာပြည်သို့ တိမ်းရှောင်သင့်သည်' ဟု မိန့်ကြားလေ၏။

ဤသို့ဖြင့် ဝဇီရာ ရာမ ဆရာတော်ကို အားကိုးအားထားပြုကာ မိဖုရားကြီးသည် အပျိုတော် မယ်ပဘာနှင့်အတူ အောက်မြန်မာပြည် ရောက်လာခဲ့ရ၏။ ထိုသို့ ရောက်လာပြီး မည်သည့်မြို့တွင် အခြေစိုက်မည်ဟု ဝေခွဲမရဖြစ်နေစဉ် မော်လမြိုင်မြို့တွင် သင်္ဂဇာဆရာတော် သီတင်းသုံးကြောင်း ကြားသိရ၍ သင်္ဂဇာဆရာတော်၏ အရိပ်အာဝါသကို ခိုလှုံရန် မော်လမြိုင်သို့ ခရီးဆန့်ခဲ့ရသည်။

မော်လမြိုင်မြို့ သာယာကုန်း ရပ်ကွက်သည် စိန်တုံးမိဖုရား နေထိုင်ခဲ့ရာအရပ် ဖြစ်၏။ ၁၂၄၇–ခုနှစ်တွင် သီပေါမင်းသည် နယ်ချဲ့တို့ ဖမ်းဆီးခြင်းခံရကာ မြန်မာ့ထီးနန်းပျောက်ခဲ့၏။

ဝဇီရာ ရာမ ဆရာတော်လည်း အောက်မြန်မာပြည် မော်လမြိုင်မြို့သို့ ကြွကာ သင်္ဂဇာဆရာတော်၊ စိန်တုံးမိဖုရားတို့နှင့် တစ်ဖန် ပြန်ဆုံတွေ့ကြလေသည်။

ခေမာသီရိ သီလရှင်စာသင်တိုက် နံရံပေါ်မှ ကျက်သရေရှိလှသော မျက်နှာပေးနှင့် မြစိမ်းရောင်တဘက်ခြုံကာ မဟာနဖူး၊ ပန်းဆံထုံးတို့ဖြင့် တင့်တယ်လှသော စိန်တုံးမိဖုရား၏ပုံတော်ကို စူးစိုက်ကြည့်နေမိပါသည်။ ဤမိန်းမကား ဘဝဒဏ်ကို အလူးအလဲခံရသော မိန်းမဖြစ်သည်။ မိဖုရားဖြစ်ခဲ့သလို အကျဉ်းသားလည်း ဖြစ်ခဲ့ရသည်။ ပန်းမွေ့ရာ ရွှေကော်ဇောပေါ်မှာ နေခဲ့ရသလို ယူဇနာများစွာ ဝေးကွာသော ခရီးကို တိမ်းရှောင်ပြေးလွှားခဲ့ရသူလည်း ဖြစ်သည်။

ဘဝအခြေအနေ ညှိုးမှိန်ခဲ့ရသော်လည်း သဒ္ဓါတရား၊ ဘာသာရေး ကြည်ညိုမှု ရှင်လန်းခဲ့သူဖြစ်ကြောင်း သူ့ရုပ်ပုံ၊ သူ့လုပ်ရပ်များက နှောင်းလူတို့အား ပြောပြနေပါတော့သည်။

ထီးကျိုးစည်ပေါက် ပါတော်မူခြင်းမရောက်မီ ကာလကပင် အောက်မြန်မာပြည်သည် နယ်ချဲ့တို့လက်အောက် ရောက်ရှိခဲ့ပြီးဖြစ်သည်။

သူ့ကျွန်ဘဝ၌ မြို့ဖြစ်လာခဲ့ရသော မော်လမြိုင်မြို့ရှိ မြို့မိမြို့ဖ ဗုဒ္ဓဘာသာဝင်များသည် ယဉ်ကျေးမှု ဝါးမျိုခံရမည့်ဘေးကို မြင်တွေ့ခဲ့ဟန်တူသည်။ နိုင်ငံရေးအရ ကျွန်ဖြစ်ခဲ့သော်လည်း ဘာသာရေး၊ ယဉ်ကျေးမှုတို့ အလွှမ်းအမိုး မခံရရေး၊ ဇာတိမာန် ရေသောက်မြစ် မပျောက်ကွယ်ရေးကို ကြိုးပမ်းရာတွင် သင်္ဂဇာဆရာတော်၊ ဇဝိရာ ရာမ ဆရာတော်နှင့် စိန်တုံးမိဖုရားတို့သည် ရှေ့တန်းမှ ခေါင်းဆောင်မှု ပေးခဲ့ကြသည်။

ထိုအချိန်အခါ ကာလမှစ၍ မော်လမြိုင်မြို့၏သမိုင်းသည် သင်္ဂဇာဆရာတော်၊ ဝဇီရာ ရာမ ဆရာတော်၊ စိန်တုံးမိဖုရားတို့နှင့် အတူပူးတွဲကာ ခွဲမရ ဖြစ်လာပါသည်။

ဘာသာရေး၊ ယဉ်ကျေးမှု၊ အနုပညာရှုထောင့်အသီးသီးမှာ ဦးဆောင်ဦးရွက် ပြုခဲ့ကြသော ပုဂ္ဂိုလ်များတွင် တစ်ယောက်ဖြစ်သည့် စိန်တုံးမိဖုရားသည် ဤအရပ်မှာ ခေါင်းချခဲ့၏။ သူ့အုတ်ဂူမှာ ခေမာသီရိ သီလရှင် စာသင်တိုက်ထဲတွင် ရှိ၏။

မိဖုရားဘဝမှ လူဝတ်ကြောင်ကို စွန့်ကာ သီလရှင်ဘဝကို ခံယူသော သူ့ရုပ်ပုံလွှာသည် လှုပ်ရှားသက်ဝင်ကာ သူ့ဇာတ်ကြောင်း စာမျက်နှာကို ဆက်လှန်ပါသည်။

၁၂၅၂–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁) ရက် (၁၈၉၀–ပြည့်နှစ်၊ အောက်တိုဘာလ ၂၁–ရက်) နေ့တွင် စိန်တုံးမိဖုရားကြီးက မော်လမြိုင်မြို့ တောင်ရှမ်းစုရပ်နေ မယ်ဖော့၊ မသဲညွန့် ညီအစ်မနှစ်ဦး ပိုင်သည့် ဂရန်နံပါတ် (၅၂၇၉) အိမ်ရာ မြေလွတ်တန်ဖိုး (၂၀၀) ဖြင့်လည်းကောင်း၊ ထိုနေ့မှာပင် ကုန်သည် အလီနဘတ် ပိုင်သည့် လေးပင်သုံးခန်းအိမ်ကို ငွေ (၂၀၀) ကျပ်ဖြင့် ဝယ်ကာ ၁၂၅၂–ခုနှစ် (၁၈၉၀–ပြည့်နှစ်) တွင် သာယာကုန်းမှ ယခု ခေမာသီရိ သီလရှင် စာသင်တိုက်ဟု အမည်တွင်မည့် နေရာသို့ ပြောင်းလာသည်။

စိန်တုံးမိဖုရား၏ မြေဝယ်မှု၊ အိမ်ဝယ်မှု၊ ပြောင်းရွှေ့မှုတို့သည် ခေမာသီရိ အစပျိုးခြင်းပင် ဖြစ်ပါ၏။ ထိုမြေများနှင့် တစ်စပ်တည်းဖြစ်ရလေအောင် ဂရန်နံပါတ် (၅၂၈၃) မောင်စိုးမင်း ပိုင်သော အိမ်ကို ထပ်ဝယ်လိုက်ပြန်သည်။

စိန်တုံးမိဖုရား နေထိုင်သောကြောင့် မော်လမြိုင် တောင်ရှမ်းစုရပ်ရှိ ခေမာသီရိ မြေနေရာသည် 'အိမ်တော်ရာ' ဟု အမည်တွင်ခဲ့၏။

၁၂၅၆–ခုနှစ်တွင် စိန်တုံးမိဖုရားသည် သေတမ်းစာဆန်ဆန် စာတစ်စောင်ကို ဆရာတော်၊ သံဃာတော်များ ရှေ့မှောက်တွင် ရေးခဲ့၏။ စာရေးဟန်မှာ ဆရာတော်တို့အား လျှောက်ထားသည့်ပုံစံဖြင့် ရေးခဲ့ခြင်းဖြစ်သည်။ မိဖုရားကြီး သေတမ်းစာ ရေးသော ရက်စွဲအတိအကျမှာ ၁၂၅၆–ခုနှစ်၊ သီတင်းကျွတ်လဆန်း (၂) ရက်၊ (၁၈၉၄–ခုနှစ်၊ စက်တင်ဘာလ ၃၀–ရက်) နေ့ဖြစ်သည်။

မိမိ မရှိသည့်နောက် မိမိ ပိုင်ဆိုင်သည့် အရှေ့အနောက် (၁၅၇) တောင်၊ တောင်မြောက် (၁၁၄) တောင်ရှိ မြေပေါ်ရှိ စားသုံးသီးပင်များမှ ရမည့်အခွန်ကို မော်လမြိုင်မြို့တွင် ပျံလွန်တော်မူသော သင်္ဂဇာဆရာတော် အုတ်ဂူပြာသာဒ်အား ထိန်းသိမ်းပြုပြင်ရန်နှင့် ဝဇီရာ ရာမ ဆရာတော်သီတင်းသုံးသည့် ရတနာဘုံမြင့် ကျောင်းနှင့် အိမ်တော်ရာတိုက်နေ သံဃာတော်တို့အား ပစ္စည်းလေးပါး လှူဒါန်းရန်၊ မိမိ နေအိမ်ကို ကျောင်းအဖြစ်လည်းကောင်း၊ အိမ်ထောင်ပရိဘောဂများကို ကျောင်း

အသုံးအဆောင်အဖြစ် လှူဒါန်းပါကြောင်းတို့မှာ သေတမ်းစာပါ အကြောင်းအရာများ ဖြစ်သည်။

ဘ၀နေဝင်ချိန်နီးနေပြီကို သိသော မိဖုရားကြီးသည် လူ့ဝတ်ကြောင်ကို စွန့်၍ သီလရှင်ဘ၀ ကူးပြောင်းကာ အိမ်တော်ရာ (ခေမာသီရိ) မှာ နေခဲ့သည်။

၁၂၆၆–ခုနှစ်၊ တပေါင်းလဆန်း (၁၉၀၅–ခုနှစ်၊ မတ်လ) တွင် မိဖုရားကြီး နတ်ရွာစံခဲ့သည်။ မိဖုရားကြီး၏ အုတ်ဂူမှာ အိမ်တော်ရာတိုက်တွင်ပင် ရှိ၏။

အိမ်တော်တိုက်သည် မိဖုရားကြီး စံအိမ်မှ ဘုန်းကြီးကျောင်း ဘ၀သို့ ကူးပြောင်းကာ သံဃာတော်အဆက်ဆက် သီတင်းသုံးခဲ့ကြလေသည်။

၁၂၈၁–ခုနှစ်၊ တပေါင်းလဆန်း (၄) ရက်၊ (၁၉၂၀–ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၁–ရက်) တွင် အိမ်တော်ရာတိုက်ကို အုပ်ချုပ်ရသည့် ရတနာဘုံမြင့်ကျောင်း ဆရာတော်က သီလရှင် ဒေါ်ခေမာစာရီသို့ စာချုပ်စာတမ်းဖြင့် အိမ်တော်ရာတိုက်ကို လွှဲအပ်လေသည်။

အိမ်တော်ရာသည် ၁၉၂၁–ခုနှစ်မှစ၍ ဘုန်းကြီးကျောင်းဘ၀မှ သီလရှင် ကျောင်း ဘ၀အသွင် ကူးပြောင်းကာ ခေမာသီရိ အမည်သစ် ဖြစ်လာရ၍ ခေမာသီရိ အမည်သစ်တွင် ပထမဆုံး ပဓာန နာယကမှာ ဒေါ်ခေမာစာရီ ဖြစ်လာသည်။

၁၃၄၁–ခုနှစ်၊ နတ်တော်လပြည့်ကျော် (၄) ရက် (၁၉၇၉–ခုနှစ်၊ ဒီဇင်ဘာ ၇–ရက်) တွင် ဒေါ်ခေမာစာရီ ကွယ်လွန်ခဲ့ရာ ခေမာသီရိအား အုပ်ချုပ်ရန် ခေမာရာမ၏နာယက ဒေါ်ပညာစာရီအား လွှဲအပ်ပြန်သည်။

မော်လမြိုင် ခေမာရာမ နာယက ဒေါ်ပညာစာရီသည် သူ့တပည့်များထဲမှ ထက်မြက်သော ဒေါ်ဉာဏဝတီနှင့် ဒေါ်ကေသာဝတီတို့အား ခေမာသီရိ၏ အရိုက်အရာကို ဆက်ခံ၍ သာသနာပြုရန် တာဝန်ပေးလေသည်။

၁၉၇၉–ခုနှစ်မှစ၍ ခေမာသီရိ (အိမ်တော်ရာ) သီလရှင် စာသင်တိုက်သည် ဥယျာဉ်မှူးအသစ်ဖြစ်သော ဒေါ်ဉာဏဝတီနှင့် ဒေါ်ကေသာဝတီတို့၏ ရေလောင်း ပေါင်းသင်မှုကြောင့် စိမ်းစိုရှင်လန်းသော၊ စည်ပင်ဖွံ့ဖြိုးသော စာသင်တိုက်အဖြစ် ဝင့်ဝင့်ထည်ထည် ရပ်တည်ခဲ့ရသည်။

သင်္ဂဇာဆရာတော်၊ ဝဇီရာ ရာမ ဆရာတော် ပါတော်မူသည့် မြန်မာ့သမိုင်း နောက်ခံ၊ ဘာသာတရားကိုင်းရှိုင်းသော စိန်တုံးမိဖုရားနှင့် မော်လမြိုင်ရာဇဝင်တို့ သည် စာရေးသူ၏ မျက်စိထဲတွင် ရှင်သန်လှုပ်ရှားရာမှ ရပ်တန့်သွားသောအခါ လက်ရှိ

မော်လမြိုင် ခေမာသီရိ သီလရှင်စာသင်တိုက် လေ့လာရေးသည် မပြီးသေးသော တာဝန်အဖြစ် ဆက်လက်လုပ်ဆောင်ရပါဦးမည်။

x x x

မော်လမြိုင်မြို့ လှိုင်နယ်မြေ တောင်ရှမ်းစုရပ်ကွက် ကျိုက်သံလန်စေတီတော် အရှေ့တောင်ဘက် ခြေတော်ရင်းရှိ ခေမာသီရိ သီလရှင် စာသင်တိုက်မှာ သီလရှင် စာသင်သား အပါး (၅၀) စာသင်ကြားနေကြသည်။ တိုက်နာယက ဆရာမှာ ဒေါ်ဉာဏဝတီဖြစ်၏။

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကမ်းနားပိုင်းနေ ဦးထွန်းကြိုင်– ဒေါ်သန်းမေတို့၏ တစ်ဦးတည်းသောသမီး ခင်မျိုးမြင့်ကို ၁၃၀၅–ခုနှစ်၊ နတ်တော် လပြည့်ကျော် (၁၀) ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သည်။

ရတနာဘုံမြင့်ကျောင်း ဆရာတော် ဦးဥက္ကံသကို ဥပဇ္ဈာယ်ဆရာပြု၍ ရှစ်နှစ်သမီး အရွယ်တွင် မြင့်မြတ်သော သီလရှင်ဘဝ ကူးပြောင်းကာ မော်လမြိုင် ခေမာရာမ ဆရာကြီး ဒေါ်ပညာစာရီထံတွင် ပညာဆည်းပူးပြီး ပထမကျော် အောင်မြင်ပြီး ဖြစ်သည်။

ဓမ္မာစရိယဝင်ဖြေရန် ဆက်လက်ကြိုးပမ်းရင်း စာသင် သီလရှင်လေးများကို စာဝါပို့ချနေခဲ့သည်။

ပထမလတ်တန်းအောင်မြင်ပြီးဖြစ်သည့် တိုက်အုပ် ဒေါ်ကေသာဝတီမှာမူ ဒေါ်ဉာဏဝတီနှင့်အတူ ခေမာသီရိကို လက်တွဲ၍ သာသနာ့တာဝန် ယူခဲ့သူ ဖြစ်သည်။

ဒေါ်ဉာဏဝတီနှင့် ဒေါ်ကေသာဝတီတို့မှာ ခေမာသီရိ၏ စာချဆရာများပင် ဖြစ်လေသည်။ သီလရှင်နှစ်ပါး၏ လက်ထက်တွင် ခေမာသီရိသည် ပို၍ထွန်းပြောင် ခဲ့သည်ဟု သိရ၏။

ကျောင်းတိုက်တွင်းရှိ မဟာဗောဓိပင်မင်းအား တံတိုင်းထားရှိခြင်း၊ ပင်ခြေတွင် ရုပ်ပွားတော်မြတ်ထားရှိပူဇော်ခြင်း၊ ဗောဓိပင်ရိပ်ရှိ စိန်တုံးမိဖုရား၏ ပျက်စီးနေပြီ ဖြစ်သော အုတ်ဂူကို ပြုပြင်မွမ်းမံခြင်း စသည့်ကိစ္စများသည် နာယက ဒေါ်ဉာဏဝတီ ၏ စွမ်းဆောင်ချက်များပင် ဖြစ်လေသည်။

အခြေအနေ အရပ်ရပ်ကြောင့် (၁၉) ရာစုနှစ် ဥရောပ ဗိသုကာလက်ရာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းများ မြင့်မြင့်မားမားတည်ရှိသော မော်လမြိုင်မြို့တွင်

ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းမှာ ပြည့်ပြည့်ဝဝ ထိုက်လှသော ကိစ္စသာဖြစ်ပေသည်။ ထိုတာဝန်ကို ဒေါ်ဉာဏဝတီက သူ့စွမ်းဆောင်နိုင်သည့်ဘက်မှ ပြုလုပ်ခြင်းဖြစ်၍ စိတ်ထဲမှ ချီးကျူးမိပါတော့သည်။

စာသင်တိုက်၏ ငွေပဒေသာပင်မှ ရသော ငွေပွားများဖြင့် စာအောင် သီလရှင်များကို ဆုပေးခြင်းကို နှစ်စဉ် တပေါင်းလအတွင်း သင့်လျော်သော ရက်တွင် ကျင်းပသည်။

နှစ်စဉ် နတ်တော်လတွင် ငါးရက်တိုင်တိုင် ပဋ္ဌာန်းကျမ်းတော်မြတ် ရွတ်ဖတ် ပူဇော်ပွဲ ကျင်းပကာ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် (၄) ရက်နေ့တိုင်း ပုရိမ ဝါကပ်ကုန်သော သံဃာတော်တို့ကို တိုက်တွင်း ပင့်ဖိတ် ကထိန်ခင်းလေ့ ရှိပါသည်။

ခေမာသီရိ၏ ထူးထူးခြားခြားပြုလုပ်သည့်ပွဲမှာ ၁၃၅၃–ခုနှစ်၊ ဝါခေါင်၌ တိုက်တွင်းရှိ မဟာဗောဓိပင် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ပူဇော်ပွဲ ဖြစ်ပါသည်။

တိုက်တွင်းရှိ မဟာဗောဓိပင်မှာ သမိုင်းအရိပ် ထင်ဟပ်လျက် ရှိပါသည်။ မဟာဗောဓိပင် အနီးရှိ မဟာဗောဓိကျောက်စာသည် သမိုင်းကို အတိအကျ ပြောပြပါ၏။

၁၂၅၃–ခုနှစ်၊ တပို့တွဲလဆန်း (၆) ရက်နေ့တွင် ဝဇီရာ ရာမ ဆရာတော်နှင့် သံဃာအပါး (၄၀) ကျော်၊ စိန်တုံးမိဖုရားနှင့် သီလရှင် (၅၀) ကျော်၊ ဥပါသကာ ဥပါသိကာ (၄၀) ကျော်တို့သည် သီဟိုဠ်ကျွန်းသို့ ဖူးမျှော်ဖူးရန် သွားခဲ့ကြောင်း၊ မဟာဗောဓိနှင့် စေတီပုထိုးများကို လှည့်ဖူးမြော်ကြောင်း၊ နောင်လာနောက်သားတို့ ကိုးကွယ်ရန် သီဟိုဠ်မှ တစ်စုံတစ်ခု အာရုံပြုလောက်အောင် ကိုးကွယ်ရာ ယူဆောင်သွားရန် စိန်တုံးမိဖုရား အာသီသရှိခဲ့ကြောင်း၊ ဗောဓိရက္ခ မထေရ်က ဗောဓိပင်ငယ်ကို ပေးလိုက်သဖြင့် ပင့်ဆောင်၍ ပြန်ခဲ့ကြောင်း စသည်တို့ ကျောက်စာမှာ ရေးထိုးထားလေသည်။

'မော်လမြိုင်မြို့ရောက် ကာလလည်း ကျိုက်သံလန်စေတီတော်မှ အရှေ့တောင်စွန်း ဦးယွန်းမဏ္ဍိုင် စိန်တုံးမိဖုရား ပိုင်ထိုက်သောမြေကြီး မင်္ဂလာညီမှုရာအရပ်၌ ဝဇီရာ ရာမ ဆရာတော် အမှူးရှိသော သီဟိုဠ်သား ရဟန်းနှစ်ပါး၊ များလှစွာသော **ရဟန်း** ရှင်လူ ပရိသတ်တို့ကို ပင့်ဖိတ်စီမံ၍ ရွှေ ငွေ မြတံ ရောင်လျှံစုံသော ထမ်းစင်ထက်၌ ဗောဓိပင်ငယ်ကို တင်၍ ထီးဖြူ ကနက္ကဒဏ် ဖြန့်မိုး မုရိုးယွန်းစည်

မြည်သံသာ ခရာအစုံ ဥသျှံမကြွင်း ကျင်းပပူဇော်ပြီးလျှင် ကောဇာသက္ကရာဇ် ၁၂၅၄-ခုနှစ်၊ ဝါဝခေါင်လပြည့်ကျော် (၄) ရက်နေ့ (၁၂) နာရီတွင် (၁၀) ချက် အမြောက် ပစ်ဖောက်ပင့်တင် လျောင်တော်လည်း ခြိမ့်ခြိမ့်သည်းစွာ အနာဂတ် အလျှံအဝါ သာသနာငါးထောင် ကုန်အောင်ပတ်လုံး ညွှတ်ရုံးနတ်လူ ပူဇော်သက္ကာယ အထင်သွန် နိဗ္ဗာန်ကူးဆိပ် မြရပ်အောင်ခန်း တောင်တော်နန်းကို တင့်မြန်းသိုက်မြိုက် စိုက်ထားကော်ရော် ပူဇော်သတည်း’ ဟု မဟာဗောဓိပင်၏ အတ္ထုပတ္တိက တိကျ သေချာလှပေသည်။

၁၃၅၃-ခုနှစ်၊ ဝါခေါင်လသည် မဟာဗောဓိပင် နှစ်တစ်ရာပြည့်ဖြစ်၍ ပင်ခြေတွင် မဏ္ဍပ်ထိုးကာ သံဃာတော်များ ပင့်ဖိတ်ဆွမ်းကျွေး တရားနာ အလှူအတန်းပြု တံခွန်ကုက္ကား မုလေးပွား ပန်းနံ့သာမျိုးစုံဖြင့် ဗောဓိပင်အား ပူဇော်ဦးခိုက်ခြင်း ပွဲသဘင် ဆင်ယင်ကျင်းပခဲ့ပါသည်။

X X X

သင့်လျော်အဆင်ပြေသလို ငါးပါးစိ၊ ခြောက်ပါးစိ စုပေါင်းဆွမ်းစားသော ခေမာသိရိတွင် အဆောက်အအုံ သုံးခုရှိသည်။

မော်လမြိုင်မြို့ မင်းလမ်းမရပ် ဝတ်လုံတော်ရ ဦးပျံငြိမ်းနှင့် ညီမ ဒေါ်ခင်မြ၊ ဒေါ်ခင်ညွန့်တို့ကောင်းမှုဖြစ်သည့် ပင်မကျောင်းဆောင်မှာ အပေါ်ထပ်ကို ဘုရားခန်း အဖြစ်လည်းကောင်း၊ ကျန်အခန်းများမှာ စာဝါပို့ချခန်းပြုလုပ်၍ တိုက်ရှိ စာသင်သား များ နေကြသည်။

အနောက်ကျောင်းဆောင်ဟု ခေါ်သော အဆောင်ကို ဆွမ်းစားဆောင်အဖြစ် အသုံးပြုသည်။ မော်လမြိုင်မြို့ ပျဉ်ထောင်တန်းရပ်နေ ဒေါ်ပု ဆေးလိပ်ခုံပိုင်ရှင် ဦးစံဒွန်း-ဒေါ်ပုနှင့် မြေးများ၏အလှူဖြစ်ပြီး ဒေါ်မြကြည်၊ ဒေါ်မြသန်း၊ ဒေါ်မြစိန်၊ ဦးကျော်မြင့်တို့က ဆက်လက်ထောက်ပံ့လှူဒါန်းနေပါသည်။

စာသင်သားဆောင်မှာမူ စာသင်သားအချို့နေကြပြီး မော်လမြိုင်မြို့ ရွှေတောင် ရပ်နေ ဆရာဝန်ကြီး ဦးသာဒင်၏ ကောင်းမှုဖြစ်သည်။

တိုက်၏ ကုန်ကျသရွေ့ ထင်းကို တာဝန်ယူလှူဒါန်းသူမှာ ဒေါ်ပု ဆေးလိပ်ခုံမှ ဖြစ်ပြီး တိုက်၏ကုန်ကျသမျှ ငါးပိ ဒကာမှာ မော်လမြိုင် အောက်လမ်းမကြီးနေ ဒေါ်နှင်းယု ဖြစ်သည်။

အချုပ်အားဖြင့် ရေးသားရလျှင် တိုင်းတစ်ပါး လက်အောက်ခံ ဘဝတွင် ဗုဒ္ဓသာသနာတော်နှင့် အမျိုးသားယဉ်ကျေးမှု ကွယ်ပျောက် မသွားရလေအောင် သင်္ဂဇာ ဆရာတော်၊ ဝဇီရာ ရာမ ဆရာတော်တို့၏ ကြိုးပမ်းမှု၊ ဘာသာရေးကိုင်းရှိုင်းမှု၊ မျိုးချစ်စိတ် ဓာတ်မာန်ထက်သန်သော စိန်တုံးမိဖုရား ခေါင်းဆောင်၍ မော်လမြိုင်မြို့ ဗုဒ္ဓဘာသာဝင် မွန်၊ မြန်မာ၊ ကရင်၊ ကယား၊ ရှမ်း၊ ပအိုဝ် တိုင်းရင်းသားတို့ လက်ဆင့်ကမ်း သယ်ဆောင်လာသော ဗုဒ္ဓဘာသာ မီးရှူးတိုင်သည် ယနေ့တိုင် အလျှံဝါ ညီးညီးပြောင်၍ နောင်လာနောက်သားတို့ အကျိုးရှိရာရှိကြောင်း ဖော်ထုတ်ပြသနေသည့် မော်လမြိုင်မြို့ ကျောင်းကန် ဘုရား စေတီ ရုပ်ပွားများကို ဖူးမြော်ပြီးနောက် အိမ်တော်ရာ ခေမာသီရိ သီလရှင် စာသင်တိုက်သို့လည်း လေ့လာမှတ်သားရေး ကွန်းထောက်စခန်းအဖြစ် သွားရောက်ကြည်ညိုနိုင်ကြရာသတည်း။

**ရည်ညွှန်း**

၁။ ရတနာဘုံမြင့်ကျောင်းတိုက် နှစ်တစ်ရာခရီးနှင့် မော်လမြိုင်မြို့ ယဉ်ကျေးမှု သမိုင်းနိဒါန်း၊ ဦးအုံကျော် (ကထိက) သမိုင်းဌာန၊ မော်လမြိုင်တက္ကသိုလ်။

၂။ ကျွန်တော်တို့ မွန်-မြန်မာ။ (သိန်းဖေမြင့်)

၃။ မဟာဗောဓိကျောက်စာ၊ (ခေမာသီရိတိုက်တွင်း ရှိသည်။)

၄။ (၁၀-၁၂-၉၂) နေ့က ကိုယ်တိုင်သွားရောက်လေ့လာချက်။

သီရိ

ဓမ္မရုပ်ဝံ့ ဘာသာရေးနှင့် အတွေးအခေါ်မဂ္ဂဇင်း
၁၉၉၃-ခုနှစ်၊ အောက်တိုဘာလ။ စာအုပ်အမှတ် (၉)

# မော်လမြိုင်မြို့ သုဝဏ္ဏရံသိ သီလရှင် စာသင်တိုက်

ခရစ်သက္ကရာဇ် ၁၈၉၈–၉၉၊ မြန်မာသက္ကရာဇ် ၁၂၆၀–၆၁ ခုနှစ်ကာလ ဖြစ်သည်။

ထိုအချိန်က မြန်မာပြည်သည် နယ်ချဲ့လက်အောက်ခံတိုင်းပြည် အဆင့်မျှသာ ရှိသေး၏။ ဤအချိန်မျိုးတွင် မော်လမြိုင်မြို့နေ မွန် မြန်မာတို့က 'အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ'ဟူသော ကြွေးကြော်သံဖြင့် နိုးကြားစည်းရုံးခဲ့ကြသဖြင့် 'သာသနာ့ဓရ'ဟူသော အသင်းကြီး ပေါ်လာသည်။

နိုင်ငံခြား သာသနာပြုအဖွဲ့တို့က ၎င်းတို့၏သာသနာတိုးပွားရေးအတွက် ခရစ်ယာန် စာသင်ကျောင်းများ ဖွင့်ကြသလို သဘာသနာ့ဓရ အသင်းကလည်း မြန်မာ ဗုဒ္ဓဘာသာကျောင်း ဖွင့်သည်။

ခရစ်ယာန်ဘာသာဝင်ကျောင်းများအမည်ရှေ့တွင် စိန့် (Saint) တပ်သည်။ သာသနာ့ဓရအသင်း၏ကျောင်းကိုလည်း အောက်မြန်မာပြည် သုဝဏ္ဏဘူမိခေါ် သထုံသို့ ပိဋကတ်စာပေများ ယူလာခဲ့သူ ရှင်မဟာဗုဒ္ဓဃောသ အမည်ကို ယူကာ 'ရှင်မဟာဗုဒ္ဓဃောသကျောင်း' ဟု အမည်တပ်ခဲ့လေသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် မော်လမြိုင်သည် ဗုဒ္ဓဘာသာကို အရေးအရာတိုင်းမှာ ဦးစားပေးခဲ့ကြောင်း ထင်ရှား၏။ မိမိတို့ယုံကြည်ကိုးကွယ်ရာ ဗုဒ္ဓဘာသာ မတိမ်မြုပ်ရေးတို့ကို သတိလစ်မခံ၊ အခွင့်အရေးရလျှင် ရသလို ကြိုးစားခဲ့ကြောင်း သိသာနိုင်ပေသည်။




မော်လမြိုင်မြို့ ပရိယတ္တိ သဒ္ဓမ္မပါလ အသင်း၏ ပဌမဆင့်
ရွှေထီးဆောင်းဘွဲ့ရသော သုဝဏ္ဏရုံသီ သီလရှင် စာသင်တိုက်၏
နာယက ဆရာကြီး ဒေါ်သုဝဏ္ဏဝတီ။



ဆရာကြီး သိရီ ဒေါ်သုဝဏ္ဏဝတီဘိဝံသီအား
ဗိုင်ကတ္တူယ ပါရဂူဘွဲ့တံဆိပ်နှင့်အတူ တွေ့ရစဉ်။



ပေါ်လဖြိုင်၊ ဈေးကြီး ဖက်တန်းရပ်နေ မကြူကြူမှ သုဝဏ္ဏဝတီ သီလရှင်
စာသင်တိုက်သို့ ပဋ္ဌာန်းကျမ်းတော်များ ကပ်လှူနေစဉ်။



ပရိယတ္တိ သဒ္ဓမ္မပါလ (တတိယဆင့်) ဘွဲ့ရသော မဝိဇ္ဇာသီအား
ချီးကျူးဂုဏ်ပြုပွဲတွင် ဦးဆောင်ကျောင်းပသူများနှင့် ဒေါ်သုဝဏ္ဏဝတီ။



သိမ်တွက်မည့် ရဟန်းသစ်အား သိမ်ဆင်း ဆွမ်းလောင်းပွဲတွင် တွေ့ရသော
ဒေါ်သုဝဏ္ဏဝတီ။



၁၃၄၀-ပြည့်နှစ်၊ တပို့တွဲလ၊ စစ်ကိုင်းတောင်ရိုး ပဌာန်းအကြိမ် (၁၀၀) ပြည့်၊
ပဌာန်းသိမ်း အထိမ်းအမှတ်ပွဲသို့ ဒေါ်သုဝဏ္ဏာဝတီ တက်ရောက်ခဲ့စဉ်။

ယနေ့ မော်လမြိုင်သည်လည်း နှစ်ပေါင်းများစွာက မော်လမြိုင်ပင် ဖြစ်နေပါသေးသည်။ နှစ်တွေ ပြောင်းသော်လည်း အယူအဆ၊ အတွေးအခေါ် မပြောင်းပါ။ ဗုဒ္ဓဘာသာကိုးကွယ်မှု၊ အားပေးချီးမြှောက်မှု၊ ကြိုးပမ်းလုပ်ဆောင်မှုတွေမှာ အားမာန်အပြည့် ဖြစ်ဆဲပင်။

X X X

မော်လမြိုင်မြို့၏ အလှပဆုံး ရပ်ကွက်ဖြစ်သည့် တောင်ဝိုင်းကုန်းထိပ်တွင် သီလရှင် စာသင်တိုက် တစ်တိုက်ရှိ၏။ အမည်မှာ 'သုဝဏ္ဏရံသီ သီလရှင်စာသင်တိုက်' ဖြစ်လေသည်။

ထိုစာသင်တိုက်အတွင်း အဆောက်အအုံ လေးခုရှိ၏။ အဆောက်အအုံလေးခုအတွင်း သီလရှင် (၇၂) ပါးတို့သည် ပရိယတ်၊ ပဋိပတ် တရားတို့ဖြင့် ပျော်မွေ့ နေထိုင်လျက် ရှိကြသည်။

တစ်ကေကျော် ကျယ်ဝန်းသော သုဝဏ္ဏရံသီ တိုက်ဝန်းမှာ မျက်စိချမ်းသာစရာ သန့်ရှင်းစင်ကြယ်နေခြင်းကိုလည်းကောင်း၊ နားချမ်းသာဖွယ် တိတ်ဆိတ်ငြိမ်သက်နေသည်ကိုလည်းကောင်း တွေ့ရသဖြင့် ကျောင်းတိုက်ကို ဝင်ဝင်ချင်း စိတ်နှစ်ခြိုက်ကြည်မွေ့သွားရလေသည်။

တိုက်၏ ပဓာန နာယက ဒေါ်သုဝဏ္ဏဝတီနှင့် တွေ့ဆုံမေးမြန်းရသောအခါ မော်လမြိုင်မြို့၏ ဗုဒ္ဓဘာသာအစဉ်အလာကို ထူးချွန်စွာ ဆက်ခံထိန်းသိမ်းနိုင်ပါပေသည်ဟု မှတ်ချက်ချမိပါတော့သည်။

'ပိဋကတ္တယပါရဂူ'ဟူသော ဘွဲ့ကို သီလရှင်များထဲမှ ပထမဆုံး အောင်မြင်သူမှာ သုဝဏ္ဏရံသီ၏ နာယကပင် ဖြစ်လေသည်။

မော်လမြိုင်မြို့ ဈေးကြို တောင်ဝိုင်းရပ်ရှိ သုဝဏ္ဏရံသီ သီလရှင်စာသင်တိုက်၏ ပဓာန နာယက ဆရာ ဒေါ်သုဝဏ္ဏဝတီသည် ထားဝယ်မြို့၊ ကျောက်မော်ရပ်နေ ဦးအံ့သာ–ဒေါ်ကျင်ဆွေတို့မှ သက္ကရာဇ် ၁၂၈၅–ခုနှစ်၊ တန်ခူးလပြည့်ကျော် (၃) ရက်၊ သောကြာနေ့တွင် ဖွားမြင်သည်။

အသက်ကိုးနှစ်အရွယ်တွင် ထားဝယ်မြို့ ကုသိနာရုံ သီလရှင် စာသင်တိုက်ဆရာကြီး ဒေါ်ဝံသီထံတွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် သီလရှင်အဖြစ်သို့ ရောက်ခဲ့သည်။

ဒေါ်ဝံသီထံတွင် အခြေခံ ပရိယတ် ကျမ်းစာများကို သင်ကြားပြီးနောက် မော်လမြိုင်မြို့ ခေမာရာမ စာသင်တိုက်သို့ ရောက်ခဲ့ရသည်။ ကျန်ရှိနေသေးသည့် သင်ရိုးကျမ်းဂန်များကို ဒေါ်ပညာစာရီထံ ဆက်လက်ဆည်းပူးသည်။

မော်လမြိုင်မြို့ စိန်မမ ပါဠိတက္ကသိုလ် ဆရာတော် ဦးသုရိယာဘိဝံသ၊ တောင်လေးလုံးဆရာတော်၊ ဝဲပုံဆရာတော်၊ စစ်ကိုင်းတောင်ရိုး ဓေယျသိန်ဆရာတော်၊ ပဌာန်းသိပ္ပံ ဆရာတော်တို့ထံတွင်လည်း နေ့ဝါ ညဝါ ကျမ်းအဖြာဖြာကို လိုက်နာ သင်ယူခဲ့၏။

ဒေါ်သုဝဏ္ဏဝတီ၏ ပညာရေးဘွဲ့အဆင့်ဆင့်ကို ဖော်ပြရလျှင်—

- ၁၂၉၉–ခုနှစ် မော်လမြိုင်မြို့ ပရိယတ္တိစာမေးပွဲ ပထမငယ်တန်းနှင့် ပရိယတ္တိ သဒ္ဓမ္မပါလ စာမေးပွဲ ပထမဆင့်တို့ကို အောင်မြင်ခဲ့သည်။
- ၁၃၀၀–ပြည့်နှစ်တွင် အစိုးရ ပါဠိပထမပြန်စာမေးပွဲ ပထမငယ်တန်း အောင်မြင်ပြီး ၁၃၀၆–ခုနှစ်၌ ပရိယတ္တိ သဒ္ဓမ္မပါလ စာမေးပွဲ ဒုတိယဆင့်၊ ၁၃၀၈–ခုနှစ်တွင် တတိယဆင့် အောင်မြင်ခဲ့၏။ ၁၃၀၉–ခုနှစ်တွင် အစိုးရ ပါဠိပထမပြန် စာမေးပွဲ ပထမလတ်တန်း၊ ၁၃၁၀–ပြည့်နှစ်၌ ပရိယတ္တိ သဒ္ဓမ္မပါလ စာမေးပွဲ စတုတ္ထဆင့်၊ ၁၃၁၁–ခုနှစ်တွင် သုသမာစာရ စာမေးပွဲနှင့် သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိအသင်း၏ မဟာဝေယျာ ကရဏိကတန်း စာမေးပွဲများ အောင်မြင်ပြန်သည်။
- ပညာရေးနှင့်ပတ်သက်လျှင် ဝီရိယဆောင်းသော ဒေါ်သုဝဏ္ဏဝတီသည် မော်လမြိုင်၊ သထုံတွင် ကျင်းပသော စာမေးပွဲ၊ အစိုးရကြီးမှူးကျင်းပသော ပါဠိပထမပြန် စာမေးပွဲများ ဖြေရုံနှင့် မကျေနပ်နိုင်သေးဘဲ သူ၏ ဇာတိ ထားဝယ်မြို့ ပရိယတ္တိ သာသနာ့နုဂ္ဂဟ စာမေးပွဲ ပထမကြီးတန်းကို ၁၃၁၃–ခုနှစ်တွင် သွားရောက်ဖြေဆို အောင်မြင်ခဲ့ပြန်သည်။ ထိုနှစ်တွင် ကျင်းပသော အစိုးရပါဠိပထမပြန် ပထမကြီးတန်းကိုလည်း လက်လွှတ်မခံ ဖြေဆိုအောင်မြင်စေခဲ့သည်။
- ၁၃၁၆–ခုနှစ်တွင် ဒေါ်သုဝဏ္ဏဝတီသည် စာချတန်းအောင်မြင်ကာ 'သာသန ဓဇ ဓမ္မာစရိယ'ဘွဲ့ ရရှိခဲ့သည်။ ၁၃၁၇–ခုနှစ်တွင် သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိစာမေးပွဲ အဘိဓမ္မိကတန်း တတိယဆင့်နှင့် အစိုးရ၏ဂုဏ်ထူးတန်း စာချ 'သာသနဓဇ သိရိပဝရ ဓမ္မာစရိယ' ဘွဲ့ ရရှိပြန်သည်။

- ၁၃၁၉–ခုနှစ်တွင် သထုံမြို့ ပရိယတ္တိအသင်း၏ ဝိနယဓရတန်းကို အောင်မြင်၍ 'သာသနဓောတိပါလ ဓမ္မာစရိယ' ဘွဲ့ ရရှိခဲ့သည်။
- ၁၃၂၀–ပြည့်နှစ် မော်လမြိုင်မြို့ သဒ္ဓမ္မပါလစာမေးပွဲ ပဉ္စမဆင့်တွင် ပထမစွဲ အောင်မြင်၍ 'မဟာဂန္ထဝါစက သီရိသုဝဏ္ဏဝတီ' ဘွဲ့ ရရှိခဲ့၏။
- ၁၃၂၁–ခုနှစ် သထုံမြို့ သုဝဏ္ဏပရိယတ္တိအသင်း ဒီဃဘာဏကနှင့် မဇ္ဈိမ ဘာဏကတန်း စတုတ္ထဆင့်၊ ၁၃၂၃–ခုနှစ် ၎င်းစာမေးပွဲ သတ္တမဆင့် အောင်မြင်ပြီး 'သာသနဟိတ ဂဏဝါစက အာစရိယ'ဘွဲ့၊ ၎င်းနှစ်မှာပင် မော်လမြိုင် သဒ္ဓမ္မပါလစာမေးပွဲ ဆဋ္ဌမဆင့် ပထမစွဲ အောင်မြင်သောကြောင့် သူ၏ပညာရေးဘွဲ့နှင့်ထိုက်တန်သော ဘွဲ့အမည်အဖြစ် 'သီရိသုဝဏ္ဏဝတီ ဘိဝံသီ ပရိယတ္တိ သဒ္ဓမ္မပါလ ဓမ္မာစရိယ' ဘွဲ့ ရရှိခဲ့သည်။
- ၁၃၂၈–ခုနှစ်တွင် သငုံ ပရိယတ္တိစာမေးပွဲတွင် သတ္တမဆင့် အောင်မြင်သော ကြောင့် 'ပိဋကတ္တယ ပါရဂူ' ဘွဲ့ကို သီလရှင်ထဲမှ ဦးစွာဆွတ်ခူးခဲ့၏။ အမျိုးသမီးထဲမှ ပထမဆုံးအောင်မြင်သောကြောင့် 'ပဉ္စနိကာယ ပိဋကတ္တယ ပါရဂူ'ဘွဲ့ကိုပါ ထပ်ဆင့်ချီးမြှင့်ခြင်း ခံရသူလည်း ဖြစ်သည်။

ဒေါ်သုဝဏ္ဏဝတီ၏ စာပေအရည်အချင်းများကို အောင်မြင်ခဲ့သော စာမေးပွဲများ၊ ချီးမြှင့်သော ဘွဲ့များကိုကြည့်၍ အံ့သြကြည်ညိုဖွယ်ရာဖြစ်ပါသည်။ ထိုအချိန် ကာလက ထုတ်ဝေနေသော သတင်းစာများတွင် 'သီလရှင်ထူး'ဟု ဖော်ပြခြင်း ခံရသူဖြစ်၏။

ပိဋကတ်ကျမ်းဂန်အပိုင်းတွင် ဒေါ်သုဝဏ္ဏဝတီ ထပ်ယှဉ်စရာဘွဲ့ မရှိလောက် အောင် ရှားပါးနေကြောင်း သိရသောအခါ သူ၏ပညာရေးထူးချွန်ပုံကို ပြည်သူ အများ သိစေချင်သောစေတနာ ဖြစ်လာပါသည်။ ထိုမှန်သောသစ္စာစကားကြောင့် သာသနာ့နွယ်ဝင် သီလရှင်တို့၏အရောင် ပိုမိုထွန်းပြောင်ပါစေသတည်းဟု အဓိဋ္ဌာန် ပြုမိပါတော့သည်။

X X X

သုဝဏ္ဏရံသီ စာသင်တိုက်တွင် အဆောက်အအုံပေါင်း လေးခုရှိသည်။ ၎င်းတို့မှာ ပင်မကျောင်းတိုက်၊ တိုက်ဇရပ်၊ ငြိမ်းချမ်းဇရပ်နှင့် ကမ္မဋ္ဌာန သာလာယ ဇရပ်တို့ ဖြစ်၏ ။

၁၃၂၆–ခုနှစ်တွင် တည်ထောင်သော သုဝဏ္ဏရုံသီတိုက်၏ သက်တမ်းမှာ (၂၈) နှစ် ရှိလေပြီ။ ယခင်က မြေကြီးသက်သက်သာဖြစ်၍ ကျောင်းတိုက် အဆောက်အအုံ လုံးဝ မရှိ။ မြေဒကာမှာ မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ်နေ ဒေါ်သန်းရွှေက သူ ပိုင်ဆိုင်သည့် လက်ဝတ်လက်စားများ ရောင်းချ၍ မြေနေရာကို ဝယ်ယူလှူဒါန်းသည်။

ထိုမြေနေရာပေါ်တွင် ပျဉ်ကာ၊ ပျဉ်ခင်း၊ အုတ်ဖိနပ်၊ သွပ်မိုးနှင့် 'ပင်မကျောင်း တိုက်'ကို ပြည်သူများ စုပေါင်းလှူဒါန်းသဖြင့် ၁၃၂၆–ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၁) ရက်နေ့တွင် သုဝဏ္ဏရုံသီ အကောင်အထည် ပေါ်လာလေသည်။

ကျောင်းတည်ပြီး သုံးနှစ်အကြာတွင် မော်လမြိုင်မြို့ အောက်လမ်းမကြီးနေ ဒေါ်ငွေရင် ညီအစ်မတစ်စုက နှစ်ထပ်တိုက်တစ်လုံး ဆောက်လုပ်လှူဒါန်းခြင်းကြောင့် တိုက်ဇရပ် ဖြစ်ပေါ်လာရသည်။

ငြိမ်းချမ်းဇရပ်၏ ဒကာမှာ မော်လမြိုင်တက္ကသိုလ် မော်ကွန်းထိန်း ဦးခင်ညို နှင့် ဇနီး ဒေါ်တင်ဝင်းတို့ ဖြစ်သည်။ ငြိမ်းချမ်းဟူသောအမည်နှင့် လိုက်ဖက်စွာ အမြင်အေးချမ်း၍ အရိပ်အာဝါသပြည့်စုံပြီး တိတ်ဆိတ်ငြိမ်သက်သော ဇရပ်လေး ဖြစ်သည်။

ရန်ကုန်မြို့ ကျုံးကြီးရပ် (၁၁) လမ်းနေ ဦးအုံးမြင့်၊ ဒေါ်ကျင်ကျူးတို့၏ ကောင်းမှုဖြစ်သည့် 'ကမ္မဋ္ဌာန သာလာယ ဇရပ်' မှာ ဘာဝနာ ရှုပွားလိုသူတို့အား ကြိုဆိုနေပါသည်။

ဤသို့လျှင် ပညာ၊ အရိပ်အာဝါသ၊ ငြိမ်းချမ်းမှုတို့နှင့်ပြည့်စုံသော သုဝဏ္ဏရုံသီ တိုက်တွင် သီလရှင် (၇၂) ပါးသည် တစ်အိုးတည်းစားခြင်း၊ စုပေါင်းဝတ်တက်ခြင်း၊ စာကျက် စာအံ စာပြန်ခြင်း၊ စာဝါပို့ချခြင်းများဖြင့် နေ့ရက်များကို ကုန်လွန်စေ ပါသည်။

X X X

သုဝဏ္ဏရုံသီသည် မော်လမြိုင် ခေမာရာမ၏ စည်းမျဉ်းအတိုင်း လိုက်နာ ကျင့်သုံးနေထိုင်လျက်ရှိ၏။

ပညာရေးကို အထူးအားပေးသောအနေဖြင့် ကျောင်းတိုက်တည်သည်မှစ၍ ယခုနှစ်အထိ နှစ်စဉ် နတ်တော်လပြည့်ကျော် (၃) ရက်နေ့တိုင်း မူလတန်း၊ ငယ်၊ လတ်၊ ကြီး၊ အာဂုံစာပြန်ပွဲ ကျင်းပမြဲဖြစ်သည်။ ထို့အပြင် အစိုးရပါဠိပထမပြန် စာမေးပွဲအောင် သီလရှင်များကိုလည်း ထိုနေ့မှာပင် ဆုပေးပွဲကျင်းပသည်။

နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်း ကျောင်းတိုက် ဘုရားဆောင်ရှိ ရုပ်ပွားတော်အား ဆွမ်းတော်ကြီးတင်ပွဲ ပြုလုပ်ပြီး အထူးပူဇော်လှူဒါန်းပွဲ ကျင်းပလေသည်။

ပိဋကတ်ကျမ်းစာပေများကို အထူးအောင်မြင်သော သုဝဏ္ဏာရုံသီ၏ နာယက 'သိရီ သုဝဏ္ဏဝတီ ဘိဝံသိ ပရိယတ္တိ သဒ္ဓမ္မပါလ မဟာစရိယ၊ ပိဋကဓရ ပါရဂူ' သည် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် သာသနာ့နွယ်ဝင် သီလရှင်များအဖွဲ့၏ ဥက္ကဋ္ဌလည်း ဖြစ်ပါပေသည်။

၁၉၉၃–ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ ဆက်ကပ်ချီးမြှင့်သော 'အဂ္ဂမဟာ ဂန္ထ ဝါစက ပဏ္ဍိတ'ဘွဲ့ကို ရရှိပြန်သဖြင့် ပန်းပေါင်းစုံတွင် အမွှေးအထုံ ထပ်ထည့် သကဲ့သို့လည်းကောင်း၊ နဂိုရှိရာတွင် နဂိုးဖြည့်သကဲ့သို့လည်းကောင်း သုဝဏ္ဏာရုံသီ အတွက် ဒေါ်သုဝဏ္ဏဝတီအတွက် ပိုမိုတင့်တယ်ပြည့်စုံသွားရပြန်ပါတော့သည်။

သုဝဏ္ဏာရုံသီ၏ စာချဆရာများမှာ ဒေါ်စရဏာဉာဏီ၊ ဒေါ်နိမလဉာဏီ၊ ဒေါ်စန္ဒမာလာနှင့် ဒေါ်ပုဏ္ဏာမိတို့ ဖြစ်သည်။

ဒေါ်ပုဏ္ဏာမိမှာ မော်လမြိုင် ခေမာရာမတိုက်တွင် ဒေါ်သုဝဏ္ဏဝတီ ပညာရင်နို့ သောက်စို့စဉ်က စာသင်ဖက်ဖြစ်ခဲ့ပြီး မော်လမြိုင် ခေမာရာမ၏ တိုက်ခွဲအဖြစ် သုဝဏ္ဏာရုံသီ တည်ထောင်ချိန် လွန်ခဲ့သော (၂၈) နှစ်မှ ယနေ့အထိ ဒေါ်သုဝဏ္ဏဝတီနှင့် လက်တွဲကာ သာသနာ့တာဝန် ထမ်းဆောင်ခဲ့သူဖြစ်သည်။

သုဝဏ္ဏာရုံသီ၏ တိုက်အုပ်အဖြစ် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ယူနေသော ဒေါ်ပုဏ္ဏာမိမှာ မော်လမြိုင် သဒ္ဓမ္မပါလအသင်း၏ ဒုတိယဆင့် အောင်မြင်ပြီးချိန်မှစ၍ ကျန်းမာရေးချို့တဲ့ခြင်းကြောင့် စာပေဆည်းပူးခြင်းအမှု မပြုနိုင်တော့ဘဲ စာဝါချခြင်း၊ ပဋိပတ်တရား အားထုတ်ခြင်း၊ တိုက်တွင်း စီမံအုပ်ချုပ်ခြင်း၊ စာသင် သီလရှင်လေးများကို ပဲ့ပြင်ဆုံးမခြင်းဖြင့် သုဝဏ္ဏာရုံသီကို ဖြည့်ဆည်းနေလေသည်။

x x x

ဘုရားလက်ထက်တော်က ဘိက္ခုနီများသည် များစွာသော အလွှာအသီးသီးမှ အမျိုးသမီးများကို ယဉ်ကျေးလိမ္မာအောင် တာဝန်ယူခဲ့ကြပါသည်။

ယခုခေတ် သာသနာ့နွယ်ဝင် သီလရှင်များသည်လည်း အမျိုးသမီးများ၏ ယဉ်ကျေးမှု၊ အကျင့်စာရိတ္တကောင်းမှု၊ ဘာသာရေးကြည်ညိုတတ်မှုဖြစ်အောင် တာဝန်ယူနေကြသည်ကို မြင်တွေ့ရသဖြင့် အားရကျေနပ်မိပါ၏။

စပယ်ဦးစာပေ

အထူးအားဖြင့် သုဝဏ္ဏရုံသိတိုက် နာယကကဲ့သို့ ပညာရေး အလေးပေးသော၊ ထူးချွန်သော သိလရှင်များလည်း စဉ်ဆက်မပြတ် ပေါ်ပေါက်စေချင်ပါသည်။ ထိုသို့ ပေါ်ပေါက်မှသာလျှင် မော်လမြိုင်မြို့တွင် သာသနာရောင်ဝါ လင်းသကဲ့သို့ မြန်မာပြည်တစ်ဝန်းတွင် ဗုဒ္ဓမြတ်စွာ၏ သာသနာသည် နေလို လလို လင်းမည်သာ ဖြစ်ပါကြောင်း။

သိရိ

ဓမ္မရုပ်စုံ ဘာသာရေးနှင့် အတွေးအခေါ်မဂ္ဂဇင်း
၁၉၉၃-ခုနှစ်၊ နိုဝင်ဘာလ။ စာအုပ်အမှတ် (၁၀)



မုဒုံမြို့ ခေမာရာမ သီလရှင် စာသင်တိုက်၏
ပဓာန နာယက ဆရာကြီး ဒေါ်ကုသလစာရီ။



မုဒုံမြို့ ကန်ကြီးဘုရား ငှက်မြတ်နားတွင် ငွေခေါင်းလောင်း
ကပ်လှူနေသော ဒေါ်ကုသလစာရီနှင့် တိုက်အုပ် ဒေါ်ပညာဝတီ။



ဆရာကြီး ဒေါ်ကုသလစာရီနှင့်
စာသင် သီလရှင်တပည့်လေးများ အမှတ်တရ။



သာသနာရေးဆိုင်ရာ စာမေးပွဲဖြေရန် သွားဖို့ ပြင်ထားသည့်
မုဒုံမြို့ ခေမာရာမ သီလရှင်စာသင်တိုက်မှ မပညာနန္ဒီ။

# မုဒုံမြို့ ခေမာရာမ သီလရှင် စာသင်တိုက်

အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ပင် လောကီ၊ လောကုတ္တရာမှာ လူအများ ရိုသေလေးစား၊ အားထားယုံကြည် လက်ခံနိုင်လောက်အောင် ပညာရှိခြင်း၊ ဉာဏ်ပညာရှိခြင်း၊ အမြော်အမြင်ကြီးခြင်း၊ ဖွဲ့လုံ့လဝီရိယနှင့် ပြည့်စုံခြင်းစသည့် မွန်ပြည်နယ်အတွင်းရှိ သီလရှင်စာသင်တိုက်များကို သွားရောက်လေ့လာရာမှ သိရှိခဲ့ရပေ၏။

မော်လမြိုင် ခေမာရာမ ဟူသော ပင်စည်ကြီးမှ ခက်လက်ဝေဖြာ ပြန့်ပွားလာသော ခေမာရာမ တိုက်ခွဲများသည် မြန်မာပြည်တစ်ဝန်း ထင်ရှားရပ်တည်လျက် ရှိသည်။ ထိုတိုက်ခွဲများသည် ခေမာရာမ၏စည်းမျဉ်းအတိုင်း လိုက်နာကျင့်သုံးကာ ခေမာရာမ ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့ကြ၏။

ခေမာရာမ ဟူသော လမင်းသော်တာအား ခြံရံတင့်တယ်လျက် ရှိသည့် ကြယ်စင်ထဲတွင် မုဒုံ ခေမာရာမလည်း အပါအဝင်ဖြစ်သည်။

ထို့အတွက် မော်လမြိုင် ခေမာရာမကို လေ့လာပြီးနောက် သထုံ မုဒုံရှိ ခေမာရာမ တိုက်ခွဲများကို လေ့လာရန် ချန်လှပ်၍ မဖြစ်တော့ပေ။ ပင်စည်၏ ခုံညားခြင်းကို မြင်တွေ့ပြီးနောက် အကိုင်း၊ အခက်၊ အလက်၊ အရွက်မှသည် အပွင့်အဖူးအထိ ကြည့်ချင်၊ မြင်တွေ့ချင်စိတ်ကလည်း နိုးဆော်တိုက်တွန်းလျက် ရှိသည်။

သို့ဖြင့် မုဒုံမြို့ ခေမာရာမ သီလရှင်စာသင်တိုက်သို့ ရောက်ခဲ့ရပြန်ပါ၏။

X X X

F-13

မွန်ပြည်နယ်၊ မုဒုံမြို့ ကျိုက်ကစင်ရပ်၊ မင်းရဲကျော်စွာလမ်းတွင် ဧက တစ်မတ်ခန့်ရှိသော မြေနေရာပေါ်၌ နှစ်ထပ်တိုက်တစ်လုံး တည်ရှိ၏။ ထိုနှစ်ထပ် တိုက်မှာ မုဒုံ ခေမာရာမ သီလရှင် စာသင်တိုက်ပင် ဖြစ်လေသည်။

နှစ်ထပ်တိုက် အရိပ်အာဝါသ၌ သီလရှင် (၄၇) ပါးသည် ပရိယတ်၊ ပဋိပတ် တရားတို့ဖြင့် ပျော်မွေ့နေထိုင်ကြ၏။

မုဒုံ ခေမာရာမကို ၁၃၄၇-ခုနှစ်၊ ပြာသိုလတွင် စတင်တည်ထောင်သဖြင့် စာသင်တိုက်၏ သက်တမ်းမှာ ရှစ်နှစ်မျှသာ ရှိသေးသည်။

မုဒုံ ခေမာရာမသည် ယခင်က လူနေတိုက်အိမ်ကြီး ဖြစ်ခဲ့သည်။ မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်နေ မြို့နယ်ပညာရေးမှူး အငြိမ်းစား ဒေါ်တင်ကြည်နှင့် ညီမ ဒေါ်တင်ထွေးတို့ ပိုင်ဆိုင်သော အဆောက်အအုံဖြစ်သည်။

မုဒုံတွင် ခေမာရာမတိုက်ခွဲ တည်ထောင်မည် စီစဉ်သောအခါ တိုက်၏ တန်ဖိုးကျသင့်ငွေ အတိအကျပေး၍ မဝယ်နိုင်သဖြင့် အလှူရှင်များစုပေါင်း၍ ထို အဆောက်အအုံကို ငွေတစ်သိန်းတစ်သောင်းတစ်ထောင်ပေး၍ ကျန်သည့်တန်ဖိုးကို ဒေါ်တင်ကြည်နှင့် ဒေါ်တင်ထွေးတို့က မုဒုံသာသနာအတွက် လှူဒါန်းလိုက်ခြင်း ဖြစ်သည်။

တိုက်တည်ချိန်က စ၍ စေတနာနှင့် လမ်းခင်းခဲ့သော မုဒုံ ခေမရာမသည် ယခုလည်း မုဒုံမြို့သူမြို့သားတို့၏ စေတနာပေါ် မှီခိုလျက် ရှိပါသည်။ တောင်သူ လယ်သမားက အများစုဖြစ်ပြီး ကုန်သည်၊ ရက်ကန်းတောင်သူများ နေထိုင်ကြသည့် မုဒုံသည် သီလရှင်ကို ကြည်ညိုတတ်ကြသဖြင့် ဆန် ပေါ်ဦး ပေါ်ဖျား လှူဒါန်းခြင်း၊ မုဒုံမြို့ မော်တော်ယာဉ်အသင်းမှ လှူဒါန်းခြင်း၊ ရပ်ကွက်တိုင်းမှ မဟာဒုက် ဆွမ်းကျွေးပွဲ ကျင်းပရာတွင် သံဃာတော်များ ပင့်ဖိတ်ဆွမ်းကျွေးသလို သီလရှင်များအားလည်း ကုန်ခြောက်ပစ္စည်း လောင်းလှူခြင်းများ ပြုလုပ်တတ်ကြသည်။

မုဒုံမြို့ပေါ်ရှိ ရပ်ကွက် (၁၀) ခုမှ သီတင်းကျွတ်မှသည် ဝါဝင်သည်အထိ လစဉ်လိုလို ဆွမ်းကြီးလောင်းပွဲကျင်းပတိုင်း သီလရှင်ကို မချန်လှပ်ဘဲ ဂရုတစိုက် လှူဒါန်းလေ့ရှိသဖြင့် မုဒုံ သီလရှင်များအဖို့ ပရိယတ်၊ ပဋိပတ်တရား အားထုတ်ရာတွင် အထောက်အပံ့ ဖြစ်ရပါသည်။

ဥစ္စာစည်းစိမ် ဂုဏ်သိန်ပျက်စီးကာမှလည်းကောင်း၊ အကုသိုလ်ဒုစရိုက် များပြားနေကာမှလည်းကောင်း နောင်တ,ရပြီး အလှူဒါန ပြုခြင်းမျိုးထက် မုဒုံမြို့မှာကဲ့သို့ အမြဲ သဒ္ဓါထက်သန်စွာ လှူခြင်းက ပို၍ အကျိုးရှိလှပေတော့၏။

x x x

မုဒုံ ခေမာရာမတွင် အဆောက်အအုံ နှစ်ခုရှိ၏။ ၎င်းတို့မှာ ပင်မ ဇရပ် ခေါ်သော နှစ်ထပ်တိုက်နှင့် စာသင်သားများနေသည့် လှာချင်းတိုက် တစ်လုံးဖြစ်သည်။

ထိုအဆောက်အအုံ နှစ်ခုတွင် သီလရှင်(၄၇)ပါးသည် မုဒုံမြို့၏ စေတနာရှင်များ လှူဒါန်းသော ဆွမ်းဆန်ရပ်ခြင်း၊ ကုန်ခြောက်ပစ္စည်းလှူခြင်းအပေါ် အားထား၍ နေထိုင်ကြရ၏။

လက်ရှိအဆောက်အအုံ၊ နေရာထိုင်ခင်းနှင့် စာသင်သား သီလရှင်ဦးရေတို့ မဆံ့တော့သဖြင့် အဆောက်အအုံတိုးချဲ့တည်ဆောက်ချင်သည်။ ဘုရား စုပေါင်းရှိခိုးသည့်အခါ အပေါ်ထပ် ဘုရားခန်းမှာလည်း ပြည့်ကျပ်နေတတ်သဖြင့် သဒ္ဓါကြည်လင် ကျောင်းအလှူရှင်များအား မုဒုံ ခေမာရာမတိုက်မှ အားထားကြိုဆိုလျက်ရှိနေပါသည်။

အခါအားလျော်စွာ မိမိမွေးနေ့ အထိမ်းအမှတ်အဖြစ် တိုက်သို့ ဆွမ်း၊ ကွမ်းနှင့် ငွေသား လာလှူတတ်တာမျိုးလည်း ရှိသော မုဒုံမှာ ခေမာရာမ၏စိတ်ဆန္ဒ မကြာခင် ပြည့်ဝရပါစေဟု ဆန္ဒပြုမိပါ၏။

စုပေါင်း၍ ဆွမ်းစားသော မုဒုံ ခေမာရာမသည် တိုက်၏ ပဓာန နာယကဆရာ မွေးနေ့ဖြစ်သည့် နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် (၂) ရက်နေ့တိုင်း ဆွမ်းကျွေးပွဲ ရှိသည်။

သီလရှင်ဆရာလေးများ၏ ကျန်းမာရေးမှအစ တာဝန်ယူရသဖြင့် တိုက်၏ ဝေယျာဝစ္စအတွက် ပဒေသာပင် သဘောမျိုး ဝတ္ထုငွေ လိုအပ်နေတာတော့ အမှန်ပင် ဖြစ်ကြောင်း တွေ့ရှိရ၏။ ထိုကိစ္စအတွက် စီစဉ်လှူဒါန်းသူများ မကြာမီ ပေါ်ထွက်စေချင်ပါဘိတော့၏။

x x x

မုဒုံ ခေမာရာမ သီလရှင်စာသင်တိုက်၏ နာယက ဆရာမှာ ဒေါ်ကုသလစာရီ ဖြစ်၍ တိုက်အုပ်မှာ ဒေါ်ပညာဝတီနှင့် ဒေါ်ပညာရဲသီ ညီအစ်မအရင်း နှစ်ပါး ဖြစ်သည်။ မုဒုံ ခေမာရာမကို သီလရှင် သုံးပါး စုပေါင်း အုပ်ချုပ်သည်ဟုလည်း ပြောနိုင်ပေ၏။

နာယက ဆရာ ဒေါ်ကုသလစာရီသည် မအူပင်မြို့ဇာတိ ဖြစ်သည်။ မိဘနှစ်ပါးမှာ ဦးဖိုးနက်–ဒေါ်ငွေဥတို့ဖြစ်၍ လူအမည်မှာ မခင်လှ ဖြစ်၏။

ဒေါ်ကုသလစာရီ လောင်းလျှာ မခင်လှကို ၁၂၉၆–ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် (၂) ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်သည်။

(၁၇) နှစ်သမီး အရွယ်တွင် မအူပင်မြို့၌ သီလရှင်ဝတ်ပြီး ရန်ကုန်သို့ ရောက်လာကာ ထိုမှတစ်ဆင့် မော်လမြိုင် ခေမာရာမ၏ အရိပ်ကို ခိုလှုံခဲ့၏။

မော်လမြိုင် ခေမာရာမ နာယက ဒေါ်ပညာစာရီထံတွင် ပညာရင်နို့ သောက်စို့ပြီး အစိုးရ ပါဠိပထမပြန် ငယ်၊ လတ်၊ ကြီး စာမေးပွဲများ အောင်မြင်ခဲ့သည်။ မော်လမြိုင်မြို့ သဒ္ဓမ္မပါလအသင်းစာမေးပွဲ ပထမဆင့်၊ နိုင်ငံတော် ဗုဒ္ဓသာသန အဘိဓမ္မာ စာမေးပွဲများ အောင်မြင်ခဲ့၏။

၁၃၄၇–ခုနှစ်တွင် ဒေါ်ပညာစာရီ၏ စီစဉ်ညွှန်ကြားချက်အရ မုဒုံမြို့တွင် ခေမာရာမ တိုက်ခွဲထောင်ရာမှ မုဒုံ ခေမာရာမ သီလရှင်စာသင်တိုက် နာယကအဖြစ် ဆောင်ရွက်ရင်း စာသင် သီလရှင်များကိုပါ စာဝါပို့ချနေသည်။

မိမိသင်ကြားတတ်မြောက်ထားသော ဗုဒ္ဓစာပေကျမ်းဂန်များကို ဖြန့်ဝေကမ်းလှမ်းရင်း အမျိုးသမီးငယ်များကို သာသနာနွယ်ဝင် ဖြစ်စေပါလျှင် သံသရာလည်း အကျိုးရှိ၊ တိုင်းပြည်လည်း ယဉ်ကျေးလိမ္မာလာမည်။ သို့ဖြစ်၍ မိမိတို့အနေဖြင့် လက်လှမ်းမီသလောက် ကြိုးပမ်းကြရန် ဒေါ်ပညာစာရီ တိုက်တွန်းသည့်အတိုင်း မုဒုံ ခေမာရာမ နာယကနှင့် တိုက်အုပ်ဆရာနှစ်ပါးက စာသင်သားများကို ပြုစုပျိုးထောင်လျက် ရှိပါသည်။

မွန်၊ ကရင် အမျိုးသမီးငယ်များအား မြန်မာစကားသင်ပေး၊ အဝတ်ဆင်ပေး၊ အစားကျွေး၊ ကျန်းမာရေး တာဝန်ယူပြီး စာသင်ရပါသည်။ စာအတော်လေးတတ်မှ သီလရှင် ထွက်သွားလျှင် ကြိုးစားသမျှ စိတ်မော လူမောဖြစ် ကျန်ခဲ့ရပြန်သည်။

သို့ပါသော်လည်း ဖွဲ့မလျှော့သော မုဒုံ ခေမာရာမသည် မုဒုံမြို့မ (၄) ရပ်ကွက် သုဓမ္မာဂိုဏ်းလုံးဆိုင်ရာ ကျောင်းထိုင်ဆရာတော်များ ဦးစီးကျင်းပသော မြို့လုံးကျွတ် ဝိနည်းစာပြန်ပွဲများတွင် မိမိတို့တိုက်က သီလရှင်များ ဝင်ဖြေနိုင်အောင် အမြဲ ကြိုးစားနေဆဲပင်ဖြစ်၏။

ထိုစာမေးပွဲမှာ ၁၃၄၂–ခုနှစ်မှ စတင်ကျင်းပပြီး သံဃာဆိုလျှင် ဝိနည်းဖြေရ၍ သီလရှင်ဆိုလျှင် ဓမ္မပဒ အာဂုံပြန် ဖြေရသည်။

မုဒုံ ခေမာရာမအနေဖြင့် ဓမ္မပဒ အာဂုံပြန်တွင် သီလရှင် သုံးပါးသွင်းပါက သုံးပါးစလုံး အောင်ပန်းဆွတ်ခူးနိုင်ခဲ့ကြောင်း သိရ၏။

X X X

စပယ်ဦးစာပေ

ပျင်းရိအိပ်ပျော်နေသော ခြသေ့်၏ပါးစပ်တွင်းသို့ အလိုအလျောက် သားသမင်တို့ မရောက်လာနိုင်ဟု ဟိတောပဒေသ ကျမ်းလာ စကားရှိပေသည်။

မုဒုံ ခေမာရာမကား နိုးကြားနေသော ခြသေ့်နှင့်တူ၏။ တက်ကြွနေသော ခြသေ့်နှင့်တူ၏။ အခက်အခဲများစွာ၊ မပြည့်စုံမှုများစွာကို သည်းခံဖြတ်ကျော်ပြီး သာသနာ့ဝန် ထမ်းဆောင်နေခြင်းလည်း ဖြစ်၏။

မပျင်း မရိဘဲ တောသုံးထောင် လှည့်၍ အစာရှာနေသော ခြသေ့်အား သားသမင် မရှားသကဲ့သို့လည်းကောင်း၊ အခက်အခဲများကို ကျော်လွှားကြိုးစားသော မုဒုံ ခေမာရာမသည် မဝေးလှသောအချိန်တွင် လိုအင်ဆန္ဒ ကြံသမျှတို့ ပြည့်ဝမည်သာ ဖြစ်ပါ၏။

သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်ချင်သည့် မြင့်မြတ်ဖြူစင်သည့် စိတ်စေတနာကြောင့် ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်၊ လိုတိုင်းရ၊ တ,တိုင်း လာကြမည်မှာ မလွဲမသွေသာ ဖြစ်ပါသတည်း။

**သီရိ**

ဓမ္မရုပ်ခုံ ဘာသာရေးနှင့် အတွေးအခေါ်မဂ္ဂဇင်း
၁၉၉၃–ခုနှစ်၊ ဒီဇင်ဘာလ။ စာအုပ်အမှတ် (၁၁)

စာရေးဆရာမ **သီရိ** ရေးသား ပြုစုသည့်

**"မြန်မာပြည် သီလရှင် စာသင်တိုက်များ"**

**စာအုပ် အမှတ် (၂)**

**စပယ်ဦးစာပေမှ ဆက်လက်၍ ထွက်လာပါမည်။**